ဇာလီတောင်ဆရာတော်ကြီး

၏

# ဘဝနှင့်ကျင့်စဉ်



ဦးအောင်ထွတ် (ရန်ကုန်တက္ကသိုလ်)

# ဇာလီတောင်ဆရာတော်ကြီး
# ဘဝနှင့်ကျင့်စဉ်

မောင်အောင်ထွတ်(ရန်ကုန်တက္ကသိုလ်)

စာအုပ်မှတ်တမ်း

၂၀၀၂-ခု၊ ဧပြီလ၊ ပထမအကြိမ်။

အုပ်ရေ-၁၀၀၀။

စာမူခွင့်ပြုချက်-၁၃၆/၂၀၀၂(၃)

အဖုံးခွင့်ပြုချက်-၁၄၂/၂၀၀၂(၃)

ထုတ်ဝေသူ

ဦးသန်းဆွေ (မြဲ-၀၁၄ရ၃)၊ စစ်သည်တော်စာပေ

အမှတ်-၁၀၃၁/က၊ ဥယျာဉ်လမ်း၊ ၁၉-ရပ်ကွက်၊ ဒဂုံ(တောင်)မြို့နယ်။

ပုံနှိပ်သူ

ဦးနိုင်ဦး (မြဲ/၀၆၃၀၃)

ငွေပြည်တော်အော့ဖ်ဆက်၊

အမှတ်-၄၄(ခ)၊ မိုလ်ချုပ်လမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်။

မျက်နှာဖုံး

**Newday graphic design scanning & color seperation**

အမှတ်-၁၄၈၊ လမ်း-၅၀၊ မိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၉၈၆၄၂။

စာအုပ်ချုပ်

ဦးမောင်လေး (သန့်စင်စာအုပ်ချုပ်)

ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်။

တန်ဖိုး – ၅၅၀ ကျပ်။

# မာတိကာ


| | | |
|---|---|---|
| – | စာရေးသူ၏အမှာ | |
| – | မိတ်ဆက်စကား | |
| ၁။ | ဇာလီဆရာတော်ကြီးတပည့်တစ်ဦးကိုကယ်ဆယ်ပုံ | ၁ |
| ၂။ | ဇာလီဆရာတော်ကြီးကို စတင်ဖူးမြင်ခွင့်ရခြင်း | ၈ |
| ၃။ | ဇာလီတောင်တောရသို့ | ၁၇ |
| ၄။ | ဇာလီဆရာတော်ကြီး၏ဘဝနှင့်ကျင့်စဉ် | ၃၈ |
| ၅။ | ဇာလီတောင်ဟူသည် | ၉၃ |
| ၆။ | ဇာလီဆရာတော်ကြီးနှင့်ပရိတ် | ၁၀၀ |
| ၇။ | ဇာလီဆရာတော်ကြီးနှင့်ပရိတ်ဆီ | ၁၃၄ |
| ၈။ | ဇာလီဆရာတော်ကြီးနှင့်တောင်ဝေး | ၁၄၆ |
| ၉။ | အကျင့်သီလ၏သတ္တိ | ၁၆၅ |
| ၁၀။ | ဇာလီဆရာတော်ကြီးနှင့် တောထွက်ဖော်ဆရာတော်ကြီးနှစ်ပါး | ၁၇၂ |

## စာရေးသူ၏အမှာ

ကျွန်တော်သည် ဇာလီတောင်ဆရာတော်ကြီးအား ၁၉၆၂-ခုနှစ်တွင် တက္ကသိုလ်ဓမ္မာရုံကြီး၌ စတင်ဖူးမြော်ခွင့်ရခဲ့ပါသည်။ ထိုစဉ်က ကျွန်တော်သည် ဝိဇ္ဇာအပိုင်း(က) (B.A.part.A)တွင်ပညာသင်ယူဆဲဖြစ်ပြီး တက္ကသိုလ်ကျောင်းသားအရေအတွက်မှာ လွန်စွာနည်းပါးသောအချိန်ဖြစ်ပေရာ ကျွန်တော့်ဆရာကြီး ပါဠိပါမောက္ခဦးအောင်သန်းနှင့် ကထိက ဒေါက်တာဖော်ထွန်းတို့ခေါ်သဖြင့် ယခုကဲ့သို့ဖူးခွင့်ရခဲ့ခြင်းဖြစ်သည်။

ထိုအချိန်က ဇာလီတောင်ဆရာတော် ဟူသောအမည်သည် တစ်နိုင်ငံလုံး၌ ဟုန်းဟုန်းထနေသည်။ဆရာတော်သည် သက်တော်ကခြောက်ဆယ်ခန့်အသားကဖြူဖြူ အရပ်တော်မနိမ့်မမြင့် ခန္ဓာကိုယ်အချိုးအဆစ်က ပြေပြေပြစ်ပြစ် မျက်နှာတော်က အတော်ပင်တည်ပါသည်။ ဆရာတော်ဝတ်ရုံထားသည့် သင်္ကန်းတော်မှာ ယခုကဲ့သို့ မည်းပိန်ရင့် အဝါဘက်ယိမ်းသောအရောင်။ သင်္ကန်းတော်နှင့်မျက်နှာတော် အတော်လိုက်ဖက်သည်။

ခြုံ၍ဆိုရလျှင် ဇာလီတောင်ဆရာတော်သည် မြင်လျှင်ပင် လေးစားမှုံရလောက်သည့် ကြည်ညိုဖွယ်ရာ ဥပဓိလက္ခဏာ သမဏသာရုပ်အင်္ဂါတို့နှင့်ပြည့်စုံသည့် ဆရာတော်တစ်ပါးဖြစ်ပါသည်။ ထိုအချိန်မှစတင်၍ ဇာလီတောင်ဆရာတော်ဟူသောပုံရိပ်သည် ကျွန်တော်၏ရင်မှထွက်မသွားတော့ပါ။

ထို့နောက် တက္ကသိုလ်စာမေးပွဲများစစ်ဆေးရန် ပြည်မြို့၌ ရက်အတန်ငယ်ကြာပါသည်။ ထိုအချိန်တွင် ငယ်ဆရာအရင်း ရန်ကုန်ဇာလီတောင်ဆရာတော် ဦးသာသန၏အပ်နှံချက်အရ သရက်တောင်ပေါ်ရှိ ဇာလီတောင်ဆရာတော်ကြီးထံ ရောက်ပါသည်။ တက္ကသိုလ်ဆရာဖြစ်သည်သာမကသာမဏောဘာဝဖြင့် ဓမ္မာစရိယစာချတန်းအောင်ခဲ့သည့် တပည့်ဖြစ်ကြောင်းအပ်နှံစာတွင်ပါသဖြင့် ဆရာတော်က အသိမှတ်ပြုပုံရပါသည်။ ထို့ပြင်သူသိချင်သော သာသနာရေးကိစ္စ ဆရာသမားကိစ္စများကို သေသေချာချာရေရေရာရာ ပြောကြားနိုင်သဖြင့် အတော်သဘောကျပုံရပါသည်။

ထိုည ကျွန်တော်နှင့်ဆရာတော်ကြီး စကားလက်ဆုံကျသွားသည်မှာ ညဉ့်နက်ပိုင်းအထိရောက်သွားပါသည်။ ထိုအချိန်မှစတင်၍ ကျွန်တော်သည် နှစ်စဉ်မပျက် ဆရာတော်ကြီးဆီရောက်ပါသည်။ ကိုယ်တိုင်သာမက တက္ကသိုလ်မှအပေါင်းသင်းမိတ်သင်္ဂဟတို့ကိုလည်း ပို့ပေးခဲ့ပါသည်။

ကျွန်တော်သည်လည်း ဆရာတော်ကြီး၏အကြောင်းကို တဖြည်းဖြည်း ထဲထဲဝင်ဝင်သိလာပါသည်။ ဆရာတော်ကြီး၏သာသနာချစ်စိတ်၊ ဘာသာချစ်စိတ်၊ အမျိုးချစ်စိတ်၊ ကမ္ဘာချစ်စိတ်တို့ကိုသိလာရပါသည်။ သီလသိက္ခာ၊ သမာဓိသိက္ခာတို့ကို အထိပါးမခံ ဖြည့်ကျင့်ပုံတို့ကို သိလာရပါသည်။လူပေါင်းဆောင်သောင်းများစွာကို နေ့စဉ်ဆက်ဆံနေရသော်လည်း လူ့သဘောကို မလိုက်၊ လူ့အကြိုက်ကိုမဆောင်၊ သာသနာ့မျက်နှာကိုသာအလေးမူပုံတို့ကို သိလာရပါသည်။

'ငါက ဆုတောင်းများလို့ မင်းတို့လူတွေနဲ့တွေ့နေရတာ၊ ငါ့သူငယ်ချင်းတွေက အတွေ့ခံတာမဟုတ်ဘူး' ဟုမိန့်သည်။ ဆရာတော်၏ တောထွက်ဖက်ငယ်ပေါင်းမှာ ရဟန္တာဟုထင်ရှားသော စလင်းကန်လယ်ဆရာတော်ဖြစ်၏။ နောက်တစ်ပါးမှာ မင်းဘူး ကျောက်မဲတောင်ဆရာတော်ဖြစ်၏။ ဤဆရာတော်များမှာ လူတောကိုရှောင်၍ လူကိုပုန်းသောဆရာတော်များဖြစ်ကြသည်။ ထို့ပြင် ဆရာတော်ကြီးက 'ငါက ဘယ်သူ့မျက်နှာမှမကြည့်ဘူး၊ သာသနာ့မျက်နှာသာကြည့်တာ' ဟု မိန့်တတ်သေး၏။ ဆရာတော်သည် အပြောနှင့်အလုပ် ညီအောင်လုပ်ခဲ့၏၊ နေခဲ့၏။ ရာသက်ပန် ကေစာရီနေခဲ့၏။ အရည ဝါသီ တောကျောင်းနေဘဝဖြင့် အဆုံးသတ်ခဲ့၏။

ထို့ကြောင့် ကျွန်တော် ကြည်ညိုလေးစားသည့် ဖာလီတောင်ဆရာတော်ကြီးသည် ဝိဇ္ဇာကြီး မဟုတ်ပါ၊ ဘိုးတော်ကြီး မဟုတ်ပါ၊ ဘုရားသားတော် သံဃာတော်အစစ်သာဖြစ်သည်။

ထိုသံဃာတော်သည် ကျွန်တော်တို့ အစဉ်အဆက် ဂုဏ်ယူသော လေးစားသော ဒုတိယရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး၊ ထိုဆရာတော်ကြီး၏တပည့် အဘယာရာမဆရာတော်ကြီး၏တပည့်ရင်း

ဖြစ်တော်မူပြီးလျှင် အဂ္ဂမဟာပဏ္ဍိတ အနီးစခန်းဆရာတော်၊ ပြည်မြို့ ဝိသုဒ္ဓါရုံ အဘိဓဇမဟာရဋ္ဌဂုရု ဟာရာဏာသီဆရာတော်ကြီးတို့၏ငယ်ပေါင်းမိတ်ဆွေ ဇာလီတောင်ဆရာတော်အမည်ခံ အရှင်သုမင်္ဂလာသာမိမထေရ်ကြီးဖြစ်ပါသည်။

ဆရာတော်ကြီး၏ဂုဏ်တော်ကျေးဇူးတော်တို့ကို ဖော်ထုတ်ခွင့်ရအောင် ညွှန်ကြားပေးသော ကျွန်တော်၏ကန့်ကူလက်လှည့်ဆရာ ရန်ကုန်မြို့ ဇာလီတောင်ကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တသာသန(ဓမ္မာစရိယ)နှင့် သရက် ဇာလီတောင်မှ ဇာလီတောင်ကိုယ်တော်ကြီးတို့၏ကျေးဇူးတော်ကို ဦးထိပ် ပန်ဆင်ပါသည်။ ဦးစိုးသိမ်း၊ ဦးရွှေခဲ စသည့် ကျေးဇူးတင်ထိုက်သော ညီငယ် များ၏ကျေးဇူးကိုလည်း မှတ်တမ်းတင်ပါသည်။

အထူးသဖြင့် အကြောင်းမျိုးမျိုးပြ၍ စာမရေးဖြစ်သော ကျွန်တော်အား ရေးဖြစ်အောင်တိုက်တွန်းနှိုးဆော်ခဲ့ပြီး မြတ်ဆုမွန်တွင်ရေးခဲ့သည့် ဆောင်းပါး (၂၈)ပုဒ်အနက်မှ သင့်လျော်ရာကိုရွေးကောက်၍ စာအုပ်ဖြစ်မြောက်အောင် ဖန်တီးပေးသော ကိုအောင်မွန်(မြတ်ဆုမွန်)နှင့် မသက်သက်ခိုင်တို့အားလည်း ကျေးဇူးဥပကာရတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ကျေးဇူးရှင်ဆရာတော်ဘုရားကြီးအား ဤဓမ္မပူဇာဖြင့် ပျပ်ဝပ်ရိုကျိုး လက်အုပ်မိုးကာ ရှိခိုးပူဇော်အပ်ပါသည်။ ။

မောင်အောင်ထွတ် (ရန်ကုန်တက္ကသိုလ်)

# မိတ်ဆက်

ဆရာဦးအောင်ထွတ်(ရန်ကုန်တက္ကသိုလ်)၏ 'ဇာလီတောင်ဆရာတော်ကြီးဘဝနှင့်ကျင့်စဉ်' သည် မြတ်ဆုမွန်ဘာသာရေးမဂ္ဂဇင်း၌ နှစ်ရှည်လများ အခန်းဆက်ရေးသားခဲ့သော ဆောင်းပါးများကို စုစည်းထုတ်ဝေအပ်သော ထေရုပ္ပတ္တိကျမ်းစာ တစ်ဖွဲ့တစ်စောင်ဖြစ်ပါသည်။

ကျေးဖူးရှင်ဇာလီဆရာတော်ဘုရားသည် သက်တော်ထင်ရှားရှိတော်မူစဉ်အခါကပင် ပဋိပတ္တိပယောဂသမ္ပတ္တိခေါ် ဘုန်းတန်ခိုးကြီးမားရေး လာဘ်ပေါများရေးတို့မှ ကြောင့်ကျစိုက်မှုကို လုံးဝမျက်နှာလွှဲကာ အရည်ဝါသီ တောပျော်ပုဂ္ဂိုလ်စင်စစ်ဖြစ်တော်မူပါသဖြင့် ဇာလီတောင်ဆရာတော်ဘုရားအား ဖူးတွေ့ခွင့်ရရန်ခဲယဉ်းပြီး ဆရာတော်ဘုရားကြီး၏တရားကို နာကြားခွင့်ရရန်၊ ဆရာတော်ဘုရား ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူသော ကျင့်စဉ်ပဋိပတ်တို့ကိုသိရှိကြည်ညိုခွင့်ရရန် အခွင့်နည်းပါးခဲ့လေသည်။ နောက်နောက်ကာလများတွင် 'ဇာလီ' ဟူသောအမည်သာထင်ရှားရှိနေပြီး ဇာလီဆရာတော်ဘုရားသည် မည်သို့သောပုဂ္ဂိုလ်ဖြစ်သည်၊ ဖွားတော်မူသည်မှစ၍ သာသနာ့ဘောင်သို့ရောက်ရှိခဲ့ပုံ၊ ပရိယတ်စာပေသင်ယူပုံ၊ တောရဆောက်တည်ပုံ၊ အားထုတ်သောကျင့်ဝတ်ပဋိပတ်တို့နှင့်တကွ ဆိုဆုံးမဟောကြားအပ်သော ဩဝါဒဒေသနာစသည်တို့နှင့် ဘဝနောက်ဆုံး မည်သို့နိဂုံးသတ် အငြိမ်းဓာတ်ရယူတော်မူခဲ့ပုံတို့ကို တိတိလင်းလင်းသိရှိသူ မရှိလောက်အောင် နည်းပါးခဲ့လေသည်။ ကာလကြာမြင့်လာသော် 'ဇာလီ' ဟူသော ဂုဏ်ထူးဝိသေသမှတစ်ပါး သာသနာ့သမိုင်းမော်ကွန်းတွင် ဘာမျှမကျန်ရစ်တော့ဟုဆိုရမလောက်ဖြစ်ခဲ့သည်။

ဇာလီဆရာတော်ကြီး၏ဘဝနှင့်ကျင့်စဉ် ဆောင်းပါးများကိုရေး၍ ဆရာဦးအောင်ထွတ်သည် ထိုလစ်ဟာနေသော သာသနာ့သမိုင်းစာမျက်နှာကို ဖြည့်စွက်ခဲ့လေသည်။ ဇာလီဆရာတော်ဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် ဆရာတော်ဘုရားကြီးအား ဖူးတွေ့ခွင့်ရခဲ့ခြင်း၊ တပည့်ရင်းချာပမာ

ဆည်းကပ်ခွင့်ရခဲ့ခြင်း၊ ဆရာတော်ကြီး၏ ဆိုဆုံးမသြဝါဒတို့ကို နာယူခွင့် ရခဲ့ခြင်း၊ ဆရာတော်ကြီး၏ ကျင့်စဉ်ပဋိပတ်တစ်စိတ်တစ်ဒေသကို သိရှိ ကြည်ညိုခွင့်ရခဲ့ခြင်း၊ ဆရာတော်နှုတ်တော်မှ ထုတ်ဖော်လှစ်ဟသဖြင့် အချို့သောသမိုင်းကြောင်းဆိုင်ရာတို့ကို မှတ်သားနာယူခွင့်ရခဲ့ခြင်း စသည်တို့ ကြောင့် ဆရာဦးအောင်ထွတ်၏ရေးသားတင်ပြချက်များသည် ဖြည့်စွက်ရန် လိုဖွယ်မရှိဟု မဆိုနိုင်လင့်ကစား အတော်ကြီးပြည့်ဝကုံလုံသော ဇာလီဆရာ တော်ကြီး၏ ထေရုပ္ပတ္တိနှင့်ပဋိပတ်ကျင့်စဉ် မှတ်တမ်းတင်ကျမ်းစာတစ်စောင် ဖြစ်သည်ကိုကား အငြင်းပွားဖွယ်မရှိပေ။

သို့ပါသော် ဆရာတော်ဘုရား ကိုယ်တော်တိုင်ရေးသော ထေရုပ္ပတ် မဟုတ်သည့်အတွက် 'ဟုတ်တာလဲပါ၏၊ အချို့ကား ပို၍ရေးထားသည်' ဟု ဝေဖန်လိုက ဝေဖန်နိုင်ပေသည်။ ဤသို့ဝေဖန်ခြင်းမျိုးကို ဘုန်းတော်ကြီး ဦးသီလထေရုပ္ပတ္တိကျမ်းကိုပြုစုစဉ်က ညောင်လေးပင်တောရဆရာတော် ဦးအရိယမထေရ်သည်လည်း ကြုံတွေ့ခဲ့ရဘူးပါ၏။ ထိုဝေဖန်ချက်နှင့်စပ်၍ ဆရာတော်ကြီး ဦးအရိယက 'သဒ္ဒါထက်သန်သူ၏လက်သို့ ရောက်လတ္တံ့သော ကလောင်တန်လည်း ပင်ကိုယ်အားဖြင့် အပိုရေးတတ်ဟန်ရှိလေသည်' ဟု သဒ္ဒါတရားကိုအကြောင်းပြုပြီး ရှင်းလင်းတော်မူခဲ့ပါသည်၊ ယခု ဤစာအုပ် တွင်လည်း ရေးသူက သဒ္ဒါတရားရွှန်းရွှန်းဝေဝေဖြစ်ခါ ရေးသားသည့်နည်းဟူ စာဖတ်သူတို့ကလည်း သဒ္ဒါတရားရွှန်းရွှန်းဝေဝေကြိုက်ပါမူ ကုသိုလ်ရဖွယ် ချည်းသာဖြစ်ပါကြောင်းကို ရေးသားလျက် ဤမိတ်ဆက်စကားကို နိဂုံးအုပ် အပ်ပါသည်။

ဦးအောင်မှန်(မြတ်ဆုမှန်)

## အခန်း (၁)

## ဓာလီဆရာတော်ကြီး တပည့်တစ်ဦးကို ကယ်ဆယ်ပုံ

ဤသာသနာ၌ ဘုရားစစ်, ဘုရားမှန်၊ တရားစစ်, တရားမှန်၊ သံဃာစစ်, သံဃာမှန်တို့ရှိ၏။ ကျင့်ကြံ၍ရသော တန်ခိုးဣဒ္ဓိပါဒ်သည် ခေတ်ခွဲခန်းက အပြေထုတ်မရသောကိစ္စဖြစ်၏။ အောက်ပါဖြစ်ရပ်က လေးသည် ယင်းကို သက်သေပြုသည့်ဖြစ်ရပ် အနန္တမှတစ်ခုသာ ဖြစ်ပါသည်။

*

မှတ်မှတ်ရရ...။

ထိုနေ့သည် ၁၉၈၆-ခု၊ မတ်လ၊ ၂၈-ရက်နေ့။

ကျွန်တော်သည် အခြားလုပ်ဖော်ကိုင်ဖက်များနှင့်အတူ စာမေးပွဲ အောင်စာရင်းများ အချိန်မီထွက်နိုင်ရန် လုံးပမ်းနေချိန်ဖြစ်ပါသည်။ ညနေ သုံးနာရီခန့်တွင် အိမ်မှ ကလေးတစ်ယောက်လိုက်လာပြီး 'ဘဘ ဆေးရုံရောက်နေတယ်၊ အခုလိုက်ခဲ့ပါတဲ့'။ ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားသည်။

ဘဘဆိုသူမှာ ကျွန်တော်၏အစ်ကိုအရင်းဖြစ်သည်။ သူ တာဝန် ထမ်းဆောင်နေသည်က စစ်တွေမြို့။ စစ်တွေတွင် ပြည်နယ်ဆေးရုံကြီး ရှိသည်။ ထိုတွင်ကုသမရ၍ ရန်ကုန်သို့ရောက်လာခြင်းဖြစ်လိမ့်မည်။ သူ့တွင် ရောဂါတော်တော်များများရှိသည်။ အဆိုးဆုံးက ငှက်ဖျား။ ငှက်ဖျားပိုး ဦးခေါင်းထဲရောက်ပြီး အသည်းအသန်ဖြစ်လာသည်ဟု ထင်မိ လိုက်သည်။

ဆေးရုံရောက်သွားတော့ ခုတင်ပေါ်တွင် ပက်လက်ကလေး တွေ့ရသည့် ညီကိုမြင်လျှင် မျက်ရည်တွေကျလာသည်။ ဖုံးသံ အမြောက်သံ ကျည်ဆန်သံတွေကြားမှာ နှစ်ပေါင်းသုံးဆယ်နီးပါး အမှုထမ်းခဲ့စဉ်က တစ်ခါဖူးမျှ မညည်းညူခဲ့ပါ၊ အသည်းမကြောင်ခဲ့ပါ။ သို့သော် ဒုက္ခိတဘဝရောက်၍ သေမင်းထံ ဒူးထောက်ပြေးဝင်ရန်မှာတော့ မည်သူသည် မကြောက်ဘဲ ရှိပါမည်နည်း။

'သဗ္ဗေ ဘာယန္တိ မစ္စုနော' ဘုရားဟော ဒေသနာရှိပါသည်။ 'သတ္တဝါမှန်သမျှ သေရမှာကြောက်ကြ၏' တဲ့။ သေရမှာ မကြောက်ဘူးဆိုလျှင် မှားပါသည်။ သွေးပူတုန်းမို့ ဆိုနိုင်သည့်စကားဖြစ်ပါသည်။

ကျွန်တော် အနားရောက်သွားတော့ တိုးတိုးကလေးပြောသည်။ 'သူ့ကိုယ်အောက်ပိုင်းတစ်ခုလုံး သေနေပြီ'တဲ့။ ရင်ထဲကအပူကိုသိမ်း၍ သူ့ကို အားပေးစကားပြောရသည်။ ရတနာသုံးပါးအာရုံကလွဲပြီး တစ်ခြားမစဉ်းစားဖို့ သတိပေးရသည်။

ရောဂါမှာ ကျောရိုးမှအရိုးတစ်ခုက ကျိုးပေါင်းတက်ပြီး အကြောကိုညှပ်ထားသည့် ရောဂါဖြစ်သည်။ အင်္ဂလိပ်လို (Spondy losis) ခေါ်ကြသည်။ စစ်တွေမှ ဆရာဝန်ကြီးများက ရန်ကုန်ကို အမြန်သွားဖို့ ပြောသော်လည်း နားမထောင်ပါ။ အလုပ်ကိစ္စလေးတွေ ပြီးမှသွားမည်ရပြောနေတုန်း ဖြုန်းကနဲ ကိုယ်တစ်ပိုင်းသေသွားခြင်း ဖြစ်သည်။

ရန်ကုန်ရောက်သော် ဆေးရုံမှ ဆရာဝန်ကြီးများက အထူးဂရုစိုက်ကြပါသည်။ လိုလေသေးမရှိ။ ညပ်နေသောအကြောကို လွတ်စေရန် ခဲဆွဲရမည်။ သို့ဖြစ်၍ ဦးခေါင်းပိုင်းမှ မေးစေ့ကိုသိုင်း၍ သဲအိတ်တစ်ခု ဆွဲထားသည်။ ခြေထောက်တစ်ဖက်စီမှာလည်း အလားတူ သဲအိတ်များ ဆွဲထားသည်။ လူနာမှာပက်လက်။ သို့သော် ခွဲကောင်းကောင်းဖြင့် အဆွဲခံပါသည်။

ထိုအတောအတွင်း အဖျားကဝင်လာသည်။ အရိုးတီဘီဟုလည်း ဆိုကြပြန်သည်။ ထိုရောဂါပျောက်စေရန် ဆေးတွေဖိတိုက်ကြပြန်သည်။ ဧပြီလပင် ကုန်တော့မည်။ လူနာမှာ မသက်သာပါ။ အစားအသောက် ပျက်လာသည်။ အားနည်းလာသဖြင့် ဂလူးကို့စ်သွင်းရသည်။ တစ်ပုလင်း, နှစ်ပုလင်း, သုံးပုလင်း, ပုလင်းများစွာ၊ ထိုမျှဖြင့် မလုံလောက်သေးပါ။

သမားကုသာမက ဘုရားကုကိုလည်း သတိမလွတ်ဘဲ ကုသကြပါသည်။ ဆရာတော်ဘုရားများလည်း ကြွလာ၍ ပရိတ်တရားများ ချီးမြှင့်ပါသည်။ မိတ်ဆွေတွေလည်း လာရောက်၍ အားပေးစကားပြောကြပါသည်။ သို့သော် ကုရင်းသရင်း လူနာမှာ ပို၍ပို၍ ဆိုးလာသည်။ နောက်ဆုံး စကားပင်မပြောတော့။ ရေပင်မတောင်းတော့။ ကျွန်တော်တို့၏ ငယ်ဆရာဖြစ်သည့် ဆရာတော်ကြီး ကြွလာသည်။

ဆရာတော်က 'ကဲ မင်း ပြည်ကိုသွား၊ ဓာလီဆရာတော်ကြီး ဆီသွား။ ဖြစ်တာ မှန်သမျှလျှောက်ထား။ ဒီနေ့ပဲသွား' ဟု အမိန့်ပေးပါသည်။ မနေသာတော့ပါ။ ငယ်ဆရာဖြစ်၍ ယခုတိုင် အကြောက်မပြေသေးပါ။ ငယ်ငယ်ကမျက်နှာပင် မော်မကြည့်ရဲ။ အသက်ကြီးလာသော်လည်း ခပ်ရှိန်းရှိန်းပင်။

ငယ်ဆရာတော်ကြီး၏စကားကို ဦးထိပ်ရွက်ပန်ဆင်၍ ဧပြီလ ၃၀–ရက်နေ့ ညဘက်တွင် ရန်ကုန်မှထွက်ခဲ့သည်။ နံနက်စောစော ၄–နာရီခန့် တွင် ပြည်သို့ရောက်သည်။ ပြည်မြို့တွင်ရှိသည့် ညီငယ်ကိုခေါ်ပြီး အောင်လံသို့၊ ထိုမှတစ်ဆင့် သရက်သို့။ ထိုမှတစ်ဖန် ဓာလီတောင်ပေါ်သို့ ရောက်ခဲ့ပါသည်။

မေလ ၁ ရက်နေ့ ...။

တိုက်တိုက်ဆိုင်ဆိုင် ဓာလီဆရာတော်ကြီး ထိုနေ့မှ ဆွမ်းစတင်ဘုဉ်းပေးသည်။ မကျန်းမာသဖြင့် ဆွမ်းဘုဉ်းမပေးခဲ့သည်မှာ တစ်လခန့်

ကြာခဲ့လေပြီ။ ထိုအတွင်း ဘယ်သူ့ကိုမှ အတွေ့မခံ။ ညနေစောင်းတွင် ကိုရင်များက ကြံရည်နှစ်ခွက်ကပ်ရသည်။ ထိုကြံရည်ကလွဲပြီး မည်သည့် အာဟာရကိုမျှ မဘုဉ်းပေးဘူးဟု သိရပြန်သည်။

မွန်းတိမ်း နှစ်နာရီလောက်တွင် ဆရာတော်ဘုရားကြီးအား ကျိန်းစက်တော်မူရာ အခန်းထဲ၌ပင် ထိုင်လျက်သားဖူးရသည်။ အနည်းငယ် ချောင်သွားသည်မှအပ အသားတော်မှာ ဝင်းလျက်ပင်။ မိမိအခန်းတွင်းမှာပင်ဖြစ်သော်လည်း သင်္ကန်းတော်ကို သပ်ယပ်စွာ ဝတ်ထားပါသည်။

ခရီးရောက်မဆိုက် 'မင်း အလုပ်အကိုင် အဆင်ပြေသလား' ဟု မေးပါသည်။ အဆင်ပြေပါကြောင်း၊ ယခုလာရင်းကိစ္စမှာ တပည့်များ၏ အစ်ကိုရင်းလည်းဖြစ်၊ ဖခင်လို စောင့်ရှောက်ခဲ့သူလည်း ဖြစ်သည့်လူနာ အတွက် ဖြစ်ပါကြောင်းစသည်ဖြင့် လျှောက်ထားသမျှ နားထောင်နေ ပါသည်။ ပြီးမှ . . .

'မင်းလာတော့ ဘယ်လိုဖြစ်နေသလဲ'

'စကားမပြောတော့ပါဘူး ဘုရား။ လူမှန်းသူမှန်းတော့ သိပါသေး တယ်။ ရေလဲမတောင်းတော့ပါဘူး '

'ဆရာဝန်တွေ ဘာပြောသလဲ'

'သူတို့က လေးရက်နေရင် သေမယ်လို့ ထုတ်ပြောပါပြီ ဘုရား။ အလွန်ဆုံး ခုနစ်ရက်ပဲခံမယ်လို့ ပြောပါတယ် ဘုရား'

'နောက် ဆရာဝန်က ဘာပြောသေးလဲ'

'သူတို့ Ultra sound နဲ့ စမ်းကြည့်ပါတယ် ဘုရား၊ အသဲနှုတ်ခမ်း တွေ ခြောက်နေပြီ ပြောပါတယ် ဘုရား၊ နောက်ပြီး ဆီးတွေကလဲ သွေး အတိုင်း သွားနေပါတယ် ဘုရား' (ဆရာတော်ဘုရားသည် ခေတ္တစဉ်းစား နေဟန်ရှိပါသည်။ ဘာမျှ မမိန့်သေးပါ အတန်ကြာမှ)

'အေး သူတို့ထင်တာတွေ မဟုတ်ဘူး'

စာရေးသူတစ်သက် ဒီထက်ဝမ်းသာစရာကောင်းသောစကား မကြားခဲ့ရပါ။ မျှော်လင့်ချက်တွေ ပျက်သုဉ်းခဲ့ရာမှ ယခု ဝမ်းအသာရဆုံး စကားကို ကြားခဲ့ရပါပြီ။ ရင်ထဲမှာတော့ တပြုံးပြုံး။

'သူ အနေမှားလို့ဖြစ်တာပဲ၊ သူ့ကုသိုလ်လဲ ရှိပါသေးတယ်ကွာ၊ ဟဲ့–ကိုရင် ဆေးယူခဲ့'ဟု အနီးရှိ ကိုရင်တစ်ပါးအား မိန့်ပါသည်။

ကိုရင်က ဆေးပုလင်းယူလာသည်။ အလုံးကလေးများ။ ဆရာတော်ကြီးသည် ဆေးလုံးကလေးများကို ပုလင်းထဲမှထုတ်ပြီး လက်ဖြင့်ဆုတ်ကာ နယ်ကာ နှုတ်တော်မှလည်း တတွတ်တွတ်ရွတ်နေပါသည်။

ကျွန်တော်တို့ ညီအစ်ကိုမှာ ကျုံ့ကျုံ့ကလေးတွေထိုင်ကာ လက်အုပ်အကြားမှ ဆရာတော်ကြီးမျက်နှာကို ချောင်းချောင်းကြည့်ပါသည်။

ဆရာတော်ဘုရားကြီး၏ မျက်နှာတော်မှာ တည်ငြိမ်လှပါသည်။ ထိုအမူအရာကို ရှင်းပြနိုင်ဖွယ်မရှိပါ။ အချုပ်အားဖြင့်တော့ 'လူနာဟာ ငါ့တပည့်ရဲ့ အစ်ကိုပဲ။ ဘာကောင်ပဲဟူသည့် လက္ခဏာ လုံးဝမထင်ပါ။ ဒုက္ခိတ သတ္တဝါတစ်ဦးကို ကယ်ဆယ်စောင့်ရှောက်နေခြင်းပဲ' ဟူသော အလွန်အေးချမ်းငြိမ်သက်သော အသွင်ကိုသာ ဖူးတွေ့ရပါသည်။ ထိုခဏ၌ ဆရာတော်ဘုရားကြီး၏ စိတ်သန္တာန်တွင် အတိုင်းအတာမဲ့သော သတ္တပညတ်ကို အာရုံပြုသည့် အပ္ပမညာမေတ္တာတွေ တစ်ဖွားဖွားဖြစ်နေမည်ဟု မှန်းဆရပါသည်။

'ကဲ ဒါလေးတွေ တစ်နေ့တစ်လုံး မှန်မှန်တိုက်။ ရတတ်ပါတယ်ကွာ' ဟု မိန့်ပါသည်။ ထို့နောက် ကိုယ်ပိုင်သုံးစွဲရန် ပရိတ်ဆီ တစ်ပုလင်းစီ၊ တောင်ဝှေးတစ်ချောင်းစီ ချီးမြှင့်တော်မူပါသည်။ အချိန်လည်း နှောင်းပါပြီ။ အောင်လံဘက်သို့ ကူးရန်ရှိပါသေးသည်။ ဆရာတော်ဘုရားကြီး၏ ခြေတော်အစုံကို ဦးတိုက်ကာ ကန်တော့ပြီး တောင်ပေါ်မှ ဆင်းခဲ့ပါသည်။

နောက်တစ်နေ့ ညနေ ရန်ကုန် ပြန်ရောက်ပါသည်။ စိတ်ထဲမှာတော့ တထင့်ထင့်။ ဆေးရုံနားရောက်ပြီး သူ့အတွက် ပေးထားသောကားကိုတွေ့ရမှ သက်ပြင်းချနိုင်ပါသည်။ 'သြော် အသက်ရှင်နေဆဲကို'။

ဆရာတော်ဘုရားကြီးချီးမြှင့်သည့်ဆေးကို တိုက်သည့်နေ့တွင် ရေတောင်းပါသည်။ နောက်တစ်နေ့တွင် အိုဗာတင်းတစ်ခွက်နှင့် မုန့်တစ်ခုစားပါသည်။ နောက်နေ့များတွင် အစာစားနိုင်လာပါသည်။ ၁၅ ရက်ခန့်ကြာလျှင် သူထူထောင်ထောင် ဖြစ်လာပါပြီ။ အောက်ပိုင်းကတော့ သေမြဲသေလျက်ပင်။

သို့သော် လူနာ ဖောက်လာပြန်လာပါပြီ။ အခြားမဟုတ်။ ၁၆–ရက် မြောက်နေ့တွင် ဆေးတိုက်မရပါ။ ကျွန်တော့်ကိုပင် လက်သီးပြပါသည်။ ပက်လက်နေရတဲ့သူက လက်သီးဖြင့်ထိုးမည်တဲ့။ ဖြည်းဖြည်းမှ ရှင်းပြပါသည်။ ဆရာဝန် တိုက်သည့်ဆေးတွေ အနန္တ၊ တစ်ခါသောက်လျှင် ဆေးလေးငါးခြောက်လုံး၊ တစ်နေ့ သုံးလေးခါ 'ငါ့ကို သနားကြပါဦးကွာ' တဲ့။

ဘာမျှမတတ်နိုင်။ သူ့သဘောပါ။ ဆရာတော်ကြီး၏ ဆေးမသောက်လျှင်ပင် ရောဂါတစ်မျိုးတစ်ဖုံ ဖောက်လာပြန်သည်။ ထို့ကြောင့် ချော့မော့တိုက်ရသည်။ အလုံးသုံးဆယ်လည်း ကုန်ပါပြီ။ သေဘေးကလည်း လွတ်မြောက်ခဲ့ပါပြီ။ ဆိုးသည်မှာ နေ့ရက်များစွာ သတိမေ့နေသလို ဖြစ်နေရာမှ ပြန်၍ သတိရလာသောအခါ ကယောင်ကတန်းတွေ ပြောနေခြင်းဖြစ်သည်။

ထို့ကြောင့် ညီဖြစ်သူအား ဆရာတော်ဘုရားကြီးထံ ပြန်လွှတ်ရပြန်ပါသည်။ အကျိုးအကြောင်းကိုလည်း စာဖြင့်ရှိသေစွာ လျှောက်ထားရပါသည်။ ညီဖြစ်သူမှာ ပြည်တွင်နေသဖြင့် ဆရာတော်ဘုရားကြီးထံ အကြိမ်ကြိမ် ရောက်ပါသည်။ ဆရာတော်ဘုရားကြီးသည် ပုတီးတစ်ကုံး

နှင့် သောက်ရန်လိမ်းဆေး ပရိတ်ဆီများ ချီးမြှင့်ပြန်ပါသည်။ ထိုပစ္စည်းများကို ကိုယ်တိုင်ယူလာပြီး ရန်ကုန်ရောက်လျှင်ရောက်ချင်း ပုတီးကိုလူနာ၏လည်ပင်းတွင် စွပ်ထားရန်မိန့်ပါသည်။ ပရိတ်ဆီများကိုလည်း ကျောနှင့်ခြေပိုင်းကို လူးခိုက်ပါသည်။

ကျွန်တော်၏အစ်ကိုသည် မည်မျှခေါင်းမာပါသနည်း။ မယုံလို့ဘဲဆိုဆို၊ အကုသိုလ်ကံ မကုန်သေးလို့ဘဲဆိုဆို၊ ပုတီးကိုလည်း အစွပ်မခံပါ။ ပရိတ်ဆီကိုလည်း လူးချင်မှလူးပါသည်။ ပုတီးကို 'ငါ့ခေါင်းရင်းမှာ ချိတ်ထားကွာ။ ဒါလဲ အတူတူပဲ'တဲ့။ ရှိပါစေတော့။ ကာယကံ ရှင်က သူပဲကိုး။ အတင်းအကြပ် မပြောရဲပါ။

အတိုချုပ်ရလျှင် သူသည် ယနေ့တိုင် ဒုက္ခိတအဖြစ်နှင့် အသက်ရှင်ဆဲပါ။ နောက်ဆုံးပေါ် ဆေးတွေ၊ နောက်ဆုံးပေါ် ကရိယာတွေ၊ နောက်ဆုံးပေါ် သမားတော်ကြီးတွေ။ သို့သော် ထိုဆေး ထိုကရိယာ ထိုသမားတော်တို့ မမြင်သေး မသိသေး အဖြေမပေးနိုင်သည့်အရာများလည်း ရှိသေးသည့်အချက်ကိုကား ကျွန်တော်၏နောင်တော်ကြီး၏ ဖြစ်ရပ်က သက်သေခံလျက်ပါ။

## အခန်း (၂)
## ဇာလီဆရာတော်ကြီးကို စတင်ဖူးမြော်ခွင့်ရခြင်း

ကျွန်တော်၏ဆရာ ပါဠိပါမောက္ခ ဆရာကြီးဦးအောင်သန်း (ကွယ်လွန်)၏ကျေးဇူးကြောင့် ဇာလီတောင် ဆရာတော်ကြီးကို စတင် ဖူးမြော်ခွင့်ရခဲ့ခြင်းဖြစ်ပါသည်။

အချိန်မှာ ၁၉၆၂–ခု ဆောင်းနှောင်းနွေဦး လေရူးပွေစ အခါသမယ။ နေရာမှာ ရန်ကုန်တက္ကသိုလ်၏ တက္ကသိုလ်ဓမ္မာရုံ။

ရန်ကုန်နွေသည် ထုံးစံအတိုင်း ပြင်းပြင်းပျပျ ပူရောင်ပြလျက်ရှိသည်။ ကျွန်တော်အပါအဝင် ကျောင်းသား ကျောင်းသူတစ်စုသည် ဆရာကြီးဦးအောင်သန်း၏ နှိုးဆော်ချက်အရ တက္ကသိုလ်ဓမ္မာရုံတွင် စုဝေးစောင့်ဆိုင်းနေကြပါသည်။ ကျွန်တော်တို့ စောင့်ဆိုင်းမျှော်လင့်နေသောပုဂ္ဂိုလ်မှာ ဇာလီတောင်ဆရာတော်ဖြစ်ပါသည်။

ထိုအချိန်အထိ ဇာလီတောင်ဆရာတော်ကို ဖြူသည်မဲသည်ဟု မမြင်ဖူးသေးပါ။ သိထားသောအချက်မှာ ဆရာတော်သည် သတ္တဝါများ အန္တရာယ်ကင်းဝေး ချမ်းသာရေးအတွက် ပရိတ်ဆိမျာ်း လှည့်လည် တိုက်ကျွေးနေကြောင်း ဖြစ်ပါ၏။ ကျွန်တော်တို့တစ်တွေသည် အတွေ့ အကြုံသစ်ကို ရှာမှီးရန် ဓမ္မာရုံအတွင်းသို့ ရောက်ရှိနေခြင်း ဖြစ်ပါ၏။ ပရိသတ်အတော်အတန်များခြင်း၊ အပူရှိန်ပြင်းလှခြင်းတို့ကြောင့် ချွေးပြိုက်ပြိုက် ကျနေကြပါသည်။

ဓမ္မာရုံ၏ဘုရားစင်ဘက်တွင် ရှေးခေတ်ဘုန်းကြီးကျောင်းများတွင် ထားလေ့ထားထရှိသော ဧရာမ ပက်လက်ကြိမ်ကုလားထိုင်ကြီး တစ်လုံး။

ငှင်းရှေ့ဘေးစောင်းစောင်းတွင် စားပွဲတစ်လုံး။ ဤမျှသာ အဆင်အပြင် ရှိသည်။ နေ့တစ်နာရီခန့်တွင် ဆရာတော်တစ်ပါးကြွလာသည်။ အရပ် တော် မနိမ့်မမြင့်၊ ဦးခေါင်းတော်လုံးလုံး၊ ဖြူဝင်းသောအသားတော်၊ သင်္ကန်းတော်ကို ဝတ်ရုံထားသည်။ ဆရာတော်သည် သွက်သွက်လက်လက် ကြွတော်မူလာကာ အသင့်ပြင်ထားသော ပက်လက်ကုလားထိုင်ပေါ်တွင် ထိုင်သည်။ ထိုဆရာတော်ကား နာမည်ကျော် ဇာလီတောင်ဆရာတော်။

ဆရာတော်သည် မည်သည့်ပဋိသန္ထာရ စကားကိုမျှမပြော 'ဘုန်းကြီး က အရေးကြီးလို့ ဒီနေရာရောက်လာတာ၊ တခြားကိစ္စတွေ ထားခဲ့တယ်။ ပရိတ်ဆီတိုက်မယ်။ အမဲသားမစားရ။ သီလတစ်ပါးနှစ်ပါး အနည်းဆုံးလုံမှ သောက်ကြ။ မလုံလျှင်မသောက်နဲ့။ သောက်လဲ အလကားပဲ'

ဆရာတော့်စကားမှာ တိုတောင်းလှသည်။ စကားတော်မှာ တိုတောင်း သလောက် အသံတော်ကလည်း ညင်ညင်သာသာရှိသည်ဟု မဆိုနိုင်ပါ။ ဆရာတော့်အသွင်မှာ မည်သူ့ကိုမျှ လိုသည်ထက်ပို၍ အရောတဝင် ဆက်ဆံလိုဟန်မရှိပါ။ မျက်နှာတော် အတော်တင်းသည်ဟု ဆိုနိုင်ပါသည်။ သို့သော် ဆရာတော့်အနီးတွင် ဝိုင်းရံနေသူတွေက အနန္တ။ ထိုနေ့က ဆရာတော့်အပါး ကပ္ပိယကာရကအဖြစ် ပါလာသောသူမှာ အခြားမဟုတ်။ နိုင်ငံတော်စာရင်းစာချုပ် (ကွယ်လွန်သူ) ဦးစံလွင်။ ဆရာဒကာ အတွဲညီ လှသည်ကို အထူးသတိပြုမိပါသည်။ ဆရာဘုန်းကြီးက တိုတိုပြတ်ပြတ် ရှိသလောက်၊ ဒကာဖြစ်သူကလည်း တိတ်ဆိတ်ငြိမ်သက်လှပါသည်။ ဆရာက ပိန္နဲရောင်သင်္ကန်းတော်ကို ရွှေကျင်ဂိုဏ်းသံဃာတော်များ ဝတ်ရုံ သလို ဒူးအောက်လက်လေးသစ် ယခုခေတ်အမြင်ဆိုပါက တော်တော် တိုသည်ဟု ဆိုနိုင်ပါသည်။ ဒကာကလည်း လုံချည်တိုတို၊ ပင်နီတိုက်ပုံ၊ မျက်နှာသုတ်ပဝါကြီးကို ဦးခေါင်းတွင် ရစ်ပတ်ပေါင်းထားပါသည်။

ဦးစံလွှင်လို ပုဂ္ဂိုလ်က ဤသို့သောအသွင်ဖြင့် ဆရာတော်၏နောက် သို့လိုက်နေခြင်းမှာ ဧကန္တ ထူးခြားသော အကြောင်းရှိရမည်ဟု ရုတ် ခြည်းစဉ်းစားမိခဲ့ပါသည်။ ကျွန်တော့်ဆရာကြီး ပါဠိပါမောက္ခ ဦးအောင် သန်း၊ ကထိက ဒေါက်တာဇော်ထွန်း စသည့် တက္ကသိုလ် ဆရာ ဆရာမ များ၊ မိမိထက် အသက်အရွယ် ပညာအရည်အချင်းကြီးမားပြည့်စုံသည့် ပုဂ္ဂိုလ်များ ဆရာတော်အားချဉ်းကပ်နေကြသည်မှာ ထူးခြားသော အကြောင်းရှိ၍သာ ဖြစ်ပါလိမ့်မည်။

ကျွန်တော်ကား ထိုအချိန်ထိ ဘာကိုမျှ ရေရေရာရာ သေသေချာ ချာ မသိသေးပါ။ ဝိဇ္ဇာအပိုင်း(က) ကျောင်းသားတစ်ဦးမျှရှိသေးသော ကျွန်တော့်အဖို့ အများနည်းတူရောရောင်ကာ ပရိတ်ဆီတစ်ခွက်ကို သောက်ခဲ့ပါသည်။ ချက်ချင်းလက်ငင်းရသောအကျိုးကား အမဲသား အလွန်ကြိုက်သောကျွန်တော်သည် ထိုနေ့မှစ၍ အမဲသားကိုစွန့်လွှတ် လိုက်ခြင်း ဖြစ်ပါသည်။ ဤသည်မှာ ကျွန်တော် ဖာလိတောင်ဆရာတော် ကြီးအား စတင်ဖူးတွေ့ရပုံဖြစ်ပါသည်။

ဖာလိတောင်ဆရာတော်ဘုရားကြီးကို ၁၉၆၂–ခုနှစ်ကပင် ဖူးမြော်ခွင့်ရသော်လည်း ထိုစဉ်က စာရေးသူမှာ တက္ကသိုလ်ကျောင်းသားမျှ ရှိသေး၍ ဘာမှထူးထူးခြားခြား မသိခဲ့ပါ။ သို့သော် ပိန္နဲရောင် သင်္ကန်း တော်ကို သေသေသပ်သပ် ဝတ်ရုံမှု၊ ကြည်လင်ဝင်းပသော အသားတော်၊ တည်ငြိမ်လေးနက်သော ဣန္ဒြေတို့ကြောင့် မြင်လျှင်မြင်ချင်း ကြည်ညို လေးစားမိပါသည်။

နောင်အခါ ရွှေကျင်ဂိုဏ်းကြီး၏ ဒုတိယမြောက် သာသနာပိုင် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ တပည့် ဘာသန္တ ရပါရဝ ကျမ်းပြု

ပုဂ္ဂိုလ်ကျော် အဘယာရာမ ဆရာတော်ဘုရားကြီး၏ အဆက်အနွယ် တပည့်ရင်းဖြစ်သည်ဟု သိရသောအခါ ပို၍ကြည်ညိုမိပါသည်။

ဆရာတော်သည် ငယ်စဉ်က မန္တလေးမြို့အနောက် မဟာဝိသုဒ္ဓါရုံတိုက်တွင် စာသင်ခဲ့သည်။ နောင်အခါ ဓမ္မကထိကအကျော်ဖြစ်လာ၍ ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် ရွှေကျင်ဂိုဏ်းကြီး၏ကိုယ်စား အတွင်းရေးမှူးဖြစ်လာသော အနီးစခန်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ပြည်မြို့ ဗာရာဏသီဆရာတော်ကြီး အရှင်အာနန္ဒပဏ္ဍိတ၊ ရဟန္တာဟု ကျော်ကြားသော စလင်းမြို့ ကန်လယ်ဆရာတော် အရှင်ဝဇိရာဝုဓတို့နှင့် စာသင်ဘက် ဖြစ်သည်။

'တို့ တိုက်ထဲကထွက်လာတာ နှစ်ဆယ့်လေးနှစ်သားထဲကပဲ'ဟု ဆရာတော်ကြီးက မိန့်ပါသည်။ မှန်ပါသည်။ ဆရာတော်သည် မိတ်ဆွေရင်း ကန်လယ်ဆရာတော်လောင်းလျာ၊ ကျောက်မဲတောင် ဆရာတော်လောင်းလျာ တို့နှင့်အတူ တောထွက်ခဲ့ပါသည်။ ထိုအချိန်မှစ၍ မြို့ကို ကပ်သည်မရှိ။ တစ်တောဝင်တစ်တောထွက် တစ်နယ်မှတစ်နယ်ပြောင်းကာ မလျှော့သောဇွဲလုံ့လဖြင့် သမထ ဝိပဿနာ ဘာဝနာတို့ကို အားထုတ်ခဲ့ပါသည်။

နေပူမရှောင် မိုးရွာလည်းမမှု ဘုရားရှင်ခွင့်ပြုတော်မူသည့် သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်ကိုသာ အဖော်ပြုကာ သစ်တစ်ပင်ရိပ် ဝါးတစ်ပင်ရင်းကို ကျောင်းအမှတ်ထား၍ သီတင်းသုံးခဲ့ပါသည်။

'ဧကော စရေ ခဂ္ဂ ဝိသာဏ ကပ္ပေါ' (ဦးချိုတစ်ချောင်းသာရှိသော ကြံ့သတ္တဝါကဲ့သို့ တစ်ဦးတည်း ကျင့်ရမည်။) ဟူသော ဒေသနာတော်နှင့်အညီ ဧကစာရီကျင့်သုံးခဲ့ပါသည်။

မိမိ၏အလုပ်မှာ ပါရမီ ကျင့်စဉ်အတိုင်း သတ္တဝါတို့ကို ကယ်တင်ရန်သာဖြစ်သည်။ ထိုအလုပ်ကိုသာ ဆရာတော်ကြီးဦးစားပေးသည်။ ရာထူး

ဂုဏ်ရှိန်စည်းစိမ် အာဏာတို့ကို အလေးမထား။ နေ့စဉ် ဖူးမြော်ကြသူတို့တွင် အတန်းအစားအမျိုးမျိုးပါသည်။ အချို့မှာ အလွန်ဆင်းရဲနွမ်းပါးကြသည်။ အချို့မှာ ဆယ်သိန်းတန် မီးစက်ကိုပင် အလွယ်တကူ လှူသွားသည်။ ဆရာတော်ကြီးကား အားလုံးအပေါ် တပြေးတည်းသာ။

တစ်ခါက မိန့်ဘူးပါသည်။ 'တို့က သာသနာတော် မျက်နှာသာ ကြည့်တာ။ တခြား ဘယ်သူ့မျက်နှာမှ ကြည့်တာမဟုတ်ဘူး' ဟူ၍ ဖြစ်သည်။ ဆရာတော်ကြီးသည် သာသနာတော်ကိုထိက ဆတ်ဆတ်ထိမခံ။ တပည့်တပန်းကို အလိုမလိုက်၊ မြန်မာနိုင်ငံတွင် ထင်ရှားသည့် ပဋိပတ္တိဆိုင်ရာ ဆရာတော်ကြီးတော်တော်များများကို ဖူးရဘူးပါသည်။ ထိုဆရာတော်ကြီးများမှာ တပည့်တို့ကိုသည်းခံကာ ပြုံးပြုံးပြုံးပြုံးဖြင့် အလိုလိုက်တတ်ကြပါသည်။

ဇာလီဆရာတော်ကြီးကား ထိုနှင့်ဆန့်ကျင်ဘက်ဖြစ်၏။ ဣန္ဒြေတော်ကြီးလှသဖြင့် အနားရောက်သွားသူများမှာ အလိုလိုရှိန်သွားပါသည်။ မိမိရှေ့တွင် အနေအထိုင်မတတ်က ခွင့်မလွှတ်တတ်ပါ။ ပြင်း ပြင်းထန်ထန် ဆူတတ်ပါသည်။ အထူးသဖြင့် ရဟန်းသာမဏေများ ဖြစ်ပါက ပို၍ပင် ဆူတတ်ငေါက်တတ်ပါသည်။ လူတပည့်များကိုလည်း ရင်းနှီးလေ မျက်နှာသာမပေးလေ ဖြစ်ပါသည်။ လူမျိုးခြား ဘာသာခြား များကိုမူ အထူးသည်းခံတတ်ပါသည်။ ချီးမြှင့်ပါသည်။ ဆရာတော်ကြီး ကြောင့် ဗုဒ္ဓဘာသာဝင်ဖြစ်လာသူများမှာ မနည်းလှပါ။

'ငါက ဆုတောင်းလွဲလို့ မင်းတို့နဲ့ လာတွေ့နေရတာ'

'ငါ့သူငယ်ချင်းတွေက မင်းတို့လိုလူတွေကို အတွေ့ခံတာ မဟုတ်ဘူး' ဟု မကြာခဏ မိန့်ကြားတတ်ပါသည်။

ဆရာတော်ကား ဝီရိယာဓိက သမ္မာသမ္ဗောဓိ (ဖွဲ့လုံ့လ အရင်းခံ၍ ပါရမီဖြည့်ရသော ဘုရားအဖြစ်) ဘုရားဆုပန် ဖြစ်၏။ မိမိသည် ဘုရား

ဆုပန်မိသဖြင့် ယခုလို သတ္တဝါတွေကို ကယ်ချွတ်နေရကြောင်း၊ မိမိ၏ မိတ်ဆွေ ကျောက်မဲတောင် ဆရာတော်နှင့် စလင်းကန်လယ် ဆရာတော် တို့မှာ လူတွေ့မခံ။ ဘဝဒုက္ခတွေ မြန်မြန်ငြိမ်းလျှင် ပြီးရောဟု အားထုတ် နေကြကြောင်း ဆိုလိုပါသည်။

ဆရာတော်ကြီး၏သည်းခံမှုကား အံ့သြဖွယ်ဖြစ်ပါသည်။ နေ့စဉ် နေ့လယ် တစ်နာရီမှ ညနေ ခြောက်နာရီအထိ အနယ်နယ်မှ လာရောက် ကြသည့် တပည့်တို့အား ဖူးတွေ့ခံပါသည်။ ထိုအတောအတွင်း သင်္ကန်း ကိုပြင်ဝတ်ခြင်း၊ ထခြင်း၊ လမ်းလျှောက်ခြင်း၊ ကျင်ကြီးကျင်ငယ်စွန့်ခြင်း၊ တံတွေးထွေးခြင်းတို့ အလျင်းမရှိ၊ အဖျော်ယမကာလည်း မသုံးဆောင် စတင်ထိုင်သည့် ကုလားထိုင်ကြီးပေါ်မှာပင် ဣရိယာပုတ် မပျက်ထိုင်၍ ဆုံးမစကားပြောခြင်း၊ သင့်လျော်သော တရားအနည်းငယ်ပြောခြင်း၊ ပရိတ်ဆီ ချိုးမြင့်ခြင်းတို့ပြုပါသည်။ အချိန်ကုန်၍ ပရိသတ်သာ ကုန်သွား သည်။ ဆရာတော်ကြီးကား ဣရိယာပုတ်မဖျက်၊ ထိုင်လျက်ပင်။

ဆရာတော်သည် သတ္တဝါတို့ကို ကယ်ဆယ်ရန်အတွက် ပရိတ်ကို သက်တော် သုံးဆယ်မှစ၍ ကျင့်စဉ်တစ်ရပ်အဖြစ်ဖြင့် ရွတ်ဆိုအဓိဋ္ဌာန် ပြုခဲ့သည်။ သက်တော် ခြောက်ဆယ်ရောက်မှ ပရိတ်၏အာနိသင်ကို အပြည့်အဝ ရရှိခဲ့သည်။ သို့သော် မည်သည့်အကြောင်းကြောင့်မျှ နေ့စဉ် ပရိတ်ရွတ်ဆိုခြင်းကို မဖျက်ခဲ့။ မိမိမကျန်းမာလျှင် တပည့်တို့အား ရွတ်စေပြီး နာယူတော်မူသည်။

သာသနာ့ဗိမာန်ကြီး တည်ဆောက်စဉ်က ဖြစ်၏။ ဆရာတော်ကြီး သည် အထက်ထပ်မှလိမ့်ကျရာ အောက်တွင်ရှိသည့် ပျဉ်ပြားကြီးမှာ သွင် သွင်ကျိုးသွားသည်။ ဆရာတော်ကြီးလည်း ခေတ္တမျှမေ့သွားသည်။ သို့သော် မည်သူမျှ မထူပေးမိ ထလာပြီး 'ကောင်းတဲ့နတ်တွေကလဲ

ဆွဲတင်ကြ ပါသေးကွာ'ဟု မိန့်သည်။ မည်သည့်ဆရာဝန်၏ အကုအသမှ မခံ။ ပရိတ်ဆီဖြင့်လိမ်းပြီး အကောင်းပကတိ ဖြစ်လာသည်။ ဤအတော အတွင်း ပရိတ်မရွတ်နိုင်ဘဲရှိရာ 'နာနေကျတရား နာပါရစေ'ဟု မိန့်သဖြင့် တပည့်များက ရွတ်ပေးရသည်။

ဆရာတော်သည် အဓိဋ္ဌာန်ဖြင့် ပရိတ်ဆီကို ချီးမြှင့်သည်။ စော စောပိုင်းက ပရိတ်စည်းကမ်းကို တင်းကြပ်မထား။ သာမန်အားဖြင့် သုရာမေရယကံနှင့် ကာမေသုမိစ္ဆာစာရကံ နှစ်ပါးလုံလျှင် ပရိတ်ဆီတိုက် သည်။ အမဲသား လုံးဝမစားရ။ ပရိတ်ဆီမတိုက်မီ သစ္စာအဓိဋ္ဌာန်ပြုရသည်။

'ပရိတ်စည်းကမ်း လိုက်နာသမျှ ကာလပတ်လုံး စောင့်ရှောက်တည် နေပါစေ'ဟု တိုင်တည်သည်။ ဤသို့တိုင်တည်ခြင်းမှာ အဓိပ္ပာယ်ရှိပါ သည်။ အချို့သူများမှာ ပရိတ်ဆီသောက်ပြီးမှ သစ္စာဖောက်ကြသည်။ အချို့မှာ မယုံ၍လားမသိ၊ လက်တဲ့စမ်းကြသည်။ ထိုအခါ ဒုက္ခမတွေ့ သင့်ဘဲ တွေ့ကြရသည်။

စာရေးသူ၏အရပ်မှ ကိုရင်တစ်ပါး၏ဖြစ်ရပ်မှာ ရင်နင့်ဖွယ်ရာ ဖြစ်ပါသည်။ ဆရာသမားဖြစ်သူက ပါဠိပထမပြန်စာမေးပွဲနီးသဖြင့် အန္တရာယ်ကင်းစွာဖြေနိုင်ရန် ဆရာတော်ကြီးထံလွှတ်လိုက်ပါသည်။ ဆရာတော်ကြီးက ယုံးစံအတိုင်း ပရိတ်ဆီချီးမြှင့်ပါသည်။ ကိုရင်မှာ ပျှငယ်ပီပီ စမ်းသပ်လိုစိတ် ပြင်းထန်နေဟန်တူပါသည်။

'ကဲ ဇာလိဆရာတော် ပရိတ်ဆီ စွမ်း, မစွမ်း ကြည့်ရတာပေါ့'ဟု ဆိုကာ ကျောင်းသားလေးတစ်ယောက်အား အမဲသားဟင်း ဝယ်ခိုင်းပြီး စားသည်။ ထိုညမှာပင် သူ့လည်ပင်းကို တစ်ယောက်ယောက်က လာညှစ် သည်ဆိုပြီး မအိပ်ရဲတော့။ ဦးပဉ္စင်းတစ်ပါးကိုနှိုးပြီး အတူအိပ်သည်။ ဤမျှဖြင့် မပြီးသေးပါ။ ရန်ကုန်ရောက်၍ စာသင်တိုက်တစ်ခုတွင်

နေ့စဉ် ရန်ဖြစ်ကြသဖြင့် နှင်ထုတ်ခံရသည်။ မကြာမီ လူထွက်သည်။ နောက်ဆုံး ကုန်ကူးသွားရင်း လှေမှောက်သေဆုံးသည်။ ထူးဆန်းသည်မှာ လှေပေါ်တွင်ပါသည့် ကလေးငယ်များ အပါအဝင် မည်သူမျှမသေ။ သူတစ်ဦးသာ အလောင်းရှာမရဘဲ ပျောက်သွားရသည်။

ဤသို့သော ကိစ္စများကြောင့်ပင် ထင်ပါသည်။ ဆရာတော်သည် နောင်အခါ ပရိတ်ဆီကို ချွင်းချက်ဖြင့် ကိုက်ပါသည်။ စာရေးသူ ပထမဆုံးရောက်စဉ်က ပါလာသည့်မိတ်ဆွေမှာ အသောက်အစား မကင်းပါ။ ထို့ ကြောင့် ထိုသူအား 'မင်းကိုတော့ တစ်မျိုးလုပ်ရမယ်'ဟု မိန့်ကာ ဦးခေါင်းပေါ်သာ လောင်းပေးလိုက်ပါသည်။ ထိုသူမှာ ယခုထက်ထိ ပြော မဆုံးပါ။

ယုံကြည်၍ အားကိုးတကြီးလာရောက်သူများကိုမူ ကယ်ဆယ် ပါသည်။ တစ်နှစ်တွင် ဆရာဝန်မလေးတစ်ယောက်ကို တောင်ပေါ်မှာ တွေ့ခဲ့ရပါသည်။ သူမကား ယနေ့တိုင် ကျန်းမာချမ်းသာစွာဖြင့် ရှိနေ ကြောင်း သိရပါသည်။ ဆရာတော်ဘုရားကြီး ကယ်ဆယ်ထားသူအပေါင်း ကား မနည်းလှပါ။

၁၃၄၉-ခုနှစ်က ဆရာတော်ဘုရားကြီး တစ်ဘဝခန္ဓာ သိမ်းတော် မူပါသည်။ တစ်နှစ်ပင် ကျော်ပါပြီ။ မရှိတော့သော်လည်း ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာနှင့် ဆရာတော်ကြီး ပြုစုခဲ့သောသာသနာမှာ လင်း လျက် ပင်းလျက်ပင်။

ဗုဒ္ဓက 'မိုးသည်ရွာသွန်းမြဲဖြစ်၏။ ထိုမိုး ရေကို ဘာဖြင့်ခံမည်နည်း။ ခွက်ဖြင့်လော၊ အိုးဖြင့်လော၊ သို့တည်းမဟုတ် ခြင်းကြားဖြင့်လော'ဟု မိန့်ကြားဖူးပါသည်။

ထိုဒေသနာတော်သည် ဆရာတော်ဘုရားကြီး လွန်တော်မမူမီ မိန့်ကြားသွားသည့် ဩဝါဒတစ်ပုဒ်နှင့် တူညီပါသည်။

## ဘာလ်ဆရာတော်ဘုရားကြီး၏ ဩဝါဒ

'ယခုအခါ တစ်ကမ္ဘာလုံးမှာ ကပ်ကြီးသုံးပါးဆိုက်နေတဲ့ လက္ခဏာများ၊ ကောင်းကင်ဂြိုဟ် နက္ခတ်တာရာများကလဲ ဖော်ပြနေပြီဖြစ်၍ မိမိတို့နေ့စဉ် ကျင့်ကြံအားထုတ်နေသော နိစ္စပတ်အလုပ်ကို အဓိဋ္ဌာန်မြောက် မပြတ်အားထုတ်ကြပါ။ သစ္စာဆိုနိုင်သည့် အခြေအနေမျိုးရောက်အောင် ကြိုးစားအားထုတ်သင့်တယ်။ ကြက်တူရွေးရွတ်သလို ဂါထာပေးတော့ဖြစ် ဆိုတာမျိုး မဖြစ်စေဘဲ ဘာဝနာမှုကို တည်တံ့ခိုင်မြဲအောင်နှလုံးသွင်းနိုင်မှ မှန်ကန်စွာ အားထုတ်ရမည့် အချိန်ရောက်ပြီ။ အဓိဋ္ဌာန်မြောက် အားထုတ်နိုင်မှသာလျှင် ကိုယ်ခံသဘော အကာအကွယ်ရှိ၍ ဒီကပ်မှ လွတ်မြောက်နိုင်မယ်။ ဘက်ထရီအားမရှိဘဲ ဓာတ်မီးထိုးမရသလို မိမိပြုလုပ်သော ဒါန၊ သီလ၊ ဘာဝနာမှုသာလျှင် မိမိကို အကျိုးပြုမယ်။ ကံဆိုသည်မှာ အလုပ်၏အဖြေသာ ဖြစ်တယ်။ ရွှေခွက်နဲ့ငွေခွက်ရှိရာမှာ ရွှေခွက်မှာ ရွှေရည်ပေါ်၊ ငွေခွက်မှာ ငွေရည်ပေါ်'

## အခန်း (၃)
## ဇာလီတောင်တောရသို့

### ခရီးအစ

၁၉၇၅–ခု ဇူလိုင်လအတွင်းဖြစ်သည်။ ထိုစဉ်က တက္ကသိုလ်စာမေးပွဲများကို မြို့နယ်အသီးသီး၌ ခွဲ၍စစ်ဆေးချိန်ဖြစ်ရာ ကျွန်တော်သည် ပြည်မြို့စာစစ်ဌာန၌ တာဝန်ကျသည်။ ထို့ကြောင့် သရက်မြို့အနီး ဇာလီတောင်တောရတွင် သီတင်းသုံးနေတော်မူသောဆရာတော်ကြီးအား သွားရောက်ဖူးမြော်ခြင်းမှာ စိတ်ထဲတွင် အကြိမ်ကြိမ် ဖြစ်ပေါ်နေသော သဒ္ဓါတရားကြောင့် ဖြစ်ပါသည်။

လွန်ခဲ့သော တစ်ဆယ့်သုံးနှစ်ခန့်က ခေတ္တမျှဖူးတွေ့ရသော ဆရာတော်ဘုရားကြီး၏ပုံရိပ်သည် ကျွန်တော်၏စိတ်အာရုံကို များစွာဖမ်းစားနေပါသည်။ ဆရာတော်ကြီး၏ တည်ငြိမ်ထက်မြက်သော ဣန္ဒြေတော်နှင့် ပြတ်တောင်းသော စကားတို့သည် တစ်မူထူးခြားလျက်ရှိသည်။ ဤသို့ထူးခြားရခြင်း၏ အကြောင်းတစ်ရပ်မှာ ဆရာတော်ကြီး၏ ဆရာရင်းဖြစ်သည့် တိုင်းတစ်ပါးသား ရဟန်းသံဃာတို့ပင် လေးစားရသော အဘယာရာမ ဆရာတော်ကြီး သည်လည်း ဣန္ဒြေကြီးမား၍ စကားနည်းလှသဖြင့် ဒိဋ္ဌာနုဂတိလိုက်ခြင်း ဖြစ်တန်ရာပါသည်။ နောင်အခါက်ပေါင်းများစွာ ဖူးခွင့်ရရာတွင် အနေမတော် အပြောမတော်က စိမ်းကျက်မရွေး မည်သူကိုမျှ မျက်နှာသာမပေးကြောင်း တွေ့ရပါသည်။

ထို့အပြင် ဖာလီဆရာတော်ကြီး၏ လက်ရင်းတစ်ပည့်တစ်ပါး ဖြစ်သည့် သက်န်းကျွန်းမြို့နယ် ဖာလီတောင်ကျောင်းတိုက်ကြီး၏ နာယက ဆရာတော်ဦးသာသနမှာ ကျွန်တော်၏ငယ်ဆရာတော် ဖြစ်ပြန်ပါသည်။ ဤသို့ ဆရာစဉ်ဆက် သွေးဆက်နေခြင်းမှာလည်း အကြောင်းတစ်ကြောင်း ဖြစ်နိုင်ပါသည်။

ကျွန်တော် ပြည်မြို့သို့သွားရောက်၍ စာမေးပွဲစစ်ဆေးရန် တာဝန် ကျကြောင်းကို သက်န်းကျွန်းဆရာတော်အား လျှောက်ထားသောအခါ ဆရာမြတ်က ဖာလီတောင်ဆရာတော်ကြီးအား သွားရောက်ဖူးမြော်ခဲ့ ရန် မိန့်ကြားပါသည်။ ဆရာတော်ကြီးထံ အပ်နှံလိုက်သည့် စာတစ်စောင်ကို လည်း ရေးပေးပါသည်။ ထိုစာနှင့်အတူ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး ရဟန်းဘဝကရေးသားသော ဒုတိယမြောက် ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး၏ဖြစ်တော်စဉ် (မဟာဝိသုဒ္ဓါ ရာမိကထေရုပ္ပတ္တိဒီပနီ) စာအုပ်ကိုလည်း ပေးလိုက်သည်။

ကျွန်တော်သည် ထိုစာနှင့်ထိုစာအုပ်များကိုယူဆောင်၍ ဖာလီတောင် သို့ သွားခဲ့ပါသည်။ ထိုနေ့မှာ ၁၉၇၅-ခု၊ ဇူလိုင်လ၊ ၂၆-ရက် ဖြစ်ပါ သည်။ ပြည်မြို့မှ နေ့လယ် ၁-နာရီခန့်တွင် ကားဖြင့်ထွက်ခဲ့သည်။ အောင်လံသို့ ညနေ ၃-နာရီခန့်တွင်ရောက်သည်။ ထိုမှ တစ်ဆင့် ကူးတို့သင်္ဘောဖြင့် သရက်ဘက်သို့ ကူးခဲ့သည်။ မိုးကာလ မြေလတ်ပိုင်း ဒေသ၏ တောတောင်ရေမြေဝန်းကျင်သည် ကျွန်တော်လို မြစ်ဝကျွန်း ပေါ်သားအတွက် ဆွဲဆောင်မှု အားကောင်းလှပါသည်။ ကား လမ်းဘေး နှစ်ဖက်မှ အင်၊ ကညင်၊ ကျွန်း စသည့် သစ်ဝါးတို့သည် လယ် ကွင်းခေါင်ခေါင် ကွင်းပြင်စိမ်းစိမ်းကိုသာ မြင်ခဲ့ရသူ ကျွန်တော့်အတွက် သစ်ဆန်းလှပါသည်။ တောကျွေ့တောင်ကျွေ့ လှိုမြောင် ချိုင့်ဝှမ်းတို့သည် လည်း အမြင်ဆန်းလှပါသည်။ ကျွန်တော်သည် ဤသို့သော သဘာဝ

အလှကိုခံစားရင်း ဧရာဝတီမြစ်ကြီးကိုဖြတ်ကာ သရက်ဆိပ်ကမ်းဖက်သို့ ရောက်ခဲ့ပါသည်။ သရက်ဆိပ်ကမ်းမှ ဇာလီတောင်သို့ မြင်းလှည်းငှားရ၏။ နေဝင်ဖြိုးဖျ မိုးကာလ၏ညနေချမ်းသည် သာယာလှပါသည်။ နီတွေးတွေး သဲလမ်းကလေးပေါ်တွင် မြင်းလှည်းကလေးမှာ စည်းချက်ကျစွာ ပြေးလွှား နေသည်။ ကျွန်တော်၏ စိတ်အာရုံမှာကား ဆရာတော်ဘုရားကြီး၏ ခြေတော်အစုံသို့။

## တောရအတွင်းသို့ ခြေချမိခြင်း

နာရီဝက်ဒဇခန့်အကြာတွင် မြင်းလှည်းသည် မြင့်မားသော သစ်ပင်တို့ အုပ်ဆိုင်းဝန်းရံနေသည့် ဆရာတော်ကြီး သီတင်းသုံးရာ ကျောင်းတိုက် အတွင်းသို့ရောက်လေသည်။ တိတ်ဆိတ်ပေစွ၊ ငြိမ်သက်ပေစွ၊ အေးချမ်း ပေစွ၊ လူသံသူသံ မဆိုထားဘိ၊ ကျေးသံငှက်သံကိုပင် မကြားရ၊ ဤနေရာကား သူတော်သူမြတ်တို့ ကိန်းစက်ရာ၊ သူတော်စင်တို့ တရားမွေ့ လျော်ရာ သတ္တဝါအားလုံးအတွက် ငြိမ်းချမ်းသာယာမှုကို ဖန်တီးပေးရာ ကျေးရွာရှင် ဆရာတော်ကြီး သီတင်းသုံးရာ နေရာတည်း။ သစ်ရိပ် ဝါးရိပ်သည် လည်းကောင်း၊ သီလရိပ် သမာဓိရိပ် စသည့် တရားဓမ္မ၏ အေးရိပ်သည် လည်းကောင်း နှလုံးသားကို ဆိုးကြိုရိုက်ခတ် လေရာ တစ်ကိုယ်လုံး အေးချမ်းနေသည်ဟု ထင်ရပါသည်။ ဝမ်းသာကြည် နူးမဆုံး ဖြစ်နေသည်။ သည်နေရာသို့ရောက်အောင် ကြိုးစားခဲ့ရသည်မှာ အရက်ရက် အလလ အနှစ်နှစ်။

ကျွန်တော်၏စိတ်သည် သုတ္တန်ပိဋက ဒီဃနိကာယ် တစ်နေရာတွင် ဖော်ပြထားသည့် အဇာတသတ်ဘုရင် ဘုရားရှင်ထံဝင်ရောက်ဖူးမြော် ခြင်းသည်ရှုခင်းဆီသို့ အာရုံရောက်သွားသည်။ အဇာတသတ်ဘုရင်သည် အဖကိုသတ်သော ပြစ်မှုကြီးကို လွန်ကျူးမိရာမှ နေ့ရက်များစွာ ဆောက်

တည်ရာမရ၊ အိပ်မက်ဆိုးကြီးကို မက်နေရသည်။ တန်ဆောင်မုန်းလပြည့်နေ့ညချမ်းတွင်မှ သမားတော် ဇီဝက၏ အကြံပေးချက်အရ သောကပြေဆေးကိုသောက်ရန် ဘုရင်းရှင်ထံ ဖူးမြော်ထွက်သည်။ ဘုရားရှင်သီတင်းသုံးတော်မူရာ သရက်ဥယျာဉ်အနီးသို့ ရောက်သောအခါ ချေဆပ်သံ၊ ချောင်း ဟန့်သံကိုပင် မကြားရ၊ လွန်စွာ တိတ်ဆိတ်နေသည်။ ထို့ကြောင့် ဇီဝက၏ ထောင်ချောက်တွင်းသို့ သက်ဆင်းမိပြီလောဟု အဇာတသတ်ဘုရင် ထိတ်လန့်သွားသည်။

'အမောင် ဇီဝက၊ သင် ငါ့ကို လှည့်ဖျားပြီး ခေါ်လာသလော၊ ထောင်ချောက်ဆင်သလော။ ဘုရားရှင်သည် ရဟန်းပေါင်း တစ်ထောင့်နှစ်ရာငါးဆယ်ဖြင့် ဤနေရာတွင် သီတင်းသုံးနေသည်ဟူသော သင့်ပြောစကားသည် အမှန်မှဟုတ်ရဲ့လား'ဟု မေးမြန်းသည်အထိ ဖြစ်သွားသည်။

ဇာလိတောင် ကျောင်းတိုက်ကြီးသို့ ရောက်သွားသောအခါ ဤသို့သော တိတ်ဆိတ်မှုကို ခံစားရသည်။ အဝိညာဏကဖြစ်သည့် ဤတော ဤမြေ ဤနေရာသည် အေးချမ်းဆိတ်ငြိမ်သကဲ့သို့၊ ဤနေရာကို ခိုမှီး၍ အေးချမ်းမှုကိုရှာကြသော ပုဂ္ဂိုလ်တို့သည်လည်း ငြိမ်သက်လှပေ ရှိတော့သည်။

မြင်းလှည်းသံ ကြား၍လားမသိ။ ကိုရင်တစ်ပါး ထွက်လာသည်။ အကျိုးအကြောင်း မေးမြန်းသဖြင့် ရန်ကုန် ဇာလိကျောင်း ဘုန်းကြီး၏ တပည့် တက္ကသိုလ်ဆရာတစ်ဦးဖြစ်ကြောင်း လျှောက်ထား လိုက်ပါသည်။ ကိုရင်က ကျွန်တော်နှင့်တကွ အဖော်ပါလာသူ ပုတီးကုန်းမြို့မှ စာရေးကြီး ကိုချစ်လှိုင်တို့အား နေရာချထားပေးပါသည်။ ညနေစာ ကိုလည်း ကျွေးပါသည်။ ဆရာတော် ဘုရားကြီးသည် ဧည့်သည်ကို အချိန်အခါ အားလျော်စွာသာ လက်ခံတွေ့ဆုံလေ့ရှိသည်။ ထို့ကြောင့် ချက်ချင်း

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကလိတောင်ဆရာတော်ဘုရားကြီး၏အထုပ္ပတ္တိ


မပူးရ။ စာကိုသာ ဆက်ကပ်လိုက်ရသည်။ ခေါ်သည့်အခါ အဆင်သင့်ဖြစ်အောင် ရေမိုးချိုး အဝတ်အစားလဲကာ အသင့်စောင့်ဆိုင်း နေရသည်။

## ဖူးမြော်ရပြီ

ည ၇-နာရီ ကျော်ကျော်တွင် ခေါ်ပါသည်။ ကျွန်တော်တို့ နှစ်ဦးသားသည် ဆရာတော်ဘုရားကြီး သီတင်းသုံးရာ ခြောက်ထပ်တိုက်ကြီး၏ပထမထပ်သို့ အမြန်တက်သွားကြပါသည်။ နှစ်လများစွာ ကျွန်တော် ဖူးတွေ့ချင်သော ဆရာတော်ကြီးကို ဖူးတွေ့ရပြီ။ ဆရာတော်ကြီး သည် ရေးခေတ်က ဘုန်းကြီးကျောင်းများတွင် တွေ့လေ့တွေ့ထရှိသော ပက်လက်ကုလားထိုင်ကြီးပေါ်တွင် မတ်မတ်ထိုင်လျက် ရှိပါသည်။ ဖြူစင်သောအသား၊လုံးဝန်းသောဦးခေါင်းတော်၊ပိန္နဲရောင်သင်္ကန်းတော်တို့သည် လျှပ်စစ်မီးရောင်အောက်တွင် အထင်သားပေါ်လွင်နေပါသည်။ မျက်နှာတော်မှာ လွန်ခဲ့သောတစ်ဆယ့်သုံးနှစ်ကနှင့်စာလျှင် အတန်ငယ် ရင့်လာသည်ဟု ထင်ရပါသည်။ ပို၍လည်း ဝလာပါသည်။

ဦးစွာ ရန်ကုန်ဘုန်းကြီးထံမှ ဆက်ကပ်လိုက်သောစာကို သေချာစွာ ဖတ်ရှုပါသည်။ ကျွန်တော့်အကြောင်း စာထဲတွင် အနည်းအကျဉ်း ပါသဖြင့် အသိအမှတ်ပြုတော်မူပုံရပါသည်။ ငယ်စဉ်က ဘယ်မှာ စာသင်ခဲ့သလဲဟု မေးပါသည်။ ကွမ်းခြံကုန်းမြို့နှင့် ညောင်တုန်းမြို့ ရွှေဟင်္သာတောရ ကျောင်းတိုက်တို့တွင် စာသင်ခဲ့ပါကြောင်း၊ ဆရာတော် ဦးဝိမလ (နောင် အဘိဓဇမဟာရဋ္ဌဂုရု၊ တွဲဖက် ရွှေကျင်သာသနာပိုင်၊ နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ) နှင့် သွေးသားတော်စပ်ပါကြောင်း လျှောက်ထားသဖြင့် ပို၍အသိအမှတ်ပြုပုံ ရပါသည်။

'အေးအေး ငါနဲ့ ဦးဝိမလ အသက်အတူတူကွ'ဟု မိန့်ပါသည်။ ထို့နောက် သာသနာရေးကိစ္စများအကြောင်း စကားစပ်မိကြပါသည်။

၂၂၃၁၀

ဇူလိုင် ၂၃–ရက်နေ့က ကျွန်တော်တို့အဖွဲ့ ပြည်မြို့ ရောက်နေစဉ် ရွှေကျင် သာသနာပိုင် မြောင်းမြဆရာတော်ဘုရားကြီး ပျံလွန်တော်မူကြောင်း သတင်းကြားရသည်။ ဤသတင်းကို ဇာလီဆရာတော်ဘုရားကြီးလည်း သိပြီးပုံရသည်။

မြောင်းမြသာသနာပိုင် ဆရာတော်ကြီးသည် မြန်မာနိုင်ငံ ပရိယတ္တိလောက၌ အလွန်ပေါ်လွင်ထင်သော ဆရာတော်ကြီး ဖြစ်သည်။ ဆရာတော်ကြီး၏ထူးခြားချက်မှာ ပျံလွန်တော်မူချိန် သက်တော် ၈၇–နှစ်အထိ အလွန်တောင့်တင်းသော ကျန်းမာရေး ရှိခြင်းဖြစ်သည်။ ထို့ပြင် ခန္ဓာကိုယ်ကြီးမားသည်နှင့်အမျှ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးမှာလည်း ကြီးမားတော်မူလှသည်။ ကာယိဒြေကြီးမားတော်မူလှဖြင့် တော်ရုံတန်ရုံ ရဟန်းပုဂ္ဂိုလ်များပင် အနားသို့မကပ်ရဲ။ မြောင်းမြဆရာတော်ကြီးလည်း မဟာဝိသုဒ္ဓါရုံတိုက်ထွက် ဖြစ်၏။ ဆရာစဉ်ဆက် တူညီခဲ့ကြသော ဆရာတော်များ ဖြစ်ကြ၏။ ထို့ကြောင့် ဇာလီဆရာတော်က မြောင်းမြသာသနာပိုင် ဆရာတော်ကြီးနှင့်စပ်၍ ကျေးဇူးစကား သတိသံဝေဂစကားများကို မိန့်ကြားခြင်းဖြစ်သည်။

ထို့နောက် ပုဂံလျှေင်အကြောင်း ရောက်သွားသည်။ ရက်အနည်းငယ်ကလှုပ်ခဲ့သော ပုဂံလျှင်ကြီးသည် ပုဂံဒေသရှိ စေတီပုထိုး ဘုရားကျောင်းကန်များကို များစွာပျက်ဆီးခဲ့ပါသည်။ ကျွန်တော်သည် ၁၉၆၈–ခုနှစ်မှစ၍ ထိုဒေသများသို့ သုတေသနခရီး ငါးကြိမ်တိတိ ထွက်ခဲ့ဘူးသည်။ ထို့ကြောင့် ပုဂံဘုရားတော်တော်များများ ပျက်စီးသွားကြောင်း ဖတ်ရှုကြားသိရသောအခါ ထိုအပျက်အစီးများကို မြင်ယောင်နေသည်။

ဆရာတော်ဘုရားကြီးက ရဟန်းလေးဝါ (သက်တော် ၂၄ နှစ်ခန့်) ကပင် မဟာဝိသုဒ္ဓါရုံတိုက်မှ တောထွက်ခဲ့ကြောင်း၊ အာနန္ဒာ၊ သဗ္ဗညု၊ စူဠာမဏိ၊ ဓမ္မရံကြီးတို့မှစ၍ ပုဂံအရှေ့တောင်ဘက်အစွန်ရှိ ဖွားစောအုပ်စု

ဘုရားများအထိ ဒေသအသီးသီး၊ ကျေးရွာအသီးသီးတွင် နှစ်နှင့်ချီကာ တရားကျင့်ခဲ့ကြောင်းတို့ကို မိန့်ပြန့်ပါသည်။ ဤသို့ မိန့်ကြားနေစဉ်အတွင်း ကျွန်တော်သည် နှစ်ပေါင်းငါးဆယ်ကျော် ကာလမြို့သို့ မကပ် ရွာသို့မခို အရညဝါသီတောရဆောက်တည်လောက်သော အရဖ်တွင်သာ သီတင်းသုံးတော်မူခဲ့သည့် ဆရာတော်ကြီး၏ဂုဏ်ကျေးဇူးကို အထပ်ထပ် ပူဇော်နေမိပါသည်။

## တတိယကမ္ဘာစစ်ကြီးနှင့် ဇာလီဆရာတော်

မြန်မာနိုင်ငံရှိ သူတော်ကောင်းကြီးအသီးသီးတို့သည် ဖော်မြိုင် တွင်း၌ သမာဓိစခန်း ထူထောင်ကြခြင်းမှာ ကမ္ဘာစစ်ကြီး တားဆီးရေး အတွက်လည်းဖြစ်သည်။ မိုးညှင်းတောရ ဆရာတော်ကြီး၊ စလင်းမြို့ ကန်လယ်ဆရာတော်ကြီးတို့သည် ဤသို့သော သူတော်ကောင်းကြီးများ တွင် ပါဝင်သည်။ ကန်လယ် ဆရာတော်ကြီးက ပျံလွန်တော်မူခါနီးတွင် 'တပည့်တော် ကမ္ဘာစစ်ကြီးကိုလည်း တားဆီးပြီးပါပြီ ဘုရား'ဟု ဘုရားရှင်ထံ နောက်ဆုံးစကား ပန်ကြားလျှောက်ထားခဲ့ပါသည်။

ကျေးဇူးရှင် ဇာလီဆရာတော်ကြီးသည်လည်း ကိုယ့်နည်း ကိုယ့်ဟန် ဖြင့် တတိယကမ္ဘာစစ်ကြီးကို တားဆီးခဲ့သည်။ ဤအကြောင်းကို ပွင့်ပွင့်လင်းလင်းပင် 'ဟော့… ဘုရားရှိခိုးတော့ ဘာတဲ့။ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်ဆိုတယ် မဟုတ်လား၊ အေး… နှစ်ကြိမ်တော့ပြီးပြီ။ တစ်ကြိမ် ကျန်သေးတယ်။ အဲဒီတစ်ကြိမ်ကို တားဆီးဖို့ ငါ လုပ်နေတာ' မိန့်တော်မူသည်။ ဆရာတော်ကြီးသည် ဤသို့ သူတကာတို့ မကြံ စည်နိုင် မကြံစည်ရဲသည့် ရည်ရွယ်ချက်ရှိခြင်းကြောင့်သာ ဤတော ဤမြိုင်တွင်းဝယ်၊ နေထိုင်ကျင့်သုံးနေခြင်းပေတကား။

## ပရိတ်ဆီသောက်ခဲ့ပါသော်လည်း

ကျွန်တော်သည် ဆရာတော်ဘုရားကြီးအား ဆိုခဲ့ပြီးသော အကြောင်းအရာများကို ပဋိသ န္ထာရစကား ပြောကြားလျှောက်ထားပြီးနောက် လာရင်းအကြောင်းတရားကိုလျှောက်ထားရန် စကားစလိုက်ပါသည်။

'ဘုရားတပည့်တော်များလည်း ၆၂–ခုနှစ်က တက္ကသိုလ်ဓမ္မာရုံမှာ ဆရာတော်ဘုရားကြီး ချီးမြှင့်တော်မူသည့် ပရိတ်ဆီကို သောက်ခဲ့ဘူးပါတယ်ဘုရား။ ဒါပေမယ့် သုရာမေရယသိက္ခာပုဒ်(အရက်သေစာသောက်စားခြင်း) ကိုတော့ မလုံခဲ့ပါဘုရား'

ဆရာတော်ဘုရားကြီးက

'ဟေ့... ကြီး၊ နောက်မြည်းဦးမလားကွ' (နောက်ထပ် အရက်သောက်ဦးမလားဟု ဆိုလိုပါသည်။)

'မမြည်းတော့ပါဘူးဘုရား'

'မမြည်းနဲ့ကွ၊ မြည်းလို့မရဘူး'ဟု မိန့်ပါသည်။ ပရိတ်ဆီသောက်သူများ ထိန်သိမ်းလိုက်နာရမည့် စည်းကမ်းများကိုလည်း မိန့်ကြားပါသည်။ မိန့်ကြားသည်သာမက လိုက်နာဖို့လည်း အထပ်ထပ်ကတိတောင်းပါသည်။

ဤကတိအရ ပရိတ်ဆီသောက်ထားသူသည် အမဲသားမစားရပါ။ ကံငါးပါးအနက် အနည်းဆုံး သုရာမေရယကံနှင့် ကာမေသုမိစ္ဆာစာရကံနှစ်ပါးကို ထိန်းရပါသည်။ တတ်နိုင်လျှင် အဒိန္နာဒါနကံကိုလည်း ထိန်းရပါသည်။ ဆရာတော်ဘုရားကြီးသည် ကျွန်တော့်ထံမှ ဝန်ခံကတိကို ရပြီးသောအခါ အနီးရှိ ပရိတ်ဆီပုလင်းထဲမှ ပရိတ်ဆီအနည်းငယ်ကို လက်ဘက်ရည်ပန်ကန်ထက်ငယ်သော ခွက်ငယ်ကလေးထဲသို့ လောင်းထည့်၍ လက်ဖြင့်ကိုင်မြှောက်ကာ သစ္စာပြုပါသည်။ တိုင်လည်း တိုင်တည်ပါသည်။

ဆရာတော်ကြီး အမိန့်ခွန်ပြုပုံမှာ 'ငါသည် ဤတော ဤတောင် ဤဒေသ၌ နေ၍ ကျင့်ကြံအားထုတ်ရသော' စသည်ဖြင့် မိမိ၏ အကျင့်သီလများကို ထုတ်ဖော်ကာ သစ္စာပြုခြင်းဖြစ်ပါသည်။ တိုင်တည်ပုံမှာ 'ဤပရိတ်ဆီ၌ စောင့်ကြပ်နေကြသော' စသည်ဖြင့် ပရိတ်ဆီတွင် စောင့်ကြပ်နေကြသည့် နတ်အပေါင်းနှင့် တောစောင့်နတ် တောင်စောင့်နတ် စသည်တို့ကို တိုင်တည်ခြင်းဖြစ်ပါသည်။

ဆရာတော်ကြီး ရွတ်ဆိုသည့် စကားများ၌…

'ဤပရိတ်စည်ကမ်းများကို လိုက်နာနေသမျှ ကာလပတ်လုံး ဤပရိတ်ဆီသည် ကာယကံရှင် ပုဂ္ဂိုလ်အား ဘေးအပေါင်း အန္တရာယ်အပေါင်းမှ ကင်းလွတ်အောင် စောင့်ရှောက်ပါစေသတည်း'ဟု သုံးကြိမ်တိုင်တိုင် နှုတ်ဝစီဖြင့် တိုင်တည်ခြင်းဖြင့်အဆုံးသတ်ပါသည်။

ကျွန်တော်သည် ဆရာတော်ကြီး ဤသို့ရွတ်ဆိုနေစဉ်အတွင်း ၆၂- ခုနှစ်က တက္ကသိုလ်မမွှာရုံ၌မိန့်ကြားခဲ့သော စကားတစ်ခွန်းကို သွားသတိရပါသည်။

'အနည်းဆုံး သီလတစ်ပါး နှစ်ပါး လုံတဲ့သူတွေသောက်၊ တစ်ပါးမှ မလုံလျှင် မသောက်နဲ့၊ အလကားပဲ'

## သီလအရေးကြီး

ကျွန်တော်တို့ ဘာသာရေးသည် အခြားဘာသာရေးများနှင့် ကျင့်စဉ်မတူပါ။ ကျွန်တော်တို့ဘာသာတွင် သီလ အရေးကြီးပါသည်။ သီလမရှိသူသည် ခါးဝတ်ပုဆိုးမရှိသူနှင့် တူပါသည်။ ခါးဝတ်ပုဆိုးမှ မရှိပါလျှင် အခြားဘယ်အရာ ရှိပါတော့မည်နည်း။ ဘာကိုများ ရက်ကြောက်စိုးရွံ့ပါမည်နည်း။ သီလဆိုရာ၌ ငါးပါးသီလ၊ ရှစ်ပါးသီလစသည့် သိက္ခာပုဒ်အနေဖြင့် စောင့်ထိန်းရသော ဝါရိတ္တသီလများအပြင် ဖဲရိုက်ခြင်း၊

လောင်းကစားခြင်း၊ ကြက်တိုက် နွားတိုက် စသည့် မေတ္တာကရုဏာခေါင်းပါးသော အမှုများပြုလုပ်ခြင်းစသည့် စာရိတ္တသီလများလည်း ပါဝင်ပါသည်။

ဤသီလများနှင့် ပြည့်စုံသူကိုသာ တရားတော်က ပြန်လည်စောင့်ရှောက်ပါလိမ့်မည်။ သူတော်ကောင်း နတ်ကောင်း မပါလိမ့်မည်။ 'ဓမ္မောဟဝေ ရက္ခတိ ဓမ္မစာရီ' (တရားစောင့်သူကို တရားက ပြန်လည်စောင့်ရှောက်၏)ဟူသော ဓမ္မပဒကျမ်းလာ ဒေသနာတော်သည် ဤသည်ကိုရည်ညွှန်းခြင်းပင် ဖြစ်ပါသည်။ သို့ဖြစ်၍ ဗုဒ္ဓဘာသာတွင် 'သီလကိုမြေကြီးပမာ ထောက်တည်ရာ'ဟု သတ်မှတ်ခြင်းဖြစ်ပါသည်။

ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည်လည်း ဤအချက်ကိုသိတော်မူသဖြင့် ပရိတ်ဆီသောက်မည့်သူတို့ထံမှ သီလနှင့် စပ်လျဉ်းသောဝန်ခံကတိကို တောင်းခြင်းဖြစ်ပါသည်။ ဆရာတော်ကြီးသည် ဤသို့သောဝန်ခံကတိကို တောင်း၍လည်း သီလသာသနာကို ပြုနေခြင်းဖြစ်ပါသည်။

ဆရာတော်ကြီးက တိုင်တည်၍အပြီးတွင် အနားသို့လာရန် မိန့်ပါသည်။ ကျွန်တော်သည် ဆရာတော်ကြီးရှေ့သို့သွား၍ ပရိတ်ဆီခွက်ကလေးကို လက်နှစ်ဘက်ဖြင့်ကိုင်မြှောက်ကာ တစ်ခါတည်းမော့ချလိုက်ပါသည်။ အကြွင်းအကျန်ကို ဆရာတော်ကြီးက ခေါင်းပေါ်သို့ လောင်းချလိုက်ပါသည်။

ကျွန်တော့်ကို ပရိတ်ဆီတိုက်ပြီးသောအခါ အတူပါလာသောကိုချစ်လှိုင်အား ရှေ့သို့ခေါ်ပါသည်။ ကိုချစ်လှိုင် ရှေ့တော်သို့ ရောက်သောအခါ –'မင်းကိုတော့ တစ်မျိုးလုပ်ရမယ်၊ ရှေ့တိုး'ဟု မိန့်ကာ ပရိတ်ဆီကိုခေါင်းပေါ်သို့ လောင်းချပေးပါသည်။ ကိုချစ်လှိုင်ကား ကြွတိုင်းသမား၊ ယနေ့တိုင် အသောက်အစားမကင်း။ ဆရာတော်ဘုရားကြီးကား ဤသို့သူတစ်ပါး၏ အလိုဆန္ဒ (အဇ္ဈာသယ)ကိုလည်း သိမြင်နေပါသည်။

## သမ္ဗုဒ္ဓေနှင့်ကာ

ပရိတ်ဆိတိုက်ပြီးသောအခါ ကျွန်တော်တို့အား ဆုံးမစကား ပြောကြားပါသည်။ မျက်စိကိုဖွင့် နားကိုစွင့်ထားဖို့၊ ပါးစပ်ကိုပိတ်ထားဖို့ (နှုတ်စောင့်စည်းဖို့) ထပ်တလဲလဲဆုံးမပါသည်။

ကျွန်တော်က 'နေ့စဉ် ဘာကျင့်သုံးရပါမည်လဲ ဘုရား'ဟု လျှောက်ထားပါသည်။ ဆရာတော်ကြီးက 'သမ္ဗုဒ္ဓေနဲ့ကာပေါ့၊ ရေလာမများစေနဲ့' ဟု အတိုဆုံး မိန့်ပါသည်။ ဆရာတော်ကြီးသည် ဟိုမန္တန်ရွတ် သည် ဂါထာရွတ်ဖြင့် ပေါင်းစုံလုပ်သည်ကို မနှစ်သက်ပါ။ မိမိနှစ်သက်ရာ တစ်ခုခုကို စွဲစွဲမြဲမြဲ သမာဓိ ဖြစ်အောင် လုပ်စေလိုသည်။ 'သမာဓိဖြစ်မှ၊ အဓိဋ္ဌာန်မြောက်မှ'ဟူသော စကားကို မကြာခဏမိန့်ကြားတတ်ပါသည်။ ဟိုက ရေလာသည်က ရေလာ နောက်ဆုံးဘယ်ရေကိုပိတ်ရမည်ကို မသိလျှင် သမာဓိမဖြစ်နိုင်။ စွဲမြဲမှသာ သမာဓိဖြစ်သည်။

သမ္ဗုဒ္ဓေတစ်ထောင်စိပ်သည်။ အရဟံဂုဏ်တော် တစ်သိန်းပွား သည်ဆိုရာ၌ အရေအတွက်သည် အဓိကမဟုတ်ပါ။ ကိန်းဂဏန်းသည် အများကိုနည်းလည်စေသော သင်္ကေတတစ်ရပ်သာဖြစ်သည်။ ထိုသင်္ကေတ ၏နောက်ကွယ်တွင်ရှိသော အကြိမ်ကြိမ်အထပ်ထပ် ပွားများအပ်သော ဘာဝနာသည်သာ အဓိကဖြစ်သည်။ ဘုရားရှင်၏အလိုတော်ကျဖြစ်သည်။ ထိုဘာဝနာသည်သာ လောကီလောကုတ္တရာအကျိုးများကို ထက်ထက် သန်သန် ဖြစ်စေပါသည်။ ထိုသို့ သမာဓိဘာဝနာဖြစ်စေရန် ဆရာတော်ကြီး မိန့်ဆိုခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ကို ဩဝါဒပေးသနားပြီးနောက် အနီးရှိ ကိုရင်ကြီး ဘက်လှည့်ပြီး မိန့်ပြန်ပါသည်။ 'ဒီကိုရင်ကြည့်၊ ဘတ္ထရီအားနည်းနေလို့ ချာဂျင် (charging) သွင်းပေးနေရတယ်ကွ' ဟု အနီးရှိ ကိုရင်ကြီး

တစ်ပါးအား ညွှန်ပြပါသည်။ ဆရာတော်ကြီး ညွှန်ပြသော ကိုရင်ကြီး ဆိုသည်မှာ ယနေ့ ဇာလိတောင်တောရ ကျောင်းကြီးတွင် ကျန်ရစ်နေသော ကိုရင်ကြီး ဖြစ်ပါသည်။ ထိုစဉ်က ကိုရင်ကြီးသည် နှစ်ဝါမျှ ရသေးသည်။ သူကား ဆေးပညာ ဆရာဝန်ဘွဲ့ကိုရပြီးနောက် ဆရာဝန်ဘဝကို စွန့်လွှတ်၍ ဆရာတော်ကြီးကို အလုပ်အကျွေးပြုကာ အနီးကပ် သွန်သင်မှုကို ခံယူနေသူ ဖြစ်ပါသည်။ ထိုအချိန်က ဆရာဝန်မှာ ယခုလောက် မပေါသေး။ လက်ဖျားတွင် ငွေသီးနိုင်သည့် အချိန်ဖြစ်ပါသည်။ သို့ပါလျက် ထိုအသပြာ ထိုအခွင့်အရေးကို စွန့်ရဲသည့် သတ္တိကိုကား မချီးကျူးဘဲ မနေနိုင်ပါပေ။

ကျွန်တော်တို့သည် ဤသို့သော ကုသိုလ်ဖြစ်ကြောင်း ဆုံးမ သြဝါဒများကို နာယူကာ ည ကိုးနာရီကျော်တွင် ဆရာတော်ဘုရားကြီးအား ဝတ်ပြု တည်းခိုကျောင်းသို့ပြန်၍ အနားယူကြပါသည်။

ထိုညကား မင်္ဂလာရှိသောည။ ဝမ်းသာကြည်နူးရသောည။

## အောင်တော်မူစေတီ

ကျွန်တော်တို့သည် မနက်စောစော ရောင်ခြည်ပျို့ချိန်တွင် အိပ်ရာမှ ထကြ၍ ညက ဆရာတော်ဘုရားကြီး မိန့်ကြားသော အောင်တော်မူစေတီကို သွားရောက်ဖူးမြော်ကြပါသည်။ ထိုစေတီကား ဆရာတော်ဘုရားကြီး အဓိဋ္ဌာန် အောင်မြင်တော်မူသည့် အထိမ်းအမှတ်အဖြစ် တည်ထားသည့် စေတီဖြစ်ပါသည်။ အမြင့်ဉာဏ်တော် ပေငါးဆယ်ခန့် ရှိမည်ဟု ခန့်မှန်းရပါသည်။ ဘုရားရှင်၏ အစိန္တေယျဂုဏ်ကျေးဇူးများကို ရည်မှန်း၍ ဤဥဒ္ဒိဿစေတီတော်မြတ်အား ဆီမီးအမွှေးနံ့သာတို့ လှူဒါန်းကြပါသည်။ မမှစကြာ ဒေသနာတော်မြတ်နှင့် ပရိတ်များ ရွတ်ဖတ်ပူဇော်ပါသည်။ ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့်တကွ ကမ္ဘာတစ်ဝန်း ငြိမ်းချမ်းသာယာပါစေဟု မေတ္တာအဆင့်ဆင့် ဖြန့်ဝေကြပါသည်။

ဤ စေတီတော်သည် ဇာလီတောင်ကြော၏အရှေ့ဘက်ဆုံး အစွန်တွင် တည်ရှိသည်။ အောက်တွင် ချောက်ကြီး၊ ဤမှ လှမ်းမျှော်သော် ဧရာဝတီမြစ်ကြီး၏ အနောက်ဘက်ကမ်းခြေ ဝဲယာတစ်ခို ကောင်ညိုစိမ်းစိမ်း မြသားရှိမ်းရှိမ်း၊ ရှေ့တည့်တည့်တွင် ရေဇလာဖွေးဖွေးနှင့်ဧရာဝတီမြစ်ပြင်ကျယ်ကြီး၊ ထိုမှကျော်သော် အောင်လံဘက်ကမ်းရှိ အဆောက်အအုံ တောင်ကြော တောင်တန်းများ၊ မြစ်ပြင်ဖွေးဖွေးကို ဖြတ်သန်းလာသည့် အရှေ့လေကလေး၊ ထိုလေသည် မျက်နှာကို လှမ်း၍ ပက်ဖျန်းလိုက်သဖြင့် အေးခနဲဖြစ်သွားသည်။ ထိုတွင် စေတီတော်မှ လွင့်ပျံ့လာသော ဆည်းလည်းသံတစ်ချွင်ချွင်သည် နားတွင်းကိုသာမက ရင်တွင်း အသဲတွင်းသို့ပင် စိမ့်ဝင်သွားပါသည်။ ထိုဓမ္မပီတိ၊ ထိုသန္တိရသသည် ကျွန်တော့်အား မည်မျှကြာအောင် ဖမ်းစားထားသည်မသိ။ ကိုချစ်လှိုင်က 'ဟော့ သွားကြစို့' ဟု လှမ်းခေါ်လိုက်မှ သတိပြန်ဝင်လာပါသည်။

## ဗောဓိပင်

ကျွန်တော်တို့သည် အောင်တော်မူစေတီမှခွာခဲ့သော် စေတီ၏ အနောက်ဘက်ဘေးရှိ ဗောဓိပင်ကိုဖူးကြပါသည်။ ထိုဗောဓိပင်ကား ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် စိုက်ပျိုးထားသော ဗောဓိပင်ဖြစ်၏။ ဆရာတော်ကြီး ကိုယ်တော်တိုင်ကလည်း အထွတ်အမြတ်ထားဟန်ရှိ၏။ ဗောဓိကိုင်းများကို သစ်သားတန်းများ ထောက်များဖြင့် သေသေသပ်သပ် ထောက်ပင့် ချီးမြှင့်ထားသည်။ ယမန်နေ့ညက 'မနက်ကျ ဗောဓိပင်သွား၊ နံ့သာဆီမီး ပူဇော်၊ လိုရာဆုတောင်း၊ ပြည့်တယ်ကွ' ဟု မိန့်တော်မူသည်။

ကျွန်တော်သည် ဆရာတော်ဘုရားကြီး အမိန့်ရှိသည့်အတိုင်း ဗောဓိပင်အား နံ့သာဆီမီးတို့ဖြင့် ပူဇော်ပါသည်။ ပြီးလျှင် အဆင်သင့်ရှိနေသော ပျဉ်ချပ်ကလေးပေါ်တွင် ကြံ့ရုံ့စွာထိုင်၍ ဘုရားရှင်နှင့် စပ်လျဉ်း

သော ဂုဏ်ကျေးဇူးများကို ဆင်ခြင်ပါသည်။ ဦးစွာ အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း မဇ္ဈိမဒေသ (ယခုယူပီနယ်) အတွင်း ဗုဒ္ဓဂါယာရှိ ဗောဓိပင်ရင်းဝယ် လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်က ပွင့်တော်မူခဲ့သည့် ဗုဒ္ဓရှင်တော်မြတ်၏ ပုံတော်ကို အာရုံယူပါသည်။ ကဆုန်လပြည့်နေ့ညချမ်း၌ ဗောဓိပင်နှင့် ရွှေပလ္လင်တော်ဝယ် ဘုရားရှင်ထိုင်နေတော်မူပုံ၊ မာရ်နတ်နှင့် စစ်သည်ဗိုလ်ပါတို့ ပလ္လင်တော်ကို လာရောက်လုယက်ကြပုံ၊ ထိုမာရ်စစ်သည်တို့အား မျက်ရန်မပြု မေတ္တာတော်သက်သက်ဖြင့် အောင်တော်မူပုံ၊ မြေလျှင်တုန်လှုပ်၍ မာရ်စစ်သည်တို့ ထွက်ပြေးကြပုံ၊ ထိုနောက် တစ်ပါးတည်းထိုင်တော်မူလျက် တစ်ညဥ့်ပတ်လုံး ဈာန်မြဲသောဖွဲလုံ့လဖြင့် သမာဓိကို တည်ဆောက်တော်မူပုံ၊ မိုးသောက်ယံ၌ ကိလေသာအာသဝေါတို့ အငွေ့မျှမကျန်ကင်းစင်တော်မူသဖြင့် မာရ်ငါးပါးကို အကုန်အစင် အောင်မြင်တော်မူပုံ၊ ဤသို့ ကိလေသာအညစ်အကြေးဟူ သရွေ့မြူငွေ့မျှမကျန်တော့သဖြင့် သစ္စာတရားကို ထွင်းဖောက်သိမြင် တော်မူရာ၌ ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာနှင့်မျှမတူ လောကတစ်ခွင်၌ အတုမဲ့လူသားဘုရားဖြစ်တော်မူပုံတို့ကို အာရုံယူပါသည်။

ဤဗောဓိပင်မှစတင်ခဲ့သော ဗုဒ္ဓရှင်တော်ဘုရား၏ သစ္စာ မေတ္တာ ကရုဏာတရားတို့သည် အကြွင်းမဲ့ဖြစ်ပုံ၊ ထိုတရားများ ရှိနေ သေးသဖြင့် လောဘ ဒေါသ မောဟ အတ္တ မာန်မာနမီးတို့ဖြင့် တဟုန်းဟုန်းတောက်လောင်နေသော ကမ္ဘာကြီးသက်သာရာရနေပုံ၊ ဗုဒ္ဓတရားတော်များသည် ကမ္ဘာကြီး ငြိမ်းချမ်းသာယာရေးအတွက် မီးရှူးတန် ဆောင်ဖြစ်ပုံ၊ ထိုမီးရှူးတန်ဆောင်ကို ထွန်းညှိပေးခဲ့သော ဗုဒ္ဓမြတ်စွာ ပွင့်ပေါ်နိုင်အောင် အထောက်အကူ ပြုခဲ့သည်ကား ဗောဓိပင်ပါ တကားဟု ဗောဓိပင်၏ ဂုဏ်ကျေးဇူးကြီးမားပုံ၊ ထိုကျေးဇူးများကြောင့် ဗောဓိပင်သည် အလိုအလျောက် ပူဇော်ထိုက်သော ပရိဘောဂစေတီ ဖြစ်ပုံတို့ကို အဆင့်ဆင့် ဆင်ခြင်ပါသည်။

ထို့နောက် ဆက်လက်၍ ဗုဒ္ဓဂုဏ် ဓမ္မဂုဏ် သံဃာ့ဂုဏ်များကို အာရုံရသလောက် အသိဉာဏ်မီသလောက် အာရုံပြုကာ ဘုရားရှိခိုးပါသည်။ ဘုရားရှင်၏ အဦးဆုံးသောတရားဖြစ်သည့် ဓမ္မစက္ကပဝတ္တနသုတ် (ဓမ္မစကြာ) တော်ကိုလည်း ရွတ်ဆိုပူဇော်ပါသည်။ မေတ္တသုတ်ဒေသနာဖြင့် မေတ္တာစာတ်ဖြန့်ဝေပါသည်။ ရတနသုတ်လာ ဗုဒ္ဓဂုဏ် ဓမ္မဂုဏ် သံဃာ့ဂုဏ် တို့ကို အနက်အဓိပ္ပာယ် ဆင်ခြင်၍ရွတ်ဆို သစ္စာပြုပါသည်။ ပြီးလျှင် မေတ္တာပို့ကာ အမျှအတန်းဝေ၍ ထိုနေရာမှ ထွက်ခွာခဲ့ပါသည်။

## ယောဂီဇရပ်များ

ဇောဓိပင်ကို ကျောပေး၍ ထွက်ခဲ့ကြသောအခါ ငဲဘက်တွင် ယောဂီဇရပ်များကို တွေ့ရပါသည်။ ရပ်ဝေးရပ်နီး အမျိုးသား၊ အမျိုးသမီး များသည် ထိုဇရပ်များတွင် သင့်လျော်သလို တည်းခိုကြရသည်။ ဆရာတော် ကြီး၏ အဆုံးအမအတိုင်း မိမိတို့ ဆိုင်ရာဆိုင်ရာ ပရိတ်ဝတ် မေတ္တာဝတ် များကို ပြုလုပ်နေကြသဖြင့် အပြင်အပတွင် လမ်းလျှောက်နေသူများ မတွေ့ရပါ။ထူးခြားသည်မှာ ထိုဇရပ်များမှာ မီးခိုးထွက်မနေခြင်း ဖြစ်သည်။ စားသောက်မှု တာဝန်များကို ကျောင်းက တာဝန်ယူထားသဖြင့် ထိုသို့ နေကြရခြင်းဖြစ်ပါသည်။

မည်မျှ ချမ်းသာသူ အာဏာရှိသူ ဖြစ်စေ၊ မိမိတို့ အိမ်တွင်မည်မျှ မွန်မြတ်သော အစားအစာကို စားရသူဖြစ်စေ၊ ဆရာတော်ကြီး၏အရိပ် အောက်တွင်ကား သစ်သီးဟင်းတစ်ခွက်နှင့် သင့်လျော်သောအငန်ဟင်း တစ်ခွက်သာ စားကြရသည်။ တစ်နှစ် ကျွန်တော်တို့တစ်တွေ ကထိန်သွား ခင်းကြသောအခါ 'တောင်ပေါ်မှာ ဟိုဟာချက်၊ ဒီဟာချက် မလုပ်ကြနဲ့ကွာ၊ ကွတ်ကွတ် ကွတ်ကွတ်လေးတွေလဲ မလုပ်ကြနဲ့ (ကွတ်ကွတ်ဆိုသည်မှာ ကြက်ကို ဆိုလိုသည်)။ ငါးခြောက် ငါးခြမ်းလေးနဲ့ ပြီးကြပေါ့'ဟု မိန့်ဖူးပါသည်။

အကြောင်းကား ဤနေရာသည် အရပ်အခေါ်အားဖြင့် အလွန်မြေကြမ်းသည်။ ဂျပန်ခေတ်က သချိုင်းမြေ ဖြစ်ခဲ့သည်ဟုဆိုသည်။ ဤကဲ့သို့ မြေကြမ်းသောနေရာတွင်မှ ဆရာတော်ကြီး ဘာကြောင့် သိမ်တင်သုံး တော်မူပါသနည်း။ ကျေးရှူးရှင်လယ်တီဆရာတော် ဘုရားကြီးသည် မုံရွာမြို့အနီး မြေကြမ်းလှသည့် လယ်တီတောကြီးအတွင်း တစ်ပါးတည်း စတင်သိတင်းသုံးခဲ့သည်။ လယ်တီတောကား နေ့ခင်းကြောင်တောင်မှာပင် မကောင်းသော အနံ့ပေးခြင်း၊ ညည်းသံ ညူသံများ ပြုခြင်းဖြင့် လူသူ မနေဂဲ့ မသွားဝံ့အောင် ကြမ်းတမ်းသည်ဟု အဆိုရှိပါသည်။

ကျေးရှူးရှင် ဇာလီဟောင် ဆရာတော်ကြီးသည်လည်း ဤသို့မြေကြမ်းသည့် ဇာလီတောင်တွင်ပင် ထိုသတ္တဝါများ အကျွတ်တရား ရရေးအတွက် ရည်ရွယ်ကာ သိတင်းသုံးတော်မူခြင်း ဖြစ်တန်ရာပါသည်။

## ဆရာတော်ကြီးကိုလေ့လာခြင်း

ကျွန်တော်သည် ဆရာတော်ကြီးကို နှစ်များစွာကပင် ဖူးခွင့်ရခဲ့၏။ ဆရာတော်ကြီး၏ ဆရာစဉ်ဆက်ဖြစ်သည့် မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးနှင့် အဘယာရာမဆရာတော်ကြီးတို့သည် ပရိယတ္တိနယ်ပယ်၌ ပြိုင်စံရှားသော ဆရာတော်ကြီးများဖြစ်ကြ၏။ ထိုဆရာတော်ကြီးများ အကြောင်းကို သိလာရလေလေ ပို၍ ပို၍ ကြည်ညိုရလေလေ ဖြစ်ရပါ၏။ ကျွန်တော်၏ဆရာသမားများသည်လည်း ထိုအနွယ်မှပင် ဆင်းသက်လာခဲ့ပေရာ ထိုအနွယ်မှ ဆင်းသက်လာသော ဇာလီဆရာတော်ကြီးကို အထင်လည်းကြီး ကြည်လည်း ကြည်ညိုခဲ့၏။ ထိုစဉ်က ဆရာတော်ကြီးနှင့် စကားပြောခွင့်ပင် မရပါဘဲ ဆရာတော်ကြီး၏ပုံရိပ်သည် ကျွန်တော့်စိတ်ဘဝင်တွင် စွဲနေခဲ့၏။ သို့သော် အမှန်ဝန်ခံရပါလျှင် သံသယမကင်းပါ။ ထိုသံသယသည် ဆရာတော်ကြီး၏ အကျင့်အပေါ် မဟုတ်၊ အနေအထိုင်အပေါ်မဟုတ်၊ ဆရာတော်ကြီး၏ လုပ်ငန်းအပေါ်ဖြစ်၏။

ဘုရားရှင်က ကာလာမအမျိုးသားတို့အား 'ကာလာမတို့၊ သံသယဖြစ်ထိုက်သော အရာတို့၌ သံသယဖြစ်ကြသည်မှာ သဘာဝပေတည်း'ဟု မိန့်ဘူးပါသည်။ (အံ၊ ၁။ ၈၉။) ကျွန်တော်သည်လည်း သံသယများစွာကို ထွေးပိုက်ထားသော ပုထုဇဉ်သားပါပေ။ ထို့ကြောင့် တွေးမိပါသည်။ ထိုအတွေးကား ဆရာတော်ကြီးသည် မိမိ၏ဆရာသမားများကဲ့သို့ မဟုတ်။ သူ၏ ငယ်ပေါင်းများဖြစ်သည့် လွန်တော်မူသော အနီးစခန်း ဆရာတော်၊ ယခု သက်ရှိထင်ရှား ပြည်မြို့ ဝိသုဒ္ဓါရုံ ဇာရာဏသီ ဆရာတော်တို့ ကဲ့သို့လည်း မဟုတ်။ မြို့ရွာတို့ကို စွန့်၍ ပရိယတ္တိလောကကြီးကို ကျောခိုင်းကာ ဤနေရာ၌ အဘယ်ကြောင့် ပရိတ်ဆီတိုက်ခြင်း၊ သတ္တဝါတို့၏ အသက်ကို ကယ်ခြင်းအလုပ်တို့ကို လုပ်နေပါသနည်း။ ရှင်းရှင်းဆိုရလျှင် အရှည်ဝါသီ ကေစာရီဘဝဖြင့် ဘဝ၏ လွတ်မြောက်ရာ ဝိပဿနာ လုပ်ငန်းကြီးကို မထူထောင်ဘဲ သမထ လုပ်ငန်းများကို အဘယ်ကြောင့် ထူထောင်ပါသနည်း စသည့် သံသယများပင်ဖြစ်သည်။

ဤသံသယစိတ်တို့သည် ၁၉၈၆–ခုနှစ်တွင် ကျွန်တော် အစ်ကို၏ အသက်ဘေးကို ကယ်တင်စဉ်က ဆရာတော်ကြီး၏ မျက်နှာ တော်တွင် တွေ့မြင်လိုက်ရသော သဗ္ဗဂါ ပည တ်ကို အာရုံပြု၍ဖြစ်သည့် အပ္ပမညာ မေတ္တာရိပ်ကို တွေ့လိုက်ရမှသာ ကျွတ်ထွက်သွားပါတော့သည်။

## မြိုးခြဲသောနေရာ

ကျွန်တော်တို့သည် ကျောင်းပရိဝုဏ်ကို လေ့လာပြီးသောအခါ နံနက် ၈–နာရီကျော်ပါပြီ။ ထိုအချိန်တွင် ဆရာတော်ဘုရားကြီးသည် သုံးထပ်တိုက်၏အပေါ်ဆုံးထပ်သို့တက်၍ ပရိတ်ရွတ်နေချိန်ဖြစ်၏။ ထို့ကြောင့် အလုပ်အကျွေးဦးပဋ္ဌင်းလေး၏အကူအညီဖြင့် တိုက်ပေါ်သို့ တက်ခဲ့ကြသည်။ ပထမထပ်သို့ ရောက်သောအခါ ပရိတ်ရွတ်သံ သဲ့သဲ့ကြား

ရသည်။ အတွင်းလှေကား သံဆန်ခါတံခါးကို ပိတ်ထားသည်။ ဆရာတော်ကြီး မရှိခိုက်ဆရာတော်ကြီး၏ ညဥ့်သန့်ရာ (အိပ်စက်ရာ) နေရာကို သွားရောက်လေ့လာကြသည်။ ထိုနေရာကား အဆောက်အအုံကြီး နှင့် တွဲစပ်နေသည့် မူလအဆောက်အအုံဖြစ်သော သဘော်ဦးပုံသဏ္ဌာန် အုတ်တိုက် အဆောက်အအုံ (သဘော်ကျောင်းဟုပင် မူလကခေါ်သည်) ဖြစ်သည်။

ဦးပဥ္စင်း၏ ညွှန်ပြ ချက်အရ ဆရာတော်ကြီး ကျိန်းစက်သည်ဆိုသော သော့ခတ်ထားသော အခန်းတစ်ခုအတွင်းရှိ နေရာလေးကို အဝေးမှ မြင်ရသည်။ ကွပ်ပြစ်ငယ်တစ်ခု၊ ယင်းအပေါ်တွင် သင်ဖြူးဖျာ၊ သစ်သား ခေါင်းအုံးကလေး၊ အနားတွင် ဆေးပုလင်းဟု ထင်ရသော ပုလင်းများ၊ တစ်ခြားဘာမျှမရှိ။

ထိုအချိန်က ဇာလီတောင်ဆရာတော်ဟူသော အသံသည် မြန်မာနိုင်ငံတွင် အတော်ဟိန်းလျက် ရှိနေပြီ။ အနယ်နယ်မှ အာဏာရှိ, အာဏာမဲ့၊ ဆင်းရဲသူ, ချမ်းသာသူ၊ အနာကင်းသူ, အနာရှိသူတို ပင်လာမစဲ ဘဖွဲ့ဖွဲ့ ရောက်ရှိနေချိန်ဖြစ်၏။ ဆရာတော့် ကျောင်းပေါ်တွင် ဘာယူချင်သနည်း။ အကုန်ရှိသည်။ သို့သော် ထိုအသုံးအဆောင်တို့ကို စွန့်၍ ယခုလို မှောင်မည်းမည်း အလင်းရောင်ကောင်းကောင်းမရသည့် နေရာကလေးမှာညပေါင်းများစွာ ကုန်ခဲ့ပေစွတကား။ ဤအတွေးဖြင့် ကျွန်တော်သည် ဆရာတော်၏ ခြိုးခြံလှစွာသော ဤနေရာလေးကိုပင် သဒ္ဓါကြီးစွာ ရှိခိုးဦးချ မိပါသည်။

## ခြိုးခြံသောအာဟာရ

နေ့၁၂–နာရီခန့်တွင် ကိုရင်တစ်ပါး လာခေါ်သဖြင့် ဆရာတော်ကြီး ရှေ့တော်မှောက်သို့ ရောက်ရပြန်သည်။ ထိုအချိန်၌ ဆရာတော်ကြီး ဆွမ်းဘုဉ်းပေးပြီးနေပြီ။ ကျွန်တော်နှင့်ကိုချစ်လှိုင်တို့ ရှေ့တော်သို့

ရောက်သောအခါ 'ကဲ စားကြ၊ စားကြ'ဟု မိန့်ကြားကာ ဘုဉ်းပေးပြီး ကျန်၍ ကိုယ်တော်တိုင် နယ်ဖတ်ပြီးသား ဆွမ်း (ထမင်း)ကို ကျွေးပါသည်။ ဟင်းခွက်ကလေး ၂ ခွက်လား၊ ဟင်းကိုတော့ ကောင်းကောင်းကြီး မှတ်မိနေသည်။ ထိုဟင်းကား ဇာလီတောင်ပေါ်ထွက် ပစ္စည်းများဖြစ်သည့် မြှစ်နှင့် အမည်မသိသော ဟင်းရွက် သက်လွတ်ကျော် တစ်ခွက်တို့ဖြစ်သည်။

ကျွန်တော်သည် ထိုဟင်းခွက်ကြောင့် လည်းကောင်း၊ ဆရာတော်ကြီး ရှေ့တွင် စားရမည်ဖြစ်သောကြောင့် လည်းကောင်း တုန့်နှေး နေပါသည်။ ဆရာတော်ကြီးက 'စားကွ၊ ဝအောင်စား၊ ကြုံ့ကြုံ့မထိုင်နဲ့၊ တင်ပလ္လင် ချိတ်ထိုင်စား'ဟု မိန့်ပါသည်။ ကျွန်တော်သည် ထိုသို့သော ထမင်းကို စားရင်း ဤတောင်ပေါ်တွင် ဤသို့သော အစားအစာဖြင့်သာ နေတော်မူသည့် ဆရာတော်ကြီး၏ ခြိုးခြံသောအကျင့်ကို သိရပြန်ပါပြီ။

စောစောကဆိုခဲ့သည့်အတိုင်း ဆရာတော်ကြီး၏ပန်းကျင်တွင် ခဲဘွယ်သောဇဉ်ဟူ၍ လိုလေသေးမရှိ။ သို့သော် ဤပစ္စည်းများသည်လည်း ဆရာတော်ကြီးနှင့် မဆိုင်သလို၊ ဆရာတော်ကြီးသည် ဒနေ့စဉ် နံနက် ၆ နာရီခန့်တွင် တံခါးဖွင့်သည်။ ဆရာတော်ကြီးသည် မည်သည့် ကျောင်းသား ကိုရင်နှင့်မျှ အတွေ့မကျိန်းစက်။ တံခါးဖွင့်သည်နှင့် တစ်ပြိုင်နက် ယာဂုကပ်မည့် အလုပ်အကျွေးပြုနေကြ ကိုရင်က အပြေးတက်လာရသည်။ တက်မလာက မစောင့်၊ ချက်ချင်းတံခါးပြန်ပိတ်သွားသည်။ ထိုမနက် တွင်လည်း ဘာမျှ မဘုဉ်းပေးတော့ပေ။ နေ့ဆွမ်းတွင် ဘုဉ်းပေးနေသော ဆွမ်းဟင်း များမှာလည်း ဤမျှသာ။ ကျွန်တော်သည် ဤသို့ ခြိုးခြံသော အာဟာရကို စားသောက်ရင်း ဆရာတော်ဘုရားကြီးအား စိတ်တွင်းမှ အကြိမ်ကြိမ် ရှိခိုးနေမိပါသည်။

ဆရာတော်ကြီးသည် ဤသို့ ခြိုးခြံသော အနေအထိုင်၊ ခြိုးခြံသော အစားအစာတို့ဖြင့် ရောင့်ရဲတင်းတိမ်နေထိုင်သည်သာမက ဧကစာရီ ကျင့်သုံးမှုမှာလည်း အံ့သြလောက်ပါသည်။ ရခိုင်လေဘေးသင့်သည့်နှစ် မှစ၍ နောက်ပိုင်း ရန်ကုန်သို့ မကြွတော့။ ရန်ကုန်တွင် ဆရာတော်ကြီး၏ တပည့် မင်းစိုးရာဇာတွေ သူဌေးသူကြွယ်တွေ အနန္တ။ သင်္ဃန်းကျွန်းတွင် ဆရာတော်ကြီး၏ဇာလိဗိမာန်ကြီးရှိသည်။ ရဟန်းသာမဏေတွေ ရှိသည်။ သို့သော် ငှဲစောင်း၍မကြည့်၊ ပျံလွန်မူချိန်အထိ တစ်ခါမျှ မကြွလာပါ။ ထိုအကြောင်းများကို သိနေသော ကျွန်တော်က 'ဆရာတော်ဘုရားကြီး ရန်ကုန်ကြွတော် မူပါဦး ဘုရား' ဟု အရဲစွန့်ကာ လျှောက်ထားပါသည်။ 'မလာပါဘူးကွာ၊ မင်းတို့ရန်ကုန်က တယ်ရှုပ်' ဟု ပြတ်တောင်းတောင်း အမိန့်ရှိပါသည်။

တစ်ဆက်တည်းမှာပင် 'ငါက သာသနာတော်မျက်နှာသာ ကြည့်တာကွ၊ တခြား ဘယ်သူ့မျက်နှာမှ ကြည့်တာမဟုတ်ဘူး' ဟုလည်း မိန့်ကြားပါသည်။ ဆရာတော်ကြီးသည် သာသနာတော် မျက်နှာကြောင့် သာလျှင် ဤသို့သော အစားအစာ၊ ဤသို့သော အနေအထိုင်၊ ဤသို့သော တောကျောင်း၌ ဤသို့သောဧကစာရီအကျင့်ကို ကျင့်သုံးနိုင်ခြင်းပေ တည်း။

## ဦးညွတ်အခါခါ

ကျွန်တော်တို့သည် ပြည်မြို့သို့ အချိန်မီပြန်ရမည်ဖြစ်သဖြင့် ဆရာတော်ကြီးကို ဝတ်ပြုပါသည်။ ဆရာတော်ကြီးက 'အေး ပြန်ကြ၊ ပြန်ကြ၊ အပ္ပမာဒေန သမ္ပာဒေထ ဆိုသလိုပေါ့ကွာ။ နေရာတကာမှာ သတိမလွတ်စေနဲ့၊ မျက်စိကိုဖွင့် နားကိုစွင့်နေ တပည့်ရေ' ဟု ဆုံးမပါသည်။ ကျွန်တော် ပြည်မြို့တွင် တာဝန်ထမ်းဆောင်နေစဉ်အတွင်း ဘုရားကြီး

စေတီတော်ကြီး (သရေခေတ္တရာခေတ်က တည်ဆောက်ခဲ့သော မြန်မာနိုင်ငံတွင်အစောဆုံးလက်ရာ)တွင် ပူဇော်ရန် အမွေးတိုင်ထုပ်ကြီးကိုလည်း ချီးမြှင့်လိုက်ပါသည်။

ကျွန်တော်သည် တာဝန်ကြောင့် ခြေတော်ရင်းမှ ထွက်ခွာခဲ့ရသော်လည်း ဆရာတော်ကြီးအား ဖူး၍အားမရခဲ့ပါ။ တရားနာ၍ မဝခဲ့ပါ။ ဤတောင်တန်း ဤအရိပ်တွင် ငြိမ်းချမ်းစွာ ခွေးသိပ်၍ အပန်းဖြေလိုပါသေးသည်။ ဤဆန္ဒကို မဖြည့်ဆည်းနိုင်သော်လည်း တိုက်ကြီးပေါ်မှဆင်း၍ မြေပြင်သို့ ရောက်သောအခါ ခြေလက်နဖူးဒူးနှင့် မြေကြီးတို့ကိုထိကာ ထိခြင်းကြီး ငါးပါးတို့ဖြင့် အကြိမ်ကြိမ် ဦးချပူဇော်ခဲ့ပါသေးသည်။

*

## အခန်း (၄)
## ဇာလီဆရာတော်ကြီး၏ဘဝနှင့် ကျင့်စဉ်

ဇာလီတောင်ဆရာတော်ဘုရားကြီးအား ပထမအကြိမ် ဖူးရပုံ၊ ဒုတိယအကြိမ် ဖူးရပုံ၊ ရင်းနှီးစွာ စကားပြောရပုံ၊ ဆိုဆုံးမပုံ၊ ပရိတ်ဆိုတိုက်ပုံ၊ အောင်တော်မူစေတီနှင့် ဗောဓိပင်တို့အား ဖူးမြော်ရပုံ၊ ဆရာတော်ကြီးအား အနီးကပ်လေ့လာပုံ၊ ကြည်ညိုရပုံတို့ကို အဆင့်ဆင့် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

ထိုဖော်ပြချက်များတွင် ဇာလီတောင်ဆရာတော်၏ လမ်းစဉ် (ဂါ) ဇာလီတောင်ဆရာတော်ကြီး လျှောက်သွားခဲ့သောလမ်း၊ ဆရာတော်၏ သာသနာရေးဆိုင်ရာ ခံယူချက်၊ ဆရာတော်၏ စွမ်းအားသတ္တိ စသည်တို့ကို အတန်အသင့် ဖော်ပြထည့်သွင်းခဲ့ပါသည်။ သို့ရာတွင် ထိုအကြောင်းအရာများသည် ဆရာတော်ဘုရားကြီး၏ဘဝကားချပ်ကို ဖော်ပြရာ၌ မှန်ရိုဝိုးဝါးမပီသသော ကားမျှသာဖြစ်ပါသည်။

အကြောင်းကား ဇာလီတောင်ဆရာတော်သည် မြန်မာနိုင်ငံ ပဋိပတ္တိ (သမထယာနိက) နယ်ပယ်တွင် အလွန်ကြီးကျယ်သောကြောင့် ဖြစ်ပါသည်။ ထိုကြီးကျယ်သောကားချပ်ကို ကျွန်တော် တတ်နိုင်သမျှ ခြယ်သရာ၌ အဓိကကျသောဆန္ဒတစ်ခုမှာ အတ္ထုပ္ပတ္တိစာပေ၏ ကဏ္ဍကို ပြည့်စွက်ရန်လည်း ဖြစ်ပါသည်။

### ကွက်လပ်ကြီး

မြန်မာနိုင်ငံတွင် အခြားစာပေသည် အမျိုးအစားနှင့်စာလျှင် အတ္ထုပ္ပတ္တိစာပေ လွန်စွာနည်းပါးပါသည်။ နည်းပါးရခြင်း၏ အကြောင်း

တစ်ရပ်မှာ အတ္တုက္ကံသနဘောခေါ် မိမိဂုဏ်ကို ဖော်ထုတ်မှုကို ကြောက်လန့်ကြသောကြောင့် ဖြစ်ပါသည်။ အတ္တုက္ကံသနအမှုကို သူတော်ကောင်းတို့ လွှန်စွာစက်ဆုတ်ကြပါသည်။ ဘုရားရှင်ကိုယ်တော်တိုင်ကလည်း မလိုလားပါ။ ထို့ကြောင့်ပင် ဘုရားရှင်သည် တန်ခိုးပြခြင်းကို တားမြစ်ရှုတ်ချတော်မူသည်။

အရှင်ပိဏ္ဍောလထေရ် တန်ခိုးပြသဖြင့် ကဲ့ရဲ့တော်မူပုံကို ပိဋကတ်တော်များ၌ အထင်အရှားပင် တွေ့ရပါသည်။ ပါရာဇိကသိက္ခာပုဒ်လေးပါးတွင် 'ဈာန်မဂ်ဖိုလ်တရားများကို မရမသိဘဲ လာဘ်လာဘမျှော်ကိုးကာ ရသည် သိသည်ဟု ဝါကြွားက ရဟန်းဘဝမှ ဆုံးရှုံးလျှော့ကျစေ' ဟူသော သိက္ခာပုဒ်တစ်ပါး ပါဝင်ပါသည်။ အကယ်၍ ထိုဈာန်မဂ်ဖိုလ်တရားများကိုအမှန်တကယ် ရစေကာမူ အလိုဆန္ဒဆိုးဖြင့် ထုတ်ဖော်မပြောဆိုရဟုပင် ပညတ်တော်မူပါသည်။

ဤအကြောင်းများကြောင့် ရှေးသူတော်ကောင်းများအဆက်ဆက်၊ ဆရာတော်ကြီးများ အဆက်ဆက်သည် မိမိဂုဏ်ကို ထုတ်ဖော်မပြခဲ့ကြပါ။ သိသင့်သိထိုက်သည့်အချက်များကိုပင် မပြောကြားခဲ့ကြပါ။ ထိုအခါ ထိုဆရာတော်ကြီးများ၏ အားကျလောက်သော၊ အတုယူလောက်သော၊ နှလုံးသားတွင် သံမှိုနှက်သကဲ့သို့ စွဲမက်လောက်သော၊ ကြက်သီးမွေးညှင်း ထလောက်အောင် ကြည်ညိုလေးစားထိုက်သော သီလကိုဖြည့်ကျင့်မှု၊ သမာဓိကို တည်ဆောက်မှု၊ ပညာကိုရပိုင်မှုတို့သည်လည်း တိမ်ကောသည်ထက် တိမ်ကော ပပျောက်သည်ထက် ပပျောက်ခဲ့ကြသည်။ ထိုအခါ သာသနာ့သမိုင်းတွင် ကွက်လပ်ကလေးများသည် တဖြည်းဖြည်း ကွက်လပ်ကြီးဖြစ်လာသည်။ ထိုကွက်လပ်ကြီးသည် ပစ္စုပ္ပန်ကို အားယူ၍ အနာဂတ်ကို ထူထောင်ကြမည့် သာသနာ့အညွန့်အဖူးကလေးများအတွက် အလွန်နစ်နာစေသောအချက်ဖြစ်ပါသည်။

## နှုတ်ဆိတ်သောဆရာတော်

ဇာလီဆရာတော်ဘုရားကြီး၏ ဘဝကို ဖော်ပြရာတွင်လည်း ဤသို့သော ကွက်လပ်ကို မလွဲမသွေ ရင်ဆိုင်ရပါတော့သည်။ ဆရာတော်ကြီးသည် အလွန်နှုတ်ဆိတ်ပါသည်။ တရားဟောလေ့မရှိ။ ဆိုဆုံးမစရာရှိလျှင် လိုရင်းမျှသာ။ ဆရာတော့်ရှေ့ရောက်လျှင် အလာပ သလ္လာပ တစ်ခွန်းစ နှစ်ခွန်းစ ပြောဆိုနှုတ်ဆက်သည်။ ဆိုင်ရာဆိုင်ရာ ဒေသရှိ ဆရာတော် သံဃာတော်များအကြောင်း မေးမြန်းလေ့ရှိသည်။ ပြီးလျှင် ချီးမြှောက်သင့်သည်များ ချီးမြှောက်၍ အမြန်ပြန်လွှတ်သည်။ ဘာသာခြားလူမျိုးခြားများကိုမူ အထူးသည်းခံ ဆက်ဆံတော်မူသည်။ မည်မျှရင်းနှီးစေကာမူ သူ့အကြောင်းမေးလျှင်မကြိုက်၊ မဖြေလို။ အခန့်မသင့်က အအော်အငေါက်ပင် ခံရသေးသည်။

ထိုအကြောင်းများကြောင့် ဆရာတော်၏အတိတ်သည် လမ်းစပျောက်ခဲ့သည်။ ဆရာတော်၏ ငယ်ဘဝကို မည်သူမျှ သေချာရေရာစွာမသိ။ ဆရာတော်၏ ရဟန်းတပည့်များအနက် တပည့်ကြီးမှာ ယခုအခါ တောင်ဥက္ကလာပနှင့် သင်္ကန်းကျွန်းမြို့နယ်များအကြားရှိ ဇာလီတောင်ကျောင်းတိုက်ကြီး၏နာယက ဆရာတော်ဖြစ်သည်။ ထိုဆရာတော်သည်ပင် ဂယနဏဘာမျှမသိခဲ့။

တစ်နေ့တွင် ဆရာတော်နှင့် တပည့်ဒကာကြီးနှစ်ဦးတို့ ဆရာတော်ကြီးအား သွားရောက်ဖူးမြော်ကြသည်။ ရပ်ဝေးမှ လာကြသော်လည်း ဆရာတော်ကြီး အလုပ်လုပ်ချိန်နှင့် ကြုံနေသဖြင့် တံခါးမဖွင့်သောကြောင့် ဆွမ်းစားစရပ်တွင် စောင့်ဆိုင်းနေကြရသည်။ ထိုအတွင်း ဒကာနှစ်ဦးသည် ဆရာတော်ကြီး၏သက်တော်နှင့် စပ်လျဉ်း၍ အငြင်းပွား ကြသည်။

မကြာမီ ဆရာတော်ကြီးက တံခါးဖွင့်ပြီး အခေါ်လွှတ်သည်။ ရှေ့တော်သို့ ရောက်လျှင်ရောက်ချင်း 'နေပါဦးကွ၊ မင်းတို့က ဘာတွေငြင်း

နေတာလဲ၊ မှတ်ထား ငါက ၄၆–နှစ်သားကွ၊ ၂–ခါသေပြီးပြီ'ဟု ကောက်ကာငင်ကာ မိန့်ကြားသည်။ ဒကာ နှစ်ဦးမှာ မျက်လုံးပြူးသွားသည်။ မိမိတို့ နှစ်ဦးချင်းပြောသည့် စကားကို ဆရာတော်ကြီး ဘယ်လိုသိသွားသနည်း။ ထို့ထက် ၄၆–နှစ်သားကွ ဟူသောစကား၊ သို့သော် ဘာမှ ပြန်မလျှောက်ရဲကြ။ ဆရာတော်ကြီး၏ စကားသံနှင့် ဣန္ဒြေတော်တို့ကြောင့်ဖြစ်သည်။ နောင် ၁၃၄၆–ခုနှစ်တွင် တောင်ပေါ်၌ ဆရာတော်ကြီး၏ နှစ် (၁၀၀)ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် မုန့်ဟင်းခါးအချိန် ၁၀၀၀ ကျွေးတော့မှသာ ဤပဟေဠိ၏အဓိပ္ပာယ်ကို သိလာကြတော့သည်။ ဆရာတော်၏ ဘဝတွင် ဤသို့သော ပဟေဠိပေါင်းများစွာ ရှိနေသည်။

## ရဟန်းသိက္ခာဝါတော်

သင်္ကန်းကျွန်းဆရာတော်နှင့် ဒကာနှစ်ဦးအား အထက်ပါအတိုင်း မိန့်ကြားခဲ့သော်လည်း ကျွန်တော်ကိုမူ 'ငါနှင့် ဦးဝိမလ အသက်တူတူကွ' မိန့်ခဲ့ကြောင်း ဖော်ပြပြီးဖြစ်ပါသည်။ ဦးဝိမလ ဟူသည်မှာ ၁၉၈၈–ခု၊ စက်တင်ဘာလအတွင်းက လွန်တော်မူခဲ့သော အဘိဓဇမဟာရဋ္ဌဂုရု၊ ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက်၊ စတုတ္ထစံကျောင်းဆရာတော်ကြီး ဖြစ်သည်။ ထိုဆရာတော်ကြီးသည် ၁၂၆၅–ခုသားဖြစ်၏။ ထို့ကြောင့် ဇာလီဆရာတော်ကြီးသည်လည်း ၁၂၆၅–ခုသား ဖြစ်နိုင်ပါသည်။ ၎င်းပြင် ဆရာတော်ကြီးနှင့်တောထွက်ဖက် စလင်းမြို့ ကန်လယ်ဆရာတော် ဘုရားကြီးမှာ ၁၂၆၃–ခုသားဖြစ်သည်။ ဇာလီဆရာတော်သည် ကန်လယ်ဆရာတော်ထက် မကြီးပါ။ ဤအချက်သည်လည်း 'ငါနှင့် ဦးဝိမလ အသက်အတူတူကွ' ဟူသော စကားကို ထောက်ခံလျက်ရှိပါသည်။ မည်သို့ပင်ဖြစ်စေ အထက်ပါစကားနှစ်ရပ်သည် ဆရာတော်ကြီး နှုတ်တော်မှ ထွက်ခဲ့သော စကားများဖြစ်သဖြင့် ပဟေဠိအဖြစ်သာ မှတ်တမ်းတင်ရပါလိမ့်မည်။

## ငယ်ဘဝကိုထောက်လှမ်းခြင်း

ဆရာတော်ဘုရားကြီးသည် ယခု ဇရာဝတီတိုင်းအတွင်းရှိ ငါးသိုင်းချောင်းမြို့သား ဖြစ်သည်။ ဦးထွန်းအောင်နှင့် ဒေါ်မင်းရင်တို့မှ ဖွားမြင်သော တစ်ဦးတည်းသောသား ဖြစ်သည်။ ငယ်မည်မှာ မောင်သင် ဖြစ်၏။ ဒေါ်မင်းရင်သည် မောင်သင် ငယ်စဉ်ကပင် ကွယ်လွန်ရှာသည်။ ဒေါ်မင်းရင် ကွယ်လွန်ပြီးနောက် ဖခင် ဦးထွန်းအောင်သည် သားငယ် မောင်သင်ကို ခေါ်ကာ ဇာတိရွာဖြစ်သည့် ကျောက်ချောင်းကြီးသို့ ပြန်လည် အသက်မွေးသည်။ သူ၏ အလုပ်မှာ ဝါးကုန်သည်ဖြစ်သည်။ ဤသို့ဖြင့် မောင်သင်သည် မိခင် ဒေါ်မင်းရင်ဘက်မှ တော်စပ်သမျှ ဆွေမျိုးများနှင့် စောစီးစွာ အဆက်ပြတ်သွားပေသည်။

မောင်သင်သည် ဆယ့်လေးငါးနှစ်သားလောက်တွင် သာသနာ့ဘောင်ကို ဝင်သွားသည်ဟုသာ ကြားရသည်။ ဘယ်သူမှ တိတိကျကျ မပြောနိုင်၊ ယခုအခါ ဒေါ်မင်းရင်၏အစ်မကြီး ဒေါ်မင်းပေါက်၏ မြေးများသည် ရန်ကုန်မြို့တွင် အတော်အသင့် အခြေကျနေကြသည်။

ယနေ့ သက်ရှိထင်ရှားရှိ၍ ဆရာတော်ကြီး၏ ငယ်ဘဝကို အတော်အတန် မှတ်မိနေသူမှာ ဒေါ်သိန်းမေ ဖြစ်သည်။ ဒေါ်သိန်းမေသည် ဒေါ်မင်းပေါက်၏ မြေးဖြစ်၍ ဆရာတော်၏ တူမဖြစ်သည်။ ယခု အသက် ၇၄-နှစ်ရှိပြီး ကျန်းမာလျက်ပင်။ ဆရာတော်ကဲ့သို့ပင် ဖြူစင်ဝဖြိုးသည်။ ဆရာတော်အား နောက်ဆုံးအချိန်အထိ ဆည်းကပ်ရ၍ အသိအမှတ် ပြုခံရသူဖြစ်သည်။

## သာသနာ့တံခွန် ဆရာစဉ်ဆက်

ဆရာတော်၏ ငယ်ဆရာများနှင့်စပ်၍ တစ်စုံတစ်ရာ မသိရပေ။ ဇာတိ ငါးသိုင်းချောင်းတွင် ရှင်သာမဏေဝတ်ခဲ့သလော၊ မန္တလေးမြို့

မဟာဝိသုဒ္ဓါရုံ တိုက်သစ်ရောက်မှ သာမဏေ ဖြစ်သလောဟူ၍ပင် မသိရပါ။ အသက်နှစ်ဆယ်ဝန်းကျင်တွင် တွေ့ရသော ဆရာများကိုမူ ဆရာတော်ကြီးကိုယ်တိုင် ပြောကြားချက်များမှလည်းကောင်း၊ စလင်းကန်လယ်ဆရာတော်ဘုရား၏ စက္ခုအလင်း သံခိပ်ကျဉ်းကျမ်းမှ လည်းကောင်း အတော်အသင့် သိခွင့်ရပါသည်။

ကန်လယ်ဆရာတော်လောင်းလျာ ဦးဝဇိရာဝုဓသည် ၁၂၈၃–ခုနှစ် ရဟန်းဖြစ်စမှာပင် မဟာဝိသုဒ္ဓါရုံသို့ ရောက်နှင့်ပြီးဖြစ်သည်။ ထိုစဉ်က မဟာဝိသုဒ္ဓါရုံတိုက်တွင် ရွှေကျင်နိကာယ ဓမ္မသေနာပတိ ဒုတိယမြောက် ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ တပည့်ကြီးများဖြစ်သည့် အဘယာရာမ ဆရာတော်နှင့် စည်ရှင်ဆရာတော်တို့သည် စာပေများပို့ချကာ ကျမ်းစာများကို ရေးသားနေချိန်ဖြစ်သည်။ ဝိသုဒ္ဓါရုံ၏ ဂဏ်သိရ်သည် နေရှိန်ပမာ တောက်ပနေချိန်ပင်ဖြစ်သည်။

အဘယာရာမ ဆရာတော်သည် ပါဠိ၊ သက္ကတ၊ ပြာကတ စသည့် ဘာသန္တရတို့ကို ပါရဂူမြောက်တတ်ကျွမ်းသည်သာမက ကျမ်းပေါင်းများစွာကိုလည်းပြုစုခဲ့သော ဘာသာပြန်ဆိုခဲ့သော ပုဂ္ဂိုလ်ကျော်ဖြစ်သည်။ နောင်တွဲဖက်သာသနာပိုင်ဖြစ်မည့် စည်ရှင်ဆရာတော်သည်လည်း အလားတူထက်မြက်သည့် ဆရာတော်ဖြစ်သည်။ ဤဆရာတော် နှစ်ပါးသည် ဝိသုဒ္ဓါရုံတိုက်ကြီး၏ နေနှစ်စင်းပင်ဖြစ်သည်။

ဓာလီလောင်းလျာ ကိုရင်ကြီး ရှင်သုမင်္ဂလသည် အဘယာရာမ ဆရာတော်အား ဆွမ်းချက်ကာ အနီးကပ် လုပ်ကျွေးခွင့်ရသည့် ကုသိုလ်ထူးကိုရခဲ့သည်။ ရဟန်းဖြစ်သောအခါ ဆရာတော်ထံတွင်ပင် ပိဋကတ်ကျမ်းစာအဖြာဖြာကို သင်ယူခွင့်ရခဲ့သည်။ ထိုသို့ သင်ယူရာ၌ ဓာလီလောင်းလျာမှာ

အဘယာရာမ ဆရာတော်၏ တပည့်ရင်းဖြစ်လာသည်။ ကန်လယ် ဆရာတော် လောင်းလျာမှာ စည်ရှင်ဆရာတော်၏ တပည့်ရင်းဖြစ်ခဲ့သည်။

ဇာလီဆရာတော်၏ ဆရာစဉ်ဆက်ကို စာရင်းချကြည့်သောအခါ ဤသို့ တွေ့နိုင်ပါသည်။

၁။ ပထမ ရွှေကျင်ဆရာတော်ဘုရားကြီး (သာသနာပိုင်)၊

၂။ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး (သာသနာပိုင်)၊

၃။ အဘယာရာမ ဆရာတော် (တွဲဖက်သာသနာပိုင်)၊

၄။ စည်ရှင် ဆရာတော် (တွဲဖက်သာသနာပိုင်) တို့ဖြစ်သည်။

ဇာလီဆရာတော်သည် ထိုသို့သော ဆရာစဉ်ဆက်တို့၏ တပည့်ဖြစ်ရခြင်းအတွက် ဂုဏ်ယူမဆုံး ဖြစ်ပုံရသည်။ ရဟန်း ၄- ဝါမှ စ၍ တိုက်တာကို စွန့်ခွာခဲ့သော်လည်း ရာသက်ပန် အာရုံပြုသွားဟန်ရှိသည်။

## ဆရာများ၏အရိပ် လွှမ်းမိုးခြင်း

ဇာလီဆရာတော်၏ ဆရာစဉ်ဆက်သည် ပရိယတ္တိနယ်ပယ်တွင် နေလပမာ ထင်ရှားသည်သာမက ဝိနည်းသိက္ခာပုဒ် လေးစားရာ၌လည်း အလံတံခွန်ပမာ ထင်ရှားကြသည်။ ပထမရွှေကျင် ဆရာတော်ဘုရားကြီးမှ အစ မျက်မှောက်ခေတ် မြောင်းမြသာသနာပိုင် ဆရာတော်ကြီး၊ ကျမ်းပြု အကျော် မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသတို့ တိုင်သာမက ယနေ့တိုင်ပင် ဖြစ်သည်။

ဇာလီဆရာတော်၏ နေမှု၊ ထိုင်မှု၊ ပြောဆိုမှု၊ ဝတ်ရုံမှုတို့တွင် ဆရာရင်း အဘယာရာမဆရာတော်၏အရိပ် ထင်ဟပ်နေသည်ဟု မှန်းဆ ရသည်။ သို့သော် မတူသောအချက်လည်း ရှိပါသေးသည်။ အဘယာရာမ ဆရာတော်ကြီးသည် ပရိယတ်သမားကြီးဖြစ်သည်။ မိမိ၏ ဘဝကို စာပေကျမ်းဂန်တွင်သာ မြှုပ်နှံထားသည်။ ပါဠိပိဋကတ်ကို သုတ်သင်

ရှင်းလင်းနိုင်ရန် မြန်မာနိုင်ငံရှိ ကျမ်းဂန်အဝဝကို မွှေနှောက်၍ အားမရနိုင်။ အိန္ဒိယနှင့် သီဟိုဠ်(သီရိလင်္ကာ) နိုင်ငံများသို့သွားကာ ပါဠိနှင့် ဘာသာဋီကာ ရတို့ကို ဆည်းပူးပြန်သည်။ ယင်းတို့ကို ပါရဂူမြောက် တတ်မြောက်သောအခါ ကျမ်းဂန်ရေးသားခြင်း၊ တည်းဖြတ်ခြင်း၊ ဘာသာပြန်ဆိုခြင်းတို့ ပြုလုပ်ခဲ့သည်။

တပည့်ဇာလီဆရာတော်ကား အများသိသည့်အတိုင်း ပဋိပတ္တိသမား ဖြစ်သည်။ ရဟန်းသိက္ခာ ၄–ဝါမှစတင်၍ ဆရာသမားများနှင့် အပေါင်းအဖော်များကိုစွန့်ကာ ပရိယတ္တိလောကကိုကျောခိုင်းခဲ့သည်။ အရညဝါသီ ဓုတင်ဆောင်ကျောင်းဖြစ်ခဲ့သည်။ ဤသို့ ဘဝလမ်းကြောင်း မတူပါသော်လည်း ဆရာသမား၏ ဗီဇသတ္တိကား ဇာလီဆရာတော်တွင် ကိန်းလျက်ရှိသည်။

အဘယာရာမ ဆရာတော်သည် စကားနည်း၏။ အဘယာရာမ ဆရာတော်သည် ဂန္ထဓုရ အလုပ်သမားစစ်စစ်ကြီးဖြစ်သည်။ အပိုမလုပ်။ တစ်ခါက ဥပုသ်နေ့ဖြစ်၍ ကျောင်းအမကြီး မိသားစု သီလယူရန် ရောက်လာသည်။ အဘယာရာမဆရာတော်သည် စာကြည့်နေခိုက်ဖြစ်၏။ တော်တော်ကြာ စောင့်နေသော်လည်း လှည့်မကြည့်၊ ကျောင်းအမကြီးက ချောင်းသံပေးမှ လှည့်ကြည့်သည်။ ကျောင်းအမကြီးက 'တပည့်တော်မတို့ကို သီလပေးပါ ဘုရား' ဟု လျှောက်သည်။ ဆရာတော်က 'အောက်ထပ်မှာ ပဉ္စင်းတို့ရှိ သားပဲ' ဟု မိန့်၍ စာကြည့်မြဲကြည့်နေသည်။ ကျောင်းအမကြီးမှာ ကိုယ့် ဆရာတော်အကြောင်း ကိုယ်သိသဖြင့် ကုတ်ကုတ်ကလေး ဆင်းသွားသည်။

ဇာလီဆရာတော်သည်လည်း ဤနည်းနှင်နှင်ဖြစ်သည်။ အပိုမပြော တိုတိုတုတ်တုတ် ပြတ်ပြတ်တောင်းတောင်းသာ။ ရင်းနှီးလေ ဤသို့ ဆက်ဆံလေဖြစ်သည်။ နေထိုင်ရာ၌လည်း ဆရာသမားများနည်းတူ တစ်ပါးတည်း နေနေ၊ ပရိသတ်ရှေ့မှာနေနေ၊ သက်နိုးကို အဝန်းညီစွာ

ဝတ်ရသည်။ ဘယ်အခါ၊ ဘယ်အခြေအနေမျိုးတွင်မှ ကေသီခေါ် အပေါ်သက်န်းကို လှစ်မထား၊ ခွာမထား၊ ဟမထားပါ။

၁၉၈၆–ခု မေလအတွင်း ဆရာတော်ကြီးအား သွားရောက်ဖူးစဉ်က ဆရာတော်ကြီး အခန်းထဲတွင်ဖြစ်၏။ ဆရာတော်ကြီးသည် သက်န်းကို ကျကျနန သပ္ပါယ်ကာ ကုတင်ပေါ်တွင် ခြေတွဲလွဲချ သီတင်းသုံးနေသည်။ ထိုအချိန်က ဆရာတော်ကြီး နှစ်လကျော်ကျော် မကျန်းမမာဖြစ်ပြီး နေ့စဉ်ကြဲရည်သာ သုဉ်ပေးနေချိန်။ ကျွန်တော်တို့ ရောက်သွားသည့် နေ့တွင် ဆွမ်းစတင် ဘုဉ်းပေးကြောင်းသိရသည်။ ထိုအခါမျိုး ထိုအခြေအနေမျိုးမှပင် အနေအထိုင်ကို အထူးဆင်ခြင်ကြောင်း တွေ့ရပါသည်။ ဤသို့သော အနေအထားကို တွေ့ရသည့် ဆရာတော်ကြီးအား ဘယ်သူသည် မကြည်ညို မလေးစားဘဲ နေနိုင်ပါမည်နည်း။

## စာသင်သားဘဝ

ဇာလီတောင်ဆရာတော်လောင်းလျာသည် သာမဏေဘဝဖြင့်လည်းကောင်း၊ ရဟန်းဘဝဖြင့် လည်းကောင်း မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ တိုက်သစ်၌ စာပေ ပရိယတ္တိကျမ်းဂန်များကို သင်ကြားခဲ့သည်။ ထိုသို့ ပညာသင်ကြားနေသည့် ဆယ်စုနှစ် (၁၂၈၀ – ၁၂၉၀) ကာလဝန်းကျင်တွင် မဟာဝိသုဒ္ဓါရုံတိုက်ကြီးသည် နေအဟုန်ပမာ ထွန်းလင်းနေချိန်ဖြစ်သည်။ ထိုစဉ်က မဟာဝိသုဒ္ဓါရုံတိုက်၌ တတိယမြောက် ရွှေကျင်သာသနာပိုင် ဒီပဲရင်းဆရာတော်ကြီး (၁၂၁၂ – ၁၂၉၀) အကြီးအကဲအဖြစ် သီတင်းသုံးလျက်ရှိသည်။

ဆရာတော်ကြီး၏ လက်အောက်တွင်ကား အဘယာရာမ ဆရာတော်နှင့် စည်ရှင်ဆရာတော် စသည့် ကျမ်းပြုအကျော် ဘာသန္တရဝိဒူ ဆရာတော်အသီးသီးတို့ စာပေပို့ချနေချိန်ဖြစ်သည်။ သို့ဖြစ်၍ ဝိသုဒ္ဓါရုံ

တိုက်ကြီးသည် မြန်မာပြည်ရှိ အခြားအခြားသော ပရိယတ္တိ စာသင်တိုက်ကြီးများနှင့်မတူ ပါဠိဘာသာနှင့် သက္ကတဘာသာ တို့ကို ယှဉ်ပြိုင်သင်ကြားပေးနေသည့် ဘာသန္တရ တက္ကသိုလ်ကြီးဖြစ် နေသည်။ ပြည်တွင်းရှိ ရပ်နီး ရပ်ဝေးတပည့်များသာမက တိုင်းခြားဒေသသီဟိုဠ် (ယခု- သီရိလင်္ကာ) နိုင်ငံမှ လာရောက် ပညာသင်ကြားနေသော စာသင်သားများပင် ရှိနေသည်။

ထို စာသင်သားများတွင် နောင် မြန်မာနိုင်ငံ ပရိယတ္တိ နယ်ပယ်တွင် ထင်ရှားကျော်စောမည့် အနီးစခန်း ဆရာတော် (ဆဋ္ဌ ဝန်ဆောင်၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘာသန္တရဝိဒူ) လောင်းလျာ ဦးပဏ္ဍိတနှင့် ပြည်မြို့ ဝိသုဒ္ဓါရုံ ဇာရာဏသီတိုက်သစ်၌ နာယကဆရာတော်ကြီးဖြစ်နေသည့် ဘဒ္ဒန္တ အာနန္ဒပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ နောင်တွဲဖက်ရွှေကျင်သာသနာပိုင်) တို့လည်း ပါဝင်သည်။

## မိတ်ဆွေနှစ်ပါး

ထိုစာသင်သားများတွင် ဆရာသမားတို့ ထူးထူးခြားခြား အသိအမှတ်ပြုခံရသော ရဟန်းငယ်နှစ်ပါးလည်း ရှိပေသည်။ တစ်ပါးမှာ အဘယာရာမ ဆရာတော်အား သာမဏေဘဝကပင် အလုပ်အကျွေးပြုပြီး ယခုရဟန်းဖြစ်စ ဦးသုမင်္ဂလဖြစ်သည်။ အခြားတစ်ပါးမှာ စည်ရှင် ဆရာတော်အား အနီးကပ်ပြုစုပြီး စာပေသင်ယူနေသည့် ဦးဝဇိရာဝုဓ ဖြစ်သည်။ ဦးသုမင်္ဂလသည် နောင်အခါဇာလီတောင်ဆရာတော် ဖြစ်လာသည်။ ဦးဝဇိရက စလင်လကန်လယ်ဆရာတော် ဖြစ်လာသည်။ ထိုရဟန်းငယ်နှစ်ပါးမှာ ဝိသုဒ္ဓါရုံတိုက်ကြီးအတွင်း တစ်ကျောင်းစီ သီတင်းသုံးနေကြသော်လည်း စာလိုက်ရင်း သိကျွမ်းကြရာမှ စိတ်ဓာတ်တူသဖြင့် တရင်းတနှီး ပေါင်းဖက်မိ သွားကြသည်။

## ပရိယတ်သာ အခြေခံမူလ

ဦးသုမင်္ဂလနှင့် ဦးဝဇိရတို့သည် အခြားသောစာသင်သားများနည်းတူ ပရိယတ္တိခေါ် စာပေကျမ်းဂန်များကို ကြိုးကြိုးစားစား သင်ယူကြသည်။ သို့သော် ၎င်းတို့၏ရည်ရွယ်ချက်မှာ ပရိယတ္တိလောကသို့ ခြေစုံပစ်ဝင်ရန် မဟုတ်ချေ။ ပရိယတ္တိကို အခြေခံ၍ ပဋိပတ္တိသာသနာကို ထူထောင်ရန်သာဖြစ်သည်။ ပရိယတ် အခြေခံပြည့်စုံ၍ အခွင့်အလမ်းသာသည်နှင့်တပြိုင်နက် တောထွက်ရန်ဖြစ်၏။ သို့ဖြစ်၍ သူတို့သည် ပရိယတ္တိကို အချိန်အနည်းငယ်အတွင်း အခြေခံရရန် ကြိုးစားကြ၏။ အဘယ်ကြောင့်ပါနည်း။ ပရိယတ္တိသည် သာသနာတော် သုံးရပ်၏ အခြေခံဖြစ်၏၊ အုတ်မြစ်ဖြစ်၏။ ပရိယတ္တိမရှိ လျှင် ထိုပရိယတ္တိကို အခြေခံသော ကျင့်ကြံကြိုးကုတ် အားထုတ်မှု ပဋိပတ္တိသာသနာ မရှိနိုင်။ ပဋိပတ္တိသာသနာမရှိလျှင်လည်း ထိုပဋိပတ္တိသာသနာကို မှီတင်း၍ ထိုးထွင်းသိမြင်ရသော မဂ်ဖိုလ် နိဗ္ဗာန်ဟူသော ပဋိဝေဓသာသနာလည်း ရှိတော့မည် မဟုတ်ပေ။ ထို့ကြောင့် အခြေခံဖြစ်သော ပရိယတ္တိစာပေကို ကြိုးစားသင်ယူ နေခြင်းဖြစ်သည်။

## ပဋိပတ်သာ ပန်းတိုင်

ထိုသို့ စာပေသင်ယူနေစဉ်အတွင်းမှာပင် ဦးသုမင်္ဂလ၏ စိတ်မှာ လှိုမြောင် ချိုင့်ဝှမ်း တောတန်းတောင်စွယ် အသွယ်သွယ်တို့ဖြင့် တန်ဆာဆင်အပ်သော တောရပ်မြိုင်ခွင်သို့သာ ရောက်ရှိနေသည်။ မိမိ ဘဝပေးအခြေအနေ အရပ်ရပ်ကြောင့် လည်းကောင်း၊ သင်ယူနေဆဲ ဖြစ်သည့် စာပေကျမ်းဂန်များ၏ အငွေ့အသက်ဟပ်သဖြင့် လည်းကောင်း၊ ပရိသတ်ကို ငြီးငွေ့လာသည်။ ပရိယတ္တိ သာသနာသည် ဆရာနှင့် တပည့်တို့ ဒွန်တွဲ၍ ဖွဲ့ရှိရှိဖြင့် အပတ်အကုတ် အားထုတ်ရသော အလုပ် ဖြစ်၏။

တပည့်များအား စာပေပို့ချရသော တာဝန်သည် စေတနာရှိလေလေ တာဝန်ကြီးလေလေ ဖြစ်သည်။ မည်သည့်အလုပ်ကိစ္စမဆို ခွဲခတ်၍ လုပ်မှသာ ပြီးမြောက်စမြဲဖြစ်၏။ မိမိ၏ဆရာသမားဖြစ်သည့် အဘယာရာမ ဆရာတော် စသည်တို့သည် စာမှစာ တစာထဲစာနေကြသော ပရိယတ် အကျော်အမော် ဖွဲလုံ့လ ရှင်ကြီးများဖြစ်၏။ စာပေပို့ချမှုကိစ္စမှတစ်ပါး အခြားဘာကိုမှ ဂရုမစိုက်၊ ကျောင်းအမ သီလလာယူသည်ကိုပင် မော်၍ မကြည့်ကြောင်း အထက်က ဖော်ပြပြီးဖြစ်၏။

## တောထွက်လိုစိတ်

မိမိကား ထိုသို့သော ပါရမီမျိုးစေ့ ပါဟန်မတူ။ ပရိသတ်ကို ကြောက်၏။ ငြီးငွေ့၏။ ငယ်စဉ်ကပင် မိဘဆွေမျိုးတို့ကို ဖြတ်တောက်ကာ ဇာတိရပ်ရွာကိုစွန့်၍ စစ်ကိုင်းတောင်ရိပ်တွင် ခြေရာဖျောက်ခဲ့ဘူးသည်။ ထိုမှတဆင့် မဟာဝိသုဒ္ဓါရုံသို့ ရောက်ခဲ့ရသည်။ သို့ဖြစ်၍ အများနှင့် နေရသည့် လောကကို မတွယ်တာတော့ပြီ။ စာပေသင်ကြားနေစဉ်အတွင်း စာလိုက်ဖက် အပေါင်းအသင်းများနှင့် ဆက်ဆံနေရသည်မှာပင် ဝန်ထုပ် ဝန်ပိုးကြီး ဖြစ်နေသည်။ တတ်နိုင်သမျှ တစ်ပါးတည်း နေလို၏။ မိမိ၏ အဓိကရည်ရွယ်ချက်မှာ စာသင်ပြီးသည်နှင့် တစ်ပြိုင်နက် တောထွက်ရန် ဖြစ်၏။ တောရပ်မြိုင်ခွင်၌ တစ်ကိုယ်ထီးတည်း ကျင့်ရသော သမထ ဝိပဿနာအကျင့်တရားသည်သာလျှင် မိမိအတွက်ကြီးမားသော အထောက် အပံ့ ဖြစ်လိမ့်မည်ဟု စွဲစွဲမြဲမြဲ ယုံကြည်သည်။ မိမိ ပန်းတိုင်ကား ပရိယတ္တိမဟုတ်။ ပဋိပတ်အကျင့်သာတည်း။

## စွဲထင်နေသောထေရဂါထာအချို့

တစ်နေ့တွင် ဦးသုမင်္ဂလသည် ထေရဂါထာပါဠိတော်လာ ကေဝိဟာရိယ တိဿမထေရ်မြတ်၏ ဂါထာများကို ဖတ်ရှုလေ့လာမိရာ

ထိုဂါထာများသည် ပါဠိတတ်ကျွမ်း သူတို့အတွက် အသံလည်းသာ အနက်လည်းလှသည်။ အဓိပ္ပာယ်ကလည်း လေးနက်သည်။ ထိုဂါထာများကို ဖတ်ရသောအခါ ကိုယ်တိုင်ပင် တောမြိုင်အတွင်း ရောက်ရှိနေသလို ခံစားရသည်။ ရေးဖွဲ့သူ တိဿမထေရ် ကား နယ်နယ်ရရမဟုတ်ပါ။ သိရှိမှသောကဟု မြန်မာတို့ သိရှိကြသော အသောက မင်းကြီး၏ ညီတော်ရင်း ဖြစ်၏။

အသောကဘုရင်သည် ခမည်းတော် ဗိန္ဒုသာရမင်းကြီး နတ်ရွာစံသောအခါ နယ်ချဲ့စစ်ပွဲကြီးများကို တစ်ပွဲပြီးတစ်ပွဲ ဆင်နွှဲသည်။ တစ်နယ်ပြီး တစ်နယ် သိမ်းသွင်းသည်။ ဖအေတူ မအေကွဲ ညီနောင် တစ်ရာတို့ကို သတ်ဖြတ်ခဲ့သည်။ ညီတော်တိဿတစ်ဦးကိုသာ ချန်ထားခဲ့သည်။ ဤမျှ ရက်စက် ကြမ်းကြုတ်သော အသောကဘုရားအား ကလိင်္ဂစစ်ပွဲက တရားပြသွားခဲ့သည်။ ကလိင်္ဂစစ် ပွဲ၌ လူပေါင်းထောင်သောင်းမက သေကျေပျက်စီးခြင်း၊ ဒုက္ခိတ၊ ဒုက္ခရာအနာတရဖြစ်ခြင်း၊ ဆွေကွဲမျိုးကွဲ မိဘကွဲဖြစ်ခြင်းတို့သည် အသောကဘုရင်အား တရားလက်လွတ် ငှက်တောင်ကျွတ်ဘဝမှ တရားရှင်ဘဝသို့ ပို့ဆောင်ပေးခဲ့သည်။ ထိုအချိန်မှစ၍ လက်နက်ကို စွန့်ပယ်ခဲ့ကာ တရားဖြင့် အောင်နိုင်ခြင်းသည်သာ အောင်နိုင်ခြင်းအစစ်ဟု ခံယူခဲ့သည်။ (အသောကကျောက်ဆောင်စာ-၁၃)

## တိဿမထေရ်

ညီတော်တိဿအတွက်မူ ဤမျှဖြင့် မရောင့်ရဲနိုင်သေးပါ။ စစ်ပွဲသည် အနိဋ္ဌာရုံများ ဖြစ်လာသည်။ ဘဝသံသရာတွင် ဤသို့သော အနိဋ္ဌာရုံများကို မလွဲမသွေ ရင်ဆိုင်ရဦးမည်။ ဘဝရှိနေသေးက ဘဝ၏ အနိဋ္ဌာရုံများကို ခံစားနေရပေဦးမည်။ ဘဝမရှိမှသာ ဘဝ၏ အနိဋ္ဌာရုံတို့ ချုပ်ငြိမ်းပေလိမ့်မည်။ ဤအတွေးသည် တိဿမင်းသားအား ထိးနန်းမှ ဆွဲထုတ်သွားခဲ့သည်။

ဝတ်ကြောင်ကို ခွာရှောင်စေခဲ့သည်။ အရည၀ါသီ ဧကစာရီဘဝသို့ ရောက်သွားစေခဲ့သည်။ အာသဝေါ ကုန်ကင်းပြီး ဗုဒ္ဓ၏ သားတော်ကြီးအစစ် (ထေရ)အဖြစ်သို့ ရောက်ရှိစေခဲ့သည်။

မထေရ်မြတ် ကျူးရင့်သော ဥဒါန်းစကားသည်ကား ဤသို့ဖြစ်၏။

ရှေ့နောက်ဝဲယာ အဖော်မပါဘဲ တောတောင်ထဲ၌ တစ်ကိုယ်တည်း နေရသည့်ဘဝကား အေးချမ်းငြိမ်သက်လှပေစွ ပန်းစုံပွင့်၍ အေးမြသည့် မြိုင်မဟာဝယ် တောင်သေလာ လျှိုမြောင်ကြား၌ ရေမိုးသန့်စင်ကာ တစ်ပါးတည်း လူးလာ တုံ့ပြန် စင်္ကြံကြွနေရသော ဘဝကား ချမ်းသာပေစွ။ မာလု တခေါ် လေပြေလေညင်း ဆော်သွင်းတိုက်ခတ်တိုင်း ပန်းပေါင်းစုံ ရနံ့ကြိုင်လှိုင်သည့် တောင်ထွတ်ဖျားဝယ် တရားဓမ္မကို နှလုံးသွင်းကာ ထိုင်ရင်း ဝိဇ္ဇာအမှောင်ထုကို ဖောက်ခွဲဖြိုဖျက် ပေအံ့။

## ဧကစာသုံးဖော်

ကေဝိဟာရိယတိဿ မထေရ်မြတ်၏ ဥဒါန်းစကားသည် ဦးသုမင်္ဂလ၏ တောထွက်ရေးကို ကူပံ့ပေးခဲ့သည်။ ဦးသုမင်္ဂလသည် မိမိ၏ အကြံအစည်ကို မိတ်ဆွေရင်း ဦးဝဇိရအား ထုတ်ဖော်တိုင်ပင်လေသည်။ ဦးဝဇိရကလည်း ဝမ်းမြောက်ဝမ်းသာ လက်ခံသည်။ နှစ်ပါး သဘောတူ ဝန်ခံကတိကား ရဟန်းသိက္ခာ ၅–ဝါရလျှင် တောထွက်ကြရန် ဖြစ်သည်။

ဦးသုမင်္ဂလနှင့် ဦးဝဇိရတို့သည် မိမိတို့၏ အခြားမိတ်ဆွေ တစ်ပါးအားလည်း ထုတ်ဖော်ပြောကြားပြန်သည်။ ထို မိတ်ဆွေမှာ ဦးပဏ္ဍိတဖြစ်သည်။ ဦးပဏ္ဍိတသည် နောင်မင်းဘူး ကျောက်မဲတောင် ဆရာတော် ဖြစ်တော်မူပါသည်။ ဦးပဏ္ဍိတကား ဝိသုဒ္ဓါရုံ ကျောင်းတိုက် သားမဟုတ်။ ယင်းကျောင်းတိုက်နှင့် ကပ်လျက်ရှိသည့် မစိုးရိမ်တိုက်မှ ဖြစ်သည်။ ဝိသုဒ္ဓါရုံတိုက်သည် ရွှေကျင်တိုက်ဖြစ်၏။ မစိုးရိမ်တိုက်မှာ

သုဓမ္မာနိကာယဝင် ဖြစ်သည်။ ဂိုဏ်းဂဏချင်း မတူကြပေ။ ဤမျှသာ မကပါ။ ဦးပဏ္ဍိတသည် ဘားအံသား ကရင်အမျိုးသား ဖြစ်၏။ ဤသို့ တစ်ပါးက မြစ်ဝကျွန်းပေါ်သား၊ တစ်ပါးက ပခုက္ကူနယ်သား၊ တစ်ပါးက ကရင်ပြည်နယ်သား။ ဤ နယ်မတူရပ်ခြား ရဟန်းသုံးပါးသည် တူညီသော ဇေကစာစိတ်ထားဖြင့် နိက္ခမပါရမီကို အတူတကွ ဖြည့်ကျင့်ကြရန် သဘောတူခဲ့ကြလေသည်။

## ဦးဝဇိရ တောထွက်ခြင်း

ထိုအတောအတွင်း ဦးဝဇိရသည် မမျှော်လင့်ဘဲ ပခုက္ကူမြို့နယ် ဇာတိမအူရွာသို့ ပြန်ကြွသွားသည်။ မကျန်းမမာဖြစ်နေသော ဦးလေး ဦးသောမကို ပြုစုရန်ဖြစ်၏။ ဦးသောမသည် ဝါကျွတ်သောအခါ ပျံလွန်တော်မူသည်။ မပျံလွန်မီ တူဖြစ်သူဦးဝဇိရအား ကျောင်းတိုက်နှင့်တကွ ဂရုဘဏ် လဟုဘဏ်ပစ္စည်းကို လွှဲအပ်သည်။ ဦးဝဇိရသည် ဦးသုမင်္ဂလ တို့နှင့်ထားခဲ့သည့်ကတိကို မမေ့။ ဦးလေးတော်အား 'ရဟန်း ၅-ဝါ အရတွင် ဦးသုမင်္ဂလတို့နှင့်အတူ တောထွက်ကြမည်ဟု ကတိထားခဲ့ ကြောင်း' လျှောက်ထားကာ လက်မခံနိုင်ခဲ့ပေ။ ဦးသောမကား တူဖြစ်သူ အား ကျောင်းမအပ်နိုင်ရှာဘဲ ပျံလွန်သွားရှာပြီ။ ဦးဝဇိရသည် ဦးလေးတော် ဦးသောမ၏ အလောင်းတော်တွင် ရစ်ပတ်လွှမ်းခြုံထားသော ပုပ်ဟောင်း နေသည့် သင်္ကန်းကြီးကို တိတ်တဆိတ် ခွာယူကာ ညတွင်းချင်း တော ထွက်ခဲ့သည်။ သူတော်ကောင်းတို့၏ ကတိကား လူသာမန်တို့၏ သစ္စာ ထက် မြဲမြံပေစွ။

ဦးဝဇိရမရှိတော့သော်လည်း ဦးသုမင်္ဂလသည် မိမိ၏ ဝန်ခံကတိ ကို မမေ့။ သူငယ်ချင်းသုံးပါး ထားခဲ့သည့် ကတိအတိုင်း ကျင့်သုံးခဲ့သည်။ သို့ဖြစ်၍ မိမိ၏ရဟန်းဘဝကို အရောင်တင်ပေးခဲ့သည့် မဟာဝိသုဒ္ဓါရုံ

တိုက်ကြီးကိုလည်းကောင်း၊ တိုက်တာအတွင်းရှိ အနန္တကျေးရှူးရှင် အဘယာရာမ ဆရာတော်ဘုရားနှင့် ဆရာသမားအပေါင်းအသင်း မိတ်သင်္ဂဟတို့အား လည်းကောင်း စွန့်ခွာခဲ့သည်။ ဤအကြိမ် စွန့်ခွာခြင်းသည် ဒုတိယအကြိမ် စွန့်ခွာခြင်းဖြစ်၏။

ပထမအကြိမ်က ဇာတိ ငါးသိုင်းချောင်းမြို့နှင့် ကျောက်ချောင်းကြီးရွာမှ ဖခင်ကြီး (မိခင် ဒေါ်မင်းရင် မှာ ကွယ်လွန်ရှာပြီ) နှင့်တကွ ဆွေမျိုးဉာတိများ၊ ငယ်ပေါင်းများကို စွန့်ခွာခဲ့သည်။ ထိုအချိန်က ဦးသုမင်္ဂလ ဆယ်ကျော်သက်မျှသာ ရှိသေးသည်။ ပါရမီဓာတ်ခံသည် အရွယ်နှင့်မဆိုင်။ အထုံဝါသနာနှင့်သာ ဆိုင်သည်။ ငါးသိုင်းချောင်း နှင့် ကျောက်ချောင်းကြီးကို စွန့်ခွာခြင်းသည် တစ်ခဏ တဒင်္ဂ ယာယီစွန့်ခွာခြင်း မဟုတ်။ ထာဝရစွန့်ခွာခြင်းဖြစ်၏။ ဆရာတော်သည် တစ်ဘဝ ခန္ဓာချုပ်ငြိမ်းသည်အထိ တစ်ခါမျှပင် မပြန်။ လွတ်လပ်ရေးရပြီးစဥ် တူမ ဒေါ်သိန်းမေ (အမေ သိန်းမေ) တို့ တစ်စုသည် အောင်လံနှင့် တောင်တွင်းကြီးအကြား ဆရာတော် သီတင်းသုံးရာ မြန်မာ့အလင်းကျောင်းသို့ ရောက်သွားကြသည်။ ဆရာတော်သည် ရှောင်၍ မလွတ်တော့သဖြင့် ဆွေမျိုးအဖြစ် အသိအမှတ်ပြုကာ ဆက်ဆံတော်မူသည်။ သို့သော် သရက်မှ ဒကာတစ်ဦးအား 'ငါ ခြေရာဖျောက်ပြီး နေလိုက်တာ သိန်းမေတစ်ယောက် ဘယ်လို ရောက်လာသလဲ မသိပါဘူးကွာ' ဟု မိန့်ကြားခဲ့သည်။

ဦးသုမင်္ဂလ၏ ယခု ဒုတိယအကြိမ် စွန့်ခွာခြင်းသည်လည်း တဒင်္ဂမဟုတ် ထာဝရဖြစ်ပေသည်။ အတောင်ရှိသော ငှက်သည် အတောင်ကို အဖော်ပြုသကဲ့သို့ ပရိက္ခာရာရှစ်ပါးကို အဖော်ပြုကာ မြတ်သော တောထွက်ခြင်းဖြင့် ဝိသုဒ္ဓါရုံတိုက်ကြီးမှ တိတ်တဆိတ် ထွက်ခဲ့ခြင်း ဖြစ်သည်။ ထိုနှစ်သည် ၁၂၉၀–ပြည့်ဖြစ်၏။ ဝိသုဒ္ဓါရုံတိုက်ကြီးသည် နောက်တွင် ဝေးဝေး၍ ကျန်ခဲ့သည်။ ခရီးလမ်းတစ်လျှောက် သပိတ်တစ်လုံး

ကိုအဖော်ပြု၍ ဆွမ်းခံစားခဲ့၏။ ရှေ့တွင်ကား မင်းဘူး လယ်ကိုင်းမှ စက်တော်ရာနှစ်ဆူသည် ဦးသုမင်္ဂလ၏အပူဇော်ကို ခံယူရန် နီး၍နီး၍ လာပေပြီ။ ဦးသုမင်္ဂလ၏ စိတ်အစဉ်သည်လည်း ဘုရားရှင်၏ ကိုယ်စား ရာစုနှစ်များစွာ တည်ရှိနေသည့် ပါဒအစုံခြေပဒုံကို ခိုလှုံရန် ရည်စူးကြည်နူး လျက်။

## ငါကအလုပ်သမား

'ငါက အလုပ်သမားကွ၊ အပြောသမား မဟုတ်ဘူး၊ တရားမဟော ဘူး၊ အလုပ်လုပ်ဖို့သာ တိုက်တွန်းတယ်' ဤစကားမျိုးကို မကြာခဏ မိန့်ကြားတတ်သည်။ ဤစိတ်ဓာတ်မျိုးဖြင့် ရွှေစက်တော် တစ်ဝိုက်တွင် နေခဲ့သည်။ ဆရာတော်သည် ဆုံးဖြတ်သည့်အတိုင်း လုပ်သည်။ မစား တော့ဘူးဟုဆိုလျှင် ဘာအကြောင်းကြောင့်မှ မစား။ ဘယ်လောက်ပင် ဖျားနေနေ ဂရုမစိုက်။ မုတင်ဆောက်တည်၍ လွင်တီးခေါင်ရာနေနေလျှင် နေပူပူ မိုးရွာရွာ မမှု။ အဓိဋ္ဌာန်ပြည့်မှသာ နေရာမှထသည်။ ဤမျှ ခွဲနဘဲကြီးသဖြင့် နီးစပ်သူ သီတင်းသုံးဖော်များက 'လူရွတ်ကြီး၊ လူပေ ကြီး' ဟု ခေါ်ကြသည်။ ဆရာတော်အဖို့ကား ပါရမီဖြည့်နေခြင်းသာတည်း။

## မဟာပုရိသတို့၏ လမ်းစဉ်

သမ္မာသမ္ဗောဓိ ဆုကြီးပန်ဘဝကား အပြောလွယ်သည်၊ အလုပ် ခက်သည်။ စွန့်ခြင်းကြီးငါးပါး၊ စရိယာသုံးပါး၊ ပါရမီဆယ်ပါး၊ ဆင့်၍ပွား သော် ပါရမီသုံးဆယ်။ ဤသည်တို့သည် ကိန်းဂဏန်းမျှသာ ဖြစ်၏။ အရည်အသွေးအားဖြင့်ကား တိုင်းတာဖော်ပြ၍ မရနိုင်လောက်အောင် နက်နဲကျယ်ဝန်းလှသည်။ ဒါနပါရမီ တစ်ခုတည်းကို ဖြည့်ရာမှာပင် မိုးကောင်းကင်ရှိ ကြယ်တာရာမက များပြားလှသော မျက်လုံးတော်များကို

ထုတ်၍လှူဒါန်းခဲ့ရာသည်ဟု ဆိုထားရာ အလောင်းတော်တို့၏ လုပ်ရပ်မှာ တွေးလေနက်လေ ကြည်ညိုဖွယ်ရာ ကောင်းလေဖြစ်ပါသည်။

## နိက္ခမပါရမီ အခြေခံခြင်း

ဆရာတော်သည် နိက္ခမပါရမီ (တောထွက်ခြင်း)ကို အခြေခံ၏။ သက်တော် ၂၅–နှစ်တွင် တောထွက်ခဲ့၏။ ၁၂–နှစ်တိုင်တိုင် သက်တော် အားဖြင့် ၃၇–နှစ်အထိ) အပြင်းထန်တကာ့အပြင်းထန်ဆုံး ကျင့်ကြံခဲ့ ၏။ တဖြည်းဖြည်း သက်တော်ရွယ်ရင့်၍ ပျံလွန်သည့်တိုင် တောရပုဂ္ဂိုလ် ဘဝဖြင့်သာ အဆုံးသတ်ခဲ့၏။ မြန်မာပြည်အနှံ့ မြို့ရွာများသာမက နိုင်ငံခြား တိုင်းပြည်များမှာပင် အလွန်ရင်းခြာသော ဒကာ ဒကာမများ ရှိခဲ့၏။ သို့သော် ဆရာတော်ကား ကြွလေ့ကြွထမရှိ။ ဤတစ်ချက်တည်း ဖြင့်ပင် ကြည်ညိုမဆုံးဖြစ်ရတော့သည်။

## ခုတင်ဖြင့် သီလကိုအမွှမ်းတင်

သမာဓိကို တည်ဆောက်ရာ၌ သီလသည် အခြေခံဖြစ်ကြောင်း ငြင်းကွယ်မရပေ။ လူဖြစ်စေ၊ ရဟန်းဖြစ်စေ သမထဝိပဿနာ နှစ်ဖြာ သော အလုပ်စခန်းသို့ ဝင်ရောက်မည်ဆိုလျှင် သီလကိုဖြည့်ရမည်။ သီလသည် အုတ်မြစ်ဖြစ်၏။ ဆောက်တည်ရာဖြစ်၏။ သီလမရှိဘဲ သမာဓိ မဖြစ်နိုင်။ သမာဓိမဖြစ်လျှင် အဘယ်မှာ မဂ်ဖိုလ်နိဗ္ဗာန်ကို ထိုးထွင်း၍ သိခြင်း ပညာဖြစ်ပါမည်နည်း။ (ဤမျှလောက်ကိုမျှ သဘော ပေါက် မထားပါလျှင် ခဏတဖြုတ် ရိပ်သာသွား၊ ခဏတစ်ဖြုတ် သမာဓိရ၊ ထိုသမာဓိဖြင့် မကြာမတင် အမတစခန်းပေါက်၊ အငြိမ်းဓာတ်ကြီး (နိဗ္ဗာန်)ရ စသည်ဖြင့် ဗုဒ္ဓအလိုတော်ကျမဟုတ်သည့် အယူအဆများကို လက်ခံမိပါလိမ့်မည်။)

ထိုမှ အရေးပါသော သီလကို တွန်းအားပေးသည့် အကျင့်များမှာ ဇာလီဆရာတော်အပါအဝင် သူတော်ကောင်းကြီးများ ကျင့်သုံးခဲ့သည့် ဓုတင်များ ဖြစ်သည်။

## မနောကံကို ဓုတင်ဖြင့်ထိန်း

ရဟန်းတို့ လိုက်နာရသော ၂၂၇-သွယ်သောသိက္ခာပုဒ်များသည် ကာယကံမှု၊ ဝစီကံမှုတို့ကို ထိန်းသိမ်းပေးသော ပညတ်တော်များဖြစ်သည်။ တစ်နည်းအားဖြင့် မျက်မြင်ထင်ရှားဖြစ်ပေါ်လာသည့် အပြစ်များကို ထိန်းကွပ်ပေးသည့် စည်းမျဉ်းများဖြစ်သည်။ အတွင်းအဇ္ဈတ္တသန္တာန်၌ ကိန်းအောင်းနေသော မနောကံ ဒုစရိုက်များနှင့်တကွ လိုချင်မှု၊ တပ်မက်မှု၊ ထောင်လွှားမှု၊ ခက်ယန်မှုစသည့် ကိလေသာတို့ကိုကား ဓုတင်များကသာ ဖယ်ရှားပေးနိုင်သည်။

ဇာလီလောင်းလျာဆရာတော်သည် ၂၂၇-သွယ်သော သိက္ခာပုဒ်ဟု ဆိုအပ်သော ပါတိမောက္ခသံဝရ သီလများအပြင် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော ဣန္ဒြေခြောက်ပါး တံခါးခြောက်ပေါက်တို့ကို မတော်မတရား အာရုံများဝင်မလာနိုင်အောင် ကာတွတ်ပေါက်တွင် ငါးကောက်သော ဗျိုင်းပမာ ပြေပြှာသောသတိဖြင့် စောင့်ကြည့်ထိန်းသိမ်းခဲ့သည်။ ဣန္ဒြိယသံဝရသီလကို ဖြည့်ဆွမ်းခြင်းပင်တည်း။

## မြန်ပြည်အနှံ့ခြေဆန့်ခြင်း

ဤသို့သောအကျင့်များကို သတိမပြတ် ကျင့်သုံးလျက် ဆရာတော်သည် မြန်မာပြည်အနှံ့ခြေဆန့်ကာ တရားကျင့်သုံးခဲ့သည်။ အထက်မြန်မာပြည်တွင် မြစ်ကြီးနား၊ ကသာအထိ ရောက်ရှိခဲ့သည်။ အောက်မြန်မာပြည်တွင် ပဲခူး၊ သထုံ၊ မော်လမြိုင်၊ မြိတ်၊ ထားဝယ်တိုင် ဖြစ်သည်။ ရှမ်းပြည်နယ် အချို့သောဒေသများတွင်လည်း တောရဆောက်တည်နေခဲ့သည်။

## ၂၄–နှစ်တိုင်တိုင်

ထိုကာလသည် ၁၂၈၀–ပြည့်နှစ် (ရဟန်း၄ါး၀ါ) မှ ၁၃၁၄–ခုနှစ် (သိက္ခာတော် ၂၈–ဝါ) အထိ ၂၄–နှစ်တိုင်တိုင် ဖြစ်သည်။ ၂၄–နှစ်အတွင်း မည်သည့်အရပ်တွင်မှ တာရှည်လေးမြင့် မနေထိုင်ခဲ့။ သံယောဇဉ်အမျှင်ကို ဖြတ်ပြီးခဲ့သဖြင့် မည်သူ၏ တွယ်တာမှုကိုမှ လက်မခံခဲ့။

အာဠဝကဘီလူးက ဘုရားရှင်အား 'တပည့်တော်သည် ဘုရားရှင်ကိုလည်းကောင်း၊ တရားတော်၏ ကောင်းမြတ်သောဓမ္မအဖြစ်ကိုလည်းကောင်း လက်အုပ်ချီမိုး ရှိခိုးလျက် တစ်ရွာမှတစ်ရွာ တစ်မြို့မှ တစ်မြို့သို့ လှည့်လည်ပါတော့မည်' ဟု လျှောက်ထားခဲ့သည်။ ဆရာတော်သည်လည်း 'သော အဟံ ဝိစရိဿာမိ၊ ဂါမာဂါမံ ပုရာပုရံ (သံ၊ ၁။ ၂၁၆။ သုတ္တန။ ၃၀၅။) စသော ဉာဒေသနာတော်ကို နှုတ်မှရွရွရွတ်ဆိုကာ လှည့်လည်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

## ခြေလျင်ဖြင့်သာ

ဤသို့လှည့်လည်ရာ၌ ခြေလျင်ဖြင့်သာ တရွေ့ရွေ့လှည့်လည်ခဲ့ခြင်း ဖြစ်သည်။ မီးရထား မော်တော်ကားတို့ အတော်အသင့် ပေါ်ပေါက်လာခဲ့ပြီး ဖြစ်သော်လည်း ဆရာတော်လို တောရပုဂ္ဂိုလ် ယောဂါဝစရပုဂ္ဂိုလ်အတွက် အဘယ်မှာ မီးရထားခ ကားခရှိပါမည်နည်း။ အနာမာသခေါ် ပိုက်ဆံကြေးငွေသည် ရဟန်းများအတွက် မသင့်သောအရာဖြစ်သည်။ ဆရာတော်သည် ယောဂါဝစရ ပုဂ္ဂိုလ်ဖြစ်၍ ရဟန်းများနှင့် မအပ်စပ်သောငွေကြေးကို အဆိပ်အတောက်ပမာ ရှောင်သည်။ ထို့ကြောင့် ခြေထောက်ကိုသာ အားကိုးရသည်။

## လူများဝိုင်းအုံ

ဝတ်ဆင်ထားသောသင်္ကန်းမှာ ဖျင်သင်္ကန်း၊ တောရပုဂ္ဂိုလ် ဓုတင်ဆောင်ပုဂ္ဂိုလ်ဖြစ်၍ ထိုသင်္ကန်းမှာလည်း မြင်မကောင်းအောင် ရှိနေသည်။ ခန္ဓာကိုယ်မှာလည်း ဝင်းဝင်းဝါဝါမဟုတ်။ ဖုံများ မြူများ ကပ်ငြိပါများသဖြင့် ညစ်ထေးထေး။ ဤသို့သောအသွင်ဖြင့် တစ်နေ့တွင် တောင်တွင်းကြီးမြို့ ရခိုင်ဘုရားကြီးဝင်းအတွင်း ရောက်သွားသည်။ လူတွေဝိုင်းအုံပြီး ကြည့်ကြသဖြင့် ရှောင်တိမ်းခဲ့ရသည်။

'လူတွေဝိုင်းကွာ၊ ဘာများထင်ကြသလဲ မသိပါဘူး၊ အဲဒီကထွက်လာတော့ မီးရထား တွေ့ရတယ်။ ငါ မစီးရပါဘူးကွာ။ ချောင်းနဘေးလယ် ထဲမှာ နေခဲ့ရတယ်။ အံ့ဩတယ်ကွာ'။ စကားစပ်မိလျှင်ဆရာတော်ကြီးက ဆရာဝန်ကိုရင်ကြီး ရှင်ဝဇိရဗုဒ္ဓိအားဤကဲ့သို့ ရှေးဟောင်းနှောင်းဖြစ်များ မိန့်ကြားတတ်သည်။ ကျွန်တော်သည် 'အံ့ဩတယ်ကွာ' ဟူသော ဆရာတော်ကြီး၏ အသံတော်ကို ကြားယောင်နေမိပါသည်။

ဆရာတော်ကြီး၏ ငယ်ဘဝကား ဤသို့ အကျင့်တရားနှင့် ပတ်သက်၍ အံ့စရာတွေများစွာ ရှိခဲ့ပါသည်။

## ရာသက်ပန်တံဆိပ်နစ်ခု

တစ်ခါက ရခိုင်ရိုးမကိုကျော်၍ ရခိုင်ဘက်သို့ကူးရန် လှေဆိပ်သို့ဆင်းခဲ့သည်။ ကူးတို့ခ မပါသဖြင့် လှေသမားကမတင်။ လှေဆိပ်တွင်ထားခဲ့သည်။ ထို့ကြောင့် ရေတိမ်ရာ အထက်ပိုင်းသို့ ၆-မိုင်ခန့်လျှောက်ခဲ့ရသည်။ ခရီးပန်းပြီး ကျောက်ဆောင်တစ်ခုမှ တစ်ခုသို့ကျော်လွှားကူးခဲ့ရာမှ ခြေချော်ကျပြီး ရေထဲသို့မြောပါသွားခဲ့သည်။ သတိပြန်လည်၍ ကြည့်ကာမှ တစ်ကိုယ်လုံး စိုရွှဲနေကြောင်း တွေ့ရသည်။ ကျောက်ဆောင် ပေါ်မှ ကျသဖြင့် ကျိုးသွားသော လက်သန်းကလေးကား

သေရာပါ အမှတ်အသား ဖြစ်သွားသည်။ တစ်ခါကလည်း ချင်းတောင်တန်းတွင် တရားကျင့်ရင်း ငှက်ဖျားမိသည်။ သေကံမရောက် သက်မပျောက်ခဲ့သော်လည်း ခန္ဓာကိုယ်တွင်းတွင် ဘေလုံးခေါ်အဖုကြီး ကျန်ခဲ့သည်မှာ ပျံလွန် ချိန်အထိ ဖြစ်သည်။

ဤအမှတ်အသားနှစ်ခုသည် ဆရာတော်ကြီး ဘဝတွင် ပျောက်ဖျက်မရသော ရာသက်ပန်တံဆိပ်နှစ်ခုဖြစ်သည်။ ထိုအမှတ်အသားများသည် ဆရာတော်ဘုရားကြီးဖို့ မိမိ၏ အကျင့်သီလ စရဏတို့ကို ဆင်ခြင်အောက်မေ့ကာ ကုသိုလ်အဆက်ဆက် ဖြစ်ပွားနေသကဲ့သို့ ထိုအဖြစ်မှန်ကို သိရှိသည့် တပည့်များအဖို့လည်း မိမိတို့ကိုးကွယ်ဆည်းကပ်သော ဆရာ့အပေါ် ယုံကြည်လေးစား ကုသိုလ်စိတ်များ တဖွားဖွားဖြစ်စေသည့် အထောက်အထားများပင် ဖြစ်ပေသည်။

## ငါနဲ့ဦးပေါက်ဆိန်

ဇာလီဆရာတော်ကြီး၏ ဘဝကို ဖော်ပြသောအခါ မဟာမြိုင်တောအကြောင်းကို ချန်လှပ်၍မဖြစ်ပါ။ အမှတ်ထင်ထင် ၁၉၈၂ ခုနှစ်၊ ဆရာတော်ကြီးအား ဖူးမြော်ရန် တောင်ပေါ်သို့ ရောက်ရှိနေခိုက်ဖြစ်၏။ တစ်နေ့ ဆရာတော်ကြီးက အနီးရှိ ရဟန်းတစ်ပါးအား 'ငါနဲ့ ဦးပေါက်ဆိန် အဝင်အထွက်ပဲကွ' ဟု မိန့်သည်ကို ကြားရပါသည်။

## အောင်မင်္ဂလာသိဒ္ဓိစာသင်တိုက်

ဦးပေါက်ဆိန်ဟူသောအသံကို ကြားရသောအခါ နှစ်ဆယ့်ငါးနှစ်ကျော် သုံးဆယ်နီးပါး မေ့နေသလိုဖြစ်ခဲ့သော ဖြစ်စဉ်ကလေးကို ပြန်လည်သတိရသွားပါသည်။ ကျွန်တော်၏ အတိတ်ဇာတ်လမ်းကလေးကို ပြန်လည်နှိုးဆွပေးသလို ဖြစ်သွားပါသည်။

ဦးပေါက်ဆိန်ဟု အများခေါ်နေကြသော ဘုန်းဘုရားကြီး ဦးဝိစ္စာ ရေသည် ကျွန်တော်တို့နေရာ စမ်းချောင်းမြို့နယ်အတွင်း အောင်မင်္ဂလာ သိဒ္ဓိခေါ် ပရိယတ္တိစာသင်တိုက်ကြီးကို တည်ထောင်ခဲ့သည်။ ထိုစဉ်က အောင်မင်္ဂလာသိဒ္ဓိတစ်ဝိုက်ရှိရှုခင်းမှာ ယခုလို ရှင်းရှင်းလင်းလင်း သာသာ ယာယာ မဟုတ်ပါ။ အရှေ့ဘက်တွင် ယခု စမ်းချောင်း ဓာတ်ဆီဆိုင်နေရာ၌ ကရင်သချိုင်းရှိသည်။ သစ်ပင်ခြုံနွယ်တို့ဖြင့် ရှုပ်ထွေးနေသည်။ တောင်ဘက်ကပ်လျက် ဦးလူ ကလေးကုန်းခေါ် သချိုင်းဟောင်း သုဘ ရာဇာတို့ နေရာရှိသည်။ နောက်ဘက်တွင် ဥယျာဉ်တိုက်ခေါ် ကျောင်းပေါင်း များစွာပါရှိသည့်ကျောင်းတိုက်ကြီး ရှိသည်။ ယခု အ.သ.က(၄) တည်နေ ရာသည် ခေါက်ဆွဲဆိုင်၊ ထမင်းဆိုင်တို့ဖြင့် ဆူညံရှုပ်ထွေးရာဖြစ်သည်။ မြင်းလှည်းသမား ဆိုက်ကားသမားတို့ စခန်းကြီး ဖြစ်သည်။

ထိုသချိုင်းဟောင်း၊ ထိုခေါက်ဆွဲဆိုင်၊ ထမင်းဆိုင်နောက်ရှိ ဝါးတော ကြီးကား အောင်မင်္ဂလာ သိဒ္ဓိတိုက် တည်နေရာတည်း။ အောင် မင်္ဂလာ နောက်ရှိဝါးတောကြီးကားဦးပေါက်ဆိန်နှင့် ဦးဥတ္တမတို့သည် ဤသို့သော ဝါးတောကြီးကို စာသင်တိုက်ဖြစ်အောင် ဖန်တီးခဲ့ကြသည်။ အဓိကအားဖြင့် ဘုန်းဘုရားကြီး ဦးပေါက်ဆိန်ဖြစ်၏။

ပညာမာန

တချုဘုန်းကြီးတစ်ပါးနှင့် ခင်မင်သဖြင့် ထိုကျောင်းသို့ သွားသော အခါ ဘုန်းဘုရားကြီးကို ကျွန်တော်မြင်ရသည်။ သို့သော် တစ်ခါမှုမျှ ဝင်ရောက် မကန်တော့ဖူးပါ။ ထိုစဉ်က ကျွန်တော့်အသက်မှာ နှစ်ဆယ်မျှ ရှိပါသေးသည်။ သို့သော် ကျွန်တော့်ဆရာသမားများမှာ သာသနာ့ထိပ်သီး ဆရာတော်ကြီးများ၊ ထိုဆရာတော်ကြီးများအနီး၌ ကျွန်တော်သည် ဗိုင်း ကောင်း ကျောက်ဖိထက် ပို၍ သေဝပ်သော အနေအစား အပြောအဆိုတို့ ဖြင့် နေခဲ့ရသည်။ ၎င်းပြင် ကိုယ်တိုင်လည်း အထက်တန်းပါဠိတော်၊

အဋ္ဌကထာကြီးများကို သင်ယူပြီးစဖြစ်သည်။ ရှင်းရှင်းပြောရလျှင် အသက် ၁၈ နှစ်တွင် ဓမ္မာစရိယ စာချတန်းအောင်ခဲ့သဖြင့် ပညာမာနလေး ဝင်သင့်သလောက် ဝင်နေချိန်ဖြစ်သည်။

## လောကီပညာရပ်များကို အထင်သေးခြင်း

လို့ကြောင့် လောကီဆန်ဆန် အတတ်ပညာများ ကျင့်သုံးသည့် ရဟန်းများကို တွေ့သောအခါ သဒ္ဒါတရား မဖြစ်တော့ပါ။ သဒ္ဒါမဖြစ်၍ မချဉ်းကပ်၊ အပြစ်မဖြစ်အောင်ကား ကြိုးစားပါသည်။ အသက်အရွယ် ကလေး၍ အတွေ့အကြုံ အသင့်အတင့်ရှိလာသောအခါ ထိုစိတ်ဓာတ် ကို ဖယ်ရှားနိုင်သွားသည်။

## ပါမောက္ခဆရာကြီး၏ဩဝါဒ

ယင်းနှင့်စပ်၍ ကျွန်တော်တို့၏ ပါမောက္ခချုပ်ဖြစ်ခဲ့သည့် ဆရာကြီး၏ ဩဝါဒတစ်ရပ်ကို ပြန်လည်သတိရမိပါသည်။ ၁၉၇၀–ပြည့်နှစ်လောက်က ရန်ကုန်ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်တွင် လစဉ် စုဝေးပွဲကလေးတစ်ခု ရှိသည်။ ဝိဇ္ဇာဌာန၊ သိပ္ပံဌာနအသီးသီးရှိ ဆရာ ဆရာမများ ရင်းနှီးမှု ရှိရန် စီစဉ်ထားသော ပွဲကလေးဖြစ်၏။ တစ်နေ့ စိတ်ပညာဌာနမှ ဦးဆောင်ဆွေးနွေးရသည့် အလှည့်တွင် ဖြစ်၏။ ပုဏ္ဏာကတိုက်သည့် အကြောင်းပါသွားသည်။ (ပုဏ္ဏာကတိုက်သည်ဆိုသည်မှာ မိမိမလိုမုန်းထားသော အိမ်အနီးရှိ သစ်ပင်ကြီးများပေါ်တွင် ခဲများတင်ထားပြီး တစ္ဆေသရဲများကို ပစ်ပေါက်စေခြင်း ဖြစ်၏။) ယင်းကိစ္စမှာ ရုပ်လွန်လောကအကြောင်း ပါဝင်နေသဖြင့် အမျိုးမျိုးဆွေးနွေးကြသည်။ ဤတွင် ဆရာကြီးကထ၍–

'ကျွန်တော်ကတော့ တခြားသိပ္ပံဆရာတွေနဲ့ တူချင်မှတူမယ်၊ အခုပြောနေတဲ့ အကြောင်းအရာက သိပ္ပံပညာရဲ့ ဟိုဘက်ရောက်နေတယ်၊

ဒါကြောင့် ဘယ်ဟာမှန်တယ်၊ ဘယ်ဟာမှားတယ်လို့ မပြောနိုင်ဘူး၊ ကျွန်တော်မသိသေးတာသာ ဖြစ်တယ်'

ဆရာကြီး၏ စကားမှာ ရှင်းလှသည်။ 'မသိသေးတာကို မဆုံးဖြတ်ပါနဲ့'ဟူ၍ပင် ဖြစ်သည်။ ဆရာကြီးသည် ရူပဗေဒပညာရှင်ကြီးဖြစ်၏။ သို့သော် ရူပဗေဒနှင့် မဆိုင်သည့်အရာကို ဆရာကြီးမဆုံးဖြတ်ပေ။

## အတွင်းသရုပ်ကိုမမြင်နိုင်

လောကတွင် ကျွန်တော်တို့ မသိသေးသည့် အရာတွေမြောက်များစွာ ရှိနေသေးသည် မဟုတ်ပါလား။ ဘုန်းဘုရားကြီး ဦးပေါက်ဆိန်သည် ကျွန်တော်တို့ မသိသေးသည့် အရာတွေကို လုပ်နေသည်။ ဦးပေါက်ဆိန်၏ အသွင်သဏ္ဍာန်ကိုမြင်ရ၏။ အတွင်းသရုပ်ကိုကား မမြင်ရ။ လက်လှမ်းမမီ။ (နောင် ဘုန်းဘုရားကြီး၏ သာသနာပြုစိတ်ဓာတ်၊ သာသနာပြုလုပ်ငန်းများကို သိလာရသောအခါ ဝန်ချ၍ ကန်တော့မိပါသည်။)

ဤ အတိတ်ဇာတ်လမ်းကလေးအကြောင်းကို မကြာခင်က ဘုန်းဘုရားကြီး၏ တပည့်ကြီးဖြစ်သော ဆရာတော်တစ်ပါးအား ပြန်ပြောင်းလျှောက်ထားမိပါသည်။ ယိုဆရာတော်မှာ သာမန်မဟုတ်။ အစိုးရ ဓမ္မာစရိယ၊ စေတိယင်္ဂဏ ဓမ္မာစရိယဘွဲ့များရရှိကာ တစ်ချိန်က အောင်မင်္ဂလာသိဒ္ဓိတိုက်၌ ဦးဆောင်စာချဖြစ်ခဲ့သည်။ ဘုန်းဘုရားကြီးအား အနီးကပ် ပြုစုခဲ့သည်။ ငယ်စဉ်က ညောင်တုန်းမြို့၊ ရွှေဟင်္သာတောရတိုက်တွင် စာသင်ခဲ့၍ ယခုသက်န်းကျွန်း ဇာလီတောင်ကျောင်းတိုက် နာယကဆရာတော်နှင့် စာသင်ဘက်ဖြစ်ခဲ့သည်။

## ပဟေဠိစကားတစ်ခွန်း

ထိုဆရာတော်က 'အေးလေ၊ ကျုပ်တို့လဲ ငယ်စဉ်ကတော့ ပရိယတ္တိသမားသက်သက်တွေပဲ၊ ဒါပေမယ့် ခုတော့ ဦးသာသန (သင်္ဃန်းကျွန်း

ဆရာတော်)လဲ ဇာလီရောက်၊ ကျုပ်ကလဲ ဦးပေါက်ဆိန် ဆီရောက်၊ ဘယ်လိုဖြစ်ကုန်သလဲ မသိပါဘူးဗျာ'ဟု ရယ်ရယ်မောမော မိန့်ကြားပါသည်။ 'ဘယ်ကိုဖြစ်ကုန်သလဲ မသိပါဘူးဗျာ' ဟူသော စကား၏ နောက်ကွယ်ရှိ အဓိပ္ပာယ်များကား များပြားလှပါသကော။

## သမထစခန်း

ဦးပေါက်ဆိန်နဲ့ငါ အဝင်အတွက်ပဲကွဟူသော စကားကို ပြန်ကောက်ပါမည်။ ဦးပေါက်ဆိန်သည် ဝိဇ္ဇာမိုရ်ပုဂ္ဂိုလ်ကြီးဟု ထင်ရှားသော ပုဂ္ဂိုလ်ကြီး ဖြစ်သည်။ ဦးပေါက်ဆိန်သည် ဆုကြီးပန်ဟုတ်မဟုတ် မသိရပါ။ ဇာလီဆရာတော်ကား ဘုရားဆုပန်ဖြစ်၏။ ဘုရားဆုပန်သည်မှာ အရှည်ကြာဆုံး၊ အပင်ပန်းဆုံးဆု 'ဝီရိယာဓိကသမ္မာသမ္ဗောဓိ' ဆုကိုမှ ရွေး၍ ပန်ဆင်သော ပုဂ္ဂိုလ်ကြီး ဖြစ်၏။ တူညီသည်မှာ နှစ်ပါးလုံးပင် သမထဘာဝနာကို အခေါင်အဖျားအထိ ကျင့်သုံးခဲ့ခြင်းဖြစ်သည်။ နှစ်ပါးလုံးသည် သမထအလုပ်စခန်းကိုလုပ်ရန် မဟာမြိုင်တောသို့ ဝင်ခဲ့ကြကြောင်း အထက်ပါစကားအရ ထင်ရှားပေသည်။

## မဟာမြိုင်တောကြီး

မဟာမြိုင်တောကြီးကို ရှေးအခါက စိတ်ကူးယဉ်ဟု အချို့က ထင်ကြသည်။ သိသူအချို့ကလည်း ဝိဇ္ဇာဇော်ဂျီ တပသီတို့နှင့် ဆက်စပ်၍ သိနေကြသည်။ ယခုအခါတွင်ကား တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ကျေးဇူးကြောင့် မဟာမြိုင်တောကြီးသည် စိတ်ကူးယဉ်မဟုတ်၊ အမှန်တကယ်ရှိသည့် ဒေသကြီးဖြစ်ကြောင်း သိရှိနေကြပေပြီ။ မဟာမြိုင်တောကြီးသည် အထက်မြန်မာပြည် အနောက်ဘက်ခြမ်းတွင် ရှိသည်။ ရွှေဘိုမြို့နယ်စုအတွင်းရှိ မြို့နယ်များ၏ အနောက်ဘက်ဒေသများနှင့်

မော်လိုက်မြို့နယ်အောက်ပိုင်းတစ်လျှောက် ဖြစ်၏။ တောင်ဘက်တွင်ကား မုံရွာမြို့နယ်စုအတွင်းရှိ မြို့နယ်ဒေသများ၊ မောင်းထောင်ညောင်ကန်ရွာကြီးတို့ဖြင့် အနားသတ်ထားသည်။ ထိုဒေသအတွင်း ကျယ်ဝန်းပြန့်ပြောသော တောအထပ်ထပ်ရှိ၏။

## တောတိရစ္ဆာန်တို့

ထိုမှ ကျယ်ဝန်းသော တောမြိုင်ကြီးများအတွင်းဝယ် ကြံ့၊ ဆင် စသော ရောမ တောတိရစ္ဆာန်ကြီးများ ရှိသည်။ ကျား၊ ကျားသစ်၊ ဝက်ဝံ စသော သားစားသတ္တဝါတို့လည်း ပေါသည်။ သမင်၊ ဒရယ်၊ ချေငယ်၊ စိုင်၊ ဆတ် စသော တောကောင်ငယ်များလည်း ကြွယ်ဝလှသည်။ မြေပေါ်၌ ဤသို့သော သားရဲတိရစ္ဆာန်တို့ ပျော်မြူးနေကြသကဲ့သို့ ကောင်းကင်သွား ကျေးငှက်တိရစ္ဆာန်တို့လည်း မျိုးစုံကြသည်။ ဤအကြောင်းများကို တောင်တန်းဆရာတော်ကြီး၏ 'မေတ္တာခရီးသည်ကြီး' တွင် ပြည့်စုံစွာ တွေ့ရသည်။

## မဟာမြိုင်တော နက်ရှိုင်းမှု

မဟာမြိုင်တောကြီးသည် သမထဘာဝနာကို ကျင့်သုံးသူများအတွက်လည်းကောင်း၊ ဝိပဿနာမှုရကို ပြင်းပြင်းထန်ထန် ကျင့်သုံးသူများအတွက်လည်းကောင်း ခိုအောင်းရာဒေသကြီး ဖြစ်ပေသည်။ ကျေးနူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ တပည့်ဖြစ်သူ ကြောင်ပန်းဆရာတော် စသည့် သာသနာ့ထိပ်ခေါင်တင် ဆရာတော်ဘုရားကြီးတို့သည် မဟာမြိုင်တောတွင် တရားကျင့်ခဲ့ကြသည်။

အဘယ်ကြောင့် ဤနေရာကို ရွေးချယ်ကြပါသနည်း။ မဟာမြိုင်တောကား လူသူလေးပါးမှ ကင်းဆိတ်၏။ အလှမ်းဝေး၏။ အေးငြိမ်း၏။

ငြိမ်သက်၏။ အစောင့်အရှောက်ကြီးမား၏။ သဘာဝတောမြိုင်၏ နက်ရှိုင်းမှုတွင် တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်တို့၏ အစောင့်အရှောက်က လွှမ်းမိုးထား၏။ ထို့ကြောင့် ဤနေရာသို့ တော်စွလျော်စွသော သီလသမာဓိဖြင့် မချဉ်းကပ်နိုင်။ ထို့ကြောင့် ဤနေရာကိုမှ ရွေးချယ်၍ တရားရှာခြင်း ဖြစ်ကုန်ကြဟန် တူပါသည်။

## အခွင့်တောင်းသင့်သောနေရာ

သူတစ်ပါး၏ နယ်ပယ်ကို ကျူးကျော်ခြင်းသည် အန္တရာယ်များလှသည်။ ကောင်းသော ရည်ရွယ်ချက်ဖြင့် လာသော်လည်း အထင်မှားခံရပါက ဒုက္ခရောက်ဟတ်သည်။ ဘုရားရှင်လက်ထက်တော်က ရဟန်းငါးရာတို့သည် ဟိမဝန္တာတောကြီးအတွင်း တစ်ခုသော တောအုပ်သို့ဝင်ကာ တရားကျင့်ကြ၏။ သို့သော် ခွင့်မတောင်းမိ မေတ္တာမဖြန့်ဝေမိသဖြင့် ရုက္ခစိုးနတ်တို့ အထင်မှားခြင်း ခံခဲ့ရသည်။ နတ်တို့ ခြောက်လှန့်ကြသဖြင့် စိတ်ဓာတ်ခြောက်ခြား သမာဓိပျက်ပြားကာ ခန္ဓာကိုယ်များ ညှိုးနွမ်းပိန်ကျုံ့လာသည်အထိ ဖြစ်ခဲ့ရသည်။

ထိုရဟန်းများမှာ အညံ့စားများ မဟုတ်ကြပါ။ ဘုရားရှင် ကိုယ်တော်တိုင် ကမ္မဋ္ဌာန်းပေး၍ စေလွှတ်လိုက်သော ရဟန်းများဖြစ်ကြသည်။ ထိုရဟန်းများအား သီလစင်ကြယ်ခြင်း ဖြစ်၏။ သမာဓိကို အလေ့အလာရှိပြီးဖြစ်ကြ၏။ မေတ္တာအအေးဓာတ်ကို မသွန်းဖြန်းမိသဖြင့် အနှောင့်အယှက်ခံရခြင်း ဖြစ်သည်။

## ဟိုသစ်ပင်သွား ဒီသစ်ပင်သွားမလုပ်နဲ့

ဇာလီတောင်ဆရာတော်ဘုရားကြီးသည် ဤအဖြစ်ကို မြင်တော်မူသည်။ အရညဝါသီ ဧကစာရီဘဝဖြင့် နှစ်ပေါင်းများစွာ အလေ့အလာ

ရှိခဲ့သဖြင့် တောတောင်၏သဘာဝ၊ နတ်ရဲသစ်ပင်တို့၏အကြောင်းကို သိတော်မူပြီး ဖြစ်သည်။ တစ်ခါက တက္ကသိုလ်မှတပည့် ကထိကတစ်ဦး' ကို ငေါက်ဖူးသည်။ 'မင်းက ဘာလုပ်တာလဲကွ၊ ဟိုအပင်သွား၊ ဒီအပင် သွားနဲ့ ပုတီးစိပ်တာ အိမ်မှာလုပ်ရတာပဲ' တဲ့။ ထိုဆရာသည် ငယ်စဉ်ကပင် ဗုဒ္ဓါနုဿတိ ဘာဝနာနှင့် မေတ္တာဘာဝနာကို လုပ်လာသူဖြစ်သည်။ သဒ္ဓါစိတ်လွန်ကဲသဖြင့် ဘုရားတကာ ကျောင်းတကာသို့ သွား၍ ပုတီးစိပ်လေ့ရှိသည်။ ထိုဆရာ ရန်ကုန်၌ လုပ်နေသမျှကို ဆရာတော်ကြီး သိတော်မူသဖြင့် သရက်သို့ လာရောက်ဖူးမြော်စဉ် အငေါက်ခံရခြင်းဖြစ် သည်။

ပဏာမလုပ်ငန်းများ

ဆရာတော်ဘုရားကြီးသည် မဟာမြိုင်တောအတွင်းသို့ ရောက်သော အခါ အရညဝါသီ ဓုတင်ကျင့်တော်မူသည်။ ဤလုပ်ငန်းများမှာ ဆရာတော်ဘုရားကြီး၏ တောပျော်ယောဂီဘဝသို့ ရောက်စဉ်ကပင် ကျင့်သုံးခဲ့သည့် နေ့စဉ်အလုပ်ဖြစ်ပေသည်။

ဆရာတော်ဘုရားကြီးသည် နေ့စဉ် ပဏာမလုပ်ငန်းများအဖြစ်–

(၁) ဘုရားရှိခိုးခြင်း၊ (၂) ပရိတ်ရွတ်ခြင်း၊ (၃) မေတ္တာပို့ခြင်း၊ (၄) အမျှဝေခြင်း၊ (၅) မေတ္တာရပ်ခံခြင်းဟူသော ကိစ္စငါးရပ်ကို တစ်ဆက်တည်း ပြုလုပ်ခဲ့ပါသည်။ ယင်းတို့ကို နံနက် အရုဏ်တက်ချိန် တွင် တစ်ကြိမ်၊ နေ့လည်တွင် တစ်ကြိမ်၊ ညနေချမ်းတွင် တစ်ကြိမ် ပြုလုပ်ခဲ့သည်။ တစ်နေ့သုံးကြိမ်မှန်မှန်ပြုလုပ်ခြင်း ဖြစ်၏။

ဘုရားရှိခိုးခြင်း

ဘုရားရှိခိုးခြင်းသည် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ရှုပွားခြင်းပင် ဖြစ်သည်။ ဆရာတော်ဘုရားကြီးသည် ဘုရားရှိခိုးခြင်းဖြင့် ဘုရားရှင်၏

ဂုဏ်တော်ကျေးဇူးတော်များကို အာရုံပြုတော်မူသည်။ မိမိနှုတ်မှ ရွတ်ဆိုလိုက်သည့် ပါဠိသံနှင့် မြန်မာအနက်သံတို့ကို သောတအာရုံမှ တစ်ဆင့်ခံယူကာ မနောအာရုံသို့ ထွင်းဖောက်ဝင်ရောက်သွားသည်အထိ အာရုံယူသည်။ ထို့ကြောင့် ရှိခိုးသောအခါ မြန်မြန်မရှိခိုး၊ ဖြည်းဖြည်းလေးလေးသာ ရှိခိုးသည်။ အသံတော်ကို သာနိုင်သမျှသာအောင် သိမ်မွေ့နိုင်သမျှ သိမ်မွေ့အောင် ထားတော်မူသည်။ ဤသို့ ဘုရားရှိခိုးခြင်းဖြင့်လည်း ဗုဒ္ဓါနုဿတိ ဘာဝနာကို ဖြစ်နိုင်သမျှဖြစ်အောင်ပြုသည်။

## ပရိတ်ရွတ်ခြင်း

ပရိတ်သည် အရံအတားဖြစ်၏။ ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူသည့် နည်းပေးညွှန်ပြခဲ့သည့် အကာအကွယ်များ ဖြစ်၏။ ထိုအကာအကွယ်များထက် ကောင်းမွန်သော ထက်မြက်သော အရံအတား အစောင့်အရှောက် ရှိပါသေးသလော?။ အရှင်အာနန္ဒာမထေရ်ကြီးသည် ပရိတ်အရံအတားဖြင့်ပင် ဝေသာလီပြည်ကြီးကို ကယ်ဆယ်ခဲ့သည်။

ဆရာတော်ဘုရားကြီးသည် ရတနသုတ်နိဒါန်းတွင် ပါဝင်သည့် 'ပဏိဓာနတော' စသည့်စာပိုဒ်ကို အထူးနှစ်သက်တော်မူသည်။ ဤစာပိုဒ်သည် ဘုရားရှင်၏ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရသည့်ကာလ၊ သိဒ္ဓတ္ထမင်းသားအဖြစ် မွေးဖွားလာပုံ၊ တောထွက်ပုံ၊ သက်ငင်ပြတ်မျှ ပင်ပန်းလှသော အကျင့်များကို ၆-ခြောက်နှစ်တာ ကျင့်သုံးပုံ၊ ဗောဓိပင်ရင်း၌ ထိုင်နေတော်မူပုံ၊ မာရ်နတ်စစ်သည် ပလ္လင်တော်ကို လာရောက်လုယက်ကြ ပုံ၊ မေတ္တာဖြင့် အောင်တော်မူပုံ၊ လောကတစ်ခွင်၌ အတုမဲ့ဉာဏ်တော်ပိုင် ရှင်သဗ္ဗညုတ ဘုရားစင်စစ် ဧကန်ဖြစ်ပုံတို့ကို တမုဟုတ်ခြင်း ဆင်ခြင်မိသည့် စာပိုဒ်ဖြစ်သည်။

ဆရာတော်ဘုရားကြီးသည် ဤစာပိုဒ်၏နောက်ဆုံးဖြစ်သည့် 'ဝေသာလိယာ တီသု ပါကာရန္တရေသု တိယာမရတ္တိံ ပရိတ္တံ ကရောန္တော

အာယသ္မာ အာနန္ဒတ္ထေရာဝိယ ကာရုညစိတ္တံ ဥပဋ္ဌပေတွာ' ဟူသော စာသားကို အထူးသဘောကျသည်။ ထိုစာပိုဒ်ကို ရွတ်ရင်း အရှင်အာနန္ဒာ မထေရ်မြတ်ကြီးနှင့်တကွ ရဟန္တာမထေရ်မြတ်ကြီးကို ဝေသာလီပြည်ကြီး၏ တံတိုင်းများအကြား ညလုံးပေါက် ပရိတ်တရား ရွတ်ပွားပုံကို ထင်လာ မြင်လာအောင် ဆင်ခြင်တော်မူသည်။

ဘုရားရှင်၏ ဉာဏ်ဂုဏ်တော်များကို ဆင်ခြင်မိတိုင်း ဆင်ခြင်မိတိုင်း ဘုရားရှင်လျှင် အာရုံရှိသော နှစ်သက်မှု(ဗုဒ္ဓါရမ္မဏပီတိ) တွေ တဖွားဖွား ပေါ်လာသည်။ ဘုရားရှင်၏ဘဝကို ပို၍ပို၍အားကျလာသည်။ သတ္တဝါ အနန္တ တို့အပေါ် ပို၍ပို၍ ကြီးမားသော ကရုဏာစိတ်တွေဖြစ်လာသည်။ မေတ္တာစိတ်တွေ သက်ဝင်လာသည်။မိမိသည် ဆုကြီးပန်ဖြစ်၏။ ဆုကြီးပန် တို့နှင့် ထိုက်တန်သော သဒ္ဓါဓာတ် ဝီရိယဓာတ်တွေလည်း တက်ကြွလာ၏။ ဆရာတော်ဘုရားကြီးသည် နေ့စဉ် ပရိတ်ရွတ်တိုင်း ရွတ်တိုင်း ဤသို့ ဆင်ခြင်ပွားများ၍ အသစ်အသစ်သော အင်အားများကို တည်ဆောက် တော်မူသည်။

## မေတ္တသုတ်နှင့် ရတနသုတ်အားကိုး

ဤသို့ အားသစ်အင်သစ်ကို ယူပြီးမှ မေတ္တသုတ်ကို စတင်ရွတ်ဆို သည်။ မေတ္တသုတ်ဖြင့် မေတ္တာဖြန့်ဝေပြီးသောအခါ ရတနသုတ်ကို ရွတ် ဆိုသည်။ ထို့နောက် အာဋာနာဋိယသုတ်၊ ပုဗ္ဗဏှသုတ်တို့ကို ရွတ်တော်မူ သည်။ နောင်အခါလည်း အစွဲအမြဲရွတ်သည်။ အခါခါရွတ်သည်။ ဘုရားဝတ်တက်ရင်း ဤမျှသာရွတ်သော်လည်း အခါအားလျော်စွာ အခြား အခြားသော ပရိတ်တော်များကိုလည်း ရွတ်ပါသည်။

(ပရိတ်သည် ဆရာတော်ကြီး၏ အထူးအားထားရာဖြစ်သဖြင့် ပရိတ်ချည်းသက်သက် ရွတ်သည့်အခါရှိသည်။ မဇ္ဈိမကြာနှင့် မဟာသမယ

သုတ်တို့ကိုလည်း ရွတ်တော်မူသည်။ တပည့်တို့ကို 'မဟာသမယသုတ်နှင့်ဖိတ်၊ ဓမ္မစကြာ နှင့် ညှိခံ' ဟု မိန့်လေ့ရှိပါသည်။

## မေတ္တာပို့ခြင်း

ဆရာတော်ဘုရားကြီးသည် ဘုရားရှိခိုး၊ ပရိတ်ရွတ်ပြီးသောအခါ မေတ္တာပို့ပါသည်။ ယခု မေတ္တာပို့ခြင်းမှာ မေတ္တာကမ္မဋ္ဌာန်းစီးဖြန်းသည့် အဆင့်မဟုတ်ပါ။ ထို့ကြောင့် မေတ္တာပို့သောအခါ ရွှေကျင်ဂိုဏ်းဝင် သံဃာတို့ ပို့လေ့ပို့ထရှိသည့်အတိုင်း ပို့ပါသည်။

'အဟံ အဝေရော ဟောမိ' ဖြင့်ဟူ၍ မိမိကိုယ်၊ ကိုယ်စောင့်နတ်၊ မိမိနေရာစောင့်နတ်မှစ၍ အထက်ဘဝဂ်၊ အောက်နရက်အထိ ရှိရှိသမျှ သတ္တဝါအနန္တ သို့တိုင်အောင် အဆင့်ဆင့်ဖြန့်ဝေသော မေတ္တာပို့ခြင်း ဖြစ်သည်။ ဆရာတော်ကြီး၏ မေတ္တာကမ္မဋ္ဌာန်းကို သီးသန့်ဖော်ပြပါမည်။)

## အမျှဝေခြင်း

ဆရာတော်ကြီးသည် ဉာဏ်ကိစ္စများပြီးလျှင် အမျှဝေခြင်းအလုပ်ကို သတိထားလုပ်တော်မူသည်။

'ငါသည် ယနေ့ပြုလုပ်အပ်သော ကုသိုလ်အမျိုးမျိုးနှင့်တကွ ဘဝသံသရာတစ်လျှောက် ပြုလုပ်ခဲ့သည့် ကုသိုလ်ကောင်းမှုအစုစုကို ကိုယ်စောင့်နတ်၊ ကျောင်းစောင့်နတ်၊ အရံစောင့်နတ်မှစ၍ အမျှပေးဝေပါ၏။ အထူးအမျှပေးဝေပါ၏။ အားလုံးသော ပုဂ္ဂိုလ်အပေါင်းတို့ အမျှရကြ၍ ချမ်းသာကြပါစေသတည်း။ ချမ်းသာကြပါစေသတည်း။ တစ်ဆင့်ထက် တစ်ဆင့်မြင့်သော ချမ်းသာသုခတို့ကို ရရှိကြပါစေသတည်း။ ရကြပါစေ သတည်း' ဟူ၍ ဖြစ်သည်။

## မေတ္တာရပ်ခံခြင်း

အမှုဝေပြီးသောအခါ ဆိုင်ရာပိုင်ရာပုဂ္ဂိုလ်အပေါင်းတို့ကို ရည်ညွှန်း၍ (အသံကျယ်စွာ) မေတ္တာရပ်ခံတော်မူပါသည်။

'နတ်မြတ်နတ်ကောင်း သူတော်ကောင်းအပေါင်းတို့၊ ငါသည် သင်တို့၏ အကျိုးစီးပွားကို လိုလားတောင့်တလျက် ဤတော ဤတောင် ဤနေရာဒေသသို့ လာရောက်၍ နေထိုင်ခြင်းဖြစ်၏။ သင်တို့၏ မိတ်ဆွေ၊ အကြီးအကဲ၊ အမိအဘအဖြစ် နေထိုင်ခြင်းဖြစ်၏။ ထို့ကြောင့် သင်တို့က လည်း ငါ့အား အမိအဘအကြီးအကဲ ဆွေမျိုးဉာတိအလား သဘောထား၍ စောင့်ရှောက်ကြပါ။ ငါကလည်း သင်တို့အား ဆွေမျိုးရင်းခြာ ဉာတကာ အလား သဘောထား၍ စောင့်ရှောက်မည်။ မေတ္တာပို့မည်။ ကုသိုလ်ပြုသမျှ အမျှဝေမည်။ ငါသည် သာသနာတော်၏အကျိုး၊ လောက၏ အကျိုးကို ဆောင်ရွက်ရန် ဤနေရာ ဤဒေသသို့ လာရောက်နေထိုင်ခြင်း ဖြစ်၏။ ကူညီဝိုင်းမ စောင့်ရှောက်ကြပါ' ဟူ၍ ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးသည် အထက်ပါကိစ္စငါးရပ်ကို နေ့စဉ်မလပ် ပြုလုပ်တော်မူရင်း မဟာမြိုင်တောကြီးအတွင်းဝယ် သမထဝိပဿနာ အကျင့်နှစ်ဖြာကို ဖြည့်ကျင့်ခဲ့ပေသည်။

## အရေးကြီးသောကိုယ်ခံ

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးသည် ၁၂၉၀-ပြည့်နှစ် တောထွက် လာချိန်မှစ၍ မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းတော်မူခဲ့သည်။ စီးဖြန်းရခြင်း၏ ပထမဆုံးအကြောင်းမှာ မိမိ၏ကိုယ်ခံအတွက်ဖြစ်သည်။ ဆရာတော် သည် အရည်ဝါသ် ကေစာရီ ဖြစ်တော်မူချိန်မှစ၍ 'ရက္ခ မူလသေနာသနံ' ဟူသော ဘုရားရှင်၏စကားတော်ကို မြေဝယ်မကျ နားဆင်ခဲ့သည်။ ထို့ကြောင့် သစ်တစ်ပင်ရိပ် ဝါးတစ်ရုံအောက်သာလျှင် ကျောင်းဖြစ်ခဲ့၏။

တောအနံ့ တောင်အနံ့ ရှိမြောင်ချိုင့်ဝှမ်းအနံ့တို့၌သာ အနေများသဖြင့် သားရဲတိရစ္ဆာန်တို့၏ အန္တရာယ်များမှာ အပြည့်။ ရက္ခစိုး ဘုမ္မစိုးစသည့် ဆိုင်ရာဆိုင်ရာ စတုမဟာရာဇ်တို့၏ အမှောင့် ပယောဂများမှာလည်း အချိန်မရွေးရှိ၏။ ဤသို့သော အန္တရာယ်ဆိုး ရန်စွယ်ဆိုးတို့မှ လွတ်ကင်းရန် အကောင်းဆုံးသောလက်နက်မှာ မေတ္တာ သာလျှင် ဖြစ်သောကြောင့်တည်း။

## မေတ္တာအငွေ့

မေတ္တာသည် အထက်မြက်ဆုံးလက်နက်ဖြစ်၏။ အကောင်းဆုံး အကာအကွယ်ဖြစ်၏။ အအေးတကာ့ အအေးဓာတ်ဖြစ်၏။ မေတ္တာ၏ အခိုးအငွေ့တို့ ခန္ဓာကိုယ်ဟွင်းသို့ ဝင်ရောက်လာသောအခါ ကိုယ်ရော စိတ်ပါ အေးငြိမ်းသွားပေတော့သည်။ တောင်လွှားခြင်း၊ တက်ကြွခြင်း၊ ခက်ထန်ခြင်း၊ မာကျောခြင်း၊ မကျေနပ်ခြင်းစသော အညစ်အကြေး အခိုးအငွေ့တို့သည် မေတ္တာအငွေ့နှင့်တွေ့ကြသောအခါ ပျက်ပြယ်လွင့်စင်၍ သွားကြတော့သည်။ ထိုအညစ်အကြေးတို့ကင်းစင်သဖြင့် စိတ်သည် သန့်စင်၏။ ကြည်လင်၏။ အေးမြ၏။ စိတ်ကြောင့်ဖြစ်ပေါ်နေသော စိတ္တဇရုပ်တို့သည်လည်း သန့်စင်၍ ကြည်လင်၍ အေးမြ၍ လာကြတော့၏။ မိမိ၏ကိုယ်နှင့်စိတ်တို့ အေးချမ်းသန့်စင်နေသောအခါ အပြင်အပ အန္တရာယ်တို့သည်လည်း ကင်းစင်သွားပေတော့သည်။

ဤသည်မှာ အရေးအကြီးဆုံးသော ကိုယ်ခံဖြစ်သည်။ ဆရာတော် ဘုရားကြီးသည် ဤသို့သော ကိုယ်ခံကို ရရှိရန်အတွက် ရွှေစက်တော် တစ်ဝိုက်၌ ကျင့်ကြံအားထုတ်စဉ်ကပင် မေတ္တာအလုပ်ကို အဓိကထူထောင်ခဲ့ပေသည်။

## ကျားကြောက် သူရဲကြောက်

စကားစပ်မိတိုင်း 'မင်းတို့မှာ ကျားကြောက် ဆင်ကြောက် သူရဲကြောက်နဲ့ကွာ။ ငါတောထဲမှာနေတုန်းက ဘာအဖော်မှလည်း မရှိပါဘူး။ ဘာကျောင်းမှလည်း မရှိပါဘူး။ ထန်းလက်မိုး ထန်းလက်ကာ လေးတိုင်စင်နဲ့နေခဲ့ရတာများတာပါပဲ။ မနက်လင်းတော့ ငါ့ပတ်ဝန်းကျင်မှာ ကျားခြေရာ၊ ကျားသစ်ခြေရာတွေ တွေ့နေတာပဲ' ဟု မိန့်ကြားတတ်ပေသည်။ လူထဲသူထဲမရောက်ဘဲ ဧကစာရီဘဝဖြင့် အားထုတ်ခဲ့ပုံကို ဤသို့ အမြွက်မျှသာ မိန့်ကြားလေ့ရှိသော်လည်း နောင် ဇာလီတောင်ဟု ထင်ထင်ရှားရှားဖြစ်လာသည့်အခါ၌ ဆရာတော်ကြီး မေတ္တာကမ္မဋ္ဌာန်းပေါက်ပုံများကို မကြာခဏတွေ့ရပါသည်။

## မြွေပတ်ခံရသော ကလေး

၁၉၇၀–ပြည့်လောက်ကဖြစ်၏။ တစ်ညနေ ရန်ကုန်မှ တပည့်တစ်စုနှင့် ဆရာတော်ကြီးတို့ ယခု ခြောက်ထပ်တိုက်ကျောင်းကြီးနှင့် ကပ်လျက်ရှိနေသည့် သဘော်ကျောင်း (သဘော်ပုံ နှစ်ထပ်တိုက်)၏ ညာဘက်ဘေးတွင်ထိုင်ကာ စကားပြောနေကြသည်။ ဆရာတော်က ပက်လက်ကုလားထိုင်ဖြင့်ထိုင်၍ တပည့်များက ဆရာတော့်ဘက် မျက်နှာမူကာ ဩဝါဒကို နာယူနေကြသည်။

ထိုအခိုက်တွင် မြွေစိမ်းတစ်ကောင်သည် တရုတ်အဘိုးကြီး၏ မြေးဖြစ်သူ မောင်ဇော်လွင်၏ ကိုယ်ပေါ်တက်ကာ ကိုယ်ကိုပတ်ထားသည်။ ရုတ်တရက်ဖြစ်၍ မည်သူမျှ အမှတ်မထားမိလိုက် ကြ။ မောင်ဇော်လွင်မှာ ၁၀–နှစ်ကျော်ကျော်သာ ရှိသေးသဖြင့် အကြောက်လွန်ကာ ဆတ်ဆတ်တုန်ပြီး ချွေးသီးချွေးပေါက်ကျနေသည်။ အသံပင် မထွက်နိုင်။ ဆရာတော်ကြီးက 'အေး.. အေး ငြိမ်ငြိမ်နေ။ သူ့ဟာသူ ဆင်းသွားမှာ

ပါကွာ’ဟုသာ မိန့်သည်။ ဆရာတော်ကြီး စကားအတိုင်း မြွေသည် အလိုအလျောက် ဆင်းသွားသည်။

တရုတ်အမျိုးသား အဘိုးကြီးမှာမူ မူလက ဗုဒ္ဓဘာသာဝင် မဟုတ်ပါ။ ဆရာတော်နှင့်တွေ့ခါမှ ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး ဘာသာရေးကို လေးလေးစားစား လုပ်ဖြစ်သွားသည်။ ၁၉၈၈– ခု ကွယ်လွန်သည်အထိ အင်္ဂလိပ်ဆေးကို မသောက်ပဲ ဆရာတော်ကြီး ချီးမြှင့်သည့် ဆေးများကိုသာ သောက်သည်အထိ လေးစားသွားသည်။ ၎င်းတို့ မြေးအဘိုးနှင့်အတူ ပါသွားသူ မိတ်ဆွေများအနက် ဦးစိုးသိန်း (ဘဏ်)မှာ သက်ရှိထင်ရှား ရှိနေဆဲဖြစ်သည်။

## တိရစ္ဆာန်နဲ့ တိုင်းတာကြည့်

‘မင်းတို့မေတ္တာဟာ ဘယ်လောက်အာနိသင်ရှိပြီလဲ။ သိချင်ရင် တိရစ္ဆာန်နဲ့ တိုင်းတာကြည့်။’ မေတ္တာ၏အစွမ်း မည်မျှ ထက်မြက်ပြီးသည်ကို သိရှိရန် စမ်းသပ်ဖို့ ဆရာတော်ကြီးက မိန့်ကြားခြင်း ဖြစ်ပါသည်။ မိမိပွားများသော မေတ္တာသည် မည်မျှလောက်သတ္တိ ရှိပြီနည်း။ တန်ခိုးရှိပြီနည်း။ မည်မျှ ကိုယ်ခံအားကောင်းပြီနည်း။ အကောင်ဆုံးသော စမ်းသပ်နည်းမှာ ဆရာတော်ဘုရားကြီး မိန့်ကြားသကဲ့သို့ တိရစ္ဆာန်တို့က မိမိအပေါ် တုန့်ပြန်သော အမူအရာကိုကြည့်၍ ဆုံးဖြတ်ခြင်းဖြစ်သည်။

## ဘုန်းတော်ကြီး ဦးသီလ

ရှေးဆရာတော်ကြီးတို့၏ အကြောင်းအရာများတွင်လည်း ဤသို့သော မေတ္တာအစွမ်းကို တွေ့ရပါသည်။ မဝေးသေးသောကာလက မြန်မာနိုင်ငံတွင် ရဟန္တာဟု နိုင်ငံတစ်ဝန်းထင်ရှားသော ဘုန်းတော်ကြီး ဦးသီလခေါ် ဆရာတော်ကြီး ရှိခဲ့သည်။ ဆရာတော်ကြီးကား သက်တော်ဝါတော် အလွန်ကြီးရင့်သောကာလတိုင် ဆရာတော်ဟူသော အမည်ကိုမခံ။ ဘုန်းတော်ကြီးဟုသာ အမည်ခံသည်။

*ဘုန်းတော်ကြီးဦးသီလသည်လည်း တောရ ပုဂ္ဂိုလ်ကြီးပင်ဖြစ်သည်။ တောတွင်ပျော်၍ တောတိရစ္ဆာန်တို့နှင့်သာ နီးစပ်သည်။ တစ်နေ့ ဆောင်းတွင်းကာလ ဘုန်းတော်ကြီးဦးသီလသည် ကပ္ပိယနှင့် မီးလှုံနေကြသည်။ တောတွင်းမှ ကျားသတ္တဝါသည်လည်း ဆောင်း၏ အအေးဓာတ်ကို ဖယ်ရှားရန် ဘုန်းတော်ကြီးတို့နှင့်အတူ လာရောက်မီးလှုံနေရင်း ပါးစပ်ပြဲ၍ အိပ်ပျော်နေသည်။ အကြောက်လွန်သော ကပ္ပိယသည် ကျားကြီးကို မီးစနှင့်ထိုးရန် စိတ်အကြံဖြစ်ပေါ်သည်။ ဤတွင် ကျားကြီးက ထ၍ ဟိန်းတော့သည်။ ဆရာတော်ကြီးက 'ဟဲ့ ကပ္ပိယ မပစ်မှားနဲ့၊ စိတ်ကို ကောင်းကောင်းထား'ဟု မိန့်တော်မူမှ ကျားကြီးငြိမ်သက်သွားသည်။ ဤဖြစ်ရပ်မျိုး ဘုန်းတော်ကြီးဦးသီလ ထေရုပ္ပတ္တိတွင် များစွာတွေ့ရပါသည်။

## မိုးညှင်းဆရာတော်

မိုးညှင်းဆရာတော်ကြီး ငယ်စဉ်ဘဝ တောရဆောက်တည်၍ ဝစီပိတ်ကျင့်နေစဉ်ကာလည်း ဤသို့ဖြစ်ရပ်မျိုးကို တွေ့ရသည်။ ဆရာတော်၏ တောရကျောင်းအနီးတွင် ကျေးငှက်တိရစ္ဆာန်တို့ ဝန်းရံနေသည်။ ဆရာတော် ဆွမ်းခံရွာမှ ပြန်လာချိန်ဖြစ်စေ၊ ညနေချမ်းဖြစ်စေ ကျေးငှက်များသည် ဆရာတော်အား အပေါင်းအသင်းသဖွယ် ဝိုင်းဝန်းယှဉ်ပါးနေကြောင်း ဖတ်ရှုရသည်။

ရှေးက မင်းပေးဘွဲ့တံဆိပ်ရ ဘုန်းတော်ကြီးကိုသာ ဆရာတော်ဟု 'တော်'ထည့်၍ ခေါ်၏။ မင်းပေးဘွဲ့တံဆိပ် မရပါမူ 'ဘုန်းကြီး၊ ဘုန်းတော်ကြီး'ဟုသာ ခေါ်ကြရိုး ရှိ၏။ ယခုကာလ၌ မင်းပေး ဘွဲ့တံဆိပ်ရရ၊ မရရ ဆရာတော်ဟု အတွင် ခေါ်ကြပြန်၏။

## ရတနာမာရ်အောင်ဆရာတော်

သက်ရှိထင်ရှားရှိနေသော ပြည်မြို့ ရတနာမာရ်အောင် တောရဆရာတော်ဘုရားကြီးသည်လည်း ဤသို့ မေတ္တာကမ္မဋ္ဌာန်းတွင် အထွတ်အထိပ်ရောက် ပေါက်မြောက်ပြီးပြီဟု ယူဆရပါသည်။ လွန်ခဲ့သော ဆယ်စုနှစ်အတွင်းက ဆရာတော်ကြီးတရားဟောနေစဉ် စာကလေးတစ်ကောင်သည် လက်ပေါ်တွင် နားနေပါသည်။ ဓာတ်ပုံပင် အရိုက်ခံလိုက်သေး၏။ မကြာခင်နှစ်အတွင်းကလည်း ဖိုင်းတစ်ကောင်သည် ဆရာတော်ဘုရားကြီးကိုယ်ပေါ် လာရောက်နားနေသည်။ ဓာတ်ပုံပင် အရိုက်ခံလိုက်သေး၏။ ဤစာကလေး ဤဖိုင်းသတ္တဝါမျိုး တို့မည်သည် လူနှင့်ယဉ်ပါးအောင် လုပ်မရသော သတ္တဝါများဖြစ်ပါလျက် အဘယ်ကြောင့် ဤသို့ လာရောက်ခိုနားနေကြသနည်း။ အရင်းစစ်သော် မေတ္တာ၏အငွေ့ မေတ္တာ၏အရှိန်ဟပ်ခြင်းပင်ဖြစ်သည်။

## ကျေးလေးတစ်ကောင်

ဓာလီဆရာတော်ကြီး၏ ဘဝတွင်လည်း ဤဖြစ်ရပ်မျိုးများ အနန္တ။ ၁၉၆၂–ခုတစ်ဝိုက်က ရန်ကုန်တက္ကသိုလ်မှ ကျောင်းသားလူငယ်များ ဆရာတော်ကြီးသီတင်းသုံးရာတောင်ပေါ်သို့ အရောက်အပေါက်များသည်။ ဆရာတော်ကြီးသည် ကလေးသူငယ်များအား အလွန်ဦးစားပေးသည်။ ကိုရင်တန်သည် ဒုလ္လဘရဟန်းတန်သည် ဝတ်ပေးသည်။ သူတို့ကို မပျော်ပျော်အောင်ထားသည်။ ဆုံးမသည်။ ပြုပြင်သည်။

တစ်နေ့ရန်ကုန်မှ ကလေးတစ်စုအား ကိုရင်ဝတ်ပေးသည်။ ထိုအစုတွင် ဆယ်ကျော်သက် ပေါက်စလေးများလည်း ပါဝင်သည်။ ထိုကိုရင်ကလေးများ တောင်ပေါ်ကျောင်းသို့ ရောက်သည်နှင့် ချက်ချင်းပင် ကျေးငှက်ကလေးတစ်ကောင် ရောက်လာသည်။ ဘယ်သူမှခေါ်လာခြင်း

မဟုတ်ပါ။ ခြေလက်အင်္ဂါ အစုံအလင်။ နှုတ်သီးနီနီ ကိုယ်ရောင်စိမ်းစိမ်း ကျေးငှက်လေးကိုမြင်ရသောအခါ ကိုရင်ပေါက်စတို့ ပျော်သွားသည်။ ငှက်ကလေးနှင့် ဆော့ကစားကြသည်။ ငှက်ကလေး ကလည်း မထိုး မဆိတ်။ ထိုကျေးလေးကား ကိုရင်များနှင့် တစ်လနီးပါး နေသွားသည်။ ကိုရင်များလူဝတ်လဲ၍ ရန်ကုန်ပြန်တော့မည့် တစ်ရက်အလို တွင်ကား အလိုအလျောက် ပျောက်သွားပါတော့သည်။ ဤသည်ကား ဇာလီ ဆရာတော်ဘုရားကြီး၏မေတ္တာစွမ်းအားပင် ဖြစ်ပါလိမ့်မည်။

## မဟာယာနဘုန်းတော်ကြီး

တစ်ခါကဟောင်ကောင်မှ မဟာယာန ဗုဒ္ဓဘာသာဝင် ဘုန်းတော်ကြီးတစ်ပါး တောင်ပေါ်သို့ ရောက်လာသည်။ ထိုဘုန်းတော်ကြီးမှာ မြန်မာ ပြည်အနှံ့ ဘုရားဖူးရင်း ထေရဝါဒသာသနာကိုလေ့လာရန်ဖြစ်၏။ ထို ဘုန်းတော်ကြီးသည် ဆရာတော်ကြီးအားတွေ့သောအခါ သူ ပုဂံ ရွှေစည်းခုံဘုရားသို့ ရောက်စဉ်က 'ဆရာကောင်းနှင့် တွေ့ပါရစေ'ဟု ဆုတောင်းခဲ့ကြောင်း လျှောက်သည်။ ယခု ထိုဆုတောင်းအတိုင်း ဆရာတော်နှင့် တွေ့ရသဖြင့် အလွန်ဝမ်းသာပါကြောင်း ပြောပြသည်။ ထို့နောက် ဆရာတော်ကြီးအား 'ကမ္ဘာငြိမ်းချမ်းရေးအတွက် ဘာအရေးကြီး ဆုံးပါလဲ' ဟု မေးမြန်းသည်။ ဆရာတော်က 'မေတ္တာသာ အရေးအကြီးဆုံး' ဟု ပြန်လည်မိန့်ကြားခဲ့သည်။

## မေတ္တာ၏ ထောက်တည်ရာ

ဇာလီတောင်ဆရာတော်ကြီးသည် အရညဝါသီ ဓုတင်္ဂဓာရီ ဘဝဖြင့် တောရဆောက်တည်သည့် အချိန်ကာလမှစတင်၍ ဓုတင်အကျင့်များကို အခေါင်အဖျားအထိ ကျင့်သုံးခဲ့ကြောင်းကို အခွင့်အခါရတိုင်း ဖော်ပြခဲ့

ပါသည်။ ထိုအကျင့်များသည် ရဟန်းမြတ်တို့ ကျင့်သုံးအပ်သော ၂၂၇ သွယ်သော သိက္ခာပုဒ်များကို အခြေခံသည့် အကျင့်များကို ပွတ်သစ်စ ခရသင်းပမာ ဖြူစင်စေသော အကျင့်များဖြစ်သည်သာမက သမထ၊ ဝိပဿနာနှစ်ဖြာ သောဘာဝနာအလုပ်ကို ကြိုးပမ်းအားထုတ် သူများအတွက် တွန်းအားပင် ဖြစ်သည်။ အဘယ်ကြောင့်ပါနည်း။

## ဓုတင်အကျင့်နှင့် မေတ္တာရှေ့ပြေးကိစ္စ

ဓုတင်အကျင့်များနှင့် မေတ္တာရှေ့ပြေးကိစ္စ (ဝါ) ရှေ့ပြေးအဖြစ် လိုအပ်သော အရည်အသွေးများသည် ဆက်နွယ်လျက် နေပါသည်။ ဥပမာအားဖြင့် သစ်တစ်ပင်ရင်း ဝါးတစ်ပင်ရိပ်ကို ကျောင်းအမှတ်ဖြင့် နေထိုင်ကျင့်သုံးရသော ရက္ခမူဓုတင်ဆောင်ပုဂ္ဂိုလ်သည် နေရာထိုင်ခင်း ကျောင်းသခ်မ်းနှင့် စပ်လျဉ်း၍ သီးသန့်ရှာဖွေ ဖန်တီးစရာ မလိုတော့ပါ။ မိမိ၏ နေထိုင်ရေးအတွက် မည်သည့် ဒကာ ဒကာမ၊ မည်သည့်အလှူ ရှင်ကိုမျှ တမ်းတ မျှော်လင့်စရာ မရှိတော့ပါ။

ခါးဝတ်သင်းပိုင်နှင့် ကိုယ်ရုံသင်္ကန်း၊ ဒုကုဋ်ခေါ် နှစ်ထပ်သင်္ကန်းကြီး၊ ပေါင်း သင်္ကန်းသုံးထည်ကိုသာဆောင်သည့် တိစီဝရိတ် ဓုတင်ဆောင် ပုဂ္ဂိုလ်အတွက် ဝတ်ရုံစရာ သင်္ကန်းနှင့်စပ်လျဉ်း၍ ပူပင်ကြောင့်ကြစရာ မရှိတော့ပါ။ အပူအအေး ရာသီဥတုနှင့်တကွ အရှက်အကြောက်ကို ဖုံး လွှမ်းစရာအဖြစ် သင်္ကန်းသုံးထည်ဖြင့်သာ မျှတရတော့သည်။ အခြား ဘာကိုမျှ လိုချင်တပ်မက်၍ မဖြစ်ပါ။

တစ်ထပ်တည်းသောဆွမ်းကိုသာ စားသုံးရသည့် ဧကာသနိက် ဓုတင်ဆောင်ပုဂ္ဂိုလ်အဖို့ ရလာသမျှ ဆွမ်းဘောဇဉ်အာဟာရတို့ကို အချဉ်အငံ အဖန်အစပ် မခွဲခြားဘဲ တစ်သပိတ်တည်းမှာ ထည့်သွင်း၍ သုံးဆောင်ရသည့် ပတ္တပိဏ် ဓုတင်ဆောင် ပုဂ္ဂိုလ်အဖို့ စားသောက်ရေး အတွက် ပူပင်ခြင်း၊ ကြောင့်ကျခြင်းမရှိ၊ အေးငြိမ်းလှပေသည်။

ဤသို့စသည်ဖြင့် မှတ်တင် ၁၃–ပါး အကျင့်များကြောင့် ရအပ်သည့် အကျိုးအာနိသင်များသည် မေတ္တသုတ်တွင် ဘုရားရှင် ဟောကြားထားအပ် သောမေတ္တာရှေ့ပြေးအကျင့်များနှင့် ကိုက်ညီလျက် နေပါသည်။

ဥပမာဆောင်ရသော် မေတ္တသုတ်၌ ဖော်ပြထားသော သန္တုဿကခေါ် ရသမျှနှင့် ရောင့်ရဲတင်းတိမ်ရခြင်း ဂုဏ်နှင့်ပြည့်စုံပါသည်။ သုဘရခေါ် မွေးမြူလွယ်ခြင်း (ဝါ) ဗိဇာမကြောင်ခြင်း ဂုဏ်နှင့်လည်း ပြည့်စုံပါသည်။ အပ္ပကိစ္စခေါ် အမှုကိစ္စနည်းပါးခြင်း ဂုဏ်နှင့် ပြည့်စုံပါသည်။ သလ္လဟုက ဝုတ္တိခေါ် အတောင်သာ ဝန်ထုပ်ဝန်ပိုးရှိသော ငှက်ပမာ တွယ်ရာမဲ့ နှောင်ကြိုးမဲ့ ဂုဏ်အင်္ဂါနှင့်လည်း ပြည့်ဝကု လုံပါတော့သည်။

ထို့ကြောင့်ပင် ဇာလီတောင်ဆရာတော်ကြီးသည် မိမိလုပ် ဆောင်ရမည့် မေတ္တာကမ္မဋ္ဌာန်းနှင့် အခြားအခြားသော ကမ္မဋ္ဌာန်းများ၏ အခြေခံဖြစ်သော မှတ်တင်အကျင့်များကို စွဲစွဲမြဲမြဲပြင်းပြင်းထန်ထန် ကျင့်ကြံ အားထုတ်ခဲ့ခြင်း ဖြစ်ပေသည်။

## မေတ္တာ၏ ရှေ့ပြေးလိုအပ်ချက်များ

ဤအကျင့်များကို မေတ္တသုတ်၌ ဘုရားရှင် ဟောကြားတော်မူထား ပါသည်။ ဤဟောကြားချက်များသည် သမထ ဘာဝနာအတွက် ဖြစ်စေ၊ ဝိပဿနာဘာဝနာ အတွက်ဖြစ်စေ လိုအပ်သောအချက်များ ဖြစ်ပါသည်။ ယင်းတို့အနက် အချို့တစ်ဝက်မှ မပြည့်စုံပါလျှင် မည်သည့်ဘာဝနာမျိုးမှ ထိထိရောက်ရောက် ထွန်းထွန်းပေါက်ပေါက် ဖြစ်မည် မဟုတ်ပါချေ။ ယင်းတို့မှာ–

၁။ သက္ကော=မိမိ အားထုတ်မည့် ကမ္မဋ္ဌာန်းနှင့် စပ်လျဉ်းသည့် ကိစ္စမှန်သမျှ စွမ်းစွမ်းတ လုပ်ဆောင်နိုင်စွမ်းရှိခြင်း၊ ယုံကြည်မှုစွမ်းအား နှင့် ပြည့်စုံခြင်း။

၂။ ဥဇူ၊ သုဟုဇူ=ဖုံးကွယ်ခြင်း၊ ဟန်ဆောင်ခြင်းမရှိ ဖြောင့်မတ်သော ကိုယ်နှုတ်ရှိသူဖြစ်ခြင်း။

၃။ သုဝစော=ဆိုဆုံးမလွယ်သူ၊ နာခံတတ်သူဖြစ်ခြင်း၊ ဆရာသမား၏ နည်းညွှန်လမ်းပြမှုအတိုင်း နာယူတတ်သူဖြစ်ခြင်း။

၄။ မုဒု=ကိုယ်အမူအရာ၊ နှုတ်အမူအရာ နူးညံ့ပျော့ပျောင်းခြင်း၊ မျက်နှာရွှင်ပြနှုတ်ချိုမြ၍ သာယာညွတ်ပျောင်းသည့် အနေအထားရှိခြင်း။

၅။ အနတိမာနီ=ထောင်လွှားတက်ကြွခြင်း မရှိ၊ မာန်မာနကို နှိမ်ချထားသူဖြစ်ခြင်း၊ မာန်မာနကို ဖယ်ရှားထားသဖြင့် ကြီးသူအပေါ် လေးစားခြင်း၊ ငယ်သူများကို ညှာတာခြင်း စသည်ဖြင့် မေတ္တာ၏သဘောများ စိမ့်ဝင်လျက်ရှိခြင်း။

၆။ သန္တုဿကော=ရောင့်ရဲတင်းတိမ်သူဖြစ်ရခြင်း၊ အထက်ကဖော်ပြပြီးခဲ့သည့် ဓုတင်အကျင့်များတွင် ပါဝင်သည့်အတိုင်း ရောင့်ရဲတင်းတိမ်၍ ခြိုးခြံသောဘဝဖြင့် နေထိုင်ကျင့်သုံးခြင်း။

၇။ သုဘရ=မိမိကိုယ်ကို မွေးမြူလွယ်ခြင်း၊ ရသမျှနှင့် ရောင့်ရဲတင်းတိမ်နိုင်သဖြင့် အချိုရ အချဉ်လို၊ အငန်ရ အပေါ့ကိုတောင့်တခြင်း စသည်ဖြင့် ဇိဇာကြောင်သူ မဖြစ်ခြင်း။

၈။ အပ္ပကိစ္စ=အမှုကိစ္စ နည်းပါးခြင်း၊ ရဟန်းဖြစ်စေ၊ လူဝတ်ကြောင်ဖြစ်စေ လောက၌ လူဟူသည့် ရှုတ်ထွေးပွေလီ ကိစ္စများမြောင်လှပါသည်။ ထိုကိစ္စများ ရှိနေသေးသရွေ့ မေတ္တာစသည့် ကမ္မဋ္ဌာန်းတရားအားထုတ်ဖို့ ခက်ခဲလှပါသည်။ သို့ဖြစ်၍ ကိစ္စများမြောင်ကိုရှောင်ရှားခြင်း ဉာဏ်ရှိသူဖြစ်ခြင်း။

၉။ သလ္လဟုကဝုတ္တိ=ပေါ့ပါးသော အဖြစ်ရှိခြင်း၊ ကျေးငှက်တို့တွင် အတောင်သာလျှင် ဝန်ထုပ်ဝန်ပိုးရှိ၏။ အတောင်မှတပါး အခြားသယ်စရာ ပိုးစရာ ဝန်ဟူ၍ မရှိပါချေ။ တရားဘာဝနာအားထုတ်မည့်

ယောဂီအတွက် အခြားပုဂ္ဂိုလ်များကဲ့သို့ ထိန်းသိမ်းရ၊ စောင့်ရှောက်ရ၊ ပွပန်ရသည့် အသုံးအဆောင်ဟူသမျှ မရှိခြင်းသည် အကောင်းဆုံး ဖြစ်ပါသည်။ ထို့ကြောင့် အသုံးအဆောင် ဝန်ထုပ်ဝန်ပိုး ကင်းစင်ရပါမည်။ တိစိဝရိတ် မုတင်ဆောင်ပုဂ္ဂိုလ်သည် သက်န်းသုံးထည်၊ ပရိက္ခရာ ရှစ်ပါးမှတစ်ပါး အခြားဝန်ဆောင်စရာ ဘာမျှမရှိတော့သဖြင့် ဤဂုဏ် အင်္ဂါနှင့် လွန်စွာကိုက်ညီပါသည်။

၁၀။ သန္တိန္ဒြိယ=တည်ငြိမ်အေးချမ်းသော ဣန္ဒြေရှိခြင်း ဖြစ်သည်။ မိမိ၏ ဣန္ဒြေဟု ဆိုအပ်သော မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဟူသော ဣန္ဒြေခြောက်ပါး၊ တံခါးခြောက်ပေါက်တို့ကို ထိန်းသိမ်းစောင့် စည်းခြင်း ဖြစ်ပါသည်။ ဤသို့ မထိန်းသိမ်း မစောင့်ရှောက်ဘဲ မျက်စိ အာရုံနှင့် ပတ်သက်၍ ကျိုးကန်း တောင်းမှောက်ထားသည့်ပမာ ဟိုကြည့် သည်ကြည့် လျှပ်ပေါ်သော အမူအရာရှိခြင်း။ နားအာရုံနှင့်ပတ်သက်၍ တောသမင်သည် မုဆိုး၏ဘေးမှ ပြေးထွက်နေစဉ်ကဲ့သို့ တုန်လှုပ်ခြောက် ခြား မှောက်မှားမဟတ် လွင့်ပါးမှုမရှိခြင်း စသည်တို့သည် သန္တိန္ဒြိယခေါ် မိမိဣန္ဒြေကို မထိန်းသိမ်းခြင်း ဖြစ်ပါသည်။ ယင်းသည်ပင် မေတ္တာစသည့် ဘာဝနာဖြစ်ကြောင်း ရှေ့ပြေးကိစ္စတစ်ခု ဖြစ်ပါသည်။

ဤသို့ စသည်ဖြင့် မေတ္တာ၏ ရှေ့ပြေးအကျင့်များ (မေတ္တာ ပုဗ္ဗ ဘာဂ ပဋိပဒါ) ကို မေတ္တသုတ်၌ ဘုရားရှင် ဟောကြားထားပါသည်။ ထိုအကျင့်များ၏အချုပ်ကား 'ပညာရှိတို့ ကဲ့ရဲ့စရာ အသေးအမွှား ဒုစရိုက်မှုမျိုးကိုပင် မပြုလုပ်ခြင်း' ဖြစ်ပါသည်။ ယင်းကို ဘုရားရှင်က 'န စ ခုဒ္ဒမာစရေ ကိဉ္စိ၊ ယေန ဝိညူပရေ ဥပဝဒေယျုံ' ဟူ၍ ဟောထားပါသည်။ တစ်စုံတစ်ခုသော ပြစ်မှုကို ကျော်နင်းကျူးဖောက် မည်ကြံတိုင်း ဤစကားလေးကို နှုတ်မှရွတ်ဆိုနေသင့်ပါသည်။ 'နစခုဒ္ဒမာ စရေကိဉ္စိ၊ ယေန ဝိညူ ပရေ ဥပဝဒေယျုံ' ဖြစ်၏။ ပါဠိမသန်

မြန်မာသက်သက် တတ်သူများကလည်း မြန်မာအနက်ကို မှတ်သား၍ ပါဠိဥဒါန်းကလေးကို ကျူးရင့်နေသင့်ပါသည်။

ဤစကား ဝါကျ ၊လေးကို သတိရတိုင်း ရွတ်ဆိုနေတိုင်း မည်သို့သော အကုသိုလ်အသေးအဖွဲ့ အသေးအမွှားကိုမျှ ကျူးလွန်ဖောက်ဖျက်ဝံ့မည် မဟုတ်ပါချေ။ ထိုအခါ ထိုသူ့သန္တာန်၌ မေတ္တာမပွားသော်လည်း မေတ္တာစိတ်တွေ ထပ်တလဲလဲ ပေါ်ပေါက်လာမည်မှာ မလွဲပါပေ။

## ပစ်မှတ်ကိုရောက်အောင်ပို့

မေတ္တာပို့ခြင်းနှင့် စပ်လျဉ်း၍ ဆရာတော်ဘုရားကြီး၏ လက်သုံးစကားမှာ 'ပစ်မှတ်ကို ရောက်အောင်ပို့' ဟူသော ဩဝါဒဖြစ်ပါသည်။ မိမိပို့လိုသော မေတ္တာဓာတ်ကို ကာယကံရှင်အပေါ် ကျရောက်အောင် ပို့ဖို့ကား အပြောလွယ်သလောက် အလုပ်ခက်ပါသည်။ တော်ရုံတန်ရုံ တော်စွ လျော်စွ သမာဓိစွမ်းအားဖြင့် မေတ္တာကို ပစ်မှတ်သို့ ရောက်အောင် ပို့နိုင်မည်မဟုတ်ပါချေ။

## နာဠာဂီရိဆင်နှင့်ဘုရားရှင်

နာဠာဂီရိဆင်သည် အရက်သေစာမူးယစ်၍ ဘုရားရှင်အား သတ်ဖြတ်ရန် ပြေးဝင်လာပါသည်။ ဤအခိုက်အတန့်အတွင်း နာဠာဂီရိဆင်အပေါ် ဘုရားရှင် ပစ်လွှတ်လိုက်သော မေတ္တာအရှိန်ကား မည်မျှကြီးမားမည်နည်း။ သတ္တဝါအနန္တတို့ အပေါ်တွင် ဖြန့်ကျက်ထားသော အနန္တမေတ္တာ (ဝါ) အပ္ပမညာ မေတ္တာဓာတ်ကြီးကို နာဠာဂီရိတစ်ဦးတည်းဆီသို့ တဟုန်ထိုး ပစ်လွှတ်လိုက်ခြင်း ဖြစ်မည်ဟု ထင်ပါသည်။ ဥပမာအားဖြင့် အလွန် အားကောင်းသော မီးဆလိုက်ကြီးဖြင့် ပတ်ဝန်းကျင်တစ်ခွင်တပြင်ကို ဖြန့်ကျက်ပြီး ထိုးထားရာမှ မြင်ကွင်းတစ်ခုအတွင်းသို့ စူးစူးစိုက်စိုက်

ထိုးလိုက်သည်နှင့် တူပါသည်။ ဤကား ပစ်မှတ်ကိုရောက်အောင် ပို့ခြင်းပင် ဖြစ်ပါသည်။

## လက်တွေ့ဘဝ

ဇာလီတောင်ဆရာတော်ဘုရားကြီးသည် မေတ္တာစွမ်းအားကို ပစ်မှတ်သို့ ရောက်အောင် ပို့ခြင်းဖြင့် သတ္တဝါတို့အား ကယ်ဆယ်ခဲ့မှုပေါင်းများလှပါပြီ။ ဤအဖြစ်ကို မြွေပတ်ခံရသော ကလေးအကြောင်းဖြင့် တင်ပြခဲ့ပါသည်။ ဇာလီတောင် ဆရာတော် တပည့်တစ်ဦးအား ကယ်ဆယ်ခြင်းအကြောင်းဖြင့်လည်း တစ်စိတ်တစ်ဒေသ ဖော်ပြခဲ့ပြီးပါသည်။ ထိုဆောင်းပါးတွင် ထိုအချိန်က ဆရာတော်ဘုရားကြီးက မျက်နှာပေါ်တွင် တွေ့ရှိရသော ပုံရိပ်ဖြင့် အပ္ပမညာမေတ္တာ၏ သဘောရိပ်ကို ဖော်ပြခဲ့ပါသည်။ ထိုအပ္ပမညာမေတ္တာကား ပစ်မှတ်ကို ရောက်အောင် ပို့ပေးခြင်း၏ အခြေခံအုတ်မြစ်ကြီးပင် ဖြစ်ပါသည်။ ထိုအုတ်မြစ်ကြီးကား အဘယ်ပါနည်း?။

## ငါးရာနှစ်ဆယ့်ရှစ်သွယ်မေတ္တာ

မေတ္တာတရားကို ဘယ်လိုပင်ပွားပွား ငါးရာ့နှစ်ဆယ့်ရှစ်သွယ်သော အခြေခံတွင် အကြုံးဝင်ပါသည်။ ယင်းကား အခြေခံဖြစ်၏။ အုတ်မြစ်ဖြစ်၏။ ဤအခြေခံအုတ်မြစ်ပေါ်တွင် ရပ်တည်ပြီးမှ လိုသော မေတ္တာဓာတ်ကို လွှတ်ပါလျှင် အစွမ်းအထက်ဆုံး ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် ငါးရာနှစ်ဆယ့်ရှစ်သွယ်သော မေတ္တာကို တစ်လှာချင်း ဖော် ပြပါမည်။

## အနောဓိသမေတ္တာ ငါးပါး

မည်သူ့ကိုမျှ ပုဂ္ဂလိက မရည်စူးဘဲ သတ္တဝါအားလုံးတို့အပေါ် အာရုံစူးစိုက်၍ ပို့လွှတ်သော မေတ္တာကို အနောဓိသ မေတ္တာဟု ခေါ်ပါ

သည်။ မိမိအာရုံရောက်ရမည့် သတ္တဝါအမျိုးအစားတို့ကို ဤသို့ အသေးစိတ်ခွဲပါသည်။ ခွဲရခြင်းအကြောင်းမှာ စိတ်အာရုံပို၍ ရောက်စေရန် ဖြစ်ပါသည်။

၁။ သဗ္ဗေ သတ္တာ = အလုံးစုံသော သတ္တဝါတို့သည်
၂။ သဗ္ဗေ ပါဏာ = အလုံးစုံသော အသက်ရှုသူမှန်သမျှ သည်
၃။ သဗ္ဗေ ဘူတာ = အလုံးစုံသော ထင်ရှားဖြစ်သူတို့သည်
၄။ သဗ္ဗေ ပုဂ္ဂလာ = အလုံးစုံသော ပုဂ္ဂိုလ်တို့သည်
၅။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ=အလုံးစုံသော ကိုယ်ခန္ဓာရှိသူတို့သည်

ဤငါးပါးတို့ကို စိတ်ရောနှုတ်ပါ ထပ်တလဲလဲ ရွတ်ဆိုပွားများ၍ စိတ်မှ ဆင်ခြင်နေပါ။ ပါဠိ အနက်ထင်ကာ စိတ်အာရုံတွင် ပေါ်လာသည်အထိ လေ့လာပါ။ ပွားများပါ။ ဤသို့ အနက် အဓိပ္ပာယ် မှတ်သားဆင်ခြင်မိပြီးမှ အဝေရာဟောန္တု စသည်ဖြင့် ဆက်လက်ပွားများ ရပါမည်။ ယခု အနက်အဓိပ္ပာယ်မျှကိုသာ မှတ်သားထားပါဦး။ အလေ့အထရပြီးလျှင် ဒုတိယမေတ္တာအမျိုးအစားဖြစ်သည့် ဩဓိသမေတ္တာကို ဆက်လက်မှတ်သားသင့်ပါသည်။

**ဩဓိသမေတ္တာခုနစ်ပါး**

ဩဓိသမေတ္တာဆိုသည်မှာ ယောကျ်ား၊ မိန်းမ၊ လူ၊ နတ်၊ ဗြဟ္မာ စသည်ဖြင့် ရည်ညွှန်း၍ပို့သော မေတ္တာဖြစ်ပါသည်။

၁။ သဗ္ဗာ ဣတ္ထိယော = အလုံးစုံသော အမ(သတ္တဝါ)တို့သည်
၂။ သဗ္ဗေ ပုရိသာ = အလုံးစုံသောအထီး (သတ္တဝါ)တို့သည်

၃။ သဗ္ဗေ အရိယာ = အလုံးစုံသော အရိယာတို့ သည်
၄။ သဗ္ဗေ အနရိယာ = အလုံးစုံသော ပုထုဇဉ်တို့ သည်
၅။ သဗ္ဗေ ဒေဝါ = အလုံးစုံသော နတ်တို့သည်
၆။ သဗ္ဗေ မနုဿာ = အလုံးစုံသော လူတို့သည်
၇။ သဗ္ဗေ ဝိနိပါတိကာ = အလုံးစုံသော အပါယ်ဘုံသား တို့သည်

### ပွားနည်းလေးပါး

ယခု အနောဓိသမေတ္တာ ငါးပါး၊ ဩဓိသမေတ္တာ ခုနစ်ပါး၊ ပေါင်း ၁၂–ပါးကို အခြေခံအဖြစ် ဖော်ပြခဲ့ပါသည်။ ယင်း ၁၂–ပါးကို အောက်ပါ '–န္တု' လေးပါးဖြင့် ပွားများရပါသည်။

၁။ အဝေရာ ဟောန္တု = ဘေးရန်ကင်းကြပါစေ။
၂။ အဗျာပဇ္ဈာ ဟောန္တု = စိတ်ဆင်းရဲခြင်း ကင်းကြပါစေ။
၃။ အနီဃာ ဟောန္တု = ကိုယ်ဆင်းရဲခြင်း ကင်းကြပါစေ။
၄။ သုခီ အတ္တာနံ ပရိဟရန္တု= မိမိတို့ ခန္ဓာဝန်ကို ချမ်းသာ လွယ်ကူစွာ ဆောင်နိုင်ကြပါစေ။

မေတ္တာတစ်ပါးစီကို ဤလေးချက်ဖြင့် ပွားရပါသည်။ ဥပမာ– 'သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု၊ အဗျာ ပဇ္ဈာ ဟောန္တု၊ အနီဃာဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု' ဟူ၍ ပြည့်စုံစွာ ပွားများရပါသည်။ အရေးအကြီးဆုံးမှာ ပါဠိအနက်ကိုသာမက မိမိ၏ စိတ်ဓာတ်ကိုပါ ညွတ်နူးအောင် ပြုပြင်ကာ တကယ့်မေတ္တာဖြစ်အောင် ပို့ဆောင်ခြင်း ဖြစ်ပါသည်။

ဤသို့ 'သဗ္ဗေ သတ္တာ' ပြီးလျှင် 'သဗ္ဗေ ပါဏာ အဝေရာ ဟောန္တု' စသည်ဖြင့် ဆက်ပို့နိုင်ပါသည်။ ဤနည်းသည် ပါဠိဘာသာနှင့် နီးစပ်သူများအတွက် အလွန် သမာဓိရလွယ်စေသည့် နည်းဖြစ်ပါသည်။

ယခုအခါ အနောဓိသမေတ္တာတွင် အထက်ပါ သတ္တဝါငါးမျိုးနှင့် ပွားပုံ လေးပါး (၅x၄) ၂၀ ပွားများပြီး ဖြစ်ပါသည်။ ဩဓိသမေတ္တာတွင် သတ္တဝါ ခုနစ်မျိုးနှင့် ပွားပုံ လေးပါး၊ ပေါင်း (၇x၄) ၂၈– ပါး ရှိသွားပါပြီ။ ထို့ကြောင့် မေတ္တာအဆင့် နှစ်ရပ်ပေါင်းလျှင် ၄၈–ပါးပွားများပြီး ပြီဟု မှတ်ယူနိုင်ပါသည်။ ပွားများရာတွင် ကိန်းဂဏန်းကို လုံးဝ အမှတ် အသားမပြုဘဲ 'သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု' မှ စတင်၍ တစ် ကဏ္ဍပြီး တစ်ကဏ္ဍ ပွားများရန် လိုပါသည်။

### အရပ်ဆယ်ပါး

ယခု ဖော်ပြခဲ့ပြီးသည့် မေတ္တာပွားနည်း ၄၈– ပါးကို ဒိသာဖရဏ မေတ္တာဖြစ်စေရန် အရပ် ၁၀–မျက်နှာအလိုက် ပွားများရပါသည်။ ထို့ကြောင့် အရပ်မျက်နှာတို့ကို ပါဠိအလိုက် ဆက်လက်မှတ်သားသင့်ပါ သည်။

| | | |
|---|---|---|
| ၁။ | ပုရတ္ထိမာယ ဒိသာယ | = အရှေ့အရပ်၌ |
| ၂။ | ပစ္ဆိမာယ ဒိသာယ | = အနောက်အရပ်၌ |
| ၃။ | ဥတ္တရာယ ဒိသာယ | = မြောက်အရပ်၌ |
| ၄။ | ဒက္ခိဏာယ ဒိသာယ | = တောင်အရပ်၌ |
| ၅။ | ပုရတ္ထိမာယ အနုဒိသာယ | = အရှေ့တောင်အရပ်၌ |
| ၆။ | ပစ္ဆိမာယ အနုဒိသာယ | = အနောက်မြောက် အရပ်၌ |
| ၇။ | ဥတ္တရာယအနုဒိသာယ | = အရှေ့မြောက်အရပ်၌ |
| ၈။ | ဒက္ခိဏာယ အနုဒိသာယ | = အနောက်တောင်အရပ်၌ |

၉။ ဟေဋ္ဌိမာယ ဒိသာယ = အောက်အရပ်၌
၁၀။ ဥပရိမာယ ဒိသာယ = အထက်အရပ်၌

## အပြည့်အစုံပို့နည်း

ဤသို့ အရပ်မျက်နှာတို့၏ အခေါ်အဝေါ်ကို မှတ်သားမိပြီဆိုပါက အောက်ပါအတိုင်း အမှတ်စဉ်(၁)မှစ၍ အပြည့်အစုံပို့၍ ရပါပြီ။ ဥပမာ–

'ပုရတ္ထိမာယ ဒိသာယ သဗ္ဗေသတ္တာ အဝေရာဟောန္တု၊ အဗျာပဇ္ဈာဟောန္တု၊ အနီဃာဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု' ဟု ပါဠိလို ပို့နိုင်ပါသည်။ မြန်မာလို–'အရှေ့အရပ်၌ ရှိကြသော သတ္တဝါအားလုံး ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းပါစေ၊ ကိုယ်ဆင်းရဲကင်းပါစေ၊ မိမိတို့ ခန္ဓာဝန်ကို ချမ်းသာလွယ်ကူစွာ ဆောင်နိုင်ကြပါစေ' ဟူ၍လည်း ပို့နိုင်ပါသည်။

ဤသို့ တပြည်းပြည်း အစဉ်အတိုင်း အရပ်ဆယ်မျက်နှာသို့ ပို့လွှတ်လိုက်သောအခါ မေတ္တာပွားနည်းပေါင်း (၄၈x၁၀) = ၄၈၀ ဖြစ်သွားပါသည်။ ယင်း ၄၈၀ ကိုပင် မူလမေတ္တာပွားနည်း ၄၈ ထပ်ပေါင်းလျှင် (၄၈၀x၄၈)= ၅၂၈ သွယ် ဖြစ်ပါသည်။

## ကြီးမားသော မေတ္တာထု

အထက်ပါ မေတ္တာပို့နည်းများသည် အတိုင်းအတာမရှိ ကျယ်ပြန့်လှသည့် သတ္တဝါတို့ အပေါ် ရည်စူး၍ ပို့လွှတ်သော မေတ္တာဖြစ်သဖြင့် အဘိဓမ္မာ သဘောအရ 'အပ္ပမညာ မေတ္တာ' ဟု ခေါ်ရပါမည်။ အမှန်မှာ ကြီးမားသော မေတ္တာထုထည် ပမာဏဖြစ်ပါသည်။ ဤမျှ အင်အားကြီးမားသော မေတ္တာကို တည်ဆောက်ထားမှသာလျှင် လိုအပ်သောအခါ၌ လိုအပ်သလို အကျဉ်းချုံး၍ ပို့လွှတ်နိုင်သော မေတ္တာဖြစ်ပါလိမ့်မည်။

ပုဂ္ဂိုလ်မရွေး၊ လူတန်းစားမရွေး၊ ကျားမ မရွေး အရေးကြုံလျှင် ကြုံသလို ပို့လွှတ်နိုင် သော အားကောင်းသည့် မေတ္တာဖြစ်ပါလိမ့်မည်။ နာဠာဂိရိဆင်အား ဘုရားရှင်လွှတ်ပို့သည့် မေတ္တာဓာတ်အလား စွမ်းအား ကောင်းသော မေတ္တာ ဖြစ်ပါလိမ့်မည်။

ဖာလီတောင် ဆရာတော်ဘုရားကြီးသည် မေတ္တာဘာဝနာနှင့် ပတ်သက်၍ ပုဂ္ဂိုလ်၏ အလိုဆန္ဒ အားလျော်စွာ အကျဉ်းမျှ နည်းပေးလေ့ ရှိပေသည်။

## အတ္တ, ပိယ၊ မဇ္ဈဝေရီ

မေတ္တာဘာဝနာနှင့် ပတ်သက်၍ အချို့သော တပည့်တို့အား '၅၂၈– ပွားပေါ့ကွာ၊ နည်းရှိသားပဲ' ဟု သာမန်မျှ မိန့်ကြားတတ်သကဲ့ သို့၊ 'အတ္တ, ပိယ၊ မဇ္ဈ, ဝေရီ လေးချက်နဲ့သာ လုပ်လိုက်စမ်းပါကွာ၊ တကယ်ဖြစ်ပါတယ်' ဟူ၍လည်း မိန့်ကြားတတ်ပါသည်။ ဆရာတော် ကြီးသည် ဤမေတ္တာပွားနည်း နှစ်မျိုးစလုံးကိုပင် ထိထိရောက်ရောက် ပေါက်မြောက်ခဲ့သည်ဟု မှတ်ယူနိုင်သည့် အထောက်အထားများကို ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ယခု ဆရာတော်ကြီး မိန့်တော်မူသ ည့် 'အတ္တ, ပိယ၊ မဇ္ဈ, ဝေရီ' ဟူသော မေတ္တာဘာဝနာလေးချက်ကို ဖော်ပြပါမည်။ ကျမ်းဂန် များ၌ မေတ္တာစတင်၍ မပွားသင့်သူ၊ မေတ္တာလုံးဝမပွားထိုက်သူတို့ကို ဆက်ဖော် ပြထားပါသည်။ ယင်းတို့ကို မဖော်ပြတော့ဘဲ လိုရင်းမျှဖြစ်သည့် မေတ္တာ စတင်ပွားရမည့် ပုဂ္ဂိုလ်၊ မေတ္တာပွားပုံတို့ကိုသာ ဖော်ပြသွားပါမည်။

## ပထမဆုံး မေတ္တာပွားရမည့်သူ

မေတ္တာ ဘယ်သူ့ကို စတင်ပွားမည်နည်း?။ ဤမေးခွန်းမှာ အရေး အကြီးဆုံး မေးထိုက်သည့် မေးခွန်းပင် ဖြစ်ပါသည်။ မေတ္တာကို

အနီးဆုံး စတင်ပွားများရမည့်သူမှာ မိမိကိုယ်(အတ္တ) သာ ဖြစ်ပါသည်။ အဘယ်ကြောင့်ပါနည်း?။

လောကတွင် မိမိကိုယ်ကိုသာ အချစ်ဆုံးဖြစ်ပါ သည်။ မိမိကိုယ်ထက်ပို၍ ချစ်သောသူမရှိဟု ရိုးသားစွာ ဝန်ခံရမည်သာ ဖြစ်ပါသည်။ ကောသလမင်းကြီးက မလ္လိကာမိဖုရားကြီးအား 'ဘယ်သူ့ကို အချစ်ဆုံးလဲ' ဟု မေးဖူးပါသည်။ မိဖုရားကြီးက 'ကိုယ့်ကိုယ်ကို အချစ်ဆုံးပေါ့' ဟု ပြန်ပြောသောအခါ ဘုရင်ကြီးက မကြိုက်။ ဘုရားရှင်ထံ သွားရောက်လျှောက်ထားမှ 'သတ္တဝါမှန်သမျှ မိမိကိုယ်ကိုသာ အချစ်ဆုံး' ဟု မိန့်ကြားသဖြင့် ကျေနပ်နှစ်သက်သွားပါသည်။ (ကောသလသံယုတ်၊ ပိယသုတ်)

ထို့ကြောင့် လောကတွင် အချစ်ဆုံးဖြစ်သည့် မိမိကိုယ်က စတင်၍ မေတ္တာပွားရပါမည်။ မိမိကိုယ်သာ အချစ်ဆုံးဖြစ်သဖြင့် အခြားသူများကို မချစ်ရဟု မဆိုလိုပါ။ အခြားသူများကိုလည်း မိမိနှင့် တန်းတူထား၍ ချစ်ရပါမည်။ မိမိကိုယ်ကိုသာ သက်သေတည်ခြင်း ဖြစ်သည်။ မိမိချမ်းသာချင်သကဲ့သို့ သူတစ်ပါးတို့လည်း ချမ်းသာလိုကြလိမ့်မည်။ မိမိဘေးဒုက္ခမရောက်ချင် သကဲ့သို့ သတ္တဝါမှန်သမျှသည်လည်း ဘေးအန္တရာယ်အဝဝမှ လွတ်မြောက် လိုကြပေလိမ့်မည်။ ဤသို့သော မှန်မြတ်သည့်ဆန္ဒဖြင့် မိမိကိုယ်မှ စတင်၍ မေတ္တာပွားခြင်း ဖြစ်ပါသည်။

ဘယ်သူတွေတွေ တွေမာပြီးရော စိတ်ထားမျိုးကား မေတ္တာဘာဝနာနှင့် လားလားမျှ မပတ်သက်သဖြင့် မေတ္တာဖြစ်ရန် ဝေးစွ၊ ယုတ်ညံ့သော စိတ်ဓာတ်သာလျှင် ဖြစ်ပါသည်။ သို့ဖြစ်၍ ငါချမ်းသာရပါလို၏ဟု အနှစ်တစ်ရာ အနှစ်တစ်ထောင် ကိုယ့်ကိုယ်ကိုသာ မေတ္တာပို့နေလျှင် အပွနာ မဖြစ်။ ငါသည် ချမ်းသာလိုလားသကဲ့သို့၊ ဆင်းရဲကို မလိုလားသကဲ့သို့၊ အသက်ရှင်လိုသကဲ့သို့၊ မသေလိုသကဲ့သို့ သတ္တဝါမှန်သမျှသည်

လည်း အလားတူဖြစ်ပါစေဟု မိမိကိုယ်ကို သက်သေတည်ကာ သတ္တဝါများအပေါ် ချမ်းသာလိုလားရသည်ဟု ဝိသုဒ္ဓိမဂ်၌ ဖော်ပြထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် မိမိကိုယ်မှစတင်၍ မေတ္တာပွားရပါသည်။

## ပွားနည်းလေးချက်

ပွားများပုံမှာ

| | | |
|---|---|---|
| (၁) အဟံ အဝေရော ဟောမိ | = | ငါသည် ဘေးရန်ကင်းပါစေ၊ ကင်းရပါလို၏။ |
| (၂) အဗျာပဇ္ဇော ဟောမိ | = | စိတ်ဆင်းရဲခြင်း ကင်းပါစေ။ |
| (၃) အနီဃော ဟောမိ | = | ကိုယ်ဆင်းရဲခြင်း ကင်းပါစေ။ |
| (၄) သုခီအတ္တာနံ ပရိဟရာမိ | = | ခန္ဓာကိုယ်ကို ချမ်းသာစွာ ဆောင်နိုင်ရပါလို၏။ |

ဤသို့ အထပ်ထပ် ဆင်ခြင်ပွားများကာ မိမိ၏စိတ်ကို သန့်စင်အောင် ပြုရပါသည်။ ထိုအခါ ဒေါသ၏ အခိုးအငွေ့တို့ ကင်းစင်ကာ စိတ်ဓာတ်သည်လည်း ဖြူစင်အေးချမ်း၍ ငြိမ်သက်၍လာပါလိမ့်မည်။ ဤသို့ မိမိကိုယ်ကို မည်မျှလောက် သက်သေတည်စေကာမူ မေတ္တာဈာန်မရနိုင်သေးပါ။ ထို့ကြောင့် ဆက်လက်၍ ပွားရပါသည်။

## ဒုတိယပွားများရမည့်သူ

အတ္တ၊ ပိယဟူ၍ နှစ်ချက်ရှိသည့်အနက် အတ္တ (မိမိ) နှင့်စပ်၍ အထက်ပါအတိုင်း ကျေကျေညက်ညက် ရှိသောအခါ ဒုတိယအဆင့်အနေဖြင့် မိမိချစ်ခင်နှစ်သက်သော မေတ္တာဖြစ်လောက်သည့် ပုဂ္ဂိုလ်များကို ရွေးချယ်၍ ပို့ရပါသည်။ ယင်းကို ပိယဟု ဒုတိယအနေဖြင့် ခေါ်ပါသည်။ ဤပိယပုဂ္ဂိုလ်ကို ရွေးရာ၌ ဇနီးခင်ပွန်းစသည့် တဏှာရာဂနှင့် နီးစပ်သူ

ကို မရွေးရပါ။ ၎င်းတို့သည် အတိပိယခေါ် အလွန်ချစ်အပ်သည့် အမျိုးအစား၌ ပါဝင်သဖြင့် မေတ္တာစတင်၍မပွားသင့်သူများ ဖြစ်ပါသည်။

သို့ဖြစ်၍ မိမိ၏ကျေးဇူးရှင်ဖြစ်သော ဆရာသမားများ၊ ကြည်ညိုလေးစားထိုက်သော ဆရာတော် သံဃာတော်ကြီးများ၊ အသက်ထင်ရှားရှိနေသည့် မိဘ ဘိုးဘွား စသည်များ၊ (သေသူကို မေတ္တာမပွား၍ ရပါ)။ အခြား မိမိလိုလားသည့် သာသနာ့ကျက်သရေဆောင် နိုင်ငံ့ဂုဏ်ဆောင် ပုဂ္ဂိုလ်များကို ရွေးချယ်၍ ပွားများရပါမည်။ ၎င်းတို့၏ သီလစသော ဂုဏ်ကျေးဇူးများကို ဆင်ခြင်၍ အဖန်ဖန်ပွားရပါမည်။

၁။ ဤပုဂ္ဂိုလ်သည် ဘေးရန်ကင်းပါစေ၊

၂။ စိတ်ဆင်းရဲခြင်း ကင်းပါစေ၊

၃။ ကိုယ်ဆင်းရဲခြင်း ကင်းပါစေ၊

၄။ မိမိကိုယ်ကို ချမ်းသာစွာ ဆောင်ရွက်နိုင်ပါစေ ဟု အထပ်ထပ် ကျေညက်စွာ ပွားများရပါမည်။ ဤသို့ ပွားများလျှင် ပုဂ္ဂိုလ်တစ်ပါးတည်း၌ပင် စတုတ္ထဈာန်အထိ ရနိုင်သည်ဟု ဆိုပါသည်။

## ဒုတိယအဆင့်မေတ္တာပွားရမည့်သူ

ဒုတိယအဆင့်အနေဖြင့် မေတ္တာပွားရမည့် ပုဂ္ဂိုလ်များမှာ မဇ္ဈ (မဇ္ဈတ္တ) ခေါ် အလယ်အလတ် ပုဂ္ဂိုလ်များ ဖြစ်ပါသည်။ 'မချစ်မမုန်း အလယ်အလတ်ဖြစ်သော ဤပုဂ္ဂိုလ်တို့သည် ဘေးရန်ကင်းပါစေ၊ စိတ်ဆင်းရဲခြင်း ကင်းပါစေ၊ ကိုယ်ဆင်းရဲခြင်း ကင်းပါစေ၊ မိမိကိုယ်ကို ချမ်းသာစွာ ဆောင်နိုင်ပါစေ' ဟု ပွားများရပါသည်။ ပွားများသည့်အခါ၌ မိမိအာရုံပေါ်သို့ရောက်လာသည့် ပုဂ္ဂိုလ်ပေါ်၌ မမိတ်မသုန် အာရုံညွှတ်လျက် အထက်ပါအတိုင်း ပါဠိလိုဖြစ်စေ၊ မြန်မာလိုဖြစ်စေ အကြိမ်ကြိမ် အထပ်ထပ် ပွားများရပါသည်။ မေတ္တာကို လိုတိုင်းရအောင် ပွားများရပါသည်။

## နောက်ဆုံးမေတ္တာပွားရသူ

နောက်ဆုံးအနေဖြင့် မေတ္တာပွားများရမည့်သူမှာ ဝေရီ(ရန်သူ) ဖြစ်ပါသည်။ ရန်သူအပေါ်၌ မေတ္တာပွားရန်ကား အခက်ခဲဆုံး ဖြစ်ပါသည်။ အပင်ပန်းဆုံး ဖြစ်ပါသည်။ ထို့ကြောင့် ရန်သူအပေါ်၌ မေတ္တာဖြစ်ရာ ဖြစ်ကြောင်း ဆင်ခြင်သုံးသပ်ရမည့် အချက်များကို ဝိသုဒ္ဓိမဂ်၌ အမျိုးမျိုး ဖော်ပြထားပါသည်။

ရန်သူ ပုဂ္ဂိုလ်အပေါ်၌လည်း 'ဤသူသည် ဘေးရန်ကင်းပါစေ၊ စိတ်ဆင်းရဲခြင်း ကင်းပါစေ၊ ကိုယ်ဆင်းရဲခြင်း ကင်းပါစေ၊ မိမိကိုယ်ကို ချမ်းသာစွာ ဆောင်နိုင်ပါစေ'ဟု ပွားများရပါသည်။

## မေတ္တာ၏ အထွတ်အထိပ်

အထက်ပါအတိုင်း ပွားများချက်သည် မည်မျှပြည့်စုံပါသနည်း။ ကျ နံများ၌ ဥပမာ ဖော်ပြထားပါသည်။ လူသတ်သမားတစ်ယောက်က မိမိကိုယ်၊ ချစ်သူ၊ အလယ်အလတ်ဖြစ်သူ၊ ရန်သူဟူသော အထက်က ဖော်ပြခဲ့သည့် ပုဂ္ဂိုလ်အမျိုးအစား လူလေးယောက် ထိုင်နေကြရာတွင် တစ်ယောက်ကိုပေးပါ။ ယဇ်ပူဇော်ပါရစေဟု တောင်းရမ်းလာအံ့။ ထိုသို့ တောင်းရမ်းလာသောအခါ အခြားသူများကို မသေစေလိုသဖြင့် 'ငါ့ကို သတ်ပါ' ဟု ပြောလျှင်ပင် အညီအမျှ မေတ္တာမဖြစ်သေးပါ။ ဤစွန့်စား ခြင်းသည် ကိုယ်ကျိုးစွန့်ခြင်းမျှသာ ဖြစ်ပါသည်။ ပေးစရာမမြင်၊ သူ့သဘော အတိုင်းသာ ဖြစ်စေတော့ဟု သဘောထားနိုင်မှ အညီအမျှ မေတ္တာဖြစ် သည်။ ပါဠိလို သီမသမ္ဘေဒ=သတ်မှတ်မှု နယ်ကုန်သွားပြီဟု ဆိုနိုင်ပါ သည်။ မေတ္တာကို ဤအဆင့်ရောက်အောင် ပွားရမည်ဟု ဆိုလိုပါသည်။ ထိုအခါရောက်မှ မေတ္တာကို လိုတိုင်းရသူဖြစ်သည်။ သမထနိမိတ်သည် ဈာန်ရသည့်အဆင့်အထိ ရောက်သည်ဟု ကျမ်းဂန်များက ဖွင့်ပြပါသည်။

## မေတ္တာ၏အာနိသင်

မေတ္တာ၏စွမ်းအား မေတ္တာ၏ အာနိသင် တစ်ဆယ့်တစ်မျိုးကို ကျမ်းဂန်ဝို့၌ အကျယ်ဖွင့်ဆိုကြပါသည်။ လစဉ် ဘာသာရေးစာစောင် အသီးသီး၌လည်း ကိုယ်တွေ့ဖြစ်ရပ်များကို ဖော်ပြနေကြပါသည်။ ကျေးရှူးရှင်ဆရာတော်ဘုရားကြီး၏ မေတ္တာဘာဝနာအခန်း၌လည်း အခွင့်အလမ်းရသမျှ ဖော်ပြခဲ့ပါသည်။ စင်စစ် အထက်က ဖော်ပြခဲ့သည့် မေတ္တာအဆင့်မျိုး မရောက်သေးသည့်တိုင် မိခင်က သားသမီးအပေါ် ကျရောက်နေသည့် မေတ္တာသည်ပင် မည်မျှအကျိုးကြီးမားကြောင်း ဝိသုဒ္ဓိမဂ်၌ အောက်ပါ သာဓကလေးကို ဖော်ပြထားပါသည်။

'နွားမတစ်ကောင်သည် သားငယ်ကို နို့တိုက်နေစဉ် မုဆိုးတစ်ဦးက ထိုနွားမကို လှံဖြင့်ထိုးသတ်အံ့ဟု လှံဖြင့်ချိန်ရွယ်ကာ ပြင်းထန်စွာ ထိုးလိုက်၏။ လှံသွားသည် နွားမ၏ကိုယ်ကိုထိလျှင် ထန်းရွက်အလား ပျော့ခွေကျသွား၏။ လှံမစူးနိုင်။ နွားမ၏ ဤမေတ္တာသည် သား၌ ချစ်စိတ်အဟုန် ကပ်နေခြင်းသာ ဖြစ်၏။ မေတ္တာကား ဤမျှပင် အကျိုးအာနိသင် ကြီးလှပေသည်။' (ဝိသုဒ္ဓိမဂ်၊ ပထမတွဲ-၃၀၇)

*

## အခန်း(၅)
## ဇာလီတောင်ဟူသည်

'ဇာလီ, သင်ပုန်း၊ ကဝေ, ထုံး' ဟု သရက်နယ်သားတို့ ဆိုစကားရှိသည်။ သရက်မြို့၏မြောက်ဘက်တွင် ဇာလီတောင်၊ သင်ပုန်းတောင်၊ အနောက်ဘက် တွင် ကဝေတောင်၊ တောင်ဘက်တွင်ကား ထုံးတောင်တို့ ရှိသည်။ သရက်မြို့ကား မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံရှိ ရာဇဂြိုဟ်မြို့တော်အလား တောင်ပတ်လည် ကားဆီးထားသော ထူးခြားသည့် မြို့ကလေးဖြစ်သည်။

တောင်လေးလုံးအနက် ဇာလီတောင်ကား ကျေးဇူးရှင် ဇာလီတောင်ဆရာတော်ကြီးအား ပကတူပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုလိုက်သော တောင်ထွတ်တောင်မြတ်ဖြစ်ပေသည်။ ဆရာတော်သည် ငယ်စဉ်ကာလ တရားကျင့်စဉ်က ဤနေရာသို့ ရောက်ခဲ့၏။ ဤတောင်ပေါ်တွင်ပင် တရားကျင့်သုံးခဲ့၏။ ဤတောင်တွင်ပင် မိမိရည်မှန်းချက်အတိုင်း အဓိဋ္ဌာန်ပေါက် အောင်မြင်ခဲ့၏။ နောင်အခါ ဤတောင်မှာပင် 'ဇာလီတောင်ဆရာတော်' ဟူသော ဘွဲ့ကို ခံယူကာ နိုင်ငံသူ နိုင်ငံသား၊ ကမ္ဘာသူ ကမ္ဘာသားတို့၏ အကျိုးကို သယ်ပိုးခဲ့၏။ အမျိုးဘာသာ သာသနာတော်ကို သက်ဆုံးတိုင် ချီးမြှောက်ခဲ့၏။ ဤတောင်မှာပင် တစ်ဘဝခန္ဓာငြိမ်းခဲ့၏။ ဇာလီတောင်ကား ဆရာတော်ကြီး၏ ဘူမိနက်သန် မြေမှန် ဖြစ်ပေသတည်း။

### နယ်မြေအနှံ့ ခြေဆန့်ခဲ့

ဆရာတော်ကြီးသည် ရဟန်းသိက္ခာ ငါးဝါအရ တောထွက်စ,က ရွှေစက်တော်ကို ဗဟိုပြု၍ တောရဆောက်တည်ခဲ့၏။ တရားကျင့်ခဲ့၏။

ထိုမှတစ်ဆင့် ပုဂံ၊ ညောင်ဦး၊ ပုပ္ပားတို့သို့ ရောက်ခဲ့၏။ ရေနံချောင်း၊ နတ်မောက်၊ တောင်တွင်းကြီးဘက် ဆင်းခဲ့၏။ အထက်မြစ်ကြီးနားမှသည် အောက်ဘက်အစွန် ထားဝယ်၊ မြိတ်အထိ ရောက်ခဲ့၏။ ရောက်လေရာမြို့ရွာ ဒေသတွင် သစ်ပင်၊ ဝါးပင်၊ သစ်ရိပ်ဝါးရိပ်နှင့် သုသာန်ဇရပ်တို့သည်သာ ကျောင်းဖြစ်ခဲ့၏။ အတောင်သည်သာ ဝန်ထုပ်ဝန်ပိုးရှိသော ငှက်ပမာ၊ ဦးချိုတစ်ချောင်းတည်း သာရှိသော ကြံ့သတ္တဝါပမာ သပိတ်တစ်လုံး သုံးထည်သော သင်္ကန်း ကိုယူ၍ ဧကစာရီဘဝဖြင့် သွားလာလှုပ်ရှားခဲ့၏။

## ဆွေမျိုးသံယောဇဉ်မရှိ

'ငါ့မှာ ဆွေမျိုးသံယောဇဉ် မရှိဘူး၊ ဝေနေယျသံယောဇဉ်သာ ရှိတယ်' ဟု မကြာခဏ မိန့်ကြားခဲ့၏။ နနယ်ပျိုမြင်စ ၁၃–နှစ်သား လူလားမမြောက်သေးသည့် ဘဝမှာပင် မိဘဟူသော အကြီးမားဆုံး သံယောဇဉ်ကို ဖြတ်တောက်ခဲ့၏။ လောကဆွေမျိုးကို ဆရာတော် လက်မခံ။ သာသနာ့ ဆွေမျိုးကိုသာ အသိအမှတ်ပြုသည်။ ဆရာတော် ကြီး၏ ဖခင်ဟူ၍ လာရောက်သူကို ကျေနပ်အောင် ပြုစုလိုက်သည်။ 'အဖေဆိုပြီး လိုက်လာတော့ ကျေနပ်အောင်ပြုစုလိုက်တာပါပဲကွာ' ဟူ၍ အတိုဆုံးသာ မိန့်မှုးသည်။ ထိုအကြောင်းကို ဆရာတော်ကြီး၏ ဆွေမျိုးများက ပို၍သိပါလိမ့်မည်။ ယခုလို သဒ္ဓါ၊ ဝီရိယ၊ သီလ၊ သမာဓိတို့ ပြည့်စုံသည့်အခါမျိုးတွင်ကား အဘယ်သံယောဇဉ်နှောင်ကြိုးက လှုပ်ရှားနှောင့်ယှက်နိုင်ပါဦးမည်နည်း။

## အောင်မြေ

ဆရာတော်သည် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်အံ့ဆဲဆဲ ၁၃၁၀–ပြည့် (၁၉၃၈) နှစ်တွင် ဇာလီတောင်တန်းသို့ ခေတ္တရောက်ခဲ့သည်။ အဖော်အဖြစ်

တောထွက်ဖက် ကန်လယ်ဘုန်းကြီး (နောင် ရဟန္တာဟု ထင်ရှားသော စလင်းမြို့၊ ကန်လယ်ဆရာတော်ဘုရားကြီး) ပါသည်။ ဤနေရာနှင့်စပ်၍ 'ဒီနေရာ နံပါတ်တစ်ပဲ၊ ဒီနေရာ တရားရတာပဲ' ဟု မိန့်တတ်၏။

ဆရာတော်ရောက်စဉ်က မန်ကျည်းပင်ကြီး အချို့နှင့် သဘာဝ ပေါက်ပင်များသာရှိသည်။ ဤတောင်တန်းပေါ်မှ မြောက်နှင့်အရှေ့ တံတောင်ဆစ် ကွေးပမာတည်ရှိနေသော တောင်စွယ်ကလေးမှာ အနေ အထား ထူးခြား လှသည်။ သရက်မြို့ဘက်မှလာလျှင် ဤနေရာသည် အစွန်ဆုံးဖြစ်၏။ ဤမှလွန်သော် ရှုမြောင်ချိုင့်ဝှမ်းများသာ။ တံတောင်ဆစ် ကွေး၏ ဗဟိုချက်မှ မြောက်ဘက်သို့ ထိုးထွက်နေသော အစွယ်ကလေးမှာ ပေ ၃၀၀ ခန့် မျှသာရှိသည်။ အရှေ့ဘက်သို့ ထွက်နေသော အစွယ် ကလေးမှာလည်း ပေ ၃၀၀–သာသာမျှ ရှိပါလိမ့်မည်။ ထိုမှလွန်သော် လွင်ပြင်မြေနိမ့်များ နှင့် တစပ်တည်း ဧရာဝတီမြစ်ပြင်ကြီးသည် ဖွေးဖွေးဖြူ နေသည်။ ကုန်း ကြောကလေး၏ အကျယ်အဝန်းမှာ အနံ့အားဖြင့် ပေ ၁၀၀ ကျော်မျှသာ ရှိပါလိမ့်မည်။

ဤအနေအထားနှင့် တောတောင် ဝန်းကျင်သည် ဆရာတော်လို ယောဂါဝစရ ပုဂ္ဂိုလ်အား ညို့ယူဖမ်းစားထားသည်မှာ မဆန်းလှပါ။ အရှေ့ဘက်ရှိ ဧရာဝတီမြစ်ကြီးသည်လည်းကောင်း၊ ဘယ်ညာရှုတိုင်း စိမ်းစိမ်းညို့ညို့ တောမှိုင်းမှိုင်းသည် လည်းကောင်း ယောဂီ၏ စိတ်နှလုံးကို ညတ်နူးအောင် ပြုစွမ်းနိုင်ပါသည်။ ဥရုဝေလ တောတန်းမြိုင်ခွင်သည် အလောင်းတော်သိဒ္ဓတ္ထ၏ စိတ်ဓာတ်ကို ဆွဲယူသိမ်းပိုက်ထားသကဲ့သို့ ဇာလီတောင်တန်းသည်လည်း ဆရာတော်အား ညို့ယူဖမ်းစားထားခဲ့ပေ သတည်း။

## သုမင်္ဂလအောင်စေတီ

ဆရာတော်သည် ၁၃၀၀–ပြည့်နှစ် ပြာသိုလပြည့်နေ့တွင် ဇာလီ တောင်စွယ်၏ အရှေ့ဘက်အစွန်းတွင် သုမင်္ဂလအောင်စေတီကို တည်ထား

ခဲ့သည်။ အောင်မြင်သော အထိမ်းအမှတ်ဖြစ်၏။ သုမင်္ဂလဆိုသည်မှာ ဆရာတော်ကြီး၏ ဘွဲ့တော်အတိုကောက်ဖြစ်၏။ အပြည့်အစုံမှာ အရှင်သုမင်္ဂလ သာမိ ဖြစ်သည်။ အရှင်သုမင်္ဂလသာမိဘွဲ့ခံ ဇာလီတောင်ဆရာတော်၏ အောင်မြင်မှုအထိမ်းအမှတ် စေတီပင်ဖြစ်၏။ ဆရာတော်သည် ဤစေတီမှာပင် မိမိအတွက် ပြုဖွယ်ရာများကို ပြုခဲ့၏။ ဘာသာသာသနာ အကျိုး၊ ကမ္ဘာသူကမ္ဘာသားတို့၏ အကျိုးကို သယ်ပိုးခဲ့၏။ မောင် ဇာလီတောင်သို့ ရောက်လာသူတို့အား ဆရာတော်ကြီးက 'သွား-သွား၊ အောင်ပေါ်မှုစေတီသွား၊ ဦးခိုက်' ဟူ၍ လည်းကောင်း၊ စေတီတော်အနီးရှိ ဇောမိပင်ကို ညွှန်ပြ၍ 'ဇောမိပင်သွားကွ၊ လိုရာဆုတောင်း၊ ပြည့်တတ်တယ်ကွ' ဟူ၍ လည်းကောင်း မိန့်ကြားတတ်ပါသည်။

## မြေကြမ်းလှသောနေရာ

ပထမအကြိမ် ဆရာတော်သည် ဇာလီတောင်ပေါ်တွင် ခေတ္တမျှသီတင်းသုံးခဲ့သည်။ ကျောင်းဟူ၍ သင်္သန့်မရှိ။ ဒကာဟူ၍ ထင်ထင်ရှားရှား မရှိ။ တောင်ဘေး အနောက်ဘက် လှိုဏ်ကြီးကား ဂေါ်ရာသချိုင်းဖြစ်၏။ ကျေးရွာရှင် လယ်တီဆရာတော်ဘုရား မုံရွာမြို့ လယ်တီတောရတည်စဉ်က ထိုနေရာသည် မြေကြမ်းလှသည်ဟု ဆိုသည်။ နေ့လယ်နေခင်းမှာပင် မခံသာအောင် အနံ့များပေးခြင်း၊ ညည်းသံညူသံများပြုခြင်းခံရသည်။ လယ်တီဆရာတော်သည် မေတ္တာသုတ်ကို အကြိမ်ကြိမ်ရွတ်၍ အမျှအတန်းပေးဝေကာ ထိုနေရာကို ယဉ်ပါးအောင်ပြုခဲ့သည်။ ဇာလီတောင်လျှာ ဆရာတော်သည်လည်း အလားတူလုပ်ခဲ့ရ၏။ ဂေါ်ရာသချိုင်းတွင် သုသာန်စုတင် ဆောင်စဉ်က မကောင်းသော အနံ့ မျိုးစုံ၊ အခေါင်းမျိုးစုံ တွေ့ရသည်။

'နယ်လှည့်လာတာ ဒီနေရာအကြမ်းဆုံးပဲ၊ တရားထိုင်နေတုန်း ဂေါ်ရာတွေ တစ်ချို့ ခေါင်းမပါဘူး၊ တစ်ချို့က ခေါင်းချည်းသက်သက် လိမ့်လိမ့်လာတာတွေ၊ မြွေတွေလာပြီး တင်ပျဉ်ခွေထဲတောင် ဝင်နေတယ်'

ဆရာတော်သည် ဇာလီတောင်၏ ကြမ်းတမ်းပုံကို တစ်ခါတစ်ရံ အထက်ပါအတိုင်း မိန့်ကြားတတ်သည်။ ဆရာတော်သည် ဤမျှ ကြမ်းတမ်းသော နေရာကို တမင်ရွေး၍ ဘူမိနက်သန်ဖြစ်အောင် ဖန်တီးခဲ့သည်။

## စစ်တွင်းခရီးသည်

ဆရာတော်သည် ကမ္ဘာစစ်ကြီးဖြစ်တော့မည့်ဆဲဆဲ၌ ရွှေစက်တော်သို့ ပြန်လည်ကြွသည်။ ဗုဒ္ဓမြတ်စွာ၏ အနန္တဂုဏ်တော်ကို နီးနီးကပ်ကပ် ခိုလှုံရန် ဖြစ်၏။ ရွှေစက်တော်သည် ဆရာတော်၏ အဦးအစ တောရ ဆောက်တည်ရာ ဖြစ်၏။ တစ်ချိန်က ရွှေစက်တော်၏အရိပ်ကို ခိုလှုံ၍ ရွှေစက်တော်၏ အားအင်ကိုယူ၍ မိမိဘဝကို တည်ဆောက်ခဲ့၏။ ယခု ကမ္ဘာစစ်ကြီး၏ အငွေ့အသက်တို့သည် ယှက်သန်းလာချေပြီ။ မကြာမီ စစ်မီးတောက်ကြီးသည် ကမ္ဘာကို ဝါးမြိုတော့မည်။ မြန်မာပြည်သည်လည်း စစ်မီးလျှံကြီး၏ အစွယ်အောက်တွင် လူးလိမ့်ကာ ခံရဦးတော့မည်။ ထိုအချိန်မျိုးတွင် ဘုရားရှင်၏ ဂုဏ်တော်များကို အထပ်ထပ်ပွား၍ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းခြင်းသည်သာ အကောင်းဆုံး ဖြစ်ပေသည်။ ထိုကမ္မဋ္ဌာန်းကို ပိုမို ထိရောက်စေရန်အတွက် ဗုဒ္ဓ၏ရွှေစက်တော် အစုံ ကြာပဒုံကို ခိုလှုံခြင်းသည် အကောင်းဆုံးဖြစ်၏။ ဤသို့သော နှလုံးသွင်း ဖြင့် ရွှေစက်တော်သို့ လာခဲ့ကြွခြင်းဖြစ်သည်။

## စစ်ပြီးသော်လည်း

စစ်ကြီးပြီးဆုံးသော်လည်း ဆရာတော်သည် ဇာလီတောင်သို့ ပြန် မကြွသေးပေ။ ရွှေစက်တော်တစ်ဝိုက်၌ ၁၀–နှစ်နီးပါး သီတင်းသုံးနေခဲ့

သည်။ ရွှေစက်တော်၊ ကျိုင်းတောင်၊ လွန်းတောင်တို့သည် ဆရာတော် တောရဆောက်တည်ရာများ ဖြစ်ခဲ့၏။ ပွင့်ဖြူမြို့နယ်အတွင်းရှိ ပန်းဆေးကန်၊ ရွှေဂူကြီး စသည့်ဒေသများသည် တရားအားထုတ်ရာဖြစ်ခဲ့၏။

ကျောင်းတော်ရာ အနောက်ဘက်ရှိ ကျောက်ကုန်း၊ နတ်ရေကန် ဒေသများ၊ စကုမြို့နယ်အတွင်းရှိ ဝူကြီး၊ ဝူကလေး စသည့်နေရာများသည် ဆရာတော် သိတင်းသုံးရာ ဒေသများ ဖြစ်သည်။ ထိုဒေသ၏ ဆင်းရဲမှု၊ နွမ်းပါးမှုတို့ကို မရှု။ ဆင်းရဲမှုသည် ငြီးငြွေ့မှုကို ဖြစ်စေသည် ဟူသော နှလုံးသားဖြင့် နေထိုင်ခဲ့သည်။ ထိုအချိန်က သက်တော်ရွယ်တော် အတန်အသင့် ကြီးမြင့်ခဲ့ပြီဖြစ်သော်လည်း အကျင့်တရားကိုကား မလျော့။ ဝီရိယကို ဘယ်အခါမျှ မစွန့်၊ ဓုတင်အကျင့်များကိုလည်း မစွန့်ပယ်။ မန်ကျည်းသီး လက်တစ်ဆစ်နှစ်ဆစ်၊ ငရုတ်သီးသုံးလေးတောင့်သည် ဆွမ်းဟင်းဖြစ်ရသည်အထိ ကြုံခဲ့ရသည်။

ဤဒေသများသည်ကား ဆရာတော်ကြီး၏ပါရမီကို အစွမ်းကုန် ဖြည့်ဆည်းပေးရာ ဥပနိဿယပစ္စည်းတပ်သော နေရာများဖြစ်ပေသည်။ ဆရာတော်ကြီးက ဤသို့မိန့်၏။ 'မင်းဘူးမှာ အလုပ်ကွ' ဟူသတည်း။

မင်းဘူးဒေသ ရွှေစက်တော်တစ်ဝိုက်သည် ဆရာတော်ကြီး၏ ပါရမီစခန်း (ဝါ) အလုပ်စခန်းဖြစ်ပေသည်။

## ဒုတိယအကြိမ်နှင့် နောက်ဆုံးအကြိမ်

ဆရာတော်သည် ၁၃၁၄(၁၉၅၂) ခုနှစ်တွင် ရွှေစက်တော်ဘက်မှ ဇာလီတောင်သို့ ပြန်ကြွခဲ့သည်။ ယခုအကြိမ် ပြန်လည်ရောက်ရှိခြင်းမှာ နောက်ဆုံးဖြစ်ကြောင်းကိုကား ဆရာတော်ကြီးကိုယ်တော်တိုင် သတိပြုမိဟန် မတူပါ။

'ငါထွက်လာတုန်းက ခြောက်လလောက် ရည်ရွယ်တာ၊ အခု ၂၆ နှစ်တောင် ရှိပြီ၊ ထိုင်ပြီးတော့လည်း မထချင်တော့ဘူး' ဟု တစ်ခါက မိန့်ကြားခဲ့ပါသည်။ ဤအဆိုအမိန့်နှင့်အညီပင် ဆရာတော်ကြီးသည် ဇာလီတောင်ပေါ်၌သာ သက်ဆုံးတိုင် ဝါဆိုဝါကပ်သွားသည်။ မှတ်မိသလောက် ၁၉၆၁–ခုနှစ်တွင် ဆင်ပေါင်ဝဲမြို့အနီး မြင်းပါလင်းကျောင်းတွင် တစ်ဝါဆိုခြင်းကလွဲ၍ ရန်ကုန်ရှိ ဇာလီတောင်ကျောင်းတိုက်ကြီးတွင်ပင် တစ်ဝါမျှ သီတင်းသုံးခဲ့ခြင်း မရှိပါ။ ဇာလီတောင်သည်သာ ဆရာတော်ကြီးအတွက် ရာသက်ပန်တရားကျင့်သုံးရာ၊ ဇာလီတောင်သည်သာ ဆရာတော်ကြီးအဘွက် အေးရိပ်သာယာ။

*

## အခန်း (၆)
## ဇာလီတောင်ဆရာတော်ကြီးနှင့် ပရိတ်

ဇာလီတောင် ဆရာတော်ဘုရားကြီး၏ ဘဝကိုဖော်ပြသော အခါ ပရိတ်ကို ချန်လှပ်၍မဖြစ်ပါ။ ပရိတ်သည် ဆရာတော်ကြီး အားအကိုးဆုံး လက်နက်ဖြစ်သည်။ ပရိတ်ဖြင့် ရောဂါဝေဒနာရှင်များစွာကို ကယ်ဆယ်ခဲ့၏။ ပရိတ်ဖြင့် အတွင်းအပ နှစ်ဌာနသော အန္တရာယ်တို့ကို ဖယ်ရှားခဲ့၏။ ပရိတ်ဖြင့် ကိုယ်ကျင့်တရားကောင်းမွန်အောင်၊ လောင်ကစားမှုကင်းစင်အောင်၊ သူတစ်ပါးသားသမီး သားမယားတို့အား ပြစ်မှားမှုမှ ကင်းစင်အောင် ညွှန်ပြခဲ့၏။ ဝန်ခံကတိပြုစေခဲ့၏။ ၁၉၇၀–ပြည့် ဝန်းကျင်အထိ ဆရာတော်ကြီး ပရိတ်ဆိတိုက်၍ ဆိုဆုံးမခဲ့သူအပေါင်းမှာ ခုနစ်သိန်းခန့်ရှိသည်ဟု ဆိုပါသည်။ ဤမှနောက် ပိုင်း ဆရာတော်ကြီး နှစ်ပေါင်းနှစ်ဆယ်နီးပါး သက်တော်ရှည်သွား ပါသေးသည်။ သို့သော် ပရိတ်ဆိတိုက်ခြင်းကို အနည်းအကျဉ်းသာလုပ်ပါ တော့သည်။ လူတို့၏ သစ္စာကင်းပါးမှု၊ သစ္စာဖောက်ဖျက်မှုများကြောင့် ပရိတ်ဆိတိုက်ခြင်းကို ယုံကြည်စိတ်ချရသူ အချို့အတွက်သာ ပြုလုပ်ပါတော့သည်။

ဆရာတော်ကြီး၏ ပရိတ်ဆိအကြောင်းကိုမဖော်ပြမီ ပရိတ်နှင့် ဆက်စပ်သည့် သိမှတ်ဖွယ်ရာများ၊ ပရိတ်ဆိဖြစ်ပေါ်လာရခြင်း၏ နောက်ခံ အကြောင်းအရာများကို အကျဉ်းမျှဖော်ပြပါမည်။

ပရိတ်ဟူသည် ပရိတ္တ–ပါဠိမှ ဆင်းသက်လာ၍ အရံအတားဟု အဓိပ္ပာယ်ရပါသည်။ ပရိတ်သည် အရံအတားအဖြစ် ရွတ်ဆိုရ ကြားနာ

ရသော ဘုရားဟောဒေသနာဖြစ်သည်။ ပရိတ်ကြီး ၁၁–သုတ်အနက် အချို့မှာ ဘုရားဟောဒေသနာများ ဖြစ်ကြ၏။ အချို့သုတ်တော်များမှာ ဘုရားဟောဒေသနာ တိုက်ရိုက်မဟုတ်ကြသော်လည်း ထိုဒေသနာတော်ကို အခြေခံ၍ ရှေးဆရာတော်ကြီးများ စီမံထားသော အရံအတားများ ဖြစ်သည်။ အတိုချုံးရလျှင် ပရိတ်သည် ဗုဒ္ဓမန္တန်ဖြစ်သည်။

## ဘုရားရှင်ခွင့်ပြုတော်မူပုံ

ဝိနည်းပါဠိတော်တစ်နေရာ၌ 'ဘိက္ခုနီမတို့အား ဘေးအန္တရာယ် လုံခြုံရေးအတွက် ပရိတ်ကို သင်ကြား၏။ ပို့ချ၏။ အပြစ်မဖြစ်၊ အာပတ်မသင့်' ဟုဘုရားရှင် ခွင့်ပြုတော်မူခဲ့၏။ ဤ၌ ပရိတ်ဆိုသည်မှာ အခြားဘာသာအယူဝါဒများမှ မန္တန်မျိုးလည်းရှိသေး၏။ ဘုရားဟော မဟုတ်သည့် တစ္ဆေနိုင်၊ မြွေနိုင်မန္တန်မျိုးဖြစ်၏။ ထိုမန္တန်မျိုးကိုပင် ပရိတ် အဖြစ် ခွင့်ပြုတော်မူပါလျှင် ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားခဲ့သည့် ရတနသုတ်၊ မေတ္တာသုတ်၊ ခန္ဓသုတ် စသည့် ပရိတ်တို့ကား ဆိုဖွယ်ရှိမည်မထင်ပါ။

ထို့ကြောင့် ရဟန်းတစ်ပါး မြွေကိုက်ခံရခြင်းကို အကြောင်းပြုကာ ခန္ဓသုတ်ပရိတ်ကို ညွှန်ကြားတော်မူခဲ့သည်။ ဒီဃနိကာယ် တစ်နေရာ၌ အာဋာနာဋိယသုတ်တော်ကို ပရိတ် အရံအတားအဖြစ် ဆောင်ထားကြရန် တိုက်တွန်းတော်မူခဲ့သည်။

'ရဟန်းတို့၊အာဋာနာဋိယ မည်သော အရံအတားကို သင်ယူကြ၊ အဖန်ဖန်လေ့လာကြ၊ ယင်းသည် အကျိုးများ၏။ ပရိသတ်လေးပါးအတွက် ချမ်းသာကြောင်းဖြစ်၏' (ပါထိကဝဂ္ဂပါဠိ)။

အခြားအခြားသော ပရိတ်သုတ်များ၏ နောက်ခံဝတ္ထုများတွင်လည်း အလားတူ နောက်ခံအကြောင်းများကို တွေ့ရပါသည်။

## လွဲမှားသောအမြင်များ

ပရိတ်တွင် ပါဝင်သည့်အချက်များကို လေးလေးနက်နက် ဆင်ခြင်သုံးသပ်သောအခါ ဗုဒ္ဓဂုဏ်၊ ဓမ္မဂုဏ်၊ သံဃာ့ဂုဏ်များကို အဖုံဖုံတွေ့ရပါသည်။ ရတနသုတ်လာ ဂုဏ်တော်များကို ဆင်ခြင်မိလျှင်ပင် ဗုဒ္ဓဘာသာဖြစ်ရခြင်း၏ အခြေခံများ အတော်အတန်လုံလောက်ပြီဟုဆိုနိုင်ပါသည်။ မေတ္တသုတ်၊ ခန္ဓသုတ်များသည် မိမိ၏စိတ်ဓာတ်ကို အထပ်ထပ်ဖြူစင်စေသည်သာမက သတ္တဝါများအပေါ် အသက်နှင့်ထပ်တူထားနိုင်သည့် မေတ္တာစွမ်းအား မေတ္တာပွားပုံများကိုလည်း ရရှိနိုင်ပါသည်။ အခြားအခြားသော သုတ်တော်များမှလည်း အလားတူ ကျေးဇူးတရားများကို ရရှိခံစားနိုင်ပါသည်။

သို့သော် ခေတ်ပညာတတ်အတော်များများသည် ပရိတ်၏ အနှစ်သာရကို သေချာစွာမလေ့လာမိဘဲ တန္တရဝါဒ မန္တရဝါဒများနှင့် ပရိတ်တော်များကို ရောထွေးပစ်ကြပါသည်။ ဝိပဿနာအားထုတ်သူအချို့ကလည်း ပရိတ်ကို ရွတ်ရန်မဟုတ် ကျင့်ရန်ဟုအကြောင်းပြကာ 'ငါတို့တော့ အရွတ်မစားဘူးဟေ့၊ အသားပဲ စားတယ်'ဟု ငေါ်တော့တော့ ဆိုတတ်ကြပါသေးသည်။

ဗုဒ္ဓဂုဏ်၊ ဓမ္မဂုဏ်၊ သံဃာ့ဂုဏ်များကို လေးလေးနက်နက် ဆင်ခြင်သုံးသပ်မိဟန် မတူသောပုဂ္ဂိုလ်များ ဖြစ်တန်ကောင်းပါသည်။

## ထေရာထေရီတို့ထုံး

ဘုရားရှင်လက်ထက်တော်မှ ယနေ့အထိ နှစ်ပေါင်းနှစ်ထောင်ငါးရာကျော်ကာလကို ဖြတ်သန်းခဲ့ရသည့်ကာလအတွင်း အာသဝေါကင်းပြတ်သည့် ထေရာထေရီများအပါအဝင် အရိယာသူတော်စင်ကြီးများသည် ပရိနိဗ္ဗာန်ပြုခါနီး နောက်ဆုံးအချိန်မှာပင် ဘုရားရှင်၏ ဂုဏ်တော်၊

တရားတော်၏ ဂုဏ်တော်များကို သီကျူးဖွဲ့နွဲ့ ပူဇော်ခဲ့ကြသေးသည်။ ထိုထေရာထေရီအလီလီတို့၌ ဘဝ၏ဒုက္ခအဝဝကို ကြောက်ရွံ့ခြင်း၊ မုန်းတီးခြင်းဟူ၍လုံးဝမရှိ။ ဘဝနှင့်ပတ်သက်၍ မျှော်လင့်ချက်၊ တောင့်တချက်အာသာဆန္ဒလည်းမရှိ။ သို့စင်လျက် ထိုဂုဏ်ကျေးဇူးများကို သီကျူးဖွဲ့နွဲ့ ပူဇော်ကြခြင်းကို ပြုခဲ့ကြပါသည်။

အာသာဆန္ဒ တောင့်တမှုအဝဝကို မစွန့်နိုင်သေးသည့် သာမန်ပုထုဇဉ်လူသား သံသရာခရီးသွားများဖြစ်ကြသော ကျွန်တော်တို့ ဘာကြောင့်မပူဇော် မသီကျူးနိုင် ရှိပါမည်နည်း။ စင်စစ် ပရိတ်တော်လာ ဗုဒ္ဓဂုဏ်၊ ဓမ္မဂုဏ်၊ သံဃာ့ဂုဏ် စသည်တို့ကို ရွတ်ဖတ်ဆင်ခြင်ခြင်း၊ နှလုံးသွင်းခြင်းတို့သည် အနုဿတိကမ္မဋ္ဌာန်းတွင် ပါဝင်သည့် သမထဘာဝနာ လုပ်ငန်းကြီးပင် ဖြစ်ပါတော့သည်။ မေတ္တာစာတ်နှင့် သူတော်ကောင်းစိတ်ဓာတ်ကို ထင်ဟပ်စေသည့် အလုပ်တရားကြီး ဖြစ်ပါတော့သည်။

## တန္တရ မန္တရမဟုတ်

ပရိတ်ဟူသည် မန္တန်ဖြစ်သည်ဟု ဆိုခဲ့ပါသည်။ ပရိတ်သည် မန္တန်ဖြစ်၏။ သို့သော် တန္တရဝါဒ၊ မန္တရဝါဒတို့၌လာသော မန္တန်မျိုးမဟုတ်ပါ။ ဘုရားရှင်ခွင့်ပြုထားတော်မူသော ရတနာသုံးပါးဂုဏ်၊ မေတ္တာဂုဏ်၊ ကရုဏာဂုဏ်တို့ ရှေ့သွားပြုသည့် ဗုဒ္ဓမန္တန်သာဖြစ်သည်။ ခန္ဓသုတ်ကိုပင် 'ဒိဗ္ဗမန္တဂဒံ'ဟု ရှေးဆရာတို့ ဆိုထားပါသည်။ ခန္ဓသုတ်သည် နတ်မန္တန် (ဒိဗ္ဗမန္တ)၊ နတ်ဆေးဝါး (ဒိဗ္ဗာဂဒ) ဟုဆိုပါသည်။ ဤသုတ်သည် နတ်တို့၏ မန္တန်၊ နတ်တို့၏ ဆေးဝါးသဖွယ် အစွမ်းထက်မြက်သော သုတ်ဖြစ်သည်ဟု ဆိုခြင်းဖြစ်ပါသည်။

သပြေကန်ပရိတ်ကြီး နိဿယကျမ်းပြု၊ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု သပြေကန် ဆရာတော်ဘုရားကြီးက ခန္ဓသုတ်နှင့်စပ်၍ ဤသို့ မိန့်ကြားထားပါသည်။

ဤသုတ်ကား မေတ္တာပွားခြင်း၊ ဘုရားဂုဏ်တော်ပွားများခြင်းဖြင့် ပြုစီရင်အပ်သော ဗုဒ္ဓမန္တန်တော်ကြီးဖြစ်သည်။ သတ္တဝါများအပေါ်၌ မေတ္တာအထူးရောက်စေလျက် ဘုရားကိုလွန်စွာကြည်ညိုအားထားရသူများ အဖို့ ဤသုတ်၏အစွမ်း အာနုဘော်ကို ကိုယ်တွေ့ခံစားရမည်သာဖြစ်၏။'

'ကိုယ်တွေ့ခံစားရမည်သာ' ဟူသောစကားကို သာမန်ရေးရိုးရေးစဉ်ဟု မယူဆပါ။ ဆရာတော်ကြီးကား ရဟန်းဖြစ်စမှာပင်ဝိနည်းငါးကျမ်းနှင့် သံယုတ္တနိကာယ်ကြီးတစ်ခုလုံးကို နှုတ်ငုံဆောင်ထားနိုင်ခဲ့သော ဝိသေသ အာဇာနည်ကြီးဖြစ်သည်။ ကြီးမားသော သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်နှင့် ပြည့်ဝကုန်လုံသော ပုဂ္ဂိုလ်ချွန်ပုဂ္ဂိုလ်မြတ် ဖြစ်သည်။ ဤလို ဆရာတော်ကြီးတစ်ပါးက ဤကဲ့သို့ မိန့်ကြားထားခြင်းသည်လည်း ပရိတ်တော်၏ တန်ခိုးအာနိသင်ကို အားဖြည့်ပေးလိုက်ခြင်းပင် ဖြစ်ပါသည်။

## ပရိတ်ဖြင့်ကာကွယ်ခြင်း

တန်ခိုးအာနိသင် အဖြာဖြာနှင့်ပြည့်စုံသော ပရိတ်တော်များဖြင့် အန္တရာယ်အမျိုးမျိုးကို ကာကွယ်သော အလေ့အထသည် ဗုဒ္ဓလက်ထက်တော်ကပင် ရှိခဲ့ပါသည်။ ဟိမဝန္တာတောစပ်အနီး နေထိုင်ကျင့်သုံးကြသည့် ရဟန်းများကို ရုက္ခစိုးနတ်တို့ ခြောက်လှန့်ကြသဖြင့် ဘုရားရှင်သည် မေတ္တာသုတ် ကို ဟောညွှန်ခဲ့၏။ မေတ္တာကမ္မဋ္ဌာန်းကို ပရိတ်အဖြစ်ပေးအပ်တော်မူခဲ့သည်။

ဝေသာလီပြည်တွင် ကပ်ဘေးကြီးဆိုက်စဉ်ကလည်း ညီတော်အာနန္ဒာ ခေါင်းဆောင်သည့် ရဟန်းတို့အား ရတနသုတ် ကို ညလုံးပေါက်ရွတ်ဆိုစေခဲ့သည်။ ဘေးငြိမ်းစေခဲ့၏။

ထိုနည်းတူစွာ မြွေကိုက်ခံရသည့်ရဟန်းကို အကြောင်းပြု၍ ခန္ဓသုတ် ကို ညွှန်ပြခဲ့၏။ ၇-ရက်သာ အသက်ရှည်တော့မည့် ကလေးငယ်အား

၇–ရက်လုံးလုံး ပရိတ်တရား ရွတ်ပေးခြင်းဖြင့် အသက်ရာကျော် ရှည်စေခဲ့၏။ (ဓမ္မပဒအဋ္ဌကထာ၊ အာယုဝဍ္ဎန ကုမာရဝတ္ထု)

သို့ဖြစ်၍ ပရိတ်၏အာနိသင်သည် ထင်ထင်ရှားရှားရှိပါသည်။ ရှိသည့်အတိုင်းလည်း ခေတ်အဆက်ဆက် ပရိတ်တော်များကို ရွတ်ဆိုပူဇော်ခဲ့ခြင်း ဖြစ်ပါသည်။

## မိလိန္ဒပဉှာနှင့်ပရိတ်

သို့ရာတွင် ပရိတ်ရွတ်ဆိုမှုကိုမန္တ ရဝါဒ၊ ဟတ္ထ ရဝါဒများနှင့် ရောထွေးကာ သေးသိမ်သယောင်ယောင် ထင်လေ့ရှိသော ပုဂ္ဂိုလ်များလည်း ရှေးအခါကပေါ် ပေါက်ခဲ့ဟန် တူပါသည်။ ထို့ကြောင့် ခရစ်နှစ်တစ်ရာစုတွင် အိန္ဒိယနိုင်ငံ အနောက်မြောက်ဘက်၌ အုပ်စိုးခဲ့သော မိလိန္ဒဘုရင်သည် ပရိတ်နှင့် စပ်လျဉ်းသည့် မရှင်းလင်းသည့် အချက်အလက်များကို အရှင်နာဂသိန်အား လျှောက်ထားမေးမြန်းခဲ့သည်။ မိလိန္ဒခေါ် Menandros ဘုရင်သည် ဂရိနွယ်ဝင်ဖြစ်၏။ ဗုဒ္ဓဘာသာကိုလည်း သက်ဝင်သူဖြစ်၏။ ဂရိတို့သည် နက်နက်နဲနဲ ခက်ခက်ခဲခဲ တွေးခေါ်တတ်သော မျိုးနွယ်များဖြစ်ကြသည်။ ကမ္ဘာ့အတွေးအခေါ်သမိုင်းတွင် ဂရိဒဿနသည် အစောဆုံးဖြစ်သည်။

မိလိန္ဒဘုရင်သည် ပင်ကိုယ်ဓာတ်ခံအားဖြင့် နက်နက်နဲနဲ တွေးခေါ်တတ်သည့် အလေ့အထကို ဗုဒ္ဓဒဿနက ဖြည့်စွက်ပေးလိုက်သောအခါ စဉ်းစားမှု၊ တွေးတောမှု၊ ဆင်ခြင်မှုတို့တွင် အထွတ်အထိပ်ရောက်ခဲ့ပေသည်။ ဤအတွေးအခေါ်တွင် တည်ဆောက်ထားသော မိလိန္ဒပဉှာ ကျမ်းသည်လည်း အယူအဆရေးရာ၊ အတွေးအခေါ်အရေးရာတို့တွင် ထိပ်တန်းမှာ ရှိနေသည်။ ဂရိဘုရင်မိလိန္ဒ၏ ခက်ခဲနက်နဲသော အမေးပုစ္ဆာတို့ကို ဗုဒ္ဓဒဿနပိုင်ရှင် အရှင်နာဂသိန်က ဝရဇိန်စိန်သွားအလား အဆီး

အတားမရှိ ထွင်းဖောက်သိမြင်သည့်ဉာဏ်ဖြင့် သံသယဟူသမျှ စိုးစဉ်းမျှမရှိအောင် ဖြေဆိုဆုံးဖြတ်ခဲ့ပေသည်။ သို့ဖြစ်၍ ပရိတ်နှင့်စပ်လျဉ်းသည့် သံသရာဖြစ်ဖွယ်ရာ အချက်တို့သည် ထိုစဉ်အခါကပင် ကုန်ဆုံးခဲ့လေပြီဟု ဆိုနိုင်ပါသည်။

## ပရိတ်ရေ၊ ပရိတ်ချည်

ဤသို့ အစဉ်တစိုက် ထွန်းကားခဲ့သော ပရိတ်ရွတ်ဆိုမှု အလေ့အထသည် ဆက်လက်ရှင်သန်နေပါသည်။ ခရစ်နှစ် ခြောက်ရာရာကာလ အဋ္ဌကထာဆရာကြီး ရှင်မဟာဗုဒ္ဓဃောသ ပေါ်ပေါက်လာသည့် အချိန်တွင် ပရိတ်ရွတ်ဆိုမှု ဓလေ့သည် လွန်စွာထွန်းကားပျံ့နှံ့လာပြီဟု ဆိုနိုင်ပါသည်။ မထေရ်မြတ် ဖွင့်ဆိုသော ဝိနည်းအဋ္ဌကထာ၌ ရဟန်းတော်များက ဒါယကာတို့အတွက် ပရိတ်ရေ၊ ပရိတ်ချည်တို့ကို မည်သို့မည်ပုံ ပြုလုပ်လျှင် ဝိနည်းတော်အရ အပြစ်ရှိကြောင်း စသည်တို့ကို ဖွင့်ပြထားပါသည်။ (ပါရာဇိကဏ် အဋ္ဌကထာ၊ ၃-တွဲ၊ ၆၇)

တစ်ဆက်တည်းမှာပင် မကျန်းမမာသောအခါ ရဟန်းတော်များ ပင့်ဆောင်၍ ပရိတ်တရားနာယူကြပုံ၊ အိမ်တွင်း ရွာတွင်း နန်းတော်တွင်း၌ ဥပဒ်အန္တရာယ် ကပ်ရောက်သောအခါ ပရိတ်တရားများ ရွတ်ဖတ်ပေးပုံ၊ ရဟန်းတော်များက အာဋာနာဋိယသုတ် စသည့် ပရိတ်တို့ကို ရွတ်ဖတ်ကြပုံတို့ကို ဖော်ပြထားပါသည်။

ဤ ဖွင့်ဆိုချက်များအရ ထိုခေတ် ဗုဒ္ဓဘာသာဝင်တို့သည် ပရိတ်တရားတော်များကို ထူးထူးကဲကဲ ယုံကြည်ကြောင်း သိရပေသည်။ ပရိတ်တရားကို နာယူရုံမျှမကဘဲ ပရိတ်နှင့် စပ်လျဉ်းသည့် ပရိတ်ရေ၊ ပရိတ်ချည်တို့ကိုလည်း အကာအကွယ်အဖြစ် အသုံးပြုခဲ့ကြကြောင်း သိရပါသည်။

## ပုဂံခေတ် ပရိတ်ရွတ်ဆိုမှု

ပရိတ်တရား ရွတ်ဖတ်နာကြားခြင်းဓလေ့သည် ဗုဒ္ဓဘာသာ စတင်ပေါ်ပေါက်ရာ အိန္ဒိယနိုင်ငံ၌ ခေတ်အဆက်ဆက်ထွန်းကားခဲ့သည်သာမက သီဟိုဠ်နိုင်ငံသို့ ဗုဒ္ဓဘာသာရောက်ရှိသည့်အခါတွင်လည်း ဆက်လက်ထွန်းကားလာခဲ့သည့် အထောက်အထားများ များစွာရှိပါသည်။ ဤပရိတ်ရွတ်ဖတ်နာယူမှု ဓလေ့သည် ဗုဒ္ဓဘာသာနှင့်အတူ ပုဂံနိုင်ငံတော်သို့လည်း ရောက်ရှိ ပျံ့နှံ့ခဲ့ပါသည်။ ကျန်စစ်သားမင်း၏ နန်းတည် မွန်ကျောက်စာအရ ပုဂံခေတ်တွင်လည်း ကြီးကျယ်ခမ်းနားစွာ ပရိတ်ရွတ်ဆိုမှု ဓလေ့ရှိကြောင်း တွေ့ရပေသည်။ မင်းကြီး၏ နန်းတော်ဆောက်လုပ်မည့်နေရာ၌ ကြီးကျယ် ခမ်းနားစွာ ပရိတ်ရွတ်ဖတ်ကြပုံကို ဖော်ပြထားပါသည်။

'ငါတို့ အရှင် မဟာထေရ် အရဟံသည် သရဏာသီလပေးတော်မူပြီးလျှင် အတွင်းအပြင်၌ သီတင်းသုံးနေသော ငါတို့အရှင် မဟာထေရ် အရဟံ အမှူးပြုသော ရဟန်းလေးထောင့်တစ်ရာ့ရှစ်ပါး (၄၁၀၈-ပါး)တို့သည် ပရိတ်မင်္ဂလာ ရွတ်ဖတ်တော်မူကြကုန်၏' (ကျန်စစ်သားမင်း နန်းတည် မွန်ကျောက်စာ မြန်မာပြန်)။

ဤအခမ်းအနား၌ ရွှေရေအိုး၊ ငွေရေအိုး၊ ကြေးရေအိုး၊ မြေရေအိုးတို့ဖြင့် ပရိတ်ရေကို တည်ထားကြသည်သာမက ခေါင်းဆောင် သံဃာတော် ၁၀၈-ပါးတို့အတွက် ဖျာ ၁၀၈ ချပ်၊ ပန်းရေးပုဆိုး ၁၀၈-ထည်၊ တူရွင်း ၁၀၈ ချောင်းတို့ကို တည်ထားကြောင်းကို ကျောက်စာတွင် တွေ့ရပါသည်။

မြန်မာနိုင်ငံတွင် ပရိတ်တရားတော် ရွတ်ဖတ်နာယူမှုသည် ပုဂံခေတ်မှစ၍ အင်းဝခေတ်၊ ညောင်ရမ်းခေတ်နှင့် ကုန်းဘောင်ခေတ်သို့တိုင် ပျံ့နှံ့ထွန်းကားလျက် ရှိပေသည်။

## လယ်တီဆရာတော်နှင့် ပရိတ်

ဇာလီတောင်ဆရာတော်ကြီး၏ ပရိတ်နှင့် ပရိတ်ဆီအကြောင်းကို မဖော်ပြမီ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးနှင့် ပရိတ်အကြောင်းကို ဖော်ပြပါမည်။

အဘယ်ကြောင့်ဆိုသော် လယ်တီဆရာတော်ကြီးသည် ဇာလီတောင်ဆရာတော်ကြီးတို့ မတိုင်မီအခါကပင် ပရိတ်ကို ရောဂါဘယ ဘေးဥပဒ်အန္တရာယ် အသွယ်သွယ်တို့ကာကွယ်ရေး လက်နက်အဖြစ် ထူးထူးခြားခြား အသုံးပြုခဲ့သောကြောင့် ဖြစ်၏။ လယ်တီဆရာတော်ကြီးသည် ရောဂါကာကွယ်ရေးအတွက် ပရိတ်ကို အထူးတလည် အသုံးချခဲ့သည်။ ပရိတ်သုတေသနကိုလည်း လုပ်ခဲ့သည်။

'ပရိတ်ရွတ်ပုံရွတ်နည်း နှစ်မျိုးရှိတယ်ကွဲ့၊ ကျက်သရေမင်္ဂလာအလို့ငှာ သို့မဟုတ် ကုသိုလ်ကောင်းမှုအလို့ငှာ ရွတ်တဲ့အခါ သာယာနာပျော်ဖွယ် ကြည်ညိုဖွယ်ဖြစ်အောင်လည်း ရွတ်ရတယ်'ဟူ၍ လယ်တီဆရာတော်ဘုရားကြီးက အကြောင်းထူးသီးသန့်မရှိ၊ သဒ္ဒါတရား ပွားစေရန်၊ ကုသိုလ်တရား ပွားများစေရန် ပရိတ်ရွတ်ဆိုပုံနှင့် စပ်လျဉ်း၍ အထက်ပါအတိုင်း မိန့်ကြားထားပါသည်။

ကပ်ရောဂါဆိုး အန္တရာယ်ဆိုးတို့နှင့် တွေ့ကြုံရသောအခါတွင်ကား ထိုရောဂါပပျောက်ရေးကိုဦးတည်၍ ရွတ်ရပါသည်။ ထိုအခါ သဒ္ဒါ စာတ်တက်ကြွဖို့ထက် ဘေးအန္တရာယ်အနှောင့်အယှက်တို့ ကင်းရေးက အဓိကဖြစ်ပါသည်။ နူးညံ့သောစိတ်ထက် အန္တရာယ်ကင်းရေးအတွက် ဦးတည်သော တက်ကြွသောစိတ် (ဥဿာဟစာတ်) ဦးဆောင်ရန်အရေးကြီးပါသည်။ ထို့ကြောင့် ဆရာတော်ကြီးက...

'အေး...အန္တရာယ်ကပ်ဆိုး ရောဂါပျောက်ငြိမ်းရန် အလို့ငှာ ရွတ်ရတဲ့အခါ ပြင်းပြင်းထန်ထန် ဌာန်ကရိုဏ်းကျကျ ကျယ်ကျယ်လောင်လောင် ဝေါက်တန်ဝေါက်ပြီး ရွတ်ရတယ်' ဟု မိန့်ကြားခြင်းဖြစ်ပါသည်။

လယ်တီဆရာတော် ဘုရားကြီးသည် ဤဒုတိယနည်းဖြင့် ၁၂၆၂–ခုနှစ် လောက်မှစ၍ အထက်မြန်မာပြည်တစ်ဝန်း၌ ကျရောက်ခဲ့သော ပလိပ်ရောဂါကို မောင်းထုတ်ခဲ့ပေသည်။ မန္တလေး၊ မုံရွာ၊ စစ်ကိုင်း၊ မြင်းမူ စသည့် ဒေသများ၌ ဖြစ်ပေါ်နေသော ကြောက်မက်ဖွယ်ရာ ပလိပ်ရောဂါကို မိမိနည်းမိမိဟန်ဖြင့် တိုက်ဖျက်ခဲ့ပေသည်။ နေရာအနှံ့ ကိုယ်တော်တိုင် မသွားရောက်နိုင်သည့်အခါ တပည့်ရဟန်းသံဃာများ၊ ဒကာ ဒကာမတို့အား နည်းလမ်းညွှန်ပြကာ ပရိတ်ရွတ်စေသည်။

## ပရိတ်အိုး၊ ပရိတ်ချည်၊ ပရိတ်သဲ

ထိုမှဖြင့် အားရကျေနပ်တော်မမူဘဲ ၁၂၇၀–ပြည့်နှစ် မော်လမြိုင်၌ သီတင်းသုံးနေစဉ် ကပ်ရောဂါကာကွယ်ရေးအတွက် ရောဂန္တရဒီပနီ ခေါ် ကျမ်းတစ်စောင် ရေးသားခဲ့သည်။ ထိုကျမ်းတွင် ပရိတ်ဖြင့် ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲတို့ စီရင်ပုံကို ပြသတော်မူသည်။

'ဗုဒ္ဓ သရဏံ ဂစ္ဆာမိ အစရှိသော ပရိတ်တော်၊ ဂုဏ်တော်၊ ပါဠိတော်ဂါထာမန္တရားတို့ကို အခေါက်များစွာ ရွတ်မန်း၍ ပရိတ်ရေ၊ ပရိတ်ချည်၊ မန္တန်ရေ၊ မန္တန်ချည်များ ပြုလုပ်ကြလေကုန်။ ပရိတ်ရေ မန္တန်ရေ၊ ပရိတ်ချည်၊ မန္တန်ချည်များ ပြုလုပ်ရန် ပရိတ်မန္တန်များကို ရွတ်သောအခါ၌ ငါ၏နှုတ်က ရသမျှအက္ခရာတို့သည် ဤရေထဲ ဤချည်ထဲမှာ အကုန်ရောက်စေမည်ဟု ရေ,ချည်တို့၌ အာရုံစိုက်၍ စိတ်မာန်တင်းတင်းနှင့် ပြင်းပြင်းရွတ်' ဟု မှာကြားထားခဲ့ပါသည်။

## လယ်တီဆရာတော်၏ပရိတ်များ

လယ်တီဆရာတော်ဘုရားကြီးသည် အစဉ်အလာ ရွတ်ဖတ်နေကြသော ပရိတ်ကြီး ၁၁–သုတ်အပြင် ဘုရားဟောကျမ်းဂန်လာ သုတ္တန်

ပါဠိတော်များ၊ အဘိဓမ္မာဒေသနာတော်များကိုလည်း ပရိတ်အဖြစ် ရွတ်ဖတ်ရန် မိန့်ကြားတော်မူခဲ့ပါသည်။

'ရွတ်ဖတ်ရာမှာ ပရိတ်ကြီး၊ မဟာသမယသုတ်ကြီး၊ အာဋာနာဋိယသုတ်ကြီး၊ ဗုဒ္ဓဝင်ပါဠိတော်၊ ပဋ္ဌာန်းပါဠိတော်၊ ဥပ္ပါတသန္တိကျမ်း၊ ဇိနပဉ္စရလသုတ်လာ ၆၂-ပါး ဒိဋ္ဌိခန်း၊ သုတ်မဟာဝါ မဟာပဒါနသုတ်ကြီး၊ ဤပါဠိတော်ကြီးများသည် တန်ခိုးအထူးကြီး၏။ ကမ္မဝါဖတ်သကဲ့သို့ စာကိုကြည့်၍ဖတ်' (ရောဂန္တရဒီပနီ၊ စာမျက်နှာ ၈၀။)

## လက်တွေ့အသုံးပြု

ဆရာတော်ဘုရားကြီးသည် အထက်ပါပရိတ်များဖြင့် မွမ်းမံစီရင်ထားသော အဆောင်အဖွဲ့များကို လက်တွေ့အသုံးပြုတတ်ရန်လည်း ဤသို့ မိန့်ကြားခဲ့ပူးပါသည်။

'ပရိတ်ရေ ပရိတ်သဲတို့ကို တစ်နေ့တစ်ခါလဲ၍ မိမိတို့အိမ်ပြင်၊ အိမ်တွင်း ဝန်းကွင်းခြံတွင်းတို့မှာ အနှံ့အပြား ပက်၊ ပရိတ်ပန်းတို့ကို အိမ်တံခါး အိမ်နံရံတို့မှာ ထိုး၍ထား၊ လူများမှာလည်းပန်ရ၏။ ပရိတ်ချည်တို့ကို အိမ်ပတ်လည်ဝိုင်း၍ထား၊ သူငယ်တို့၌လည်း လည်ပင်း လက်ကောက်တို့၌ ဝတ်ထား' ဟု မှာကြားခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသည် ဤမိန့်ကြားချက်နှင့်အညီ အထက်မြန်မာပြည်တစ်ကြော၌ နှစ်စဉ်မခြားဝင်ရောက်၍ အိမ်လုံးကျွတ် ရွာလုံးကျွတ် မြို့လုံးကျွတ်မျှ သေကျေပျက်စီးစေခဲ့သော ပလိပ်ရောဂါဆိုးကို ကိုယ်တော်တိုင်ကြွရောက်၍ ကွယ်ပအောင် တိုက်ဖျက်တော်မူခဲ့သည်။

## ပရိတ်အာနိသင်ထက်အောင်

ကျေးရှုရှင် ဇာလီဆရာတော်ကြီးက ပရိတ်အကြောင်းကို အမိန့်ရှိတိုင်း အမိန့်ရှိတိုင်း 'ငါ တောထဲမှာ သက်သတ်လွတ် စားတာက

ပရိတ်အာနိသင်ထက်အောင် စားတာပဲ၊ ဒါတောင်မှ အနှစ်သုံးဆယ်ကျော်မှ ပရိတ်ရဲ့ အစွမ်းအာနိသင်ကို အပြည့်အဝရတော့တယ်' ဟု မိန့်ကြားတတ်ပါသည်။

ဆရာတော်ကြီးသည် သက်တော် ၂၄–နှစ်၊ ရဟန်းသိက္ခာ ငါးဝါအရ တောထွက်သည်မှစ၍ အရညဝါသီ ဧကစာရီဘဝဖြင့် နိဂုံးချုပ်ခဲ့ပါသည်။ လူတို့နှင့် အလှမ်းကွာဝေးရာ တောတန်းရှိမြိုင်တို့အကြားဝယ် သီတင်းသုံးခဲ့သည်။ ထိုကာလများတွင် ဆရာတော်ကြီး၏ အဖော်ကား မေတ္တာသာတည်း။ ဆရာတော်ကြီး၏ အစောင့်ကား ပရိတ် သာတည်း။ ဆရာတော်ကြီးသည် မေတ္တာနှင့် ပရိတ်ကို အစွမ်းထက်အောင် ဖန်တီးရာ၌ ခုတင် ၁၃–ပါးအကျင့်များကိုလည်း ဖြည့်ကျင့်ခဲ့သည်။

## သစ်သီးဆွမ်း

ထိုမျှဖြင့် အားရတင်းတိမ်မှုမရှိ။ သူတစ်ပါး၏ အသွေးအသားအညှီအဟောက်များကို စားသုံးခြင်းမှ ရှောင်ကြဉ်ခဲ့သည်။ မဟာမြိုင်တောတွင်း တရားကျင့်စဉ်က သစ်သီးဆွမ်း (ဆွမ်းဟု ဝိနည်းတော်အရ သုံးသော်လည်း သစ်သီးသက်သက်) ကိုသာ ဘုဉ်းပေးသုံးဆောင်ခဲ့ပါသည်။ ထိုအကျင့်များဖြင့် ပရိတ်၏ စွမ်းအားကို ဖြည့်စွက်ခဲ့ပါသည်။ ကျေးဇူးရှင်လယ်တီဆရာတော်ကြီးသည် သာမန်ပုဂ္ဂိုလ်တို့ မကျင့်ဆောင်နိုင်သည့် ကျင့်ဝတ်ပဋိပတ်များကို ဖြည့်ကျင့်ကာ နိုင်ငံနှင့်အဝန်း ကျရောက်ခဲ့သည့် ပလိပ်ကပ်ရောဂါကို ဖယ်ရှားခဲ့သည်။ ဇာလီတောင် ဆရာတော်သည်လည်း ပရိတ်ကို ကယ်ဆယ်ရေးလက်နက်အဖြစ် အသုံးပြုရန်အတွက် ထိုမျှလောက် သဲသဲမဲမဲ ခွဲနဘဲတြိးစွာဖြင့် လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

ပရိတ်သည် ဘုရားရှင်၏ မုက္ခပါဠ်တော်များဖြစ်၍ စွမ်းအားသတ္တိရှိပြီးမည်သည့် ပုဂ္ဂိုလ်ပဲရွတ်ရွတ်ဖြစ်ပါသည်။ သို့ဖြစ်ပါလျက် ဇာလီတောင်

ပရိတ်မှ၊ တောင်တန်းဆရာတော် ပရိတ်မှ ဘာကြောင့် စွမ်းအားသတ္တိကြီးမား ပါသနည်း။ ဒါဖြေကား စရဏ၏ စွမ်းအားကြောင့်ဟုပင် ဖြေရပါမည်။

**စရဏ၏စွမ်းအား**

ဤစွမ်းအား ဤသတ္တိများသည် နာမ်ပိုင်းဆိုင်ရာ သတ္တိများဖြစ် ပါသည်။ ကျင့်ကြံအားထုတ်မှု အပိုင်းနှင့်ဆိုင်သည်။ ထို့ကြောင့် ပရိတ်စွမ်း အားကိုဖော်ပြရာတွင် စရဏခေါ် အကျင့်ပိုင်းကိုရှောင်ကွင်း၍ မဖြစ် ပါ။ ကျွန်တော်၏ အတွေ့အကြုံတစ်ခုကို တင်ပြပါမည်။

နှစ်အနည်းငယ်က ကျွန်တော်၏ တူတော်မောင်တစ်ယောက် လူပြိုတားခံရပါသည်။ ထိုကလေးမှာ တုန်နေသော သူ၏လက်ညှိုးကို ကြည့်ကာ 'ဟော...တုန်နေပြီ၊ တုန်နေပြီ၊ ကြောက်တယ်၊ ကြောက်တယ်၊ မည်းမည်းကြီး၊ မည်းမည်းကြီး' ဟု အော်အော်နေပါသည်။ တုန်နေသော လက်ကို ငြိမ်အောင် မည်သို့မျှ ဆွဲထား၍မရပါ။ နီးစပ်ရာ မိတ်ဆွေ ပယောဂဆရာက ထိုဝေဒနာကို ကုပေးပါသည်။ ထိုဆရာသည် ပညာ မသေးလှပါ။ သူတို့အခေါ် အန္တိမဆရာကြီးပင် ဖြစ်ပါသည်။ သို့သော် ထိုဆရာလုပ်ကာမှ ပို၍ဆိုးလာပါသည်။ ထို့ကြောင့် ညတွင်းချင်းပင် စမ်းချောင်းနေအိမ်မှ တောင်ဥက္ကလာပရှိသူတို့ ဆေးကုပေးမှုသော ဆရာမထံ ပို့ပေးပါသည်။ ရောက်လျှင်ရောက်ချင်း 'ဘယ်မလဲ ကွယ့် မင်းတုန်တဲ့လက်၊ မတုန်ရဘူး' ဟု အမိန့်ပေးပါသည်။ ထို့နောက် ဆေးတိုက်ပါသည်။ ထိုကလေးကား ယခုတိုင် ကျန်းမာစွာရှိနေပါသည်။

**ဆရာချင်းတူသော်လည်း**

ကျွန်တော် စဉ်းစားပါသည်။ ပယောဂချင်း အတူတူ သူတို့ကို သင်ကြားပေးလိုက်သည့် ဆရာလည်း အတူတူ၊ အန္တိမ(နောက်ဆုံး)

အဆင့်သို့ရောက်ပြီး သူချင်းလည်း အတူတူ၊ ဘာကြောင့် တစ်ယောက်သော သူသည် ယောကျ်ားရင့်မကြီး ဖြစ်ပါလျက် အစွမ်းမထက်သနည်း?။ တစ်ယောက်သောသူသည် ရုံးဝန်ထမ်း သာမန်အမျိုးသမီးမျှသာ ဖြစ်လျက် အစွမ်းထက်မြက်ပါသနည်း?။ အဖြေမှာ စရဏ၏စွမ်းအားပင် ဖြစ်ပါမည်။ ထိုအမျိုးသမီး မည်မျှလောက်ကျင့်ကြံအားထုတ်သည်ကို ကျွန်တော်မသိပါ။ ကျွန်တော့်မိတ်ဆွေကြီး အကျင့်တရား နည်းပါးကြောင်းကိုကား အစင်း သိပင် ဖြစ်ပါသည်။ ကျင့်ကြံအားထုတ်မှုအပိုင်းကို ထည့်သွင်းစဉ်းစားရခြင်း ဖြစ်ပါသည်။

ယင်း စရဏပိုင်းတွင် သက်သတ်လွတ်စားခြင်းသည်လည်း တွန်း အား တစ်ရပ်အဖြစ် ပါဝင်နေပါသည်။ 'ငါ တောထဲမှာ သက်သတ်လွတ် စားတာက ပရိတ်အာနိသင်ထက်အောင် စားတာပဲ' ဟူသော ဆရာတော် ကြီး၏စကားကို သာမန်ဟု မစဉ်းစားသင့်ပါ။ သက်သတ်လွတ်စားခြင်း သည် ပရိတ်၏စွမ်းအားကို ဖြည့်စွက်ပေးကြောင်းကား ထင်ရှားလှပါသည်။ သက်သတ်လွတ်စားခြင်းသည် သူတစ်ပါး၏ အသွေးအသား အညှီ အဟောက်ကင်းစင်သဖြင့် ဖြူစင်သန့်ရှင်းသော စားသောက်မှုတစ်ရပ် ဖြစ်ကြောင်းကိုကား မငြင်းသာပါ။ သို့သော် တစ်ဖက်အစွန်းရောက်သော အယူအဆများကိုကား ဖယ်ရှားရမည်သာ ဖြစ်ပါသည်။

## ရှင်ဒေဝဒတ်နှင့် သက်သတ်လွတ်ကိစ္စ

ရှင်ဒေဝဒတ်ကဲ့သို့ အလိုဆန္ဒဆိုးဝါးသူများအတွက်ကား သက်သတ် လွတ် စားခြင်းသည် ကုသိုလ်ဖြစ်ရန်ထက် အကုသိုလ်ဖြစ်ဖို့ ပိုများပါသည်။

ဒေဝဒတ်သည် သံဃာအားသင်းခွဲရန် ဆန္ဒဆိုးဖြင့် ဘုရားရှင်ထံ အချက်ငါးချက်ကို တောင်းပါသည်။ ထိုအချက်များတွင် 'အမဲသား မစားပါစေနှင့်' ဟူသော အချက်တစ်ချက်လည်း ပါသည်။ ဘုရားရှင်က ခွင့် မပြုပါ။

ဘုရားရှင် လက်ထက်တော်က အာမဂန္ဓ ခေါ် ရသေ့တစ်ပါး ရှိပါသည်။ သူသည် တစ်သက်လုံး သက်သတ်လွတ်စားခဲ့သူ ဖြစ်သည်။ ဘုရားပွင့်တော်မူသည်ဟု ကြားရသောအခါ ကြည်ညိုဖြင့် ဘုရားရှင်ထံ ရောက်သည်။ သို့သော် ဘုရားရှင်သည် သူကဲ့ သို့ သက်သက်လွတ်မစား၊ အမဲသားငါးစားသည်ဟု သိရသောအခါ ဘုရားရှင်အား အမျိုးမျိုး စွပ်စွဲသည်။ ဘုရားရှင်က အာမဂန္ဓရသေ့အား အမဲသားငါးသည် အာမဂန္ဓ (အညှီအဟောက်) မဟုတ်။ မကောင်းမှု အကုသိုလ် အညစ်အကြေးတို့သည်သာ အာမဂန္ဓအစစ် ဖြစ်သည်ဟု မိန့်ကြားတော်မူရသည်။

ဤသာဓကများအရ သက်သတ်လွတ် စားခြင်းသည် ဘုရားအလိုတော်ကျ မဟုတ်ဟု ယူဆကြပါသေးသည်။ အချို့မှာမူ သက်သတ်လွတ်စားသူများကို ပုတ်ခတ်စော်ကားလိုသော စိတ်ဖြင့် သက်သတ်လွတ်ဆိုတာ ကုလားလည်း စားတာပဲ၊ နွားလည်းစားတာပဲ' ဟုပင် ပြောတတ်ပါသေးသည်။

စင်စစ် သက်သတ်လွတ်စားခြင်းသည် စိတ်ဓာတ်ဖြူစင်သန့်ရှင်း၍ မေတ္တာတရားကို တိုးပွားစေသောအလေ့ဖြစ်ပါသည်။ ဘုရားရှင်သည် ဒေဝဒတ်အား ရည်ရွယ်ချက် ယုတ်ညံ့သဖြင့် ခွင့်မပြုခြင်းဖြစ်သည်။ သို့သော် ရှင်ဒေဝဒတ်ကိုပင် မြင်သား ကြားသား သံသယဖြစ်စရာ အသားတို့ကို စားခွင့်မပြု ဟု မိန့်ကြားခဲ့ပါသည်။

ဘုရားရှင်၏ အလိုတော်မှာ မိမိကြောင့် တစ်ပါးသူတို့ သေကျေမှုကို မလိုလားရုံမူမကဘဲ တစိုးတစိမျှ ထိခိုက်နာကျင်စေမှုကိုပင် မလိုလားပါချေ။ ထို့ကြောင့် မိမိအတွက် သတ်ဖြတ်ကြောင်း မြင်ရသည့်အသားကို မစားရ(မြင်သား)၊ ဤသို့သတ်ကြောင်း ကြားရသည့်အသားကို မစားရ (ကြားသား)၊ ငါ့အတွက် သတ်ထားလေသလားဟု သံသယဖြစ်စရာ အသားကို မစားရ(သံသယသား) ဟု တားမြစ်ခဲ့ခြင်း ဖြစ်သည်။

ဤအချက်ကို သိမြင်တော်မူကြသည့် ရှေးဆရာတော်ကြီးများ၊ သူတော်ကောင်းကြီးများသည် အသားစားမှုကို တတ်နိုင်သမျှ ရှောင်ကြဉ်ခဲ့ကြသည်။ ရွှေကျင်နိကာယ မဓ္ဓသေနာပတိဘွဲ့ခံ အဘယာရာမ ဆရာတော်ကြီးသည် စစ်ကိုင်းဘက်တွင် သီတင်းသုံးစဉ်က သက်သတ်လွတ်စားခဲ့သည်။ ယင်းကို ရဟန်းတစ်ပါးက 'ဆရာတော်ကြီး ဘာကြောင့် သက်သတ်လွတ် စားပါသလဲ' ဟု မေးလျှောက်သည်။ ဆရာတော်ကြီးက 'သွား–နောက်လာမမေးနဲ့'ဟု ငေါက်တောက်တောက်မိန့်ကြားခဲ့ဖူးသည်။

## အထက်နတ်များကျေနပ်အောင်

အဘယာရာမ ဆရာတော်ကြီးထံ စာသင်ခဲ့သည့် ကျမ်းပြုအကျော်ဆရာတော် အရှင်ဇနကာဘိဝံသ ဆရာတော်ကြီးကမူ သက်သတ်လွတ်စားခြင်း၏ ရည်ရွယ်ချက်ကို အတိအလင်း ထုတ်ဖော်ရေးသားခဲ့ပါသည်။

'တပည့်တော်က အထက်နတ်တွေကို မေတ္တာနဲ့ ဆွယ်ရုံတင်မကပါဘူး၊ သူတို့ပိုပြီးကျေနပ်အောင် သက်သတ်လွတ် (ဆားဟင်း) ကိုပဲ စားပါတယ်'ဟု ရေးသားခဲ့သည်။

ဆရာတော်ကပင် ဆက်လက်၍ 'အထက်နတ်ကောင်းများက သူ့အသက်ကို သတ်မစားကြပ်ါဘူး၊ နတ်သုဓာကိုသာ စားကြပါတယ်။ အောက်နတ်တွေအနက် အချို့ကတော့ လူသားတောင် စားကြဟန်တူပါတယ်။ ...သုတ်ပါထိကဝဂ်၊ အာဋာနာဋိယသုတ်မှာလဲ များသောအားဖြင့် ယက္ခနတ်မျိုးတွေဟာ ပါဏာတိပါတ စသော ငါးပါးသီလ မလုံကြသလို ဝေဿဝဏ်နတ်မင်းက မြတ်စွာဘုရားအား လျှောက်ပါတယ်။ တပည့်တော်ကလည်း အသားမစားတော့ အသားမစားသောနတ်ကောင်းများ တပည့်တော်ကိုလည်းကောင်း၊ တပည့်တော်ရဲ့ သံဃာများကိုလည်းကောင်း

စောင့်ရှောက်ကြရန် တပည့်တော်ကိုယ်တိုင် အသားစားမှုမှ ရှောင်လိုက်ပါတယ်ဘုရား' (တဘ၀သံသရာ။ စာမျက်နှာ ၃၈၅။)

## အသားစားတဲ့ပါးစပ်

ကျေးဇူးရှင် လယ်တီဆရာတော်ကြီးသည်လည်း အခါအားလျော်စွာ သက်သတ်လွတ် စားလေ့ရှိပါသည်။ အထူးသဖြင့် နွားသားမစားကြရန် နည်းမျိုးစုံဖြင့် ဟောကြားတော်မူပါသည်။ တစ်ခါက စစ်ကိုင်းတစ်မြို့လုံး ပလိပ်ကပ်ကြီး ဆိုက်ရောက်ပါသည်။ ဆရာတော်ကြီးကား ပရိတ်ဖြင့် ကာကွယ်စောင့်ရှောက်တော်မူပါရန် ပင့်လျှောက်ကြသည်။ ဤတွင် ဆရာတော်ကြီးက–

'အေး...ကောင်းပြီ၊မင်းတို့ ပရိတ်ရွတ် ကမ္ဘ၀ါဖတ်ရန် သံဃာများကို ပင့်လျှင် သတိထားဖို့က နွားသားစားသော ဘုန်းကြီးအား မပါစေရ၊ နွား သားစတဲ့ ပါးစပ်ကြီးနဲ့ 'သုဏန္တု မေ ဘန္တေ သံဃော' ဖတ်လိုက်တာနဲ့ ပါးစပ်က နွားသားနံ့ကြီးက တစ်ခေါ်လောက် ကင်းထောက်ထားတယ်၊ အဲဒီအခါ ဘီလူးသဘက်တွေက နွားသားနံ့ကို မိုးနိုးလျှောက်လိုက်ပြီး လာတက်တယ်' ဟု မိန့်ကြားသည်။ (လယ်တီမဟာထေရုပ္ပတ္တိ၊ စာမျက်နှာ–၈၈)

ဤအထောက်အထားများအရ ရှေးဆရာတော်ကြီးများ သက်သတ်လွတ်စားခြင်းသည် ခြိုးခြံသော အကျင့်ကို ကျင့်ရုံမျှမကပါ။ စိတ်ဓာတ်ဖြူစင်ရေး၊ မေတ္တာတရားကြီးထွားရေး၊ ကရုဏာတရား ပိုမိုရှင်သန်ရေး၊ နတ်ကောင်းနတ်မြတ်တို့ အကူအညီကို ရရှိရေးနှင့် ပရိတ်အစွမ်းထက်မြက်ရေးတို့အတွက်လည်း ပါဝင်လေသည်။

ကျေးဇူးရှင်ဇာလီတောင်ဆရာတော်ကြီးသည်လည်း ဤရည်ရွယ်ချက်များဖြင့် သက်သတ်လွတ်စားခဲ့သည်။ မေတ္တာဘာဝနာပွားခဲ့သည်။

ပရိတ်ကို တာဝန်တစ်ခုအနေဖြင့် ရွတ်ဆိုလာခဲ့သည်။ နှစ်ပေါင်းသုံးဆယ် ကျော်ကြာမှပင် ပရိတ်၏ စွမ်းအား ပရိတ်၏ အာနိသင်ကို ရရှိခဲ့သည်။ ပရိတ်ဖြင့် သတ္တဝါဝေနေယျတို့၏ အိုးအိမ်စည်းစိမ်တို့ကို တတ်စွမ်း သမျှ စောင့်ရှောက်ကာယ်နိုင်သည့် အဆင့်သို့ ရောက်ရှိခဲ့သည်ဟု ဆိုလိုပါ သည်။

## ရှေးအစဉ်အလာအတိုင်း

ဇာလီတောင်ဆရာတော်ကြီးသည် ပရိတ်ကို သတ္တဝါများ ကယ်ဆယ် ရေးအတွက် အသုံးပြုခဲ့ကြောင်း အလျဉ်းသင့်တိုင်း ဖော်ပြခဲ့ ဖူးပါသည်။ ကျေးဇူးရှင် လယ်တီဆရာတော်ကြီးကား ပရိတ်ဖြင့်သာမက ဧောဂန္တရ ဒီပနီကျမ်းကိုရေးသားပြုစု၍ပင် သတ္တဝါများကို ကယ်ဆယ်ခဲ့ကြောင်းကို လည်း ဖော်ပြခဲ့ပါသည်။ ဇာလီတောင် ဆရာတော်ကြီးသည် ပရိတ်ကို နှစ်ပေါင်း သုံးဆယ်ကျော် နိစ္စဓူဝတာဝန်တစ်ခုအဖြစ်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ် ခဲ့သည်။

## နှစ်ပေါင်းသုံးဆယ်ကျော်

ဆရာတော်ကြီးက 'ငါ အသက်သုံးဆယ်ကျော်က ပရိတ်ကို တာဝန်တစ်ခုအနေနဲ့ ရွတ်လာခဲ့တာ၊ အခု အသက်ခြောက်ဆယ်ကျော်မှ ပရိတ်ရဲ့ အာနိသင်ကို ရတယ်' ဟု မိန့်ကြားပါသည်။

ဆရာတော်ကြီးသည် သက်တော်(၂၅) နှစ်ခန့်တွင် တောထွက်ခဲ့ပါ သည်။ အရည်ဝါ,သီတောရမှိသော အချိန်မှစ၍ သာမန်ပုဂ္ဂိုလ်တို့ မကျင့်ကြံ နိုင်သော ဓုတင်အကျင့်များကို အသက်ခန္ဓာစွန့်လွှတ်ရလုနီးပါး ပြင်းထန်စွာ ကျင့်ခဲ့ပါသည်။ ထိုအကျင့်များကို ကျင့်ရင်း သမထဝိပဿနာ အကျင့် နှစ်ဖြာကို ပြင်းထန်စွာ ဖြည့်ကျင့်ခဲ့ပါသည်။

ဆရာတော်ကြီး၏ ဘဝတစ်လျှောက်တွင် 'ငါက အလုပ်သမား ကွ၊ အလုပ်ပဲလုပ်တယ်' ဟူသော ကြွေးကြော်သံကို အစဉ်တစိုက် မိန့်ကြားခဲ့သည်။ ထိုကြွေးကြော်ချက်မှာ ဝီရိယာဓိက သမ္မာသမ္ဗောဓိ ဘုရားဆုပန်ဆင်ကြောင်းကို သွယ်ဝိုက်၍ မိန့်ကြားခြင်းဖြစ်သည်။ ထိုကဲ့သို့သော ဖွဲလုံ့လအရင်းခံ၍ ပါရမီဖြည့်ရသည့် ဆုမျိုးပန်ဆင်ကြောင်းကိုလည်း အကြောင်းအားလျော်စွာ ထုတ်ဖော်မိန့်ကြားတတ်ပါသည်။ သို့ဖြစ်၍ ဆရာတော်ကြီးသည် မည်သည့်အလုပ်ကို လုပ်သည်ဖြစ်စေ ဖွဲခပ်၍ လုပ်တော်မူလေ့ရှိပါသည်။ တပည့်တပန်းတို့ကိုလည်း ထိုကဲ့သို့ပင် လုပ်စေလိုသည်။

## ဇွဲမြဲခြင်းသာ အဓိက

ရဟန်းပုဂ္ဂိုလ်ဖြစ်စေ၊ လူဝတ်ကြောင်ဖြစ်စေ ပရိတ်ရွတ်ဖတ်သော အခါ ပုတီးစိပ်သောအခါ စသည်တို့၌ ပေါ့ပေါ့တန်တန် လုပ်သည်ကို မချီးကျူး။ မချီးကျူးရုံမက ရံဖန်ရံခါ အပြစ်တင်လေ့ရှိပါသည်။ 'သစ္စာဖြစ်အောင်လုပ်ကွ၊ သစ္စာဖြစ်အောင်လုပ်ရတယ်၊ ဇွဲမြဲရတယ်။ ရေလာမများရဘူး၊ ဟိုစပ်စပ် ဒီစပ်စပ် မလုပ်ရဘူး၊ သစ္စာဖြစ်မှ သစ္စာပြုနိုင်အောင် လုပ်မှ လိုရာကိစ္စပြီးနိုင်တယ်' ဟူ၍ မိန့်ကြားတတ်ပါသည်။ ကိုယ်တော်တိုင်လည်း ဤကဲ့သို့ပင် ကျင့်သုံးတော်မူသဖြင့် တပည့်တို့အား အလားတူ ဖြစ်စေလိုသော ဆန္ဒကြောင့် မိန့်တော်မူခြင်း ဖြစ်ဟန်ရှိပါသည်။

ဆရာတော်ကြီးကား ဘုရားဆုပန်ပီပီ သတ္တဝါတို့အား ကယ်ဆယ်ရေးအတွက် အများချမ်းသာရေးအတွက် ဆောင်ရွက်ရာ၌ အားရတင်းတိမ်သောစိတ် ရှိဟန်မတူပါ။

ဆရာတော်ကြီး၏သဘောမှာ သတ္တဝါတို့အပေါ် ဥပေက္ခာသဘော မထားနိုင်ပါ။ ဤမှုလောက် ကရုဏာကြီးမားတော်မူပါသည်။ ဤကရုဏာ

ဤဆန္ဒများကြောင့်ပင် တောထွက်တော်မူ၍ ငါးနှစ်တာမျှ သမထ ဝိပဿနာအလုပ်များကို ကျင့်ကြံအားထုတ်၍ စွဲမြဲသောသမာဓိတရားကို လက်ကိုင်ရပြီးသောအခါ ပရိတ်တော်တို့ကိုလည်း စွဲစွဲမြဲမြဲ ဖွဲ့နှဲကြီးစွာ ရွတ်ဖတ်တော်မူခြင်း ဖြစ်ပါလိမ့်မည်။

## ပရိတ်ဝတ်မချွတ်စေရ

မည်သည့်အရပ်၊ မည်သည့်ကိစ္စ၊ မည်သို့သော အခြေအနေသို့ ရောက်သည်ဖြစ်စေ ပရိတ်ဝတ်ကို မဖျက်။ ပရိတ်တာဝန်ကို မချို့ယွင်းစေရ။ ကိုယ်တော်တိုင် မရွတ်ဖတ်နိုင်သော အခါ တပည့်တပန်းတို့အား ရွတ်ဖတ်စေ၍ နာတော်မူသည်။ ၁၉၇၄–ခုနှစ် ခြောက်ထပ်တိုက်ကျောင်းကြီး၏ အပေါ်ထပ် နေကာ (sunshade)ပေါ်မှ လိမ့်ကျ၍ မထနိုင်သောအခါမှာပင် 'နာနေကျတရားကို နာပါရစေ' ဟု မိန့်ကြားကာ တပည့်များအား ပရိတ်တော်ကို ရွတ်ဖတ်စေ၍ နာယူခဲ့ပါသည်။ ထိုစဉ်က ဆရာတော်ကြီး သည် သက်တော်ခြောက်ဆယ်ကျော်ပြီဖြစ်၍ ပရိတ်ဖြင့် သတ္တဝါ ကယ်ဆယ် ရေးလုပ်ငန်းကြီးကို လုပ်ဆောင်နိုင်သည့် အခြေအနေသို့ ရောက်ရှိပြီး ဖြစ်သည်။ သို့သော် ငယ်စဉ် သက်တော်သုံးဆယ်က လုပ်ဆောင်ခဲ့သည့် တာဝန်ကြီးကို မပျက်မကွက် ထမ်းဆောင်တော်မူသည်။ မိမိတာဝန်ကို မလစ်ဟင်းစေရ၊ မပျက်ယွင်းစေရ။ ဤသည်မှာ ဇာလီတောင် ဆရာတော် ကြီး ပရိတ်ကို အလေးပေးပုံ ဖြစ်ပါသည်။

## ဆရာတော်ကြီး၏ ပရိတ်များ

ဇာလီတောင် ဆရာတော်ကြီးသည် အစဉ်အလာရွတ်ဆိုနေသော ပရိတ်ကြီး (၁၁) သုတ်အပြင် မဟာသမယသုတ်၊ ဓမ္မစကြာ(ဓမ္မစက္က ပဝတ္တနသုတ်) နှင့် အနတ္တလက္ခဏာသုတ်တို့ကိုလည်း ရွတ်ဖတ်တော် မူသည်။

'မေ့စကြာဆိုတာ သူချည်းသက်သက် ရွတ်လို့ မပြည့်စုံဘူးကွ၊ မဟာသမယသုတ်နဲ့တွဲပြီး ရွတ်ရတယ်။ မဟာသမယသုတ်နဲ့ နတ်တွေကို ဖိတ်ရတယ်၊ မေ့စကြာနဲ့ ဧည့်ခံရတယ်' ဟူ၍ မိန့်ပါသည်။ ထို့အပြင် 'မင်းတို့က မေ့စကြာရွတ်ပြီးရင် ပြီးရောထင်ကြတယ်၊ မပြည့်စုံသေးဘူးကွာ၊ မေ့စကြာရွတ်ပြီဆိုရင် အနတ္တလက္ခဏသုတ်ကိုလည်း ရွတ်ရတယ်' ဟူ၍လည်း မိန့်ကြားပါသည်။

ထိုစဉ်က ဆရာတော်ကြီး၏စကားများကို မည်မျှ အတိမ်အနက်ရှိသည်ဟု မစဉ်းစားမိခဲ့ပါ။ ယခု စဉ်းစားမိလာသောအခါတွင်ကား ဆရာတော်ကြီး၏ ဩဝါဒများ လေးနက်ပုံကို ဆင်ခြင်မိလာပါသည်။

မဟာသမယသုတ်ကို နတ်တို့ချစ်ခင်သောသုတ် (ဒေဝတာပိယသုတ်) ဖြစ်သည်ဟု ဆရာစဉ်ဆက် ဆိုပါသည်။ ကျေးရွာ့ရှင် ညောင်တုန်းမြို့၊ ရွှေဟသာတောတိုက် အဘိဓဇမဟာ ရဋ္ဌဂုရု ဆရာတော်ကြီးငယ်စဉ်က မဟာသမယသုတ်ကို ဝတ်ထား၍ ရွတ်ဆိုသည်ဟုဆိုပါသည်။ ဆရာတော်ကြီးသည် ထိုသို့ အလေ့အထများ လာသောအခါ ကျိန်းစက်ရာ၌ အနှောင့်အယှက် ဖြစ်လောက်အောင် အိပ်မက်လိုလို နတ်တို့က လာနှိုးသလိုလို ဖြစ်သည်ဟု မိန့်မှူးပါသည်။

## အိုးနဲ့အဖုံးလို

မဟာသမယသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်သောအခါ နတ်တို့ကို ပင့်ဖိတ်ပြီးသား ဖြစ်သည်ဟု ယူဆရပါသည်။ ထိုမဟာသမယသုတ်ဖြင့် နတ်တို့ကိုပင့်ဖိတ်ပြီး ဓမ္မ စက္က ပဝတ္တနသုတ်ကို ရွတ်ခြင်းမှာ သဘာဝကျလှပါသည်။ ဓမ္မ စက္ကပဝတ္တနသုတ်သည် ဘုရားရှင်၏ အဦးဆုံးသော ဒေသနာတော်ဖြစ်သည်သာမက ပိဋကတ်သုံးပုံ၏ အချုပ်လည်း ဖြစ်ပါသည်။ သစ္စာလေးပါး၏ အချုပ်လည်း ဖြစ်ပါသည်။ ထိုဂုဏ်တော်များ

အရ ဓမ္မစက္ကပဝတ္တနသုတ်သည် အမြဲမပြတ် ရွတ်ဖတ်သရဇ္ဈာယ်၍ အာရုံပြုသင့်သော သုတ်တစ်သုတ်ဖြစ်ပါသည်။

ဘုရားရှင်သည် ဓမ္မစက္ကပဝတ္တနသုတ်ကို ဟောကြားပြီးသောအခါ အရှင်ကောဏ္ဍည စသော ပဉ္စဝဂ္ဂီတို့သည် သောတာပန်ဖြစ်ကြပါသည်။ ထို့နောက် အနတ္တလက္ခဏသုတ်ဖြင့် ရုပ်, ဝေဒနာ, သညာ, သင်္ခါရဝိညာဉ် ဟူသောခန္ဓာငါးပါးတို့၏ အနိစ္စလက္ခဏာစသည်တို့ကို ဟောကြားမှ မထေရ်တို့ အာသဝေါကင်းကွာသည့် ရဟန္တာဖြစ်ကြပါသည်။ ထို့ကြောင့် ဓမ္မစကြာ၏အဆုံး၌ အနတ္တလက္ခဏသုတ်ကို ရွတ်ဖတ်ခြင်းမှာလည်း သဘာဝကျလှပါသည်။ တရားတော်၏လေးနက်မှု မွန်မြတ်မှုတို့ကို ပို၍ အာရုံပြုဆင်ခြင်နိုင်ပါသည်။ သို့ဖြစ်၍ ဆရာတော်ကြီးက 'မဟာသမယ သုတ်နဲ့ ဓမ္မစကြာက အိုးနဲ့အဖုံးလိုပဲကွ၊ ဧည့်ခံရတယ်' ဟူ၍ မိန့်ကြားခြင်း လည်း ဖြစ်ပါသည်။

ပရိတ်ကြီး (၁၁)သုတ်လာပရိတ်တော်များနှင့် စပ်လျဉ်း၍ ဆရာတော်ကြီး၏ မိန့်ကြားချက်အချုပ်မှာ ဤသို့ဖြစ်ပါသည်။

**၁။ မင်္ဂလသုတ်**

ကြီးပွားချမ်းသာရေးတရားများကို ဟောကြားထားတဲ့အတွက် ရွတ်ဖတ်ဆင်ခြင်ပြီး လက်တွေ့ကျင့်သုံးရမယ်။

**၂။ ရတနသုတ်**

ဘုရားဂုဏ် တရားဂုဏ် သံဃာ့ဂုဏ်တွေကို ထပ်တလဲလဲ ပူဇော်ပြီး သစ္စာပြုတာဖြစ်တယ်။ သစ္စသုတ်လို့တောင် ခေါ်ထိုက်တယ်။

**၃။ မေတ္တသုတ်**

တောနေရဟန်းနဲ့ လူတို့အတွက် လက်နက်ပဲ။ မေတ္တသုတ်ဟာလည်း အလုပ်သုတ်–ပိယသုတ်လို့လဲ ခေါ်နိုင်တယ်၊ မေတ္တာပို့နည်းကို တိုက်ရိုက်ပြထားတယ်။ ရွတ်ရုံတင်မဟုတ်ဘူး၊ စိတ်ထဲက ထင်လာအောင်၊ အာရုံပေါ်

လာအောင် မေတ္တာပို့။ စာအုပ်ထဲက စာဆိုသလို ဝရောဝရော မလုပ်ရဘူး။ စိတ်က လိုက်လိုက်လှဲလှဲဖြစ်အောင် မေတ္တာပို့။

## ၄။ ခန္ဓသုတ်

မြွေများကို မေတ္တာထားဖို့ အဆိပ်အတောက်အတွက် ဟောထားတာ။

## ၅။ မောရသုတ်

အလောင်းတော်ဒေါင်းမင်းက နေကိုရှိခိုးတာပဲ၊ အဲဒီမှာလဲ 'ယေ ဗြာဟ္မဏာ ဝေဒဂူ သဗ္ဗဓမ္မေ' တို့ဟာ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေဖြစ်တယ်။

## ၆။ ဝဋ္ဋသုတ်

ဒါက သစ္စာဆိုတာပဲ။ သစ္စာတရားရဲ့ လေးနက်မှု ထက်မြက်မှုကို ပြထားတာ။ သီလဖြူစင်ပြီး နိစ္စရူဝ မှန်မှန်ရှိရင် သိပ်အစွမ်းထက်ပေါ့။

## ၇။ ဓဇဂ္ဂသုတ်

အချုပ်က ဘုရား၊ တရား၊ သံဃာပဲ။ ဣတိပိသော ဘဂဝါ စတဲ့ ဂုဏ်တော်တွေပဲ။

## ၈။ အာဋာနာဋိယသုတ်

ဒီသုတ်က နတ်ကြီးလေးပါးကို အချုပ်ထားတယ်။ သူတို့ကိုခေါင်းတည်ပြီး တိုက်တွန်းထားတာ။ ရပ်ထဲရွာထဲမှာ အန္တရာယ်ပေါ်လာရင် ကပ်ဆိုက်လာရင် သက်သတ်လွတ် (၇) ရက်စား၊ ပရိတ်ရွတ်မည့် အကြောင်း (၇) ရက်တိုင်ကြေညာ၊ ဗျာန်နဲ့မာန်နဲ့ ကျကျနနရွတ်ရင်အလွန် အစွမ်းထက်တယ်။ (ရတနသုတ်၊ အာဋာနာဋိယသုတ်တို့၏ အာဏာစက်မှာ ပြင်းထန်သဖြင့် ဘုမ္မစိုးစသည့် အညံ့စားနတ်များက ရန်ငြိုးထားတတ်

ကြောင်း၊ ဒါကြောင့် မေတ္တသုတ်ကို အလျင်ရွတ်ပြီးနောက်မှ ထိုသုတ်တော်များ ရွတ်ဆိုသင့်ကြောင်း မိန့်ကြားဖူးပါသည်။)

### ၉။ အင်္ဂုလိမာလသုတ်

သစ္စာဆိုခြင်းဖြစ်တယ်။ စွဲမြဲစွာရွတ်ဖတ်ထားရင် ကိုယ်ဝန်ဆောင်ကိစ္စများအတွက် အလွန်အားကိုးရတယ်။

### ၁၀။ ဗောဇ္ဈင်္ဂသုတ်

ကျန်းမာရေးအတွက် စီစဉ်ထားတာ။ မကျန်းမာမှ ထ,ရွတ်တာထက် နေ့စဉ်ရွတ်ဖတ်ပြီး သစ္စာပြုထားရတယ်။

### ၁၁။ ပုဗ္ဗဏှသုတ်

မေတ္တာ သစ္စာ အားလုံးပါတယ်။

အထက်ပါအကြောင်းအရာတို့မှာ ပရိတ်နှင့် စပ်လျဉ်း၍ ဇာလီတောင်ဆရာတော်ကြီး မိန့်ကြားချက် လုပ်ဆောင်ချက်များဖြစ်သည်။ ဤသို့ စွဲစွဲမြဲမြဲ သဲသဲမဲမဲ ရွတ်ဖတ်သရဇ္ဈာယ်သည့်အတွက် အစွမ်းထက်ခြင်းဖြစ်ပါသည်။

ဆရာတော်ကြီးက 'တခြားဘုန်းကြီးတွေလည်း ပရိတ်ရွတ်တာပဲ၊ ငါလည်း ရွတ်တာပဲ။ ငါတို့ တောထဲမှာ သက်သတ်လွတ်စားတာ ပရိတ်အာနိသင်ထက်အောင်ဆိုတဲ့ ရည်ရွယ်ချက်လည်း ပါတယ်။ ဒါတောင် အနှစ်သုံးဆယ်ကျော် လုပ်လိုက်ရတယ်။ အသက်သုံးဆယ်က ရွတ်လာတာ အသက်ခြောက်ဆယ်ကျော်မှ ပရိတ်ရဲ့ တန်ခိုးအာနိသင် ရတော့တယ်' ဟု မိန့်တတ်ပါသည်။

## သစ္စာဖြစ်အောင်လုပ်ကြ

ဆရာတော်ကြီး၏ ပရိတ်တွင် ဘုရားရှင်ဟောကြားထားတော်မူသည့် ဗုဒ္ဓဂုဏ်၊ ဓမ္မဂုဏ်၊ သံဃာ့ဂုဏ်များသာ မကပါ၊ သစ္စာလေးပါးလည်း

ပါသည်။ ထိုသစ္စာသည်လည်း ပရိတ်တွင် ဟောကြားထားသည့် 'ဧတေန သစ္စဝဇ္ဇေန' (ဤသစ္စာစကားကြောင့်) ဆိုသည့် သစ္စာမျှမကပါ။ မိမိကိုယ်တိုင် မကျိုးမပေါက် မပြောက်မကြားရအောင်အားထုတ်ထားသည့် သစ္စာလည်း ပါဝင်သည်။

ဆရာတော်ကြီးက 'သစ္စာဖြစ်အောင်လုပ်ကွ၊ သစ္စာဖြစ်မှ စွမ်းတယ်။ ကောက်ရိုးမီးလို စိတ်ကူးပေါက်မှ ထလုပ်တာမျိုးက သစ္စာမဖြစ်ဘူး။ တပည့်တော် ဘယ်နေ့ဘယ်အချိန် ဘယ်အခါ ဘယ်လိုအလုပ်မျိုး ကောင်းမှုမျိုး လုပ်ခဲ့တာပါ ဘုရား၊ ဘယ်သီလမျိုးကို ဆောက်တည်ခဲ့တာပါ ဘုရားလို့ ခိုင်ခိုင်မာမာကြီး သစ္စာပြုနိုင်သည်အထိ လုပ်ကြ၊ ဒီလိုမှ သစ္စာမပြုနိုင်ရင် ကိုယ့်ကိုယ်ကိုမှ မယုံကြည်တာ၊ ဘယ်မှာစွမ်းနိုင်ပါ့မလဲ' ဟု မိန့်ကြားတတ်ပါသည်။

လောက၌ သစ္စာတရားထက်ကြီးမြတ်သော အဇ္ဈ မရှိပါ။ သစ္စာတရားထက် လေးနက်သော တိုင်တည်မှုမရှိပါ။ အလောင်းတော်သည်ပင် 'သစ္စေန မေ သမော နတ္ထိ၊ ဧသောမေ သစ္စပါရမီ' (ငါ့အား ဤသစ္စာနှင့်တူသော အရာမရှိ၊ ဤသည်ပင် ငါ၏ သစ္စာပါရမီတည်း) ဟု အကြိမ်ကြိမ် ကြွေးကြော်ခဲ့သည်။ ရှေးသူတော်ကောင်းကြီးများလည်း အခါအခွင့်သင့်တိုင်း သစ္စာစကားကိုပင် အားကိုးအားထားပြုကာ ဖော်ထုတ်ခဲ့ကြ၏။

ပွတ်ပါများတော့ ပြောင်၊ ပြောင်ပါများတော့ လက်ဆိုသလို ကြာကြာလုပ်တော့ အရောင်လက်လာတာပေါ့။ ဤသည်မှာလည်း ဆရာတော်ကြီး၏ လက်သုံးစကားဖြစ်၏။ စာပေကျမ်းဂန်များ၌ 'ပွားများအပ်သော်၊ ကြိမ်ဖန်များစွာ အားထုတ်အပ်သော်' (ဘာဝိတာ ဗဟုလီကတာ) ဟူသော စကားများ ရှိပါသည်။ ထိုအတိုင်း မိန့်ကြားခြင်း

ဖြစ်ပါသည်။ ဆရာတော်ကြီးသည် ဖွဲ့လုံ့လသမား ဖြစ်၏။ အလုပ်ကို အားကိုးသည့်စကားများသာ နှုတ်တော်မှ ထွက်လေ့ရှိပါသည်။

## နိစ္စပတ်ရှိရမယ်

ဆရာတော်ကြီးက 'ကိုယ့်မှာ နိစ္စပတ်ရှိရတယ်။ အဲဒီနိစ္စပတ်က တစ်နေ့ ကိုယ့်ကိုပြန်ပြီး အကျိုးပေးလာတာပဲ၊ ခုရေတွင်းတူး ခုရေကြည် သောက်လို့ ဘယ်ရမလဲ၊ မင်းတို့ နေ့စဉ်ပြောနေကြစကားပဲ၊ ကိုယ့်နိစ္စပတ်က ကိုယ့်ပြန်အကျိုးပေးတာ။ အကုသိုလ်အမှုနဲ့ အသက်မွေးတဲ့လူတွေ ကြည့်၊ ချက်ချင်းတော့ အကုသိုလ်က အကျိုးမပေးဘူး။ အေး နောက်ဆုံးတော့ သေခါနီးတော့ အကျိုးပေးတာတွေ အနန္တပဲ။ မင်းတို့ ကြုံဖူးကြမှာပါ။ ကုသိုလ်အမှုမှာ ပျင်းတတ်တယ်။ စိတ်က လေးလံဆုတ်ဆိုင်းနေတတ်တယ်၊ ဒါဓမ္မတာပဲ။ 'ပါပသ္မိံ ရမတေ မနော' ပဲ။ (မကောင်းမှု၌ စိတ်သည် ပျော်မွေ့၏။) ပျင်းလို့တော့ မရဘူး။ ပျင်းနေတဲ့ လျှော့ကျနေတဲ့ စိတ်ကို ပြန်တင်ရမယ်။ တစ်ခဏနဲ့ဘာမှ မဖြစ်ဘူး။ ဘာကုသိုလ်လုပ်လုပ် စွဲစွဲ မြဲမြဲလုပ်ဖို့ လိုတယ်။ နိစ္စပတ်လုပ်၊ နိစ္စပတ်ရှိလာရင် ဖြစ်လာတာပဲ' ဟု ဩဝါဒပြုပါသည်။

## အပေါက်ရှိမှဝင်လို့ရတယ်

ပရိတ်ရွတ်ခြင်း မေတ္တာပို့ခြင်း ကိစ္စများကို စွဲစွဲမြဲမြဲပြုလုပ်ရေး အတွက်အောက်ပါအတိုင်းလည်း မိန့်ကြားတတ်ပါသည်။

'အိမ်မှာ ခြံမှာ အပေါက်ရှိမှ ဝင်လို့ရတယ်။ နိစ္စပတ်မရှိရင် အပေါက်တွေပွင့်နေတယ်။ မလုံဘူး။ မလုံရင် အပြင်က အနှောင့်အယှက်တွေ ဝင်လာမှာပဲ။ နိစ္စပတ်မရှိတော့ ကံနိမ့်တယ်။ ကံနိမ့်တော့ ခံရတယ်။ ဒါကြောင့် နိစ္စပတ်ကုသိုလ်လုပ်ကြပါ။ နိစ္စပတ်ကုသိုလ်ကို စာထဲမှာ

အာစိဏ္ဏကံလို့ခေါ်တယ်။ နိစ္စပတ်ကုသိုလ် ခံထားရင် အကုသိုလ်က ဝင်မလာနိုင်ဘူး။ လာဦးတော့ သက်သာတယ်။ အဲဒါ ကိုယ်ခံလည်းခေါ်တယ်။ ကိုယ်ခံကောင်းနေရင် ရောဂါဝင်လို့ မရသလိုပေါ့။ ပရိတ်ရွတ် သီလဆောက်တည်ထားရင် ဘယ်အကုသိုလ်လာမလဲ၊ မလာဘူး။ ဒါကြောင့် နေ့စဉ် ထမင်းစားသလို နိစ္စပတ်ကုသိုလ်ကိုလဲ နေ့စဉ်မပြတ် လုပ်ရမယ်'

ဤသို့ တပည့်များအား နိစ္စပတ်ဖြစ်အောင် သတိပေး ဆုံးမတော်မူသည်။

## တစ်နေ့လေးကြိမ်ပရိတ်ရွတ်

ဆရာတော်ကြီးသည် သူတော်ကောင်းတို့ ဓမ္မတာ ဓလေ့အတိုင်း ပြောသလို လုပ်တော်မူသည်။ (ယထာဝါဒီ တထာကာရီ)။ သက်တော် သုံးဆယ်မှ ခြောက်ဆယ်အထိ တစ်နေ့လျှင် ပရိတ်လေးကြိမ် ရွတ်ဆိုခဲ့သည်ဟု ဆိုသည်။ နံနက်ပိုင်းတွင် နှစ်ကြိမ်နှင့် ညနေပိုင်းတွင် နှစ်ကြိမ် ဖြစ်သည်။ သက်တော်ရွယ်ရင့်၍ ပရိတ်၏အာနိသင်ကို ရပြီးဖြစ်သော်လည်း နိစ္စပတ်အမှုကြီးကို အပျက်မခံ။ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်၊ မှန်မှန်ရွတ်သည်။ အလွန်တရာ မကျန်းမာနေလျှင် တပည့်တစ်ပါးပါးအား ရွတ်စေ၍ နာတော်မူသည်။

## တစ်ခါရွတ်လျှင်တစ်နာရီ

တပည့်တို့အား 'ပရိတ်တစ်ခါရွတ်လျှင် တစ်နာရီလောက်ပဲ ကောင်းတယ်။ တစ်နာရီလောက်ဆိုတော့ စိတ်တည်ငြိမ်ပြီး သမာဓိအားကောင်းတယ်' ဟု မိန့်ကြားသော်လည်း ကိုယ်တော်တိုင် ပရိတ်ရွတ်သော အခါတွင်မူ တစ်ခါတစ်ရံ နှစ်နာရီနီးပါး ကြာမြင့်တတ်သည်။ မကြာဘဲ ရိုပါမည်လော။ ဆရာတော်ကြီး ရွတ်သည့်ပရိတ်များသည် ပရိတ်ကြီး

၁၁–သုတ်မျှသာမကပါ။ အလွန်ရှည်လျားသော မဟာသမယသုတ်တော်ကြီးနှင့် အာဋာနာဋိယသုတ်တော်ကြီးတို့ ပါဝင်သည်။ ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ်တို့လည်း ပါဝင်သည်။ ထိုသုတ်တော်ကြီးများကို ရွတ်ဆိုသောအခါ အချိန်များစွာယူရသည်။

## ပရိတ်မရွတ်မီ ဗုဒ္ဓါနုဿတိဘာဝနာဖြစ်စေရန်

ပရိတ်တော်များကို မရွတ်မီ ဗုဒ္ဓါနုဿတိ ဘာဝနာဖြစ်စေရန် အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း၊ နမက္ကာရစသည့် ဂုဏ်တော်အဖွင့်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူသည်။ အတွင်းအောင်ခြင်း စသည့် ဘုရားရှိခိုးများကို ဘုန်းတော်ကြီးကျောင်းများ၌ ကျောင်းသားငယ်များ သင်ယူကြရသဖြင့် အချို့က မလေးမစားရှိကြသည်။ စင်စစ် ထိုဘုရားရှိခိုးများမှာ လေးနက်သောအဓိပ္ပာယ်ရှိ၍ ဆန်းနေဂိုဏ်းညီရေးဖွဲ့ထားသော ဂုဏ်တော်ဖွဲ့များဖြစ်သဖြင့် လွန်စွာတန်ဖိုးရှိသည်။

## သီးသန့်ပရိတ်ခန်း

ရွှေစက်တော်တစ်ဝိုက်တွင် သီတင်းသုံးတော်မူစဉ်က မည်ကဲ့သို့ ပရိတ်ရွတ်ခဲ့ကြောင်းမသိရသော်လည်း ဇာလီတောင်သို့ရောက်၍ သီးသီးသန့်သန့် နေခွင့်ရသောအခါ သီးသန့်ပရိတ်ခန်းထားသည်။ ထိုပရိတ်ခန်းအတွင်း အသင့်ရှိသော ကုလားထိုင်၌ ထိုင်၍သော်လည်း ကောင်း၊ ရံခါ စင်္ကြံလျှောက်၍သော်လည်းကောင်း၊ အသံကျယ်ကျယ် ပရိတ်ရွတ်တော်မူလေ့ရှိသည်။

၁၉၇၆–ခုနှစ်က ကျွန်တော်နှင့် မိတ်ဆွေတစ်ဦး ရောက်ရှိသွားရာ နံနက် ၁၀–နာရီခန့်ရှိပြီ။ ဆရာတော်ကြီးသည် ယခု ခြောက်ထပ်တိုက်ကြီး၏ ဒုတိယထပ်တွင် စင်္ကြံလျှောက်လျက် ပရိတ်ရွတ်တော်

မှုသံကို အောက်ထပ်မှ အတိုင်းသားကြားနေရသည်။ ပရိတ်ရွတ်စဉ် ဝတ်ပျက်မည်စိုးအံ့ထင်သည်။ မည်သူမှ အဝင်အထွက်မရှိစေရ။ အထက်ထပ်သို့ တက်သည့်သံတံခါးကို ပိတ်ထားသည်။

## အသံထွက်အောင် ပရိတ်ရွတ်ခြင်း

'ပရိတ်ရွတ်လျှင် အသံ အသင့်အတင့်ကျယ်စွာ ရွတ်ရမည်' ဟု ဆရာတော်ကြီး မိန့်ကြားသည်။ ဘုရားရှိခိုးသည်ဖြစ်စေ၊ ပရိတ်ရွတ်သည်ဖြစ်စေ အနည်းဆုံး တစ်လံမှုလောက် အရပ်က ကြားလောက်သည့် အသံဖြင့် ရွတ်သင့်ကြောင်း ကျွန်တော်တို့၏ ဆရာသမားများကလည်း ဩဝါဒပေးတော်မူကြသည်။

အလင်္ကာနိဿယသစ်စသော ကျမ်းပေါင်းများစွာ ပြုစုတော်မူသည့် စံ့ကျောင်းဆရာတော်ကြီးက 'မည်သည့် ကုသိုလ်ပင်ပြုသည်ဖြစ်စေ၊ အမျှဝေသည့်အခါ အသံကျယ်ကျယ် အမျှဝေရမည်'ဟု မိန့်ကြားတော်မူကြောင်း ဝာစ်ဆင့်ကြားနာရပါသည်။ စံ့ကျောင်းဆရာတော်ကြီးက 'ကုသိုလ်ပြုတဲ့ခါ အမျှယူချင်သူတွေ သာဓုခေါ်ချင်သူတွေ အနားမှာ ရှိနေကြတယ်။ သူတို့ရအောင် အမျှဝေရတယ်။ နည်းတာများတာ ပမာနမဟုတ်ဘူး' ဟု မိန့်ကြားပါသည်။

ဆရာတော်ကြီးဆိုသည့် သာဓုခေါ်ချင်သူတွေ ဆိုသည်မှာ လူပုဂ္ဂိုလ်များ ဖြစ်ရန်ထက် မိမိပတ်ဝန်းကျင်တွင်ရှိနေသော ဘုမ္မစိုးစသည့် နတ်တွေ ဖြစ်ဟန်ရှိပါသည်။ သို့ဖြစ်၍ ပရိတ်ရွတ်သောအခါတွင်လည်း နာလိုသူတွေ နာနိုင်စေရန် ကြားနိုင်လောက်အောင် အသံထွက်၍ ရွတ်ခြင်းသည်သာ အကောင်းဆုံးဖြစ်ပါသည်။

## ဓမ္မစကြာ ဒေသနာတော်၏အဆုံးတွင်

ဆရာသမားများ၏ အထက်ပါ အဆုံးအမများကို ကြားနာရသည့် အခါ ဓမ္မစက္ကပဝတ္တနသုတ် (ဓမ္မစကြာ) အဆုံး၌ နတ်ဗြဟ္မာတို့ အဆင့်ဆင့် ကောင်းချီးနှမော် သာဓုခေါ်ကြပုံကို သွားရောက်သတိရပါသည်။ တရားတော်နာကြား၍ အရှင်ကောဏ္ဍညထေရ်ကြီး သောတာပန်ဖြစ်သွားသောအခါ ဦးစွာ ဘုမ္မစိုးနတ်တို့ ကောင်းချီးပြုကြပါသည်။ ထို့နောက် စတုမဟာရာဇ် နတ်များ တာဝတိံသာနတ်များမှသည် အထက်ဗြဟ္မာပြည် အဆုံး နတ်ဗြဟ္မာတို့ ကောင်းချီးပြုကြပါသည်။ ဤသို့ အဆင့်ဆင့် သာဓုခေါ်ကြသည်မှာ သူပို့နှင့်အနီးစပ်ဆုံးဖြစ်သည့် စတုမဟာရာဇ်တို့၏ အဆွယ်အပွား ဘုမ္မစိုးနတ်များက စတင်၍ ဖြစ်ပါသည်။

သို့ဖြစ်၍ ပရိတ်ရွတ်ဖတ်သောအခါ နာလိုသူများ သာဓုခေါ်လိုသူများ နာနိုင် သာဓုခေါ်နိုင်စေရန် အသံနေအသံထား အသင့်အတင့်ဖြင့် ဆရာတော်ကြီး ရွတ်ဖတ်သရဇ္ဈာယ်ခြင်း ဖြစ်တန်ရာပါသည်။

## ပရိယတ်အကျော် လယ်တီဆရာတော်

လယ်တီဆရာတော်ကြီးသည် ပရိယတ် ပဋိပတ် စွယ်စုံဖြစ်သည်။ ပရိယတ်အရာ၌ ပါဠိ အဋ္ဌကထာ ဋီကာ ဂန္ထန္တရတို့ကို တစ်ဖက်ကမ်းခတ် တတ်မြောက်သည့် ပိဋကတ္တယပါရဂူကြီးဟု ဆိုကာမျှဖြင့် မပြည့်စုံပါ။ သို့ဆိုက သာမန်ဆိုရိုးဆိုစဉ်ပြောရိုးပြောစဉ်မျှ ဖြစ်ပါလိမ့်မည်။ ဆရာတော်ကြီး စာတတ်ပုံကား သာမန်အားဖြင့် နှိုင်းယှဉ်ပြရန် ခက်ခဲလှပါသည်။ အထောက်အထားတစ်ခုအဖြစ် နမူနာပြပါမည်။

ဆရာတော်ကြီးသည် အဘိဓမ္မတ္ထဝိဘာဝိနီဋီကာခေါ် ဋီကာကျော်လာ အချို့သော အချက်တို့ကို မနှစ်သက်သဖြင့် ပရမတ္ထဒီပနီဋီကာခေါ် သင်္ဂြိုဟ်အဖွင့်ဋီကာသစ်ကို ပြုစုပါသည်။ ထိုစဉ်က အစဉ်အလာကို

မြတ်နိုးကြသည့် ပုဂ္ဂိုလ်များက ယင်းကို ပြန်လည်ချေပကြသည့် ဋီကာ အသီးသီးကို ရေးကြပါသည်။ လယ်တီဆရာတော်ကြီးအား အပြစ်တင်ကြ ပါသည်။ သို့သော် ထိုအချိန်က မဟာဝိသုဒ္ဓါရုံ ဆရာတော်၊ မန်လည်ဆရာ တော် စသည့် နိုင်ငံ့ထိပ်သီး ဆရာတော်ကြီးများက တုတ်တုတ်မျှမလှုပ်၊ အများအမှန်ကို အနာဂတ်က ဆုံးဖြတ်လိမ့်မည်ဟုသော မိန့်ကြား ခဲ့ကြပါ သည်။

နှစ်ပေါင်း ခုနှစ်ဆယ်ကျော် ဤမှာဘက်တွင်ကား ထိုအပြိုင်ဋီကာ တို့သည် ပျောက်ခြင်းမလှ ပျောက်ကွယ်သွားခဲ့ကြသည်။ လယ်တီဋီကာ သည်သာ ထင်ထင်ရှားရှား ကျန်ရစ်ခဲ့သည်။ ဆရာတော်ကြီးသည် သာသနာရေး လောကအတွက် ခရီးပေါက်လှသည့် ဤကျမ်းစာကိုသာမက အများသူငါ တစ်နိုင်ငံလုံးအတွက် မြောက်မြားလှစွာသော ဒီပနီကျမ်းတို့ကို စက်ဖြင့် လှည့်ထုတ်သကဲ့သို့ တစ်အုပ်ပြီးတစ်အုပ် ရေးထုတ်ခဲ့ပေသည်။ ဆရာတော်ကြီး၏ စာများသည် အများသူငါနားသို့ သံမှိုဖြင့်နှက်သကဲ့ သို့ ဒိုးခနဲ ဒက်ခနဲ ဝင်ရောက်စွဲငြိသဖြင့် လူထုလက်တွင်းသို့ ရောက်ရှိသည့် ကျမ်းစာများဖြစ်သည်။ ဤနည်းဖြင့် မြန်မာနိုင်ငံ ဗုဒ္ဓဘာသာလောက တွင်သာမက ကမ္ဘာ့ဗုဒ္ဓဘာသာလောက၏ ကြည်ညိုလေးစားမှုကိုပါ ရယူနိုင်ခဲ့ပေသည်။ ယနေ့ စကားဖြင့်ဆိုသော် ကမ္ဘာကျော် လယ်တီ ဆရာတော်ပါပေတည်း။ ဤသို့ လယ်တီဆရာတော်ကြီးသည် ပရိယတ္တိ လောက၏သရဖူကို ဆောင်းခဲ့ပေသည်။ ဤသို့သော အခြေအနေသို့ ရောက်အောင် မြန်မာနိုင်ငံမှ ပထမကျော် ဦးဉာဏကဲ့သို့သော ပါဠိ အင်္ဂလိပ်စွယ်စုံရ ပုဂ္ဂိုလ် ကျော်·လန်ဒန်မြို့မှ ပါဠိဒေဝီခေါ် (Mrs. Rhys Davids) တို့လို ပုဂ္ဂိုလ်များက တစ်တပ်တစ်အား အထောက်အကူပြုခဲ့ ကြရပေသည်။

## ပဋိပတ်အမော် လယ်တီဆရာတော်

လယ်တီဆရာတော်ကြီးသည် ပရိယတ္တိနယ်ပယ်၌သာ ဤသို့သော အခေါင်အဖျားသို့ ရောက်ခဲ့သည်သာ မဟုတ်ပါ။ ပဋိပတ္တိ လောကခေါ် ဝိပဿနာ နယ်ပယ်၌လည်း ထိပ်သီးကြီးဖြစ်ခဲ့ပါသည်။ ဤအချက်ကိုလည်း ဆရာတော်ကြီး ပြုစုခဲ့သည့် ဝိပဿနာဒီပနီ၊ ဘာဝနာဒီပနီ၊ ဝိဇ္ဇာမဂ္ဂဒီပနီ၊ ဥတ္တမပုရိသဒီပနီ၊ လယ်တီကမ္မဋ္ဌာန်းကျမ်းကြီးစသည့် လက်တွေ့ တရားသဘောကို ထင်ဟပ်ဖော်ပြထားသည့် ကျမ်းစာများက သက်သေခံလျက် ရှိသည်။

## သမထဝိပဿနာစွယ်စုံ

လယ်တီဆရာတော်၏ အခြားထူးခြားချက်မှာ ဝိပဿနာဘာဝနာ စခန်း သက်သက်သာမက သမထ ဘာဝနာကိုပါ တွဲဖက်၍ ပေါက်ရောက် ခဲ့သည့် အချက်ဖြစ်သည်။ ၁၂၅၇ ခုနှစ်၌ ဆရာတော်ကြီးသည် အိန္ဒိယ နိုင်ငံ မဇ္ဈိမဒေသ(ယခု ယူပီနယ်)သို့ ဘုရားဖူးကြွတော်မူသည်။ ထိုနိုင်ငံရှိ ဗုဒ္ဓဘုရားရှင်နှင့် စပ်လျဉ်းသည့် ဒေသအများအပြားမှာ သခ်ါရ စက်ကွင်း အောက်တွင် မရှုမလှရောက်ရှိပျက်စီးနေပုံကို မျက်ဝါးထင်ထင် မြင်တွေ့ရ သည့်အခါ သတိသံဝေဂကြီးစွာ ရတော်မူသည်။

ထို့ကြောင့် နိုင်ငံခြားမှ ပြန်ရောက်လျှင် မူလသီတင်းသုံးတော်မူရာ မုံရွာလယ်တီတောရသို့ ပြန်ကြွတော်မမူပဲ၊ တွံတေးတောကြီးတန်း၊ ကွမ်းခြံ ကုန်းမြို့ အရှေ့ဘက် ၄–မိုင်ခန့်အကွာရှိ ဆပဂံတောရသို့ ဝင်တော်မူသည်။ ထိုတောရတွင် သမထဘာဝနာကို ပြင်းထန်စွာ အားထုတ်တော်မူပြီး သမထပေါက်သဖြင့် အောက်ပါဥဒါန်း စကား(တေးထပ်) ကျူးရင့်တော်မူ ပါသည်။

'သာသနာ နောက်ဖျားမှာ၊
ပေါက်ပွားကြဆူဆူ၊
ယောကျ်ားပ ငါလိုလူ၊ ဇမ္ဗူမှာရှာစမ်း။
အားလုံ့လအလံထူ၊
စံမတူ ထိုးတော့ ဥဒါန်း:'

စသည်ဖြစ်၏။ ဆရာတော်ကြီးကား ဤသို့သော ပဋိပတ္တိမာမက ဖြစ်၍ ပဋိဝေဓသာသနာကြီးကို လက်တွေ့ထူထောင်သွားသော ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်သည်။

## တစ်ကိုယ်ကောင်းဖြင့်မနေနိုင်ပါ

လယ်တီဆရာတော်ကြီးသည်ဤသို့ ပရိယတ်၊ ပဋိပတ်စွယ်စုံဖြစ်သည်သာမက ပဋိဝေဓနယ်ပယ်အတွင်းသို့ ချဉ်းနင်းဝင်ရောက်ပြီးဖြစ်သဖြင့် ပရိသတ်ကို ရှောင်တိမ်းကာ ဆိတ်ငြိမ်မှု ချမ်းသာ(ဝိဝေကသုခ) ဖြင့်နေလိုက နေနိုင်ပါသည်။ သို့သော် မနေခဲ့၊ မနေသာ။ သတ္တဝါအရေးကို ကိုယ့်အရေးထက် လေးစားသော အလောင်းတော် အာဇာနည်တို့ထုံး နှလုံးပိုက်၍ နိုင်ငံသူနိုင်ငံသားတို့၏ အကျိုးတရားကို လက်ငင်းအားထုတ်တော်မူသည်။

တစ်ဖက်တွင် ကျမ်းစာများ ရေးသား၍ သံသရာဘေးမှ ကယ်တင်တော်မူ၏။ အခြားတစ်ဖက်တွင်ကား နိုင်ငံတစ်ဝန်း ဆိုက်ရောက်နေသည့် ကပ်ရောဂါဘေးကြီးကို တိုက်ဖျက်တော်မူသည်။ ထိုစဉ်က ယခုကဲ့သို့ ခေတ်မီဆေးဝါးများ မပေါ်သေး။ ပလိပ်ရောဂါသည် ကမ္ဘာ့ဖျက်ရောဂါဖြစ်၏။ အထက်မြန်မာနိုင်ငံတွင် ထိုရောဂါ ကျရောက်လျှင် မြို့လုံးကျွတ်၊ ရွာလုံးကျွတ်၊ ပြောင်းရွှေ့ထွက်ပြေးကြရသည်အထိ ဖြစ်၏။ ထိုသို့သော ကပ်ဘေးကို ဆရာတော်ကြီးသည် မျက်ကွယ်မပြုနိုင်။ နေရာအနှံ့

ကြွတော်မူ၍ ကာကွယ်ရေးဆေးဖြန်းတော်မူသည်။ ထိုဆေးထိုလက်နက်ကား သီလသမာဓိကို အခြေခံသော ပရိတ်သာလျှင်တည်း။

လယ်တီဆရာတော်ဘုရားကြီး၏ ပရိတ်အစီအမံတို့သည် ဇာလီတောင်ဆရာတော်၏ ခေတ်ကာလသို့ ရောက်ရှိလာသောအခါ အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည်ဟု ဆိုရပါမည်။ အဘယ်ကြောင့်ဆိုသော် ဇာလီတောင်ဆရာတော်သည် မျက်မှောက်ခေတ် သာသနာ့ဝယ် ပရိတ်အရာ၌ အတုလံ အတုမဲ့ဟု ဆိုရလောက်အောင် ထွန်းထွန်းပေါက်ပေါက် သာသနာပြုနိုင်ခဲ့သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဆရာတော်၏ ပရိတ်အကြောင်းကို ပြည့်စုံစွာ ရေးရခြင်းဖြစ်သည်။

*

## အခန်း (၇)
## ဇာလီဆရာတော်ကြီးနှင့် ပရိတ်ဆီ

### ရည်ရွယ်ချက်

ဇာလီတောင်ဆရာတော်ကြီး၏ ပရိတ်ဆီ တိုက်ကျွေးပုံကို ဆက်လက်ဖော်ပြပါမည်။

'ငါ၏နှုတ်မှ ရွတ်သမျှ အက္ခရာတို့သည် ဤဆီထဲသို့ စိမ့်ဝင်ပျံ့နှံ့တည်ပါစေသတည်း'။

အထက်ပါ ကြီးမားစွဲမြဲသောအဓိဋ္ဌာန်ဖြင့် ပရိတ်ဆီကို စီမံဖန်တီးခဲ့သော ဇာလီဆရာတော်ကြီးသည်စ၍ ၁၅–နှစ်တိတိ ပရိတ်ဆီ တိုက်ကျွေးခဲ့သည်။ ရည်ရွယ်ချက်မှာ ဥပဒ္ဒဝေဘေးမှကင်းလွတ်ရန် သီလကို ခါးဝတ်ပုဆိုးပမာ စွဲမြဲရန်ဖြစ်၏။ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့အတွက်မူ ပရိယတ်၊ ပဋိပတ် မုရနစ်ပါးကို ကျန်းကျန်းမာမာ ထမ်းဆောင်နိုင်ရန် ဖြစ်၏။

### ပေါ့ပေါ့တန်တန် ဘယ်အခါမှ မလုပ်

ဆရာတော်ကြီးသည် မည်သည့်ကိစ္စမဆို ပေါ့ပေါ့တန်တန် ဘယ်အခါမှ လုပ်လေ့မရှိ။ မည်သည့်ကိစ္စကိုမဆို အလေးအနက် သဘောထားသည်။ ကေသရာဇာ ခြင်္သေ့မင်းသည် သားကောင်ကို ဖမ်းဆီးရာ၌ ခွန်အားကို မလျှော့မချ အသုံးပြုသကဲ့သို့ ဝိရိယစွမ်းအားကို အပြည့်အဝ အသုံးချသည်။ ပရိတ်ဆီ တိုက်ခြင်းသည် သီလသာသနာပြုရန်အတွက် ဖြစ်ရာ သီလတည်မြဲရေးအတွက် ပရိတ်ဆီကို တိတိကျကျ စီစဉ်ကာ တိုက်လေ့ရှိပါသည်။

## ပြန်တမ်းဖြင့် ပရိတ်ဆိတိုက်ပုံ

ဆရာတော်ကြီးသည် ပရိတ်ဆိတိုက်ရာ၌ သာမန်တိုက်ခြင်း၊ ပြန်တမ်းဖြင့်တိုက်ခြင်း(အထူးအစီအစဉ်)ဟူ၍ ခွဲခြားထားပါသည်။ ပရိသတ် ရာထောင်ချီ၍ များပြားလာသည့် အခါမျိုး၌ ပြန်တမ်းဖြင့် တိုက်လေ့ရှိပါသည်။ ထိုအခါမျိုးတွင် တိုက်ခန်းဖြစ်စေ၊ ကျောင်းဖြစ်စေ ရှိသမျှ တံခါးများကို ပိတ်စေပါသည်။ ဖယောင်းတိုင်များ ထွန်းညှိစေပါ သည်။ အမွှေးနံ့သာတိုင်များကို အများအပြား ထွန်းညှိစေပါသည်။ နောက်ဆုံး တံခါးတစ်ပေါက်ကိုသာ အဝင်အထွက်အဖြစ် အသုံးပြုပါသည်။ ကျန်တံခါး များမှ ဝင်ခြင်းထွက်ခြင်း မပြုရ။ အထူး တားမြစ်တော်မူပါသည်။

## မသိ၍ အငေါက်ခံရခြင်း

စဉ်းစားစရာ ရှိပါသည်။ လူသူလေးပါး ပရိသတ်များ ပြည့်နှက်နေချိန်တွင် တံခါးများပိတ်ထားကာ အမွှေးတိုင်များ ထွန်းညှိထားသဖြင့် အနေအထိုင် မည်မျှကျပ်တည်းကျဉ်းမြောင်းမည်နည်း။ ဖြစ်ရပ်တစ်ခုကို တင်ပြပါမည်။

၁၉၆၂ ခု ဝန်းကျင်ဖြစ်၏။ နေရာမှာ ယခု တောင်ဥက္ကလာပမြို့၊ သုမင်္ဂလလမ်းမကြီးပေါ်ရှိ ဇာလီကျောင်းတိုက်၏ တိုက်ကျောင်းကြီး အပေါ်ထပ်ဖြစ်၏။ အချိန်မှာ နွေဦးကာလ နေ့လယ်အချိန်။ တနင်္ဂနွေ အားလပ်ရက် ဖြစ်သည်ကတစ်ကြောင်း၊ ဆရာတော်ကြီး ပရိတ်ဆိတိုက် မည်ဟု သိသည်ကတစ်ကြောင်းတို့ကြောင့် ပရိသတ်များ ပြည့်ကျပ်နေသည်။

ပူပြင်းသော ရာသီဥတု ဖြစ်ရုံမျှမက ဖယောင်းတိုင်များ၊ အမွှေး တိုင်များ ထွန်းညှိထားသဖြင့် လူငွေ့ လူနံ့ အမွှေးတိုင် အခိုးအနံ့တို့ ဖြင့် မွန်းကျပ်နေသည်။ တံခါးပေါက်များကို ပိတ်ထားသဖြင့် ဦးတင်ဖေ (ယခုသက်ရှိ)ဆိုသူ ဒကာကြီးတစ်ယောက်က လေကောင်းလေသန့်

ရစေရန် တံခါးများကို ဖွင့်နိုင်းသည်။ ဦးတင်ဖေသည် မိတ်ဆွေများ၏ ခေါ်ဆောင်ချက်အရ ထိုနေ့မှ ဆရာတော်ကြီးထံ ရောက်ရှိလာသူဖြစ်၏။ ထိုအတွေ့အကြုံများကို မတွေ့ဘူးပေ။ ထို့ကြောင့် ဆရာတော်ကြီးအကြောင်း ကို မသိဘဲ သဘောရိုးဖြင့် တံခါးဖွင့်နိုင်းခြင်းဖြစ်သည်။ ဤတွင် ဆရာ တော်ကြီးက 'ဒီကောင် ဘာသိလို့လဲ၊ တံခါးပြန်ပိတ်ထား'ဟု ခပ်ငေါက် ငေါက် မိန့်ကြားပါသည်။

ဆရာတော်ကြီးကား ဤသို့သော ပရိသတ် ဤသို့သော အခြေ အနေမျိုးကို ရင်ဆိုင်နေကျဖြစ်သဖြင့် ထူးထူးခြားခြားခံစားမှုရှိပုံ မပေါ်ပါ။ ပရိသတ်များက ယပ်တောင်တဖျပ်ဖျပ် ခပ်နေသော်လည်း သက်သောင့် သက်သာ ရှိနေပါသည်။ ကန့်သတ်ထားသော ပရိသတ်စုည့်၍ အချိန်ကျ ရောက်သောအခါ အဝင်အထွက် လုံးဝခွင့်မပြုတော့။ အဆင် သင့်ဖြစ်လျှင် ဦးစွာပရိတ်ဆိတိုက်မည့်အကြောင်း ကြေငြာပါသည်။ ပြီးလျှင် ငါးပါး သီလကို တစ်ပါးစီ ရှင်းပြပါသည်။ ထို့နောက် သရဏဂုံတည်ခြင်း၊ မတည်ခြင်းတို့၏ အကျိုးသက်ရောက်မှုကို ရှင်းပြပါသည်။

## အမေးအဖြေပြုလုပ်၍ကတိတောင်းခံခြင်း

သရဏဂုံနှင့် သီလတို့ကို ရှင်းလင်းပြပြီးသောအခါ အောက်ပါ အတိုင်း စစ်မေး၍ ဝန်ခံကတိပြုစေသည်။

မေး။ 'သရဏဂုံသုံးပါး တည်ကြမလား'

ဖြေ။ 'တည်ပါမည်ဘုရား'(၃-ကြိမ်)

မေး။ 'ငါးပါးသီလအနက် အဒိန္နာဒါနကံ၊ ကာမေသုမိစ္ဆာစာရကံ၊ သုရာမေရယကံတို့ကို ရာသက်ပန် လုံခြုံစွာ ထိန်းနိုင်ပါ့မလား'

ဖြေ။ 'ထိန်းနိုင်ပါသည်ဘုရား'

မေး။ 'အနစ္စ အနတ္တ ငါးပါးကို ရှိသေနိုင်ပါ့လား၊ ယုံကြည်လေးစား ရဲ့လား'

ဖြေ။ 'ရှိသေနိုင်ပါသည်ဘုရား၊ ယုံကြည်လေးစားပါသည်ဘုရား'
မေး။ 'မိဘ၊ ဆရာသမား၊ ဂုဏဝုဒ္ဓိ၊ ဝယဝုဒ္ဓိ ပုဂ္ဂိုလ်များရဲ့ စကားများကို လေးလေးစားစား နားထောင်ကြမည်လား'
ဖြေ။ 'နားထောင်ပါမည်ဘုရား'
မေး။ 'သတ္တဝါများအပေါ် မေတ္တာတရား ထားနိုင်ကြမည်လား'
ဖြေ။ 'ထားနိုင်ကြပါသည်ဘုရား'
မေး။ 'ဆင်းရဲသူများကို ကရုဏာ ထားနိုင်ကြရဲ့လား'
ဖြေ။ 'ထားနိုင်ကြပါသည်ဘုရား'
မေး။ 'ချမ်းသာသူများအပေါ် မုဒိတာ ပွားနိုင်ကြရဲ့လား'
ဖြေ။ 'ပွားနိုင်ပါသည်ဘုရား'
မေး။ 'စကားပြောတဲ့အခါ ချိုချိုသာသာ သိမ်သိမ်မွေ့မွေ့ ပြောနိုင်ပါ့မလား'
ဖြေ။ 'ပြောနိုင်ပါသည်ဘုရား'
မေး။ 'ပျော်ပွဲရွှင်ပွဲ အလွန်အကျွံ ကြည့်တာ ရှောင်နိုင်ကြရဲ့လား'
ဖြေ။ 'ရှောင်နိုင်ပါသည်ဘုရား'
မေး။ 'ကျွဲသား နွားသား ရှောင်နိုင်ကြရဲ့လား'
ဖြေ။ 'ရှောင်နိုင်ပါသည်ဘုရား'
မေး။ 'တကယ်ရှောင်နိုင်ကြရဲ့လား'
ဖြေ။ 'ရှောင်နိုင်ပါသည်ဘုရား'

## သုရာမေရယနှင့် ကျွဲသား နွားသား

ဆရာတော်ကြီးသည် အထက်ပါအတိုင်း အမေးအဖြေပြုကာ ဝန်ခံကတိ တောင်းပါသည်။ အထူးသဖြင့် အရက်သေစာ(မူးယစ်ဆေးဝါး) သောက်စားခြင်းနှင့် သူတစ်ပါး သားသမီး၊ သားမယားတို့၌ ပြစ်မှားခြင်း

တို့၏ အပြစ်ကို ဟောကြားပြီးရှောင်ကြဉ်ရန် မိန့်ကြားပါသည်။ အဒိန္နာဒါန ကံကိုလည်း ထိန်းစေပါသည်။ ကျွဲသား နွားသား စားခြင်းကို အထူး ရှောင်ကြဉ်စေပါသည်။ အထပ်ထပ် ကတိတောင်းပါသည်။

## ထပ်မံစစ်ဆေးခြင်း

ထိုမျှနှင့် အားမရသဲ အောက်ပါအတိုင်း ထပ်မံမေးမြန်းပြန်ပါသည်။

'အထက်က ပရိတ်စည်းကမ်းတွေကို သိကြပြီလား။ နားလည်ကြ ပြီလား၊ ပရိတ်ကို ယုံကြည်ကြရဲ့လား။ ပုဂ္ဂိုလ်ကို ယုံရဲ့လား။ အားကိုး ရဲ့လား။ ပရိတ်စည်းကမ်းတွေကိုရော လိုက်နာနိုင်ကြရဲ့လား။ လုံခြုံအောင် ထိန်းနိုင်ကြမလား။ ထိန်းသိမ်းနိုင်ကြပါ့မလား။ လေးလေးစားစား အား ထုတ်နိုင်ကြပါ့မလား'။

ဆရာတော်ကြီးသည် ဤသို့သော မေးခွန်းများဖြင့်လည်း ပရိတ်ဆို သောက်မည့် တပည့်တို့အား ထပ်မံစစ်မေးတော်မူ ပြန်ပါသည်။ တပည့် တို့က သိပါသည်၊ လိုက်နာပါမည်၊ အားထုတ်ကြ ပါမည်ဟု ဝန်ခံကတိ ပြုကြပြီးသောအခါ အောက်ပါအတိုင်း ပရိတ်ပြန် တမ်း ထုတ်ပါသည်။

## ဇာလီတောင်ဆရာတော်ကြီး၏ပရိတ်ပြန်တမ်း

'ယခု ရောက်ရှိလာသည့် တပည့်ပရိသတ်တို့သည် ဆိုအပ်ခဲ့ပြီး သော ပရိတ်စည်းကမ်းများကို လိုက်နာခဲ့သော်၊ ပရိတ်စည်းကမ်းများကို ထိန်းသိမ်းစောင့်ရှောက်ခဲ့သော်၊ ပရိတ်စည်းများကို လုံခြုံခဲ့သော် ပရိတ်ကို စောင့်ရှောက်ကြသော အစောင့်အရှောက်တို့သည် ထိုပုဂ္ဂိုလ်တို့အား စောင့်ရှောက်ကြစေသတည်း။ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ နယ်ပယ် စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ပင်လယ်သမုဒ္ဒရာစောင့် နတ်၊ ကမ္ဘာစောင့်နတ်၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ သစ်ပင် အခက်အလက်အရွက်

စောင့်နတ်၊ သစ်ငုတ်တိုစောင့် နတ်တို့သည် စောင့်ရှောက်ကြစေသတည်း။ ဇမ္ဗူဒီပါကျွန်းလုံးဆိုင်ရာ စောင့်ရှောက်ကြသော ပန်ကြားအပ်သော ပုဂ္ဂိုလ်များသည် သိစေအပ်သတည်း။ အတွင်းလမိုင်း၊ အပြင်လမိုင်း၊ အတွင်း ၃၇–မင်း၊ အပြင် ၃၇–မင်း၊ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗနတ်တို့သည် စောင့်ရှောက်ကြစေသတည်း။ ဓတရဋ္ဌ၊ ဝိရုဠှက၊ ဝိရူပက္ခ၊ ကုဝေရဟူသော နတ်မင်းကြီးလေးပါးတို့သည် စောင့်ရှောက်ကြစေသတည်း။ သိကြားမင်းတို့သည် စောင့်ရှောက်ကြစေသတည်း'

'အထက်ပါ ပရိတ်စည်းကမ်းများကို လိုက်နာပါက၊ ထိန်းသိမ်းပါက စောင့်ရှောက်ပါက လုံခြုံပါက ပရိတ်စည်းကမ်းများနှင့် ညီညွတ်ပါက၊ ပရိတ်စည်းကမ်းများကို လိုက်နာနေသရွေ့ ထိန်းသိမ်းနေသရွေ့ လုံခြုံနေသရွေ့ ပရိတ်စည်းကမ်းများနှင့် ညီညွတ်နေသရွေ့ အထက်ပါ ပုဂ္ဂိုလ်အပေါင်းနှင့်တကွ လူမျိုးမရွေး ဘာသာမရွေး ပုဂ္ဂိုလ်မရွေး ပုဂ္ဂိုလ်မှန်သမျှသည် ပရိတ်ဆိသောက်ဆဲ သောက်လတ္တံ့သူအပေါင်းအား စောင့်ရှောက်ကြစေသတည်း။ တန်ခိုးရှင်၊ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင် ပုဂ္ဂိုလ်အပေါင်း၊ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီ ပုဂ္ဂိုလ်အပေါင်းတို့သည် စောင့်ရှောက်ကြစေသတည်း'။

'ပရိတ်စည်းကမ်းများကို လိုက်နာနေသရွေ့ ထိန်းသိမ်းနေသရွေ့ ပရိတ်စည်းကမ်းများနှင့် ညီညွတ်နေသရွေ့ လုံခြုံနေသရွေ့ ကပ် ၃–ပါးမှလွတ်မြောက်စေသတည်း။ စည်းစိမ်ချမ်းသာရတနာတို့ တိုးတက်ကြစေသတည်း။ ရသင့်ရထိုက်သောအခွင့်အရေး အခွင့်အလမ်းဟူသမျှကို ရကြစေသတည်း၊ ပွင့်လန်းကြစေသတည်း။ အကာလမရဏခေါ် ဥပစ္ဆေဒကဘေးမှ ကင်းဝေးစေသတည်း'

'အန္တရာယ်အပေါင်းမှ လွတ်မြောက်ကြစေသတည်း။ အကာအကွယ် အစောင့်အရှောက် ဖြစ်စေသတည်း။ ရောဂါဝေဒနာတို့သည် ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ ကင်းစင်လွင့်ပျောက်ကြစေသတည်း'

'ပရိတ်စည်းကမ်းကို မလိုက်နာပါက မထိန်းသိမ်းပါက မစောင့်ရှောက်ပါက ပရိတ်စည်းကမ်းများ ဖောက်ဖျက်ပါက အထက်ပါ တိုင်တည်ခဲ့သော အစောင့်အရှောက်ပုဂ္ဂိုလ်တို့သည် နောက်ဆုတ်ကြစေသတည်း။ ပရိတ်စည်းကမ်းများကို မလေးမစား မရိုမသေပြုလုပ်ခဲ့သော် ယုံကြည်အောင် ထင်ရှားစွာ ပြကြစေသတည်း။ ဆုံးမကြစေသတည်း။'

## ကိုယ်ကျင့်သီလအခြေခံ

ကိုယ်ကျင့်တရား ကောင်းမွန်ခြင်း ကူညီခြင်း ရိုင်းပင်းခြင်း မေတ္တာထားခြင်းတို့သည် လူ့လောက အတွက် တကယ်တမ်း လိုအပ်သော အရာများဖြစ်သည်။ ထိုတရားများဖြင့် ထုံးဖွဲ့ချည်နှောင်ထားသော လောကသည်သာ ယဉ်ကျေးသော နှစ်လိုဖွယ်ရာရှိသော သာယာအေးချမ်းသော လောက ဖြစ်သည်။ ထိုသို့သောလောကအတွက် အဓိကလိုအပ်သောအရာမှာ ကိုယ်ကျင့်သီလဖြစ်သည်။ ထိုသီလ၏ကျယ်ပြန့်ပုံ တစ်စိတ်တစ်ဒေသကိုလည်း ရှေးဆောင်းပါးများဖြင့် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ဇာလီတောင် ဆရာတော်ကြီးသည် ထိုသို့သော လိုအပ်ချက်ဖြည့်တင်းရန် ပရိတ်ကိုလည်းကောင်း၊ ပရိတ်ဆီကိုလည်းကောင်း ဖော်ထုတ်ခဲ့ခြင်း ဖြစ်သည်။ ဆရာတော်၏ ပရိတ်နှင့် ပရိတ်ဆီတို့သည် တစ်ခေတ်တွင် တစ်ခါဆိုသကဲ့သို့ ထူးခြားလေးနက်သော အဓိပ္ပာယ်ကို ဆောင်ခဲ့ပေသည်။

## သစ္စာမေတ္တာဖြင့် ခြံရံ

ထိုသို့ဆောင်နိုင်အောင်လည်း ဆရာတော်သည် သစ္စာ မေတ္တာ အဓိဋ္ဌာန်တို့ဖြင့် ခြံရံထားခဲ့သည်။ 'ပရိတ်ပြန်တမ်း'မှာ ထိုအချက်ကို အဓိကသက်သေပြခဲ့ပေသည်။ ထို့ပြင် ဆရာတော်ကြီး၏ ဆန္ဒနှင့်ရည်ရွယ်

ချက်ကိုလည်း ဖော်ပြနေပေသည်။ သို့ဖြစ်၍ ဆရာတော်ကြီး နှစ်ပရိစ္ဆေဒများစွာ တည်ဆောက်လာခဲ့သော ကျင့်စဉ်တစ်ရပ်၏ အသီးအပွင့်ဖြစ်သည့် ပရိတ်ဆီ၏ စွမ်းအားသတ္တိကို ဆရာတော်ကြီး၏ ဘဝဖြစ်စဉ်တွင် တစ်ထောင့်တစ်ကွေး အဆစ်အချိုးဖြစ်သည့် အောက်ပါဖြစ်စဉ်ဖြင့် ထင်ဟပ်ဖော်ပြပါမည်။

## နေကာသိုဏ်းရှုနေရာမှ

၁၉၇၄-ခု၊ တစ်ခုသော နံနက်ခင်းဖြစ်၏။ နံနက် ၇-နာရီမတိုင်မီကပင် နေသို့ မျက်နှာမူကာ မမှိတ်မသုန် ရှူးရှူးစိုက်စိုက် ကြည့်နေသည်။ နေကာသိုဏ်းရှုခြင်းဖြစ်၏။ နေရာမှာ ယခုခြောက်ထပ်တိုက်ကြီး၏ ဒုတိယထပ် အရှေ့ဘက် နှစ်ပေသာသာကျယ်သော နေကာ(sun-shade)ပေါ်တွင် ဖြစ်၏။ နံနက် ၉-နာရီခန့်သို့ ရောက်ရှိလာသဖြင့် နေမှာ အတော်ရင့်နေပေပြီ။ ဆရာတော်ကြီးသည် ထိုင်ရာမှထလိုက်၏။ ထိုအခိုက် နေကာပေါ်မှ အောက်သို့ကျသွားခြင်း ဖြစ်သည်။ ထိုင်သောဣရိယာပုတ်ကြာရှည်ခြင်း၊ အိပ်ရေးပျက်သောညပေါင်းများခြင်းတို့ကြောင့် မူးမိုက်ကျသွားပုံရသည်။

## သမံတလင်းပေါ်သို့ကျခြင်း

ထိုအချိန်က တိုက်ကြီးမှာ အပြီးမသတ်သေး။ မြေပြင်ပေါ်တွင် သစ်တိုသစ်စ ပျဉ်တိုပျဉ်စများ ပြန့်ကြဲနေသည်။ မြေပြင်မှ ပထမထပ်သို့တက်ရန် လှေကားမရှိသေး။ လှေကားအစား ကုန်းဘောင်ထိုးထားသည်။ ထို့ကြောင့် အထက် ပေ ၂၀-ခန့်မှ ကျလာသော ပေါင် ၂၀၀-ခန့်ရှိ ဆရာတော်ကြီး၏ ခန္ဓာကိုယ်အလေးချိန်ဒဏ်ကို (၆ x၂) လက်မရှိ ကုန်းဘောင် ပြားသည် မခံနိုင်၊ သွင်သွင်ကျိုးသွားသည်။ ထိုမှတစ်ဆင့် ခန္ဓာကိုယ်ကြီး သည် သမံတလင်းပေါ်သို့ ရောက်သွားသည်။

## အရိုးများကျိုးကြေ

ဆရာတော်ကြီး ခေတ္တ သတိမေ့သွားသည်။ သုပ်ရိုးနှင့် နံရိုးနှစ်ချောင်း ကျိုးသွားသည်။ ဂုညင်းကြေသွားသည်။ သတိရလာသောအခါ အေး ... ကိစ္စမရှိပါဘူးကွာ၊ ကောင်းတဲ့ နတ်တွေကလဲ ဆွဲတင်ကြပါသေးတယ်'ဟု မိန့်သည်။ ပေါင် ၂၀၀–ခန့် ကိုယ်အလေးချိန်၊ ပေ ၂၀–ခန့်အမြင့်၊ သက်တော်က ခုနစ်ဆယ်ဝန်းကျင်။ ဤသည်တို့ကို ပေါင်းစပ်ကာ ဤမျှ သာဒဏ်ရာ အနာတရ ဖြစ်ခြင်းမှာ အံ့ဖွယ်ဖြစ်၏။ အသည်း အဆုတ် နှလုံး များကွဲကာ သွေးစိမ်းပွက်ပွက် အန်ထွက်နိုင်သည့် အနေအထားပင် ဖြစ် ၏။ သို့သော် ဆရာတော်ကြီးကား ဆိုခဲ့သည့်အတိုင်း ခေတ္တမျှ သတိမေ့ သွားခြင်း၊ အရိုးများကြေသွားခြင်းတို့သာ ဖြစ်ခဲ့သည်။

## ပရိတ်ဆီကိုလိမ်းကျံခြင်း

ဆရာတော်ကြီး သတိရသောအခါ တိုက်ကြီးပေါ်သို့ ရောက်ရှိနေ ပေပြီ။ တပည့်များမှာ ကြပ်ထုပ်ထိုးသူကထိုး၊ ဆရာဝန်ခေါ်သူကခေါ်၊ နှိပ်စပ်သူများ ဝိုင်းအုံနေကြသည်။ အချို့က ဆေးရုံတင်ရန် ပြင်ကြ၏။ ဆရာတော်ကြီးက လက်မခံ။ ဆရာတော်ကြီး စိတ်ဓာတ်ပြင်းထန် ကြောင်း သိကြပြီးသောကြောင့်လည်း မည်သူမှ အတင်းအကြပ် မလျှောက် ရဲ။ ဆရာတော်ကြီး အဦးဆုံးအသုံးပြုသည့်ဆေးမှာ 'ပရိတ်ဆီ'ဖြစ်သည်။

ဆရာတော်ကြီးသည် ပရိတ်ဆီကို တစ်ကိုယ်လုံး လူးစေသည်။ သာမန်ကာလျှံကာ သနပ်ခါးလူးသလို မဟုတ်။ အသားထဲ အကြောထဲ အရိုးထဲ စိမ့်ဝင်သွားသည်ဟု ထင်ရသည်အထိ အထပ်ထပ် သုတ်နယ် လိမ်းကျံခြင်းဖြစ်သည်။ ဤသို့ ပရိတ်ဆီ လိမ်းကျံစေခြင်းသည် ယင်း ၏စွမ်းအားသတ္တိကို လက်တွေ့ပြသလို ဖြစ်နေသည်။

## ဆရာဝန်ကျေနပ်အောင်လို့သာ

ထိုအချိန်က ဆေးမင်းကြီးအဖြစ် တာဝန်ထမ်းဆောင်နေသူမှာ ဆရာတော်၏ဒကာရင်းဖြစ်သူ 'ဆေးမင်းကြီး ဦးလတ်' ဖြစ်သည်။ ဦးလတ်၏ အရိန်အဝါကြောင့် သရက်မြို့ရှိ မြို့နယ်ဆရာဝန်ကြီး ဦးသာဒွန်းက ဆရာတော်ကြီးအား အကောင်းဆုံးဆေးများတိုက်ကျွေးသည်။ ရန်ကုန်မှလည်း အကောင်းဆုံးဆေးများ ပို့ပေးသည်။

ဆရာတော်ကြီးက–

'ငါ့ကိစ္စက တခြားပါကွာ၊ ဆရာဝန်တွေ ကုသိုလ်ရအောင်သာ သောက်နေရတာပါ။ သူတို့ကျေနပ်အောင်လို့'ဟု မိန့်သည်။

ဆရာတော်ကြီးသည် နေ့အခါ ပက်လက်နေသည်။ ညအခါတွင်မူ အနီးကပ်ပြုစုနေကြသည့် မောင်စိုးသိမ်း(ယခု–ဘဏ်)၊ ကိုရင်ကြီး မဟူရာ (ယခု–လူဝတ်)၊ မောင်ဇော်မင်း(စာရေးဆရာကြီး နတ်မောက်–ဘုန်းကျော်၏သား)တို့က အလှည့်ကျထိုင်ပေးကာ ခန္ဓာကိုယ်ချင်းပူးကပ်၍ ကျားကန်ထားပေးရသည်။ တစ်ယောက်တစ်လှည့် ချီမတွန်းထားရသည်။ ဆရာတော်ကြီးကား ညည်းတွားမှု လုံးဝမရှိ။ တရားကိုသာ နှလုံးသွင်းနေဟန်တူသည်။

## ဆေးပညာမှာတံတွေးရှိသလား

ဤအတွင်း ဆရာတော်ကြီးသည် ဒဏ်ရာများကိုတံတွေးဖြင့် ဆွတ်၍ ဆွတ်၍ ဆုပ်နယ်သည်။ မကြာခင် အရိုးများ ဆက်သွားသည်။ ဆရာတော်က မြို့နယ်ဆရာဝန်ကြီး ဦးသာဒွန်းကို ခေါ်ယူကာ 'ဟေ့ ... ဒီမှာ ကြည့်စမ်း၊ မင်းတို့က ကျိုးတယ်ဆိုတဲ့ အရိုးတွေ၊ ဒီမှာကြည့်စမ်း၊ ဘယ့်နယ်နေသေးသလဲကွ၊ မင်းတို့ ဆေးပညာမှာ တံတွေးဆွတ်တာ ရှိသလား၊ မြင်ဖူးသလား...'စသည်တို့ မိန့်၏။

## ပရိတ်ဝတ် မချွတ်စေရ

ဆရာတော်ကြီးသည် တုံးလုံးပက်လက် နေရသော်လည်း ပရိတ်ဝတ်ကို မဖျက်ပေ။ ဆရာတော်ကြီး ဤသို့ဖြစ်သောအခါ ဒကာများက ရန်ကုန်ရှိ ဆားကျောင်းဆရာတော် ဦးသာသန (ယခု တောင်ဥက္ကလာပမြို့ ဇာလီတောင်ဆရာတော်)အား သွားရောက် ပင့်ကြသည်။ ဆားကျောင်း ဆရာတော်သည် ချက်ချင်း တောင်ပေါ်သို့ ရောက်လာသည်။ ထိုအချိန်တွင် ဆရာတော်ကြီး ဝေဒနာပြင်းထန်နေချိန်ဖြစ်၏။ သို့သော် ပရိတ်ဝတ်ကို မဖျက်။

ဆားကျောင်း ဆရာတော်အား-

'နာနေကျတရား နာပါရစေ'ဟု မိန့်သည်။ နာနေကျတရားဆိုသည်မှာ ဆရာတော်ကြီး သက်တော်သုံးဆယ်ခန့်မှ ရွတ်ဖတ် သရဇ္ဈာယ်နေကျဖြစ်သော 'ပရိတ်ဝတ်ကြီး'ဖြစ်သည်။ ဆားကျောင်း ဆရာတော်ကို မိမိထိုင်နေကျ ကုလားထိုင်ကြီးပေါ် ထိုင်စေကာ ပရိတ် ရွတ်စေသည်။ ထိုပရိတ်ကို ရိုရိုသေသေ နာယူသည်။ ထိုတရားဖြင့်သာ နာလန်ထ၍ ကျန်းမာခဲ့သည်။

ဆားကျောင်း ဆရာတော်သည် ဆရာတော်ကြီး၏ မျက်နှာတော်ကို ဘယ်အခါမျှ မော်မကြည့် ဆရာသမားအား ထိုမျှအထိလေးစားသူဖြစ်၏။ ဆရာတော်ကြီး၏ အမိန့်ကြောင့်သာ ဆရာတော်ကြီးထိုင်သည့် ကုလားထိုင် ပေါ်တက်ကာ ပရိတ်ရွတ်ရခြင်း ဖြစ်၏။ ဆရာတော်ကြီး ကိုယ်တိုင်ကလည်း တပည့်အပေါ် အာရုံမထား။ ပရိတ်တရားတော်ကိုသာ အာရုံထားသဖြင့် ဤသို့ ရိုသေစွာနာယူခြင်းဖြစ်၏။ အတုယူစရာ တစ်ရပ်ပင်။

## မင်းတို့သာ ဟိုဆေးသည်ဆေး သောက်နေကြ

ဆရာတော်ကြီးမှာ ထိုသို့ ပရိတ်ကို စွဲမြဲစွာ ယုံကြည်၍ လက်တွေ့အသုံးချခဲ့သော်လည်း တပည့်တပန်းတို့ကား ပုထုဇဉ်သားပီပီ ရောဂါအန္တရာယ်ကြုံလာသောအခါ ပရိတ်ဆီ တစ်ခုတည်းနှင့် မပြီး။ ရောဂါပျောက်ရေးအတွက် အင်္ဂလိပ်ဆေး၊ မြန်မာဆေးတို့ကို အားထားကြသည်။ 'ဘယ်သူက ဘယ်ဆေးနှင့် ပျောက်တာပဲ ဘုရား'ဟု လျှောက်ထားကြသည်။

ဆရာတော်ကြီးက–

'မင်းတို့သာ ဟိုဆေးသောက်လိုက်၊ ဒီဆေးသောက်လိုက်၊ မဆုံးနိုင်ဘူး။ ငါ့ပရိတ်ဆီသောက်၊ လိမ်းထားလဲ ရတာပဲ။ ငါ့အရိုးတွေ ကြေသွားတုန်က တံတွေးနဲ့လဲ ပျောက်တာပဲ။ ပရိတ်ဆီဆိုတာက ပြောရမယ့်ဟာတောင် မဟုတ်ဘူး။ ယုံကြည်ဖို့သာ အရေးကြီးတယ်။ ကိုယ်ခံရှိဖို့လဲ လိုသေးတယ်။ ဘာသီလ၊ ဘာစရဏမှမရှိဘဲ ဘယ်လိုလုပ် ပရိတ်က စွမ်းမှာလဲ' စသည်ဖြင့် မိန့်ကြားတတ်ပါသည်။

ဤကား ဆရာတော်ကြီး ကိုယ်တော်တိုင် ပရိတ်ဆီကို အသုံးပြုပုံ၊ ပရိတ်ဆီကြောင့် သေရွာမှပြန်ခဲ့ပုံစသည်၏ အထောက်အထားတစ်ရပ်ပင် ဖြစ်ပါသည်။

အခန်း (၈)

# ဇာလီဆရာတော်ကြီးနှင့် တောင်ဝှေး

## ဇာလီတောင်မှ တောင်ဝှေး

ယခု ဆက်လက်ဖော်ပြလိုသည့် အကြောင်းအရာမှာ ဆရာတော်ကြီး၏ တောင်ဝှေးအကြောင်း ဖြစ်သည်။ ဇာလီတောင် ဆရာတော်ကြီးသည် မိမိထံ ရောက်ရှိလာသော ရပ်ဝေးရပ်နီး တပည့်ကြီးငယ်တို့အား ပရိတ်ဆီ အပြင် ပုတီး၊ တောင်ဝှေး စသော အသုံးအဆောင်များကို ချီးမြှင့်တတ်ပါသည်။ အများထင်သာ မြင်သာသည့် အသုံးအဆောင်မှာကား တောင်ဝှေး ဖြစ်ပါသည်။ ဇာလီတောင်တန်းပေါ်မှ ဆင်းသက်၍ အောင်လံဘက်သို့ရောက်လျှင် တောင်ဝှေးကိုင်လာသူကို တွေ့မြင်ပါက ဇာလီတောင်မှ ပြန်လာသူဟု အသိအမှတ် ပြုကြပြီးဖြစ်သည်။

ဆရာတော်ကြီး ကိုယ်တိုင်ကလည်း တောင်ဝှေးကို လေးနက်သော အဓိပ္ပာယ်ဖြင့် လှူဒါန်းခြင်း၊ ချီးမြှင့်ခြင်း ပြုလေ့ရှိသည်ကို လေ့လာတွေ့ရှိရပေသည်။ ရဟန်းပုဂ္ဂိုလ် လူပုဂ္ဂိုလ်မရွေး ချီးမြှင့်သင့်သူကို ချီးမြှင့်ခြင်း ဖြစ်၏။ ထိုသို့ ချီးမြှင့်ရာ၌ ပုဂ္ဂိုလ်ရေးလည်း ပါသည်။ ဘာသာ သာသနာအတွက်လည်း ပါသည်။ အခြေအနေအလျောက်၊ ကာလဒေသ အလျောက် ချီးမြှောက်ခြင်း ဖြစ်သည်။ ဆရာတော်ကြီး ချီးမြှင့်သော တောင်ဝှေးသည် မည်မျှ အဓိပ္ပာယ် လေးနက်ကြောင်း ဖော်ပြသွားပါမည်။

## လေးနက်သော အဓိပ္ပာယ်

ဆရာတော်ကြီးသည် တောင်ဝှေးကို ချီးမြှင့်သောအခါ ပြီးလွယ်စီးလွယ် သာမန်ကာလျှံကာ ပေးလိုက်သည် မဟုတ်ပါ။ လက်တော်နှစ်ဖက်ဖြင့် အတန်ကြာကိုင်၍၊ ပွတ်သပ်၍ မိနစ်ပိုင်းမျှသော အချိန်ကာလအတွင်း နှုတ်ဝစီအားဖြင့်သော်လည်းကောင်း၊ စိတ်တော်အားဖြင့်လည်းကောင်း အဓိဋ္ဌာန်ပြုကာ၊ တိုင်တည်ကာ၊ သစ္စာပြုကာ ပေးလိုက်ခြင်း ဖြစ်သည်ဟု ယူဆရပါသည်။

ကျွန်တော်သည် ဆရာတော်ကြီးနှင့် ရင်းရင်းနှီးနှီး(အတိုင်းအတာတစ်ခုအထိ) ဆက်ဆံခဲ့သည့် ကာလအတွင်း တောင်ဝှေးကို နှစ်ကြိမ်မျှ ချီးမြှင့်ခံခဲ့ရပါသည်။ 'ချီးမြှင့်ပါဘုရား 'ဟူ၍ကား တောင်ဝှေးကိုသာမက မည်သည့် အရာဝတ္ထုကိုမျှ မတောင်းခံခဲ့ဖူးပါ။ လေးစားထိုက်သော သီလ သမာဓိ အရှင် ဖြစ်သောကြောင့်လည်းကောင်း၊ မိမိမျက်စိအောက်တွင် အငေါက်အငမ်း ခံရသူများကို တွေ့ရသဖြင့်လည်းကောင်း ခြေတော်ရင်းသို့ ရောက်သော်လည်း ခပ်ဝေးဝေးတွင် နေလေ့ရှိပါသည်။ ခေါ်မှသာ အနားသို့ ကပ်ပါသည်။ ပြန်တော့မည့် အချိန်တွင်ကား နဖူးမြေကျ ကန်တော့ပါသည်။ ဤသည်မှာ ကျွန်တော် ပြုနေကျဝတ် ဖြစ်ပါသည်။

## ပထမအကြိမ် တောင်ဝှေး

တောင်ဝှေးချီးမြှင့်ခံရသည့် ပထမအကြိမ်မှာ ဆရာတော်ကြီးအား နှစ်ပေါင်းများစွာ ဆည်းကပ်ပြီးနောက် ဖြစ်ပါသည်။ မိတ်ဆွေဆရာတစ်ဦး နိုင်ငံခြားသို့ မြန်မာစာကျွမ်းကျင်သူအဖြစ် သွားအံ့ဆဲဆဲ ဖြစ်ပါသည်။ ထိုဆရာသည် ဆရာတော်ကြီးအား အဝေးမှ ကြည်ညိုသူတစ်ဦး ဖြစ်ပါသည်။ ပင်ကိုယ်အားဖြင့်လည်း ရတနာသုံးပါးကို ကြည်ညိုလေးစားသူ ဖြစ်ပါသည်။ ထို့ကြောင့် ဆရာတော်ကြီးထံ လိုက်ပို့ပါသည်။

ကျွန်တော်တို့ ရောက်ရှိသွားချိန်မှာ မိုးရာသီဖြစ်၍ ပရိသတ်နည်းပါးချိန် ဖြစ်ပါသည်။ သို့ဖြစ်၍ ဆရာတော်ကြီးအား အေးအေးဆေးဆေး ဖူးခွင့်ရပါသည်။ ထိုစဉ်က အပြန်ခရီးတွင် ဝါးတောင်ဝှေးတစ်ချောင်း စီချီးမြှင့်ပါသည်။

ဤသည်မှာ ဆရာတော်ကြီးထံမှ ပထမအကြိမ်ရရှိသည့် တောင်ဝှေးဖြစ်ပါသည်။ ကျွန်တော်သည် ထိုတောင်ဝှေးကို နှစ်ပေါင်းများစွာ တရိတသေ မြတ်နိုးစွာ ထားပါသည်။ ထိုတောင်ဝှေးကိုမြင်တိုင်း 'ဘေးဆီးရန်ကာ ပေးလိုက်တာပဲ၊ သုံးတတ်သလို သုံးကြပေါ့ကွာ' ဟူသောဩဝါဒကို ကြားယောင်နေမိပါသည်။ ထိုအခါ 'ဆရာတော်ကြီး ငါတို့နားမှာ ရှိတယ်၊ မကောင်းတာ မလုပ်မိအောင် ရှောင်မှဖြစ်မယ်' ဟု သတိရပါသည်။

ပုထုဇဉ်တို့၏ သဘာဝသည် မကောင်းမှု၌ မွေ့လျော်ပါသည်။ မကောင်းမှုကို ကိုယ် နှုတ်တို့ဖြင့် ကျူးလွန်ရန် ဘယ်လောက်ပင် မဝံ့စားသော်လည်း စိတ်ဟူသည်ကား ဖောက်ပြန်လှပါဘိတောင်း။ အိမ်နေသူပိပိ အခန့်မသင့်က သား,မယားအပေါ်၊ သား,သမီးအပေါ်၌ပင် မကျေနပ်ခြင်း၊ ဒေါသဖြစ်ခြင်းနှင့်တကွ အခြား အခြားသော စိတ်အညစ်အကြေးများ ပေါ်လာတတ်ပါသည်။ ထိုအခါ ထိုတောင်ဝှေးကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ထိန်းသိမ်းနိုင်သော စိတ်အစဉ် ဝင်လာပါသည်။

## လှူဒါန်းလိုက်ရပြီ

ထိုမှ ကျွန်တော့်ဘဝကို အကျိုးပြုသော တောင်ဝှေးကို ၁၉၈၈-ခု တွင် စွန့်လွှတ်လိုက်ရပါသည်။

ဘဝတူဆရာတစ်ယောက်က 'ခင်ဗျားမှာ ဆရာတော်ကြီးရဲ့တောင်ဝှေး အပိုရှိရင် ပေးပါဗျာ'ဟု တောင်းပါသည်။ ထိုအချိန်က ကျွန်တော့်တွင်

တောင်ဝှေးနှစ်ချောင်း ရှိပါသည်။ (ဒုတိယတောင်ဝှေးအကြောင်း ဆက်လက်ဖော်ပြပါမည်။) ထို့ကြောင့် နှမြောတွယ်တာမှုကို ဖြတ်ကာ နှစ်ပေါင်းများစွာ ကိုင်တွယ်ပွတ်သပ်၍ မြတ်နိုးစွာထားခဲ့သော ထိုတောင်ဝှေးကို ပေးလိုက်ပါသည်။

ထိုဆရာကား ရတနာသုံးပါးကို လွန်စွာဆည်းကပ် သော သမထဝိပဿနာဓုရတို့ကို ကျွန်တော်တို့ထက်ပင် ပို၍ကျင့်ဆောင် နေသော၊ အများအကျိုးကို သတ္တိရှိရှိ ဇွဲရှိရှိဖြင့် လုပ်ဆောင်နေသောသူ ဖြစ်ပါသည်။ ထို့ကြောင့် 'သူက ငါ့ထက် သူတစ်ပါးအကျိုး ပိုလုပ် ဆောင်နိုင်တာပဲလေ၊ ပေးလိုက်ပါတော့မယ်'ဟု ဆုံးဖြတ်ကာ ပေးလှူလိုက်ခြင်း ဖြစ်ပါသည်။

## ဒုတိယအကြိမ်

ဒုတိယအကြိမ် ဆရာတော်ကြီးထံမှ တောင်ဝှေးချီးမြှင့်ခံရသည့် အချိန်မှာ ၁၉၈၆–ခုနှစ်၊ ဧပြီလအတွင်း ဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော်၏အစ်ကိုမှာ သေအံ့မူးမူးသတိမေ့မြောကာ မျက်ဖြူဆိုက်နေချိန် ဖြစ်သည်။ အစ်ကို၏ ကျေးဇူးတရားကို ဆင်ခြင်ကာ အသက်တစ်ချောင်းကို ကယ် ဆယ်ရန် ရန်ကုန်မှ သရက်ဇာလီတောင်တန်းရှိ ဆရာတော်ကြီးထံ ရေး ကြီးသုတ်ပျာ ရောက်ရှိသွားပါသည်။

ကျွန်တော်တို့ ပြန်တော့မည့်အခါ အလင်းရောင်ပျောက်၍ အမှောင်ထုပင် လု၍လာပြီ။ တောင်ပေါ်မှ ဧရာဝတီမြစ်ကမ်းခြေသို့ သွားရမည့်ခရီးမှာ တစ်မိုင်ခွဲခန့်ရှိမည်ဟု မှန်းဆရပါသည်။ လျှိုမြောင် ချိုင့်ဝှမ်း စမ်းချောင်းများကို ဖြတ်သန်းရသည့် ခရီးလမ်းဖြစ်ပါသည်။ သို့သော် ကျွန်တော်နှင့် ညီဖြစ်သူတို့ကား ဆရာတော်ကြီး၏ သဘောကို သိပြီးဖြစ်သဖြင့်ရတ်ချည်း ထံမပြန်ရဲကြပါ။

ဆရာတော်ကြီးထံရောက်လျှင် မိုးချုပ်သည် နေဝင်သည်မှာ အဓိက မဟုတ်။ မိုးရွာသည်၊ နေပူသည်ဟူ၍လည်း မလျှောက်ရဲ။ ပြန်ဆိုမှ ပြန်

ရသည်။ 'အေး–ပြန်တော့'ဟု အမိန့် မရှိမချင်း မလှုပ်ရဲပါ။ (အခြားသူများ မည်ကဲ့သို့ ကျင့်သုံးကြောင်း မသိပါ)။ မိုးချုပ်သည် နေ ဝင်သည်ကိုလည်း ဆရာတော်ကြီး အမြင်ပင် ဖြစ်ပါသည်။ 'ဆရာတော် ကြီးလဲ သိသားပဲ၊ လွှတ်ချိန်တန် လွှတ်မှာပေါ့'ဟူသော စိတ်ထားဖြင့် အမိန့်ကို စောင့်နေရင်း ညီအစ်ကိုနှစ်ယောက် ဝတ်ပြုနေကြပါသည်။

## လေးသောတောင်ဝှေး

ဤတွင် ကိုရင်တစ်ပါးအားခေါ်၍ 'ဟော့ ကိုရင်– တောင်ဝှေးယူခဲ့' ဟု မိန့်ပါသည်။ ကိုရင်သည် တိုက်ကြီးအပေါ်ထပ်မှ ဝါးတောင်ဝှေး နှစ်ချောင်း ယူလာပါသည်။ ဝါးတောင်ဝှေးကို ဆရာတော်ကြီး မြင်သော အခါ 'ဟဲ့–ပေါ့ပေါ့မယူခဲ့နဲ့၊ လေးတာယူခဲ့'ဟု မိန့်ပါသည်။ ကိုရင်က တိုက်ကြီးအပေါ်ထပ်သို့ ပြန်တက်၍ အနှစ်ပါ၍လေးသော ပျဉ်းကတိုးသား ပွတ်တင်ထားသည့် တောင်ဝှေးနှစ်ချောင်းကို ယူလာပါသည်။ ဆရာတော် ကြီးသည် ထိုတောင်ဝှေးများကို တစ်ချောင်းစီယူကာ ပရိတ်ဆီလိမ်းကျံ၍ လက်ဖြင့် အကြိမ်ကြိမ် ပွတ်သပ်ပါသည်။ ထို့နောက် လက်နှစ်ဖက်ဖြင့် ချီးမြှင့်ပါသည်။ ကျွန်တော်တို့သည် ဒူးထောက်၍ လက်အုပ်ချီကာ ရိုသေစွာဖြင့် တောင်ဝှေးကို ခံယူပါသည်။

ကျွန်တော် စဉ်းစားပါသည်။ ပထမအကြိမ် တောင်ဝှေးချီးမြှင့်စဉ် ကလည်း ဤသို့ စီမံ၍ ချီးမြှင့်ခြင်း ဖြစ်ပါသည်။ 'ကဲ–လာ ယူသွား'ဟု ပြီးလွယ်စီးလွယ် ပေးလိုက်ခြင်း မဟုတ်ပါ။ ဒုတိယအကြိမ် တောင်ဝှေး ချီးမြှင့်သောအခါတွင်ကား ဤထက် ပိုပါသေးသည်။ လူမမာတစ်ဦး၏ အသက်ကို ကယ်ဆယ်ရန် ဖြစ်၏။ ဇီဝိတဒါနအဖြစ် အသက်တစ်ချောင်း ကို သေမင်းလက်မှ ဆွဲယူရန် သေရေးရှင်ရေးတမျှ အရေးကြီးသော ကာလဖြစ်၏။

ဤအချိန်အခါမျိုးတွင် 'ဟဲ့–ပေါ့ပေါ့မယူခဲ့နဲ့၊ လေးတာယူခဲ့'ဟု မိန့်ကြားခြင်းမှာ အဓိပ္ပာယ်ပြည့်ဝလှပါသည်။ လေးလံသော တာဝန်ကြီး တစ်ခုကို ထမ်းဆောင်ရန် လေးလံသည့် တောင်ဝှေးကို တမင်ရွေးချယ်၍ ချီးမြှင့်သည်ဟု နားလည်လိုက်ပါသည်။•

ကျွန်တော်နှင့် ညီဖြစ်သူသည် တောင်ဝှေးများကို မြတ်နိုးစွာကိုင်ဆောင်၍ တောင်ပေါ်မှ ဆင်းခဲ့ကြပါသည်။ ဧရာဝတီမြစ်ကမ်းခြေသို့ ရောက်သော်ကား အမှောင်လွှမ်းနေပေပြီ။ ကျွန်တော်တို့သည် ကူးတို့လှေ မရှိ။ ကြုံရာလှေစီး၍ ဧရာဝတီမြစ်ကြီးကို ဖြတ်ကူးခဲ့ကြသည်။ ထိုတောင်ဝှေးကား ယနေ့တိုင် ကျွန်တော့်ထံတွင် ရှိနေပါသေးသည်၊

ကျွန်တော်၏ အစ်ကိုကြီးမှာလည်း သတ္တဝါတို့၏ ဘဝဝဋ်ကြွေး အလျှောက် ရောဂါရှင်းရှင်း မပျောက်သော်လည်း ပါရဂူဆရာဝန်ကြီးများဖြင့် ဖွဲ့စည်းထားသည့် ဆေးအဖွဲ့ (Medical Board) က ၄–ရက်အတွင်း သေလိမ့်မည်ဟု ထုတ်ဖော်ပြောကြားခဲ့သည့်ကြားမှ ၄–နှစ်မက ယနေ့တိုင် အသက်ထင်ရှား ရှိနေပါသေးသည်။ အောက်တစ်ပိုင်း သေနေသော်လည်း ဉာဏစွမ်းအား လုံးဝမလျော့သေးပါ။ ပြည်နယ်ပြည်မ မကျန် နယ်စွန်ပယ်ဖျားအထိ တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်နှင့်ရင်းရသည့် အလုပ်ကို နှစ်ပေါင်းသုံးဆယ်နီးပါးသ ယ် ပိုးနေစဉ်က သေမှာကြောက်သဖြင့် အန္တရာယ် ကင်း ဂါထာလောက်ကိုသာ ရွတ်ဖတ်သရဇ္ဈာယ် နိုင်ပါသည်။ ယခုသော် သမထဝိပဿနာ ဘာဝနာနှစ်ဖြာကို ဘဝပေးအသိနှင့် ယှဉ်စပ်၍ အား ထုတ်နိုင်ပါပြီ။ ဆရာတော်ကြီး၏ တောင်ဝှေးက ဥပနိဿယ သတ္တိဖြင့် ကျေးဇူးပြုခဲ့ခြင်း ဖြစ်ပါသည်။

ဤသည်မှာ ကျွန်တော်နှင့် ပတ်သက်သည့် ဇာလီတောင် တောင်ဝှေးကိစ္စ ဖြစ်ပါသည်။ ထိုတောင်ဝှေးကား ကျွန်တော်၏ ဘုရားစင်ဘေးတွင် ယနေ့တိုင် ရှိနေပါသေးသည်။

ယခု ဖော်ပြမည့် အကြောင်းအရာမှာ ဇာလီတောင်ရေး ဘာစွမ်းသလဲ?ဟူသော မေးခွန်းဖြစ်ပါသည်။ ထိုမေးခွန်းကို ကြိုးစား၍ ဖြေပါမည်။ ပြဿနာမှာ ရုပ်ဝတ္ထုနှင့် မဆိုင်ပါ။ နာမ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာဖြစ်ပါသည်။ လောကဌ် ဆန်းကြယ်သော အရာများစွာ ရှိပါသည်။ အချို့မှာ ပကတိမျက်စိ နား စသော ပသာဒတို့ဖြင့် ထိတွေ့စမ်းသပ်၍ ရကောင်းသည်။ အချို့မှာကား ထိုအရာများနှင့် လားလားမျှ မဆိုင်၊ လက်လှမ်းမမီ။ တစ်နည်းအားဖြင့် အာရုံငါးပါးတို့ဖြင့် ဖြေရှင်း၍မရသော အရာများ ဖြစ်သည်။ ဆဋ္ဌအာရုံခေါ် စိတ်အာရုံ(မနောအာရုံ)နှင့် နီးနွယ်နေသော အရာများဖြစ်သည်။ ယင်းသည် စိတ်တန်ခိုးနှင့်ဆက်စပ်နေသည်။ ကျင့်ကြံအားထုတ်မှုနှင့် ပတ်သက်သည်။

## ကျဉ်းမြောင်းသောနယ်ပယ်

ထပ်၍ရှင်းပါမည်။ အာရုံငါးပါးတို့ဖြင့် သိရသည့် အရာဝတ္ထုတို့၏ နယ်ပယ်မှာ ကျဉ်းမြောင်းလှသည်။ လက်တွေ့မှ ယုံရမည်။ (Seeing is believing)ဟူသော စကားမှာ ဘောင်ကျဉ်းလှသည်။ ဥပမာ–စက္ခုအာရုံတစ်ခုတည်းမှာပင် အဆင့်အမျိုးမျိုး ရှိသည်။ ပကတိမျက်စိ(မံသစက္ခုဝါ ပသာဒစက္ခု)ဖြင့် မမြင်ရသည့် အရာများစွာ ရှိသည်။ ဝေးလံသော အရာဝတ္ထုတစ်ခုကို ပကတိ မျက်စိဖြင့် မမြင်နိုင်သော်လည်း မှန်ပြောင်း (Telescope)ဖြင့် ကြည့်က မြင်နိုင်သည်။ လူတို့၏ မျက်စိအမြင်သည် မိုင် ၂၀–ခန့်သာ လှမ်းမြော်နိုင်သည်။ ဟိုမှာဘက်တွင်ကား အမှောင်အတိသာ ဖြစ်သည်။ ယင်းကို မိုးကုတ်စက်ဝိုင်းဟု ခေါ်ကြသည်။ တကယ်အားဖြင့်ကား မိုးသည် ဘယ်အခါမျှ ကုတ်သည်မရှိ။ လူ့မျက်စိက ထင်မှတ်ခြင်းမျှသာ ဖြစ်သည်။

အလားတူပင် နီးသော်လည်း မမြင်ရသည့် အရာများစွာရှိသည်။ ပကတိမျက်စိဖြင့် ကြည့်မမြင်နိုင်သော အရာများကို အဏုကြည့်မှန်ပြောင်း

(Microscope)ဖြင့် ကြည့်မြင်နိုင်သည်။ ယနေ့တွင်ကား မိုင်ပေါင်းများစွာ ဝေးလံသည့် အာကာသတွင်းမှ လူသား၏ လှုပ်ရှားဟန်ကို ရုပ်မြင်သံကြားစက်များဖြင့် အထင်းသား တွေ့မြင်နေရသည်။ ဤသည်မှာ စကြာအာရုံ တစ်ခုတည်း၏ ထွေပြားပုံဖြစ်သည်။ ဆိုလိုသည်မှာ အထက်ပါအရာများသည် သိပ္ပံပညာစွမ်းအားဖြင့် ရှာဖွေမှု အတိုင်းအတာ အရသာ မြင်တွေ့စမ်းသပ်ရကောင်းသော အရာများဖြစ်သည်။ တစ်နည်းအားဖြင့် ရုပ်ဝတ္ထုနယ်ပယ်တွင်းမှာသာ ကိုင်တွယ်ဖြေရှင်း၍ ရကောင်းသော အရာများ ဖြစ်သည်။

ယခုတောင်ဝှေးပြဿနာသည် အထက်ပါ ရုပ်ဝတ္ထု၏ နယ်ပယ်ကို ကျော်သည်။ ရုပ်လွန်နယ်ပယ်နှင့်သာ ဆိုင်သည်။ ကျင့်ကြံအားထုတ်မှုနှင့် ဆက်စပ်နေသည်။ ဤတွင် သာမန်အားဖြင့်ကြည့်လျှင် တောင်ဝှေးသည် ရုပ်ဝတ္ထုသက်သက် ဖြစ်သည်။ ရုပ်ဝတ္ထု တောင်ဝှေးသည် တောင်ဝှေး၏ နယ်ပယ်တွင်းမှာသာ စွမ်းဆောင်မှုကို ဖြစ်စေနိုင်သည်။ တိတိကျကျ ဆိုရလျှင် တောင်ဝှေးသည် လမ်းလျှောက်ရာ၌ အထောက်အကူရသည်။ ဘေးဆီးရန်ကာ လုပ်နိုင်သည်။ ဤကား မျက်မြင်သဘော ဖြစ်သည်။

ဓာလီတောင်ဝှေးသည် ဤနယ်ပင်အတွင်း၌သာ ရှိနေလျှင် အထူးတလည် ရှင်းလင်းဖွယ် မရှိပါ။ သို့သော် ဆရာတော်ကြီး၏ တောင်ဝှေးသည် ဤရုပ်ဝတ္ထုနယ်ပယ်ကို ကျော်လွန်ပါသည်။ နာမ်ပိုင်းဆိုင်ရာနှင့် ပတ်သက်သည်။ ကျင့်ကြံအားထုတ်မှုနှင့် ဆိုင်သည်။ ဤဒိဋ္ဌ၊ သုတ အချက်အလက်များအပေါ် အခြေခံ၍ ဖော်ပြပါမည်။

## သဲအင်းဂူဆရာတော်

၁၉၆၂ ခုနှစ် သဲအင်းဂူဆရာတော်ကြီး သက်တော်ထင်ရှား ရှိစဉ်ကဖြစ်၏။ ဓာလီဆရာတော်၏ တူမ ဒေါ်သိန်းမေ (ယခု သက်ရှိထင်ရှား)

သည် စွန်းလွန်းယောဂီဖြစ်သည်။ ဇာလီတောင် ဆရာတော်နှင့် ဒေါ်သိန်းမေ တို့ ငယ်စဉ်ဘဝကပင် ကွဲကွာသွားခဲ့ရာ ပြန်လည်တွေ့ကြသောအခါ နှစ်ပေါင်း ငါးဆယ်ပင် ကျော်ပေပြီ။ ဤအချိန်တွင် ဒေါ်သိန်းမေသည် စွန်းလွန်းဝိပဿနာကို စွဲစွဲမြဲမြဲ အားထုတ်သော ယောဂီဖြစ်နေပြီ။ ယင်း အကြောင်းကို ဒေါ်သိန်းမေက ဇာလီဆရာတော်အား ပွင့်ပွင့်လင်းလင်းပင် လျှောက်ထားသည်။ အကြောင်းမှာ ဇာလီဆရာတော်သည် ဝိပဿနာသမား မဟုတ်။ သမထသမားဖြစ်သည်။ ပရိတ်နှင့် မေတ္တာ ဘာဝနာကို အခြေ ခံ၍ သတ္တဂါတို့အား ကယ်ဆယ်နေသော ပုဂ္ဂိုလ်သာ ဖြစ်သည်။

## ကိုယ်သန်ရာ ကိုယ်လုပ်ကြ

ဒေါ်သိန်းမေက ဝိပဿနာတရား အားထုတ်နေကြောင်း လျှောက် ထားသောအခါ ဆရာတော်က 'အေး–ကောင်းတယ်၊ ဆရာ့နှမ်ဖို့တော့ လိုတယ်။ ကိုယ်သန်ရာ ကိုယ့်ပါရမီရှိရာ လုပ်ကြရတာပဲ။ တို့က ပါရမီ တစ်မျိုး'ဟုသာ မိန့်သည်။ ဒေါ်သိန်းမေ ဝိပဿနာယောဂီ ဖြစ်နေမှန်းသိ တော်မူ၍ ဝိပဿနာယောဂီ ဖြစ်နေမှန်း သိတော်မူ၍ ဝိပဿနာတရား ဖြန့်ဝေနေသည့် သဲအင်းဂူဆရာတော်ထံ တောင်ဝှေးကို တစ်ဆင့်ကပ်လှူ ခိုင်းသည်။

## တောင်ဝှေးလှူခြင်း

ဆရာတော်နှုတ်မှ 'တက္ကသိုလ် ဓမ္မာရုံမှာ သဲအင်းဂူဆရာတော် တရားဟောလျှင် တောင်ဝှေးကိုလှူလိုက်'မိန့်ကြားလိုက်သည်။ ဒေါ်သိန်းမေ သည် အကြောင်းအရာ အတိမ်အနက်ကို မဆင်ခြင်နိုင်သဖြင့် တောင်ဝှေး ကို အိမ်သို့ယူသွားပြီး အကျိုးအကြောင်းကိုသာ သဲအင်းဂူဆရာတော်အား လျှောက်ထားပြသည်။

ဤအကြောင်းကို သဲအင်းဂူ ဆရာတော်အား လျှောက်ထားသော အခါ ဆရာတော်က တောင်ဖေးကို ချက်ချင်း အယူခိုင်းသည်။ နှုတ်တော်မှလည်း 'ကိုယ်တိုင် ကိုယ်ကျ ခြေတော်ရင်းကို ဦးမခိုက်နိုင်ပေမယ့် မနောဖြင့် ဦးခိုက် ကြောင်း' ဒေါ်သိန်းမေအား လျှောက်ထားခိုင်းသည်။ သဲအင်းဂူ ဆရာတော်ကား အများသိပြီး ဖြစ်သည့်အတိုင်း နိုင်ငံ့တလွှား ရဟန္တာဟု ထင်ရှားသော ဆရာတော်ကြီးတစ်ပါး ဖြစ်သည်။ ထိုကဲ့သို့ ကျော်ထီးတန္တု အလေးပြုစရာ ဆရာတော်တစ်ပါးကပင် ဇာလီတောင် ဆရာတော်၏ ဘောင်ဖေးကို တလေးတစား အလှူခံခြင်းမှာ လေးနက်သော အဓိပ္ပာယ်ဆောင်သည်ဟု မှတ်ယူရပါသည်။ (ထိုနှစ် နွေဦးက ဇာလီတောင်ဆရာတော် ကိုယ်တော်တိုင် တက္ကသိုလ်ဓမ္မာရုံ၌ ရဟန်းရှင်လူပရိသတ်တို့အား ပရိတ်ဆီ တိုက်ခဲ့ကြောင်း ဖော်ပြပြီး ဖြစ်ပါသည်။)

## အလံတစ်ရာစေတီနှင့် ဇာလီတောင်ဖေး

ဇာလီတောင်ဆရာတော်ကြီးသည် အထက်ပါ ပုဂ္ဂိုလ်ရေးရာအားဖြင့် စိတ်အာရုံကျရာအလျှောက် ပေါ်ပေါက်လာသော အခြေအနေပေါ်မူတည်ကာ တောင်ဖေးကို လှူဒါန်းသကဲ့သို့ သာသနာ့အရေးကိစ္စဖြင့် ရောက်ရှိလာသော ပုဂ္ဂိုလ်တို့အားလည်း အခက်အခဲ အမျိုးမျိုးမှ ကျော်လွှားစေရန် တောင်ဖေးကို ချီးမြှင့်လေ့ရှိပါသည်။ ယင်းတို့အနက် သထုံမြို့နယ်ရှိ အလံတစ်ရာစေတီတော်ကြီးနှင့် စပ်၍ ဖြစ်ပါသည်။ အလံတစ်ရာစေတီတော်ကြီးနှင့် အလံတစ်ရာဆရာတော်ကြီးကား ယနေ့တိုင် နိုင်ငံသိဖြစ်သည်။ ဤအလံတစ်ရာစေတီတော်ကြီး တည်ဆောက်စဉ်က နှစ်ကြိမ်ပင် မအောင်မြင်ဘဲ အခက်အခဲများ ရှိသည်ဟု ဆိုကြသည်။ ထိုအခါ ဥပါသကာအဖွဲ့မှ အချို့သည် သရက်မြို့ရှိ ဇာလီတောင်ဆရာတော်ထံ ရောက်ရှိလာကြသည်။

## အခက်အခဲများ လျှောက်ထား

ထိုပုဂ္ဂိုလ်များသည် စေတီတော်ကြီး တည်ဆောက်ရေးနှင့် စပ်လျဉ်း၍ ကြုံတွေ့ရသည့် အခက်အခဲများ မအောင်မြင်မှုများကို ဆရာတော်ကြီးအား လျှောက်ထားကြသည်။ ဆရာတော်က အလုပ်ဟူသမျှ အခက်အခဲရှိတတ်ကြောင်း၊ တစ်ကြိမ်မအောင်မြင်က နှစ်ကြိမ်၊ နှစ်ကြိမ်မအောင်မြင်က သုံးကြိမ်ကြိုးစားရမှာဖြစ်ကြောင်း၊ ပါရမီစခန်းတွင် ဒုက္ခမပါဘဲ မဖြစ်နိုင်ကြောင်း စသည်မိန့်ကြားကာ တောင်ဝှေးသုံးချောင်း ချီးမြှင့်လိုက်ပါသည်။ ထိုအချိန်မှစ၍ အလံတစ်ရာဘုရားကြီးမှာ ချောမောစွာ အောင်မြင်ကြောင်း ကြားသိရပါတော့သည်။

## အန္တရာယ်ကင်းခြင်းနှင့် တည်ဆောက်ခြင်းတို့အတွက်

ဖော်ပြခဲ့သော သာမဏေနှစ်ရပ်အနက် သဲအင်းဂူဆရာတော်ကြီးအား တောင်ဝှေးလှူဒါန်းလိုက်ခြင်းမှာ အန္တရာယ်အမျိုးမျိုးမှ ကင်းဝေးရေးအတွက် ဖြစ်၏။ အလံတစ်ရာစေတီတော်မှ ဥပါသကာ ဒါယကာတို့အား တောင်ဝှေး ချီးမြှင့်လိုက်ခြင်းမှာ စေတီတော်ကြီး တည်ရေးတွင် ကြုံတွေ့နေရသည့် အခက်အခဲ အဝပကို ကျော်လွှန်လွတ်မြောက်စေရန် ဖြစ်၏။

ဤသည်မှာ ဇာလီတောင် တောင်ဝှေးနှင့် စပ်လျဉ်း၍ ပဋိပတ္တိနယ်ပယ်မှကြုံတွေ့ရသည့် အထောက်အထား တစ်စိတ်တစ်ဒေသသာ ဖြစ်သည်။

## ရန်ကုန်မြို့ပေါ်မှ စာချဘုန်းကြီးလေး

ယခုဖော်ပြလိုသော အကြောင်းအရာမှာ ရန်ကုန်မြို့ရှိ ပရိယတ္တိစာသင်တိုက်ကြီး တစ်တိုက်တွင် စာပေပို့ချနေသည့် စာချကိုယ်တော်လေး တစ်ပါးအကြောင်း ဖြစ်ပါသည်။ ထိုကိုယ်တော်လေးကို ဦးနန္ဒိယ ဟု ခေါ်ကြပါစို့။ ထိုစဉ်က ဦးနန္ဒိယသည် ရဟန်းသိက္ခာလေးငါးဝါရ

စာသင်သားတစ်ပါး ဖြစ်သည်။ သက်န်းကျွန်း ဆားကျောင်းဆရာတော်၏တပည့် ဦးရေဝတခေါ် ရဟန်းတစ်ပါးတို့နှင့်အတူ ဇာလီတောင်ဆရာတော်ကြီးထံ အဖူးမြော်ရောက်သည်။ ဆရာစဉ်ဆက် ဆက်စပ်နေသဖြင့် ဆရာတော်ကြီးအား သွားရောက်ကန်တော့ခြင်း ဖြစ်၏။

## တောင်ဝှေးကောက်ကောက်လေး

ဆရာတော်ကြီးက သင်္ကန်းစသည့်အသုံးအဆောင်များ ချီးမြှင့်သောအခါ ဦးနန္ဒိယ စိတ်ထဲမှာ ဆရာတော်ကြီးဘေးတွင် ထောင်ထားသော တောင်ဝှေးကောက်ကောက်လေးကို မျက်စိရောက်နေသည်။ ဆရာတော်ကြီးသည် သူတစ်ပါးစိတ်အကြံကို သိလေသလားမသိ။ ဦးနန္ဒိယအား ရှေ့သို့ခေါ်၍ ထိုတောင်ဝှေးလေးကို လက်နှစ်ဖက်ဖြင့် ကိုင်ကာ လေးလေးစားစား ချီးမြှင့်လိုက်သည်။ ဦးနန္ဒိယသည် ဆရာတော်ချီးမြှင့်သဖြင့် ဝမ်းသာမြတ်နိုးစွာ တောင်ဝှေးကို ဆောင်ထားသည်။ ဘာသတ္တိဘာတန်ခိုးကိုမှ မသိ နားမလည်။ စာသင်သားဘဝဖြင့် မိမိစိတ်မှာ စာတတ်ရန် စာမေးပွဲအောင်ရန်သာ စောနေသည်။

## သံဃာ့တက္ကသိုလ်မှ ကိုယ်တော်တစ်ပါး

ဦးနန္ဒိယသည် ပရိယတ္တိ အခြေခံ အတော်အတန် ပြည့်စုံလာသောအခါ သံဃာ့တက္ကသိုလ်သို့ တက်ခွင့်ကြုံလာသည်။ တောင်ဝှေးကလေးကို တစ်ပါတည်း ယူဆောင်သွားသည်။ ဘာရည်ရွယ်ချက်မှမရှိ၊ သိလည်းမသိ။ လေးစားလောက်သည့် ဆရာတော်ကြီးတစ်ပါးက ချီးမြှင့်ထားသည့် ပစ္စည်းဖြစ်သဖြင့်သာ လေးလေးစားစား ပူဇော်သောအားဖြင့် ယူဆောင်သွားခြင်းဖြစ်သည်။

စာသင်တိုက်သို့ရောက်၍ မကြာခင် မိတ်ဆွေရဟန်းတစ်ပါးက တောင်ဝှေးကို ယူ၍ စာသိုက်များကို ထိုးသည်။ ဦးနန္ဒိယက တားမြစ်သည်။ မိမိ လေးစားမြတ်နိုးစွာ ထားသော တောင်ဝှေးဖြစ်၍ မလေးမစား မလုပ်ပါရန် တားသည်။ သို့သော် ထိုကိုယ်တော်က မနေ။ 'ဘာလဲဗျာ၊ ကိုယ်တော့် ဓာလီတောင် တောင်ဝှေးက ဘာစွမ်းသလဲ'ဟု မချေမငံပြောသည်။ ဦးနန္ဒိယသည် ဆရာတော်ကြီးအား ထိခိုက်ပြောဆိုသဖြင့် စိတ်ထဲမှာ မျက်ခနဲ ဖြစ်သွားသည်။

သို့သော် ဒေါသကို ချုပ်တည်း၍ ခပ်ပြုံးပြုံးဖြင့် 'ဘာလဲ၊ ကိုယ်တော်သိချင်လို့လား'ဟု မေးလိုက်သည်။ မိတ်ဆွေကိုယ်တော်က 'အေး–သိချင်တယ်'ဟု ပြန်ပြောသည်။ ဦးနန္ဒိယသည် တောင်ဝှေးကလေးကို ခေါင်းရင်းမှ ဆွဲယူကာ 'ကဲ–ကိုယ်တော့်ကို လက်ဖျားနဲ့တောင် မတို့ပါဘူး၊ ကိုယ်တော့် ဖျာကိုတော့ ကျုပ်ရိုက်မယ်'ဟုပြောသည်။

ထို့နောက် 'ကဲ–ကိုယ်တော်၊ ဟောဒီကျောင်းတိုက်က ခုနစ်ရက်အတွင်း ထွက်သွားရမယ်'ဟု ဖျာကို တောင်ဝှေးဖြင့် ခုနစ်ချက်တိတိ ရိုက်သည်။

ထိုကိုယ်တော်သည် တိုက်စည်းမျဉ်း ဖောက်ဖျက်မှုဖြင့် ထိုကျောင်းတိုက်အတွင်းမှ ခုနစ်ရက်မြောက်နေ့တွင် ထွက်ခွာသွားခဲ့ရသည်။ တိုက်ဆိုင်မှုဟု ဆိုလိုက ဆိုနိုင်ပါသည်။ လေးငါးနှစ်ကြာသောအခါ ထိုကိုယ်တော်နှင့် ဦးနန္ဒိယတို့ ပြန်လည်ဆုံကြပြန်သည်။ ထိုကိုယ်တော်က ပြုံးရွှင်ရယ်မောကာ 'ကိုယ်တော့် ဓာလီတောင်ဝှေး ရှိသေးသလား'ဟု မှတ်မှတ်ရရ မေးသည်။ ဦးနန္ဒိယက 'ဘာလဲ ကိုယ်တော်က အရိုက်ခံချင်သေးလို့လား'ဟု ခပ်သောသော ပြန်မေးလိုက်သည်။ ထိုကိုယ်တော်က 'ကြောက်ပါပြီဗျာ၊ လောကမှာ မဖြစ်နိုင်တာ မရှိပါဘူး။ မမြင်နိုင်တာ၊ မသိနိုင်တာသာ ရှိတာပါ'ဟု ပြောကြားသွားသည်။

## စာချဘုန်းကြီးလေး

နောက် အကြောင်းအရာတစ်ခုမှာ ရန်ကုန်တိုင်းအတွင်း မြို့ကလေး တစ်မြို့ရှိ ပရိယတ္တိစာသင်တိုက်တစ်ခုမှ နာယကစာချဆရာ တော်တစ်ပါးနှင့် ဆက်စပ်၍ ဖြစ်ပါသည်။ ထိုစာသင်ဟိုက်ရှိ ဆရာစဉ် ဆက်သည်လည်း ဇာလီဆရာတော်ကြီးနှင့် ပတ်သက်ကြသည်။ ဆရာတော်ကြီး တည်ထောင် ထားသည့် ဝိနည်းစာပြန်ပွဲကြီးကိုလည်း နှစ်စဉ် သံဃာတစ်ရာ ကျော်ဖြင့် တက်ရောက်ပူဇော်ကြသည်။ ထိုအကြောင်းကို ဆရာတော်ကြီး သိတော်မူ သဖြင့် ထိုစာသင်တိုက်မှ ရဟန်းသာမဏေ များကို ဆရာတော်ကြီးက အသိအမှတ်ပြုတော်မူသည်။

ထိုဆက်စပ်မှုအရ စာချဆရာတော်သည် စာသင်သားဘဝက ဆရာတော်ကြီးထံ သွားရောက်ဖူးမြော်ဖူးသည်။ ဆရာတော်ကြီးက တောင်ဝှေးကလေးတစ်ချောင်း ချီးမြှင့်လိုက်သည်။ ချီးမြှင့်သည်ဆိုရာ၌ သာမန်ပေးလိုက်ရုံမဟုတ်။ ‘လာ– ဦးပဥ္စင်း၊ ကာလသားဆိုတော့ တောင်ဝှေးကြီးကြီးပေးလို့ မဖြစ်ဘူး။ တိုတိုသေးသေးပေါ့ကွာ’ဟု မိန့် ကြားကာ တောင်ဝှေးကို ဆရာတော်ကြီးက လက်တစ်ဖက်ဖြင့် ကိုင်ထား သည်။ အခြား တစ်ဖက်တွင် ဦးပဥ္စင်းက ကိုင်ထားရသည်။ ဆရာတော် ကြီးသည် ငါးမိနစ်မျှ ကိုင်ထားပြီး နှုတ်တော်မှ ရွတ်ဖတ်သရဇ္ဈာယ်ကာ ပေးလိုက်သော တောင်ဝှေးဖြစ်သည်။ ဝါးတောင်ဝှေးကလေး ဖြစ်၏။ ထိုဝါးတောင်ဝှေးကလေးသည် ဆရာတော်ကြီးနှင့် စာချဆရာတော်တို့ ဆက်သွယ်သည့် အထိမ်းအမှတ်ဖြစ်သည်။ ထိုကိုယ်တော်သည် စာသင် သားဘဝဖြင့် ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ လယ်ဝေးစသော မြို့များရှိ ပရိယတ္တိစာသင်တိုက်ကြီးများ၌ စာမေးပွဲဆိုင်ရာ ပရိယတ္တိ စာပေများကို အဆင့်ကုန်သည်အထိ သင်ယူခဲ့သည်။ ဓမ္မာစရိယတန်းအထိ အောင်မြင် ခဲ့သည်။ တိပိဋကစာမေးပွဲ ဖြေဆိုရန် ပါဠိတော်များကို ကျက်မှတ်နေစဉ်

နေရပ်ရှိ ဆရာသမား မကျန်းမာသောကြောင့် ပြန်လည်ခေါ်ဆောင်ခံခဲ့ရသဖြင့် ဌာနေသို့ ပြန်ခဲ့ရသည်။

ဆရာသမား ပျံလွန်တော်မူသောအခါ ကျောင်းတိုက်တာဝန်ကို လွှဲပြောင်းယူကာ အုပ်ချုပ်ရေးတာဝန် စာချတာဝန်များကို ယနေ့တိုင် ထမ်းဆောင်နေဆဲ ဖြစ်သည်။

ပုထုဇဉ်တို့၏ စိတ်ကား မှောက်မှားတတ်ပါသည်။ အာရုံထွေပြား ကစားတတ်ပါသည်။ နေ့စဉ်နှင့်အမျှ ဘုရားဟော ကျမ်းဂန် ဓမ္မက္ခန်များကို သင်အံပို့ချနေပါသော်လည်း ဝိသဘာဂအာရုံသည် လှည့်ဖြားတတ်ပါသည်။ အရိယာနယ်ပယ်သို့ မရောက်သေးသမျှ စိတ်မချရသည့်ဘဝတွင် စာချဆရာတော်လေးသည်လည်း မှောက်မှားသောအကြံ(မိစ္ဆာဝိတက်)၏ လှည့်ဖြားမှုကို ခံရပါတော့သည်။ ယင်းကား မြင့်ရာမှ နိမ့်ရာသို့ ခုန်ချလိုသော လူထွက်ရန်အကြံတည်း။

ယင်းအကြံကို အားဖြည့်ပေးသော အချက်တစ်ခုမှာ ရပ်ရွာတွင် ကျန်ရှိနေသေးသော အမွေအနှစ်များ ဖြစ်သည်။ ထိုဉစ္စာ အမွေအနှစ်များသည် ငယ်ရွယ်သော ပုထုဇဉ်သားအား လောကီဘုံအတွင်းသို့ ခုန်ဆင်းရန် ဖိတ်ခေါ်နေသကဲ့သို့ ရှိနေပါသည်။ သို့ရာတွင် ထိုမိစ္ဆာအကြံအစည်ကို တားဆီးနိုင်သော အကြောင်းများလည်း ရှိပါသေးသည်။ ယင်းမှာ ကျောင်းတိုက် ဒါယကာ ဒါယိကာမများ ဖြစ်သည်။

မိမိမှာ ကျောင်းတိုက်၌ ဒုတိယနာယကဆိုရသော်လည်း ပရိယတ္တိအခြေခံရှိခြင်း၊ ထက်မြက်သော ဦးဆောင်မှုရှိခြင်းတို့ကြောင့် အဓိကသော့ချက်နေရာတွင် ရှိနေသည်။ ဤအခြေအနေက မိစ္ဆာဝိတက်ကို ပြန်လည်တွန်းလှန်နေသည်။ သို့သော် မိစ္ဆာဝိတက်ကား လုံးဝဆုတ်ခွာမသွားပါ။ ရှေ့သို့တိုး၍တိုး၍သာ လာသည်။

ထို့ကြောင့် တစ်ညတွင် 'လူထွက်တော့မည်'ဟု စိတ်ကို ယံတိပြတ် ဆုံးဖြတ်ချက် ချလိုက်သည်။ အံ့ဖွယ်ရှိစွ။ ထိုညတွင်ပင် အိပ်မက်လိုလို၊ တကယ်လိုလို အသံတစ်ခုကို ထင်ထင်ရှားရှား ကြားလိုက်ရသည်။

ထိုအသံကား –

'ဟဲ့ ဦးပဥ္ဇင်း၊ မင်း ဒုက္ခရောက်တော့မယ်နော်၊ ငါ့ဆီလာခဲ့'ဟူသော ဇာလီတောင်ဆရာတော်ကြီး အသံတော်ပေတည်း။ စာချဘုန်းကြီးသည် ဖြုန်းခနဲ–အံ့အားလည်းသင့်၊ တုန်လည်း တုန်လှုပ်သွားသည်။

သို့သော် ငါ့စိတ်ချောက်ချားနေလို့ ဖြစ်မှာပါလေဟု တွေးတောရင်း မိုးလင်းလင်းစင်ခဲ့သည်။ မိမိ၏ ဆုံးဖြတ်ချက်ကိုကား မလျှော့။ မည်သူ့ကိုမျှလည်း ဖွင့်ဟမပြောရဲ။

နောက်နေ့ညတွင်လည်း ထိုအသံကိုပင် ထင်ရှားစွာ ထပ်မံကြားရပြန်သည်။ 'ဟဲ့ ဦးပဥ္ဇင်း၊ မင်း ဒုက္ခရောက်တော့မယ်နော်၊ ငါ့ဆီလာခဲ့' ဟူသတည်း။ စာချဘုန်းကြီးသည် ပထမညမှာကဲ့သို့ ပေါ့ပေါ့တန်တန် မတွေးရဲတော့ပါ။ 'ဆရာတော်ကြီး ငါ့ကို သတိပေး ဆုံးမတာ ဖြစ်မှာပါလေ'ဟု လျော့လျော့ပေါ့ပေါ့ လက်ခံလိုက်သည်။

သို့သော် မိမိ၏ မိစ္ဆာအကြံကိုကား မစွန့်လွှတ်သေးပါ။ စိတ်သည် ဇဝေဇဝါ ယိမ်းယိုင်လှုပ်ရှား၍ နေပါသည်။ တကယ်တမ်း လူထွက်တော့မည့်အခါတွင်ကား သာသနာ့ဝန်ထမ်းဘဝဖြင့် နှစ်ပေါင်းများစွာ ကြိုးစားလာခဲ့ရသည့် တာဝန်၊ မိမိအားသာသနာ့ဘောင်ရောက်အောင် အသက်နှင့်လဲ၍ ဖန်တီး သွားသော ဖခင်၊ ဆရာသမားတို့၏ မျက်နှာများသည် အစီအရီပေါ် လာသည်။

ထိုတတိယညမှာပင် တတိယအကြိမ် ဆရာတော်ကြီး၏ သတိပေးသံကို ကြားရပြန်သည်။ မိမိ၏ ခေါင်းရင်းမှကပ်၍ ခပ်ပြင်းပြင်း ငေါက်သံပါပါဖြင့် 'ဟဲ့ဦးပဥ္ဇင်း၊ မင်း ဒုက္ခရောက်တော့မယ်'ဟု မိန့်ကြားသံ

နာခံရသောအခါ ကြက်သီးမွေးညင်းများပင် ထသွားတော့သည်။ မိမိသည် သာသနာတော်တွင် လောက်လောက်လားလား ဖြစ်ပွားလာနိုင်သဖြင့် ဆရာတော်ကြီး စောင့်ရှောက်ခြင်း ဖြစ်သည်ဟု ဝမ်းပန်းတသာ ဂုဏ်ယူလိုက်မိသည်။ တစ်ဘဝ တစ်ခန္ဓာတွင် လောကီအာရုံ ကာမဂုဏ်တို့၏ နောက်သို့ လိုက်သွား၍ မှောက်မှားတတ်သည့် သာဓကတို့ကိုလည်း ဆင်ခြင်မိလိုက်သည်။ ချက်ချင်းပင် ဆရာတော်ကြီးရှိရာ သရက် ဇာလီတောင်ပေါ်သို့ စိတ်မှန်းဖြင့် လှမ်းမျှော်၍ ဦးချိကာ စိတ်ကိုလျှော့ချလိုက်သည်။

မိုးလင်းသော်ကား စာချဆရာတော်လေး မနေရဲတော့ပါ။ ဆိုင်ရာနာယကဆရာတော်နှင့် သီတင်းသုံးဖော်တို့အား ပန်ကြားကာ သရက်မြို့ရှိ ဆရာတော်ဘုရားကြီး သီတင်းသုံးရာသို့ အရေးတကြီး ထွက်ခွာသွားခဲ့သည်။ အချိန်ကား ဝါတွင်းကာလကြီး။ တောင်ပေါ်သို့ ရောက်သော်ကား ဆရာတော်ကြီးကို အဆင်သင့်မဖူးရပါ။ တိုက်ပိတ်ထားချိန်နှင့် ကြုံရသည်။ အနီးရှိ အလုပ်အကျွေးများကလည်း ဖူးမြော်ခွင့်မပေး။ သို့သော် လက်မလျှော့။ မိမိမှာ ကား၊ သင်္ဘော၊ လှေ အတန်တန်စီး၍ တကူးတကန့်လာခဲ့သဖြင့် ဆရာတော်ကြီးအား မဖူးရလျှင် မပြန်ဟု ဆုံးဖြတ်ပြီးသားဖြစ်သည်။

ထို့ကြောင့် အခြေအနေကို အကဲခတ်ကာ ဖွဲကောင်းကောင်းဖြင့် စောင့်ဆိုင်းနေသည်။ ညနေချမ်းရောက်၍ ဒုတိယထပ်၏ သံတံခါးကို ဖွင့်သောအခါ တံခါးဝရှိ ကိုရင်အား တွန်းဖယ်ကာ ဆရာတော်ကြီး ရှေ့မှောက်သို့ ဗြုန်းကနဲ ရောက်ရှိသွားသည်။

ဆရာတော်ကြီးက 'ဦးပဥ္စင်း ဘယ်ကလဲ၊ ဝါတွင်းကြီး ဘာလာလုပ်တာလဲ'ဟု မေးသည် 'တပည့်တော် မြို့ကပါဘုရား'ဟု လျှောက်ထားသည်။

'ဘာကိစ္စရှိသလဲ'

'ထူးထူးခြားခြား ဘာကိစ္စမှ မရှိပါဘုရား။ ဆရာတော်ကြီးကို ဖူးချင်လို့ သက်သက် လာခဲ့တာပါဘုရား' ဆရာတော်ကြီးက တွေတွေ စဉ်းစားနေသလိုရှိသည်။ တအောင့်မျှကြာလျှင် 'ဦးပဥ္စင်း ဘာကိစ္စရှိသေးသလဲ'ဟု ထပ်မံ မေးပြန်သည်။ 'ဘာမှမရှိပါ ဘုရား'

ဤကား ဆရာတော်ကြီးနှင့် စာချဘုန်းကြီးတို့ အမေးအဖြေပြုသံများ။ စာချဆရာတော်လေးသည် ဆရာတော်ကြီး၏ ခြေတော်အစုံကို ဦးခိုက်၍ နေရပ်သို့ ပြန်ကြွခဲ့သည်။ လိုအင်ဆန္ဒ ပြည့်ဝသွားပါပြီ။ မိစ္ဆာဝိတက် မှောက်မှားသော အကြံအစည်များလည်း လွင့်စဉ်သွားပါပြီ။ အသွားအပြန် လေးရက်ကြာသည်။ လေးရက်အတွက် မိုင်ခြောက်ရာကျော် ခုနစ်ရာကျော်ရှိသည့် ခရီးကို လှေ၊ သင်္ဘော၊ ကားတို့ဖြင့် ဖြတ်သန်းခဲ့ရသဖြင့် ပင်ပန်းလှသည်။ သို့သော် ပင်ပန်းရကျိုး နပ်ပါသည်။ ကာမဂုဏ်အမှောင်အောက် ချောက်ထဲကျမည်ဆဲဆဲ ဆရာတော်ကြီး ကယ်ဆယ်တော်မူခဲ့သဖြင့် တစ်ဘဝအတွက်သာမက သံသရာ တစ်လျှောက်လုံးအတွက် ထောက်တည်ရာ ရခဲ့ပါသည်။ ဆရာတော်ကြီး၏ ကျေးဇူးတော်ကြောင့် သာသနာတော်၌ ဆက်လက်ရပ်တည်ခွင့် ရခဲ့ရုံမျှမက ယခုနှစ် နိုင်ငံတော်မှ ပထမဆုံးအကြိမ် ဆက်ကပ်လှူဒါန်းသည့် ဗုဒ္ဓဂုဏ္ဏဝါစကပဏ္ဍိတ(အငယ်တန်းစာချပညာရှင်)ဘွဲ့ထူးကို အလှူခံခဲ့ရပါသေးသည်။

ဤကာလများအတွင်း ဆရာတော်ကြီး ချီးမြှင့်သည့် တောင်ဝှေးလေးသည်လည်း ဘဝအထွေထွေ ပြောင်းခဲ့ပါသေးသည်။ မိမိခေါင်းရင်းတွင် အမြတ်တနိုးထားခဲ့သော တောင်ဝှေးကလေးကို တစ်ညတွင် ခွေးများ ဟောင်ကြ အူကြရုံမျှမက ကျောင်းပေါ်သို့တက်၍ ကိုက်ကြသဖြင့် ဒေါသမထိန်းနိုင်ဘဲ အလွဲသုံးစားပြုလိုက်မိသည်။ ယင်းမှာ အခြားမဟုတ် ခွေးများကို တောင်ဝှေးဖြင့် လိုက်လံပစ်ပေါက်လိုက်မိခြင်း ဖြစ်သည်။

ဒေါသပြေပျောက်၍ နံနက်လင်းသောအခါ တောင်ဝှေးကလေးကို ကိုယ်တိုင်လိုက်ရှာသည်။ မတွေ့။ ကျောင်းသား ကိုရင်များကို ပိုက်စိပ်တိုက်ရှာခိုင်းသည်။ မတွေ့ကြ။ တစ်နှစ် နှစ်နှစ် သုံးနှစ်တောင် ကြာခဲ့ပြီ။ သုံးနှစ်ကျော် ကာလ၏ တစ်ခုသော နံနက်တွင်ကား တောင်ဝှေးကလေးသည် အိပ်ရာပေါ်သို့ ပြန်လည်ရောက်ရှိနေသည်။ မူရင်းမပျက် ပုံစံမပျက်၊ အရောင်အလက်မပျက်။

ဘယ်သူလာထားသနည်း။ အလိုအလျောက် ခြေထောက်ပေါက်၍ ရောက်လာလေသလော။ မသိနိုင်ပါ။ မဝေခွဲနိုင်ပါ။ တတ်နိုင်သည်မှာကား တောင်ဝှေးကလေးကို ယုယစွာ ပွတ်သပ်၍ လက်နှစ်ဖက်ဖြင့်ကိုင်ကာ ဦးထိပ်ရွက်၍ မိမိ၏ဦးခေါင်းရင်းရှိ မူလနေရာတွင် ပြန်လည်ထားလိုက်ခြင်း ဖြစ်ပါသည်။

ဤသည်မှာ ဓာလီတောင်ဝှေး၏ ထူးဆန်းထွေလာ အံ့ဖွယ်ရာတစ်ရပ်ဟု ဆိုနိုင်ကောင်းပါသည်။

## အခန်း (၉)
## အကျင့်သီလ၏ စွမ်းအားသတ္တိ

### မီးနှင့်ပမာတူစွာ

ရတနာသုံးပါး မိဘ ဆရာသမားတို့အား ပုံပမာတစ်ခုနှင့် စံပြုပေးပါဆိုလျှင် မီးနှင့်တူသည်ဟု ပမာပြုရပါလိမ့်မည်။ မီးဟု ဆိုလိုက်သဖြင့် ကြမ်းလှချည်လားဟု ထင်ကောင်း ထင်မိကြပါလိမ့်မည်။ ရှင်းပြပါမည်။ လောကဌ် မီးသည် မရှိလျှင်မဖြစ်သောအရာဖြစ်၏။ လူ့သမိုင်းတွင် မီးကို ရှာဖွေတွေ့ရှိခဲ့သဖြင့်သာ လူသားတို့သည် သားစိမ်းစားငါးစိမ်းစား ဘဝမှ လွတ်မြောက်ခဲ့၏။ ထွေးနွေးသော အငွေ့ဓာတ်ကိုရခဲ့၏။ ပရမတ္ထသဘာဝရှုဒေါင့်မှ လေ့လာလျှင် ဥသ္မတေဇောဓာတ်ဟူသော အငွေ့ကြောင့် သတ္တဝါတို့ ရှင်သန်နေခြင်း ဖြစ်သည်။ ဥသ္မတေဇောဟူသော ကိုယ်ငွေ့ဓာတ် ကုန်ခမ်းလျှင် ဘဝပျက်သုဉ်း နိဂုံးချုပ်ပေတော့သည်။ ယင်းတေဇောငွေ့ကြောင့်ပင် သစ်ပင်ပန်းမာလာ စသည့်သက်မဲ့တို့လည်း ရှင်သန်ဖွံ့ဖြိုးနေကြသည်။

မီးသည် ဤမျှ အသုံးကျသော်လည်း မီးကို အလွဲသုံးစားပြုမိက အသက်အိုးအိမ် စည်းစိမ်ဆုံးရှုံးသည်သာမက ကမ္ဘာကြီးတစ်ခုလုံးပင် ပျက်ပြုန်းရပေလိမ့်မည်။ ဗုဒ္ဓတရားတော်က ကမ္ဘာကြီးတစ်ခုလုံး မီးကြောင့် စတင်ပျက်ပြုန်းရသည်ဟု ဆိုသည်။ ယနေ့ Universe ခေါ်သော နေစကြဝဠာကြီးသည် မီး ၇-ကြိမ်လောင်ကာ ရေတစ်ကြိမ် ဖျက်ဆီးခြင်းဖြင့် ပျက်စီးလိမ့်မည် စသည်ဖြင့် ဟောကြားထားသည်။ မီးကား ဤမျှ သတ္တိစွမ်းပကား ကြီးမားလှ၏။

မီးသည် ရုပ်ဝတ္ထုကိုသာ လောင်ကျွမ်းစေသော်လည်း ဘုရား,တရား, သံဃာ ရတနာသုံးပါးကား မီးထက်ပင် သတ္တိစွမ်းပကား ကြီးမားသည်။ မီးသည် ရုပ်ဝတ္ထုဖြစ်၍ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာဒြပ် အိုးအိမ် တိုက်တာ စသည်တို့ကိုသာ ဖျက်ဆီးနိုင်စွမ်းရှိသည်။ နာမ်သဘာဝဖြစ်သည့် စိတ်မာတ်စွမ်းအား ဂုဏ်သတ္တိများကိုကား ဖျက်ဆီးလောင်ကျွမ်းစေနိုင်စွမ်း မရှိပေ။ ဆိုလိုသည်မှာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ပါက ကောင်းကျိုးအနန္တရရှိ၍ စော်ကားမော်ကား ပြုမိက ဆိုးကျိုးအနန္တ ရရှိခံစားရမည့်အကြောင်း ဖြစ်သည်။ သံယုတ္တနိကာယ်၊ ဒဟရသုတ်၌ 'မီးလောင်မြေတွင် မြက်သစ်ပင်တို့ တစ်ဖန်စိမ်းလန်းပေါက်ရောက်ခွင့်ရှိ၏။ သီလရှိသော ရဟန်းကို ပြစ်မှားမိက ထန်းငုတ်ပမာ ဖြစ်တတ်ချေ၏' ဟူ၍ ဟောထားပါသည်။

## မပြစ်မှားမိရလေအောင်

ဤမျှ ရှည်ရှည်ဝေးဝေး နိဒါန်းသွယ်နေရခြင်း အကြောင်းမှာ ဆရာတော်ကြီးနှင့် စပ်၍လည်းကောင်း၊ ဆရာတော်ကြီး၏ ပရိတ်ဆီနှင့် စပ်၍လည်းကောင်း၊ စေတနာပါ၍ဖြစ်စေ မပါဘဲဖြစ်စေ ပြုမှားမိ ဆိုမှားမိ ဖြစ်မှာစိုးသောကြောင့် ဖြစ်ပါသည်။ ယနေ့ သက်ရှိထင်ရှား ပရိယတ်အကျော် ပဋိပတ်အမော် ဆရာတော်သံဃာတော်များနှင့် စပ်လျဉ်း၍လည်း အလားတူ အဖြစ်မျိုး လွန်ကျူးမိမှာ စိုးသောကြောင့် ဖြစ်ပါသည်။

မကြာသေးမီကပင် တက္ကသိုလ်ဆရာဟောင်း မိတ်ဆွေတစ်ဦးနှင့် ဆုံပါသေးသည်။ သူကပင် စတင်၍ 'ဆရာက ဓာလီတောင်ဆရာတော် အကြောင်း အကျယ်တဝင့် ရေးနေတယ်။ ကျွန်တော်တို့ သရက်ရောက် ဘုန်းက ဆရာတော်ကြီးက ကျွန်တော်တို့ကို ဘယ်လိုညွှဲ့ခံစကား ပြောနေရဟယ် ဘာတယ် ညာတယ်'စသည်ဖြင့် ပြောသံကြားရပါသည်။

သူ့စကားတွင် ပေါ့ပျက်ပျက်လေသံများ များစွာပါဝင်နေသည်။ ကျွန်တော်ကား ဘာစကားမျှ မချေပလိုက်ပါ။ လောကတွင် ထိုလိုပုဂ္ဂိုလ်မျိုးတွေ ဒုနဲ့ဒေး ရှိနေပါသည်။ ဝေဖန်ရေးသမားလိုလို အမှန်တရားရှာဖွေနေသူလိုတွေ များစွာရှိနေပါသည်။ သူ့အကြောင်းနှင့်သူပင် ရှိပါစေတော့။

## တက္ကသိုလ်ဆရာတစ်ဦး

၁၉၅၀–ပြည့်နှစ်တစ်ဝိုက်က ဖြစ်၏။ ကျွန်တော်တို့နေရာ စမ်းချောင်းမြို့နယ် (ထိုစဉ်က ကြည့်မြင်တိုင်) အောင်မင်္ဂလာသိဒ္ဓိကျောင်းတိုက်တွင် ဘုန်းဘုရားကြီး ဦးပေါက်ဆိန်(ခေါ်)ဦးဝိဇ္ဇာမရေ သိတင်းသုံးနေပါသည်။ ဆရာတော်ကြီးသည် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးဟု ထင်ရှား၍ နေ့စဉ်ညစဉ် ပရိသတ်များ ကားကြီးကားငယ်များစွာ ဝင်လာမစဲ ရှိသည်။

ထိုတွင် ရန်ကုန်တက္ကသိုလ် သိပ္ပံဌာနဘက်မှ ဆရာငယ်တစ်ဦးသည် သတင်းစကားအရ ကြည်ညိုလို၍ ဆရာတော်ကြီးထံ သွားသည်။ သွားသည်မှာ မကြာခဏဖြစ်၏။ ထိုဆရာကား သာသနာအရေးနှင့်ပတ်သက်၍ အညံ့စားမဟုတ်ပါ။ မိဘစဉ်ဆက် သီလ,သမာဓိ,ပညာ သိက္ခာသုံးပါးတွင် ကြီးမားလှသော ဆရာတော်ကြီးများကို ကိုးကွယ်ဆည်းကပ်လာသူ ဖြစ်သည်။ သူသည် ဘုန်းဘုရားကြီးထံပါး ရောက်သောအခါ ဆရာသမားတို့ သင်ကြားထားသည့် ဝိနည်းသိက္ခာပုဒ် မျက်စိတတ်ကာ လေ့လာသည်။ ထိုအခါ သူ့အာရုံတွင် အမြင်မတော် အကြားမတော်သည့် ကိစ္စများ ဝင်လာသည်။ ဘုန်းဘုရားကြီးကလည်း သူ့စိတ်အကြံကိုသိသည်။

တစ်နေ့ အနားသို့ခေါ်၍ 'ဟဲ့ ကောင်ကလေး၊ နင် ငါ့ဆီလာပါလို့ ငါကလဲမခေါ်၊ နင့်ဟာနင် လာလာပြီး အကုသိုလ်မယူနဲ့'ဟု ပြုံးပြုံးကြီး မိန့်ကြားတော်မူသည်။ ထိုတွင်မှ ဆရာပေါက်စသည် သတိတရားရကာ မိမိကိုယ်မိမိ ဆင်ခြင်သုံးသပ်မိသည်။

ဤဖြစ်ရပ်မျိုးမှာ စာပေကျမ်းဂန် အတော်အတန် တတ်မြောက်၍ ဝေဖန်ရေးမျက်လုံး အတတ်လွန်သော ပုဂ္ဂိုလ်မျိုးတို့တွင်သာ ဖြစ်လေ့ဖြစ်ထရှိသော ကိစ္စဖြစ်ပါသည်။

## ပါမောက္ခတစ်ဦး

ဓာလိတောင်ဆရာတော်ကြီးနှင့်စပ်၍ ဤသို့သော ဖြစ်ရပ်မျိုး မြောက်မြားစွာ ရှိပါသည်။ တချို့မှာ ရိုးရိုးသားသား စမ်းခြင်းဖြစ်၏။ ရိုးရိုးသားသား ဆိုသည်မှာ စေတနာသန့်သန့် ထားရှိခြင်းကို ဆိုလိုပါသည်။

တစ်ခါက ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခဆရာကြီးတစ်ဦးသည် ဆရာတော်ကြီးထံ သွားရောက်ဖူးမြော်သည်။ သူ့အကြံမှာ ဆရာတော်ကြီးအား လှေလာရန်ဖြစ်၏။ သူရောက်သွားသောအခါ ဆရာတော်ကြီး တိုက်ပိတ်ထားချိန်ဖြစ်၍ ဖူးခွင့်အရေးအတွက် နာရီများစွာ စောင့်သော်လည်း ဖူးခွင့်မရသောအခါ ‘ဒါလောက်တောင်ဖြစ်တာ၊ ပြန်တာပဲ ကောင်းပါတယ်’ဟု မြေပြင်မှပင် ရှိခိုးဦးချ၍ ပြန်တော့မည် ဟန်ပြင်သည်။ ဤတွင်ဆရာတော်ကြီးက တိုက်တံခါးဖွင့်ပြီး ကြွလာကာသူ့အမည်ခေါ်ပြီး ‘ဟေ့ မောင်– မင်း ငါ့လှူဖို့ ယူလာတဲ့ ငွေတစ်ရာ ဘုရားလှူလိုက်ပါကွာ’ဟု မိန့်ကြားသည်။

ဆရာတော်ကြီးသည် ထိုပါမောက္ခဆရာကြီးအား နာမည်မသိရုံမျှမက မြင်လည်းမမြင်ဘူးပါ။ ပါမောက္ခကြီးသည် အငြိမ်းစားယူ၍ ယနေ့တိုင် ကျန်းမာစွာ သက်ရှိထင်ရှား ရှိနေပါသေးသည်။ ‘ဓာလိတောင်ဆရာတော်’ဟု ကြားလိုက်လျှင်ပင် အချိန်မရွေး လက်အုပ်ချီနေဆဲ ရှိသည်ကို ကိုယ်တွေ့ကြုံရပါသည်။

## စမ်းသပ်မှုများ၏ ကိုယ်ကျိုးနည်းခြင်း

ဤသို့သော ရိုးသားစွာစမ်းသပ်သူများမှာ သူတော်ကောင်းတရားကိုပို၍ ယုံကြည်သက်ဝင်စွာအားထုတ်နိုင်ကြသော်လည်း မရိုးမသား

စမ်းသပ်သူများအတွက် ကိုယ်ကျိုးနည်းတတ်ပုံကိုလည်း ကြုံတွေ့ရပါသေးသည်။

ကျွန်တော်တို့ အရပ်မှဖြစ်၏။ သွေးသားလည်းမကင်းပါ။ ထိုစဉ်က ထိုသူငယ်သည် ကိုရင်ဘဝနှင့် ဖြစ်၏။ အောင်လံမြို့ (ယခု မြေထဲ)တွင် ပရိယတ္တိစာပေများ သင်ကြားနေစဉ် စာမေးပွဲဖြေဆိုချိန် နီးလာသောအခါ ဆရာဘုန်းကြီးက အန္တရာယ်ကင်းရှင်း ကျန်းမာချမ်းသာစွာ စာမေးပွဲဖြေဆိုနိုင်ရန် သရက်မြို့ရှိ ဇာလီတောင်ဆရာတော်ကြီးထံ ခေါ်သွားသည်။ အခြားစာသင်သား ရဟန်းငယ် ရှင်သာမဏေများလည်းပါသည်။ ဆရာတော်ကြီးက သာသနာဟော်တွင်နေနည်း, ထိုင်နည်းများ, ရှေးဆရာတော်ကြီးများ ဝိနည်းလေးစားပုံ, ပရိယတ် ပဋိပတ်တရားများ အားထုတ်ပုံတို့ကို မိန့်ကြားကာ ပရိတ်ဆိ တိုက်ပါသည်။ ထိုကိုရင်ကား ပရိတ်ဆီသောက်ပြီးနောက် ကောင်းကောင်းမနေ 'ဇာလီတောင် ဆရာတော် ပရိတ်ဆီ ဘယ်လောက်စွမ်းသလဲ ကြည့်ကြသေးတာပေါ့ကွာ'ဟု ဆိုကာ ကျောင်းသားတစ်ယောက်အား အမဲသားဝယ်ခိုင်းကာ စားပါသည်။ (ဆရာတော်ကြီးထံတွင် အမဲသားမစားပါဟု အာမဘန္တေဝန်ခံပြီး ဖြစ်ပါသည်)။ ထိုကိုရင်သည် တစ်ညလုံး သူ့လည်ပင်းကို တစ်စုံတစ်ယောက် လာလာညှစ်သည်ဟု အော်ဟစ်ကာ ဆရာဘုန်းကြီးအားနှိုး၍ မိုးအလင်း ထိုင်နေရပါသည်။

ထိုကိုရင်သည် ဆရာတော်ကြီးအား တောင်းပန်ရမှန်းမသိပါ။ ပထမပြန်စာမေးပွဲများ ဖြေပြီးသောအခါ ရန်ကုန်သို့ ပြန်လာပြီး တောင်ဥက္ကလာပ ဇာလီတောင်ကျောင်းတိုက်တွင် ပညာဆက်လက်သင်သည်။ ခိုက်ရန်ဖြစ်ပွားသဖြင့် ကျောင်းမှ အနှင်ခံရသည်။ လူ့ဘောင်ရောက်သည်။ ကုန်ကူးသည်။ တစ်နေ့တွင် ကုန်ဝယ်ရန်သွားသည်။ ချောင်းကျဉ်းကျဉ်းတွင် လှေနစ်သည်။ လှေပေါ်တွင် လူအများပါရှိကာ ကလေးပေါက်စမှ

စ၍ အားလုံး အသက်ရှင်ကြသော်လည်း ၎င်းတစ်ဦးသာ အလောင်းပြန်မရဘဲ ယနေ့တိုင် အစပျောက်သွားသည်။

## သစ္စာမဲ့သူများကြောင့်

ဤသို့သော ဖြစ်ရပ်များ ဇာလီတောင်ဆရာတော်ကြီးနားသို့ ပေါက်ဟန်ရှိပါသည်။ ထို့ကြောင့် ဆရာတော်ကြီးသည် သူတကာအား ပရိတ်ဆီတိုက်ခြင်းကို မပြုတော့ပါ။ ပရိတ်ပြန်တမ်းကိုလည်း အနည်းငယ်လျှော့ပါသည်။ 'ပရိတ်စည်းကမ်းများကို လိုက်နာနေသေးသရွေ့ စောင့်ရှောက်ကြပါ။ မလိုက်နာသောအခါ နောက်သို့ဆုတ်ကြပါ' ဟူ၍သာ တိုင်တည်ပါတော့သည်။ ဆရာတော်ကြီး နှုတ်တော်မှလည်း 'လူတွေက သစ္စာမရှိတော့ဘူး၊ သစ္စာမရှိတော့ ထိကြတယ်၊ ဒါကြောင့် ပရိတ်ဆီ တိုက်တာကို လျှော့လိုက်တယ်။ ကွမ်းယာတော့ ကျွေးပါသေးတယ်' ဟု မိန့်ကြားပါသည်။

## ယုံကြည်သူများအတွက်သာ

ဆရာတော်ကြီး၏ ပရိတ်ဆီကြောင့် ချမ်းသာရကြသူများမှာ များပြားစွာ ရှိလိမ့်မည်ဟုယူဆရပါသည်။ ၎င်းတို့အနက် ကျွန်တော်၏ အစ်ကိုအရင်းမှာ ဆရာဝန်များက လေးရက်အတွင်း သေမည်ဟု ဆုံးဖြတ်ထားခြင်းခံရသူ ဖြစ်သော်လည်း အသက်မသေပဲ သေတွင်းမှ ကျော်နင်းနိုင်ခဲ့ပုံကို အကြောင်းကို ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

၁၉၈၁–ခုနှစ်က ဖြစ်၏။ ကျွန်တော်၏ မိတ်ဆွေရင်းတစ်ဦးမှာ လည်ချောင်းရောဂါ ဖြစ်၏။ ပထမ အာရုံကြောများ ရောင်ရမ်းသည် ယူဆကာ အာရုံကြောပါရဂူထံ ရောက်သည်။ အခေါက်ခေါက် အခါခါ သွား၍ ငွေကုန်သော်လည်း မပျောက်။ နောက်ဆုံး သရက်ရှိ ဆရာတော်ကြီးထံ ရောက်သည်။ မဝံ့ရဲရဲဖြင့် ဆရာတော်ကြီးထံ ခေါ်သွားရခြင်းဖြစ်၏။

ဆရာတော်ကြီးက လိုက်လိုက်လျောလျော 'လာလာ၊ ဒါမျိုးတွေ ဖြစ်တတ်ပါတယ်ကွာ'ဟု မိန့်ကြားပြီး ပရိတ်ဆီဖြင့် လည်ပင်းစောင်းကို လိမ်းပေးပြီး လက်မဖြင့် သုံးလေးကြိမ် ပွတ်သပ်ပေးလိုက်သည်။ ထိုသူလည်း ယနေ့ ကျန်းမာချမ်းသာစွာ အမှုထမ်းဆောင်နေဆဲပင်။

တစ်ချိန် ကျွန်တော်တို့ သရက်တောင်ပေါ်သို့ ရောက်နေစဉ် ချိုင်းထောက်ဖြင့် သွားလာနေသည့် မိန်းကလေးတစ်ဦးကို တွေ့ရပါသည်။ သူကား ဆရာဝန်မလေးဖြစ်ကြောင်း နောက်မှသိရသည်။ အရိုးကင်ဆာ ဖြစ်၍ ခြေထောက်တစ်ချောင်း ဖြတ်ပစ်ရမည့်ဆဲဆဲ တောင်ပေါ်သို့ရောက် လာကာ ဆရာတော်ကြီးအမိန့်ဖြင့် ပရိတ်ဆီလိမ်းပြီး ချမ်းသာသွားသူ ဖြစ်၏။ ယနေ့ မြစ်ဝကျွန်းပေါ်ရှိ မြို့ကြီးတစ်မြို့တွင် ဆေးခန်းဖွင့်ထား ကြောင်း ကြားရပါသည်။

ဤအကြောင်းအရာများကို တင်ပြရာ၌ ပုဂ္ဂိုလ်ရေး ကင်းနိုင်သမျှ ကင်းစေရန် အမည်နာမ နေရပ်လိပ်စာ မဖော်ထားပါ။ ပရိတ်တော်စွမ်း အား၊ ဆရာတော်ကြီး၏ ကျင့်ကြံအားထုတ်မှု။ သစ္စာတရားနှင့် အကျင့် သီလတို့၏ စွမ်းအားသတ္တိ အမှန်ရှိကြောင်းတို့ကို ဖော်ပြလိုသဖြင့်သာ တင်ပြရခြင်း ဖြစ်သည်ကို သိစေလိုပါသည်။

*

## အခန်း (၁၀)

## ဓာလိဆရာတော်ကြီးနှင့် တောထွက်ဖော်ဆရာတော်ကြီး နှစ်ပါး

### ၁။ စလင်းကန်လယ်ဆရာတော်ကြီး

ရဟန္တာဟု ထင်ရှားသော စလင်းမြို့ ကန်လယ်ဆရာတော်ဘုရားကြီးသည် (၄-၂-၈၉) နေ့က ခန္ဓာဝန်ချတော်မူခဲ့သည်။ ယခု (၄-၂-၉၀) တွင် တစ်နှစ်ပြည့်ပါသည်။ ဆရာတော်သည် ၁၂၆၃-ခုဖွားဖြစ်၍ ခန္ဓာ ဝန်ချချိန်တွင် သက်တော် ၈၇-နှစ် ရှိနေပေပြီ။ ဆရာတော်ကြီးမရှိတော့ သော်လည်း ဆရာတော်ကြီး၏ ဂုဏ်သတင်းကား သာသနာတည်နေသေး သရွေ့ တည်ရှိနေမည်သာ ဖြစ်ပါသည်။

ဆရာတော်ကြီး၏ ဂုဏ်သတင်းကို လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်ခန့်ကပင် ကြားသိနေရပါသည်။ ကျေးဇူးတော်ရှင် ဓာလိတောင် ဆရာတော်ဘုရားကြီး၏ မိန့်ကြားချက်အရဖြစ်ပါ၏။ ဓာလိဆရာတော်က- 'ငါက ဆုတောင်းလွဲလို့ မင်းကိုလိုကောင်တွေနဲ့ တွေ့နေရတာ၊ ငါ့သူငယ်ချင်းတွေက အတွေ့ခံတာ မဟုတ်ဘူး'ဟု မကြာခဏ မိန့်တော်မူတတ်ပါသည်။

ဆရာတော်ကြီးဆိုလိုသည့် 'ငါ့သူငယ်ချင်းများ'ဆိုသည်မှာ မင်းဘူးမြို့ ကျောက်မဲတောင်ဆရာတော် အရှင်ပဏ္ဍိတနှင့် ယခု စလင်း ကန်လယ်ဆရာတော်ဘုရားကြီး အရှင်ဝဇိရာဝုဓတို့ ဖြစ်ပါသည်။ ထို ဆရာတော်သုံးပါးသည် တောထွက်ဖက်များ ဖြစ်ကြပါသည်။ ကန်လယ် ဆရာတော်၏ ဝဇိရာဝုဓ ဟူသောအမည်မှာ မန္တလေးဝိသုဒ္ဓါရုံတိုက်သစ်ရောက်မှ

စည်ရှင်ဆရာတော်ဘုရား ပေးသောဘွဲ့ ဖြစ်သည်။ ထိုစဉ်က ဝိသုဒ္ဓါရုံတိုက်၌ မဟာဝိသုဒ္ဓါရုံ ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီး၏ တပည့်ကြီးများ ဖြစ်ကြသည့် စည်ရှင်ဆရာတော်နှင့် ဘာသန္တရ ပါရဂူ အဘယာရာမ ဆရာတော်တို့ သီတင်းသုံးနေချိန် ဖြစ်သည်။ ကန်လယ်ဆရာတော် လောင်းလျာ အရှင်ဇိရာဝုဓသည် စည်ရှင်ဆရာတော်၏ တပည့်ရင်းဖြစ်၏။ ဇာလီတောင်ဆရာတော်လောင်းလျာ အရှင်သုမင်္ဂလမှာမူ အဘယာရာမ ဆရာတော်၏ တပည့်ရင်းဖြစ်၏။ နောင်အခါ ဆရာ များဖြစ်ကြသော ထိုဆရာတော်နှစ်ပါးလုံးပင် ရွှေကျင်ဂိုဏ်း၏ ဦးစီးဦးကိုင် တွဲဘက် သာသနာပိုင်များ ဖြစ်ခဲ့ကြသည်။

ကျောက်မဲတောင် ဆရာတော်လောင်းလျာ အရှင်ပဏ္ဍိတမှာ ဝိသုဒ္ဓါရုံ တိုက်နှင့် ကပ်လျက်ရှိသော စာသင်တိုက်ကြီးတစ်ခုဖြစ်သည့် မစိုးရိမ် တိုက် (သုဓမ္မာဂိုဏ်းဝင်)မှ ဘားအံဇာတိ ကရင်အမျိုးသား ရဟန်း တော်ဖြစ်သည်။ ဆရာမတူ ဂိုဏ်းဂဏမတူသော ရဟန်းတော်သုံးပါးသည် ဝါသနာတူချင်း ပေါင်းဆုံမိရာမှ ဓမ္မမိတ်ဆွေများ ဖြစ်သွားကြသည်။ 'ရဟန်း ငါးဝါရလျှင် တောထွက်ကြစတမ်း'ဟု ကတိကဝတ် ထားကြ သည်အထိ တရင်းတနှီး ခင်မင်သွားကြသည်။ ထိုကတိကဝတ် အတိုင်း ပင် စလင်းဆရာတော်သည် ရဟန်းငါးဝါ အရတွင် တောထွက်ခဲ့သည်။

ရဟန်း လေးဝါအရတွင် ရေစကြိုမြို့နယ် ဇာတိ မအူရွာရှိ ဦးလေး တော် ဆရာတော် ဦးသောမ မကျန်းမမာဖြစ်သည်။ ထို့ကြောင့် ဦးလေး တော်အား ပြုစုရန် မန္တလေးမှ ဇာတိသို့ပြန်ကြွခဲ့ရသည်။ ဝါကျွတ်သော် ဆရာတော်ဦးသောမ ပျံလွန်တော်မူသည်။ ပျံလွန်တော်မမူမီ မိမိ၏ကျောင်း ကို တူဖြစ်သူ အရှင် ဝဇိရာဝုဓအား လွှဲအပ်သည်။ အရှင်ဝဇိရာဝုဓက အရှင်သုမင်္ဂလနှင့် ထားခဲ့သည့် ကတိကဝတ်ကို ထုတ်ဖော်လျှောက်ထား ကာ ကျောင်းတိုက်ကို လက်မခံဘဲ ငြင်းပယ်ခဲ့သည်။

ဦးလေးတော် ပျံလွန်တော်မူရာ၌ အိုနာ သေခြင်းတရားတို့၏ နှိပ်စက်ပုံကို မျက်ဝါးထင်ထင် တွေ့မြင်ရခြင်းသည် အရှင်ဝဇိရာဝုဓအား မဆိုင်းမတွ တောထွက်ရန် တွန်းပို့လိုက်သကဲ့သို့ ဖြစ်သွားသည်။ ပင်ကိုယ်က ကိန်းအောင်းနေသည့် တောထွက်လိုစိတ်သည် ဟုန်းခနဲ ပွင့်ထွက်သွားသည်။ အရှင် ဝဇိရာဝုဓသည် ဦးလေးတော် အလောင်းတွင် ရစ်ပတ်ထားသော သင်္ကန်းကြီးကို ၆-ရက်မြောက်ည သန်းခေါင်တွင် ထ၍ ခွါယူသည်။ သင်္ကန်းတွင် စိုရွှဲနေသည့် အပုပ်ရည်များကို အခါမဟုတ်ရွာသော မိုးရေဖြင့် ဖွတ်လျှော်သည်။ ရှာပနပြီးသည့် နောက်တစ်နေ့မှာပင် တောထွက်ခဲ့သည်။

အဦးဆုံး ရောက်ရှိသည့် နေရာမှာ မအူရွာနှင့် အလွန်မဝေးလှသော သပြေပင်မောင်နမဂူ ဖြစ်သည်။ ထိုဂူကား မြေကြမ်းလှသည်ဟု နာမည်ကြီးသည်။ ထိုဂူသို့ ဝင်လျှင်ဝင်ချင်း လူရှင်းထားသကဲ့သို့ ပြောင်လင်းနေသော မြေအပြင်တွင် စိုက်ဝင်နေသော မိုးကြိုးသွား တစ်ခုကို တွေ့ရသည်။ မိုးကြိုးသွားကို ပါဠိလို ဝဇိရာဝုဓ ခေါ်သည်။ မိမိ၏ဘွဲ့အမည်မှာလည်း ဝဇိရာဝုဓ၊ဘုရားရှင် လက်ထက်တော်က ရဟန္တာမထေရ်ကြီးများသည် 'အဝိဇ္ဇံ ဒါလယိဿာမိ (အဝိဇ္ဇာ အမှောင်ထုကို ဖောက်ခွဲတော့အံ့)ဟု ကြုံးဝါးခဲ့ကြသည်။ ဝရဇိန်လက်နက် မိုးကြိုးစက်သည် အရာရာကို အပိတ်အပင် အတားအဆီးမရှိ ဖြိုခွင်းနိုင်သကဲ့သို့ မိမိ (အရှင်ဝဇိရာဝုဓ) သည်လည်း ထိုကိလေသာ အမှောင်ထုကို ဧကန် ဖြိုခွဲနိုင်လိမ့်မည်ဟု ပုဗ္ဗနိမိတ် ကောက်ယူလိုက်သည်။ ထို့ထက်ပို၍ အားတက်စရာကား ဂူမှ ပြန်အထွက်တွင် မိကျောင်းပင်တစ်ပင်အောက်၌ ပေစာတစ်ထုပ်ကို တွေ့လိုက်ရခြင်းဖြစ်သည်။ ထိုပေစာမှာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှဖြစ်၍ တရားအားထုတ်သူတို့အတွက် အထူးလိုအပ်သည့် ဝိပဿနာအခန်းများကိုသာ ကောက်နုတ်ထားချက် ဖြစ်သည်။

အရှင်ဝိဇရာဝုဓသည် ဤသို့သော ဆုံးဖြတ်ချက်၊ ဤသို့သော အသိဖြင့် ထိုသပြေပင်မောင်နှမဂူမှာပင် သီတင်းသုံးကာ မေတ္တာကမ္မဋ္ဌာန်း အထပ်ထပ်စီးဖြန်းသည်။ ထို့နောက် ဝိပဿနာအလုပ်ကို ပြင်းထန်စွာ အားထုတ်ပါတော့သည်။ ထိုဂူကို သောတာပန်ဂူဟူ၍ ကမ္ပည်းထိုးခဲ့သည်။

ထိုဂူသည် အအေးဓာတ်လွန်ကဲသည်။ ထို့ကြောင့် မယ်တော်ကြီး က ပေါ်တော်မူကုန်းတွင် ကျောင်းဆောက်လှူသည်။ ဝါကျွတ်လျှင် ထို ကျောင်းသို့ ပြောင်းသည်။ ဆရာတော်သည် ထိုကျောင်းတွင် မယ်တော် ကြီး စိတ်ကျေနပ်ရုံ ခေတ္တမျှ သီတင်းသုံးသည်။ တစ်ညတွင် မြင်းခြံခရိုင် နွားထိုးကြီးဘက်သို့ ကြွသည်။ ထိုအချိန်မှစ၍ မယ်တော်ကြီး၏ အတွေ့ကို ပင် မခံ။ နေရာအတည်တကျ မထား။ တစ်နေရာမှ တစ်နေရာသို့ ကြွ တော်မူသည်။ နိဗ္ဗာန်သို့သွားမည့် ယောက်ျားသည် အဘယ်မှာ မိဘကို တွယ်တာနေ၍ ဖြစ်ပါမည်နည်း။

ဆရာတော်သည် ထိုအချိန်မှစ၍ တောအရပ်၌သာ ပျော်မွေ့တော် မူသည်။ ဆရာတော် သီတင်းသုံးသည့် နေရာများမှာ မင်းဘူး၊ မကွေး၊ စေတုတ္တရာ၊ ရေစကြို၊ မြိုင်၊ ပခုက္ကူ၊ မြင်းခြံ၊ နွားထိုးကြီး၊ တလုပ်မြို့ စသည်တို့ရှိ ရှိမြောင်ချိုင့်ဝှမ်း တောတန်းတောင်တန်းတို့သာ ဖြစ်သည်။ မလွဲမကင်းသာသည့်အခါ မြို့အနီးသို့ကပ်၏။ ကပ်ပြန်သော်ကား အရှည ဝါသီ တောနေရဟန်းတို့အတွက် ထိုက်တန်သော နေရာများ၌သာ ဖြစ်၏။ များသောအားဖြင့် သုသာန်ဇရပ်တို့သာ ဖြစ်၏။ သစ်ကျောင်း ဝါးကျောင်းဖြင့် နေရသော် ညအခါမှသာ ကျောင်းပေါ်တက်၏။ နေ့သန့်ရာ ကား သစ်ရိပ် ဝါးရိပ်ခင်တန်း ချုံပုတ်တို့သာ ဖြစ်၏။ ဆရာတော်သည် ထိုနေရာများ၌ တရားတော်ကို နှလုံးသွင်းလျက် နေတော်မူသည်။

ဆရာတော်သည် တောထွက်လာချိန်မှစ၍ ဓုတင် ၁၀ ပါးဆောင် သည်။ ဝါကျွတ်ချိန်များ၌ ဓုတင် ၁၃–ပါးလုံး ဆောင်သည်။ ဓုတင်ဆို

သည်မှာ ကိလေသာခေါင်းပါးစေရန် ကျင့်သောအကျင့် ဖြစ်၏။ ဥပမာ– တစ်ထိုင်တည်းသောစားခြင်း(ဧကာသနိက်ဓုတင်)၊ တစ်သပိတ်အတွင်းရှိ ဆွမ်းကိုသာစားခြင်း(ပတ္တပိဏ်ဓုတင်)၊ သစ်ပင်ရင်း၌နေခြင်း(ရုက္ခမူဓုတင်)၊ ထိုင်သော ဣရိယာပုတ်ဖြင့်သာနေခြင်း(နိသဇ္ဇဓုတင်)စသည်တို့ ဖြစ်၏။

၁၂၉၁–ခု ရှင်မတောင်၌ နေစဉ် ဝိသုဒ္ဓါရုံတိုက်တွင် စာသင်ဖက်ဖြစ်သည့် အရှင်အာနန္ဒပဏ္ဍိတ (ယခု ပြည်မြို့ ဝိသုဒ္ဓါရုံဗာရာဏသီ စာသင်တိုက် ပဓာနနာယက ဗာရာဏသီဆရာတော်ဘုရားကြီး)လာရောက်တွေ့ဆုံသည်။

၁၂၉၄ ခု၊ စလင်းမြို့တောင်ဘက် တောင်ဟောကြီး၌ သီတင်းသုံးနေတော်မူစဉ် ယောဂီတို့အတွက် စက္ခုအလင်းသံခိပ်ကျဉ်းကျမ်းကို ရေးသားထုတ်ဝေတော်မူခဲ့သည်။ ထိုနှစ် ဝါတွင်း၌ ပွင့်ဖြူမြို့ အနောက်ဘက် လွန်းတောင်၌ ဝါကပ်သည်။ ဓာလိတောင်ဆရာတော်လည်း လွန်းတောင်ဘေးတွင် သီတင်းသုံးသည်။ ကျောက်မဲတောင် ဆရာတော်မှာမူ ရွှေစက်တော်အနီး သံပရာကိုင်း၌ ဝါဆိုသည်။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်နေစဉ်အတွင်း ဆရာတော်သုံးပါးသည် မင်းဘူးတစ်ဝိုက်တွင် အသီးအသီး တရားအားထုတ် နေကြသည်။ စစ်ကြီးပြီးသောအခါ ရွှေစက်တော်၌ သုံးပါးဆုံမိကြ၏။ တရားယူများ ဆွေးနွေးကြ၏။ ထို့နောက် ဆရာတော်နှစ်ပါးသည် ဓာလိတောင်ဆရာတော်အား ရွှေစက် တော်မှ သရက်မြို့ ဓာလိတောင်သို့ လိုက်ပါပို့ဆောင်ပြီး စလင်းသို့ ကြွ ခဲ့ကြသည်။

ဆရာတော်သည် ၁၉၅၃–ခု ဆဋ္ဌသင်္ဂါယနာ တင်တော့မည့်အခါ အန္တရာယ်အပေါင်းမှ ကင်းဝေးစေရန် ကမ္ဘာအေးကုန်းမြေသို့ ကြွလာတော်မူပြီး စည်းချခြင်း၊ မေတ္တာပို့ခြင်း၊ ပရိတ်ရွတ်ခြင်းတို့ဖြင့် ချီးမြှင့်ခဲ့သည်။ ၁၉၅၇–ခုတွင် ဗောဓိတစ်ထောင်သို့အကြွ သမ္ဗုဒ္ဓေစေတီသို့ ခေတ္တဝင်သည်။ ပရိသတ်များ ဝိုင်းလာသဖြင့် အနီးရှိ ပြောင်းတောကြီးထဲ ဝင်နေသည်။

နေဝင်လျှင် ပရိသတ်များ ပြန်လောက်ပြီ ယူဆကာ ထွက်ကြွလာလျှင် စောင့်နေသော ပရိသတ်ကြီးက ရှေ့တိုးလာသည်။ ထိုတွင် တောထဲပြန် ဝင်မည်အပြု မိုးညှင်းဆရာတော်ကြီးက 'ခုထိပရိသတ်ကြောက်တုန်းပဲ လား၊ ပရိသတ်အလယ်သို့ ထွက်ချိန်တန်ပါပြီ'ဟု မိန့်ကြားသဖြင့် အဖူးမြော်ခံသည်။

၁၉၇၇–ခုတွင် ငယ်ပေါင်းဖြစ်သည့် တောပျော်ဆရာတော်သုံးပါး သည် ရွှေစက်တော်၌ ဆုံမိကြပြန်သည်။ ဤအကြိမ်သည် နောက်ဆုံး ဆုံခြင်းပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျောက်မဲတောင်ဆရာတော် သည် ခန္ဓာဝန်ချတော်မူသွားသောကြောင့် ဖြစ်သည်။

၁၉၈၃–ခုနှစ်တွင် ကန်လယ်ဆရာတော် ထံတောင်ပုလုဆရာ တော်ကြီးကြွလာသည်။ နှစ်ပါးအတူ ဓာတ်ပုံအရိုက်ခံသည်။ ၁၉၈၅ ခုတွင်ချောက်မြို့ရှိ သေခဲလှဘုရားသို့ အရေးပေါ်ကြွတော်မူသည်။ ထိုအချိန် တွင် ကျန်းမာရေးလွန်စွာချို့တဲ့နေပြီ။ ဆရာတော်က နောက်ပါတပည့် တစ်ဦးအား 'ဟဲ့–ငါ့ကို အာယုသင်္ခါရ လွှတ်ခိုင်းနေပြီ'ဟု မိန့်လိုက်သည်။ (အာယုသင်္ခါရ လွှတ်သည်ဟူသည် ဘုရား ရဟန္တာတို့နှင့်သာ ဆိုင်သည်။ ပရိနိဗ္ဗာန် ပြုသည်ဟု အဓိပ္ပာယ်ရသည်။) ထိုကဲ့သို့ အာသဘိဝါစာ– ရဲတင်းသော စကားကို ကြားရသည့် တပည့်မှာ ကြက်သီးများပင် ဖြန်း ဖြန်းထသွားပါသည်။

၇–၁၁–၈၅ နေ့တွင် သေခဲလှသို့ ရောက်သည်။ နေ့စဉ်တရားပြ သည်။ ၂၄ နာရီမစဲ ရွာသွန်းနေသော မိုးသည် တရားဟောချိန်တွင် အမြဲ ပြတ်နေသည်။ ၁၆–၁၁–၈၅ နေ့ နံနက်တွင် တရားဟောမဏ္ဍပ်အနီး သစ်ပင်ငယ်အောက်တွင် လုံးပတ် လက်မောင်းခန့်ရှိ မြွေပွေးကြီးတစ် ကောင် တွေ့သဖြင့် ရုတ်ရုတ်သဲသဲ ဖြစ်ကြသည်။ လူငယ်များက တုတ် နှင့်ထိုး ခဲနှင့်ထုကြ၏။ မြွေပွေးတို့သဘောသည် ယာင်နားလျှင်ပင်

မလွတ်တမ်း ပစ်ပေါက်နိုင်အောင် လျင်မြန်၏။ သို့သော် မြွေပွေးကြီးမှာ တုတ်တုတ်မျှမလှုပ်ပါ။ နေ့လယ် ၂ နာရီ ဆရာတော်ကြီး တရားဟောနေစဉ် ခေါင်းထောင်ကာနေသည်။ တရားသံဆုံးမှသာ ခေါင်းချသွားသည်။

မြွေကြီးမှာ အခြားမဟုတ်။ လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့်က ဤနေရာတွင် ဆရာတော်တရားအားထုတ်ခဲ့သည်။ ထိုစဉ်က ပရိယတ် ပဋိပတ် နှံ့စပ်သော ဆရာတော်ကြီး တစ်ပါးမှာ မိမိ သီတင်းသုံးသည့် အုတ်တိုက်ကြီးကို စွဲလမ်းကာ ပျံလွန်သွားသဖြင့် ယခုကဲ့သို့ မြွေပြိတ္တာကြီး ဖြစ်နေကြောင်း ဆရာတော်ကြီးက မိန့်သည်။ ၎င်းအားရည်စူး၍ ယခုတရားဓမ္မ ဟောနေကြောင်း၊ မေတ္တာပို့သနေကြောင်း၊ ထိုဘဝမှ အမြန်လွတ်လိမ့်မည်ဖြစ်ကြောင်းတို့ကို မိန့်ပါသည်။ ဆရာတော်ကြီး သေခဲလှသို့ ကြွခြင်းမှာ ဤကိစ္စလည်း ပါလိမ့်မည်ဟု ယူဆရပါသည်။

ဤသို့သော အရေးပေါ်ကိစ္စမှတစ်ပါး လူတွေ့မခံ၊ လူတို့ရှောင်၍ တရားဖြင့်သာ နေတော်မူပါသည်။ နောက်ပိုင်း၌ ရပ်နီးရပ်ဝေး တပည့်များကိုငဲ့ကာ နံနက်၊ နေ့လယ်၊ ညနေ ခွဲကာ တစ်ကြိမ်စီ အတွေ့ခံတော်မူပါသည်။ သို့သော် အာလာပသလ္လာပ မေးလေ့မရှိ၊ မပြော။ ဆရာတော်ကြီး၏ လက်သုံးတရား ဆောင်ပုဒ်မှာ– 'တစ်လောကလုံး ဗလာလောင်း၊ မသာလောင်း၊ ပြာလောင်း၊ ကြာညောင်း မနေနဲ့'ဟူသတည်း။

ဤသို့ ပရိသတ်ကို ရှောင်သော်လည်း သတ္တဝါအကျိုးကို မဆောင်ဟု မထင်ပါလေနှင့်။ ခန္ဓာဝန်ချမည့် ၄–၂–၈၉ နေ့နံနက် ၅–နာရီခန့်တွင်– 'အရှင်ဘုရား၊ ဘုရားတပည့်တော်အပေါ် သံသရာအဆက်ဆက်က ပြစ်မှားမိခဲ့သော အပြစ်များရှိပါက ခွင့်လွှတ်တော်မူပါ။ ဘုရားတပည့်တော် အနမြူစစ်ကြီးကိုလည်း တားဆီးခဲ့ပြီးပါပြီ ဘုရား'ဟု ဘုရားရှင် ထံ လျှောက်ထားသံသဲ့သဲ့ကို ကြားမည်ဆိုပါက ကြက်သီးမွေးညင်း တဖြန်းဖြန်း ထသွားပါလိမ့်မည်။

အကြောင်းသော်ကား ထိုသို့သော ပစ္ဆိမဝန္ဒနာခေါ် နောက်ဆုံးရှိခိုးတောင်းပန်မှုမျိုးကို ဘုရားရှင် လက်ထက်တော်က အာသဝေါကင်းကွာသည့် ရဟန္တာ ထေရာထေရီတို့သာ ပြုလေ့ပြုထရှိသောကြောင့်ပါတည်း။ ဆရာတော်ဘုရားကြီးသည် ဤသို့သော ပစ္ဆိမဝန္ဒနာ၏ အခြားမဲ့ မိနစ်ပိုင်းအတွင်းမှာပင် ချုပ်ငြိမ်းတော်မူသတည်း။

[ဤဆောင်းပါးအတွက် စာအားနှုတ်အားဖြင့် ကူညီခဲ့သည့် စလင်းမြို့ အထက်တန်းရှေ့နေ ဦးသန်းထွန်း အားလည်း ကျေးဇူးဥပကာရ တင်ရှိလှပါသည်။]

*

## ၂-ကျောက်မဲတောင်ဆရာတော်ကြီး

'စလင်းက ဓာတ်တော်လိုင်း၊ ကျောက်မဲတောင်က ပြာလိုင်း၊ တို့က ပါရမီလိုင်း။ တစ်ပါးနဲ့တစ်ပါး မတူကြဘူး။ ကိုယ့်မှာပါလာတဲ့ ပါရမီဓာတ်ခံအလျောက် ကွဲသွားကြတာပါပဲ'

အထက်ပါစကားများမှာ ကျေးဇူးရှင် ဇာလီတောင်ဆရာတော်ကြီး၏ စကားများဖြစ်ပါသည်။ ဤစကားများ၌ပါသော စလင်းဆိုသည်မှာ စလင်းမြို့၊ ကန်လယ်ဆရာတော်ကြီး ဖြစ်သည်။ ကန်လယ်ဆရာတော်က ဓာတ်တော်ကျအောင် (ဝါ) ရဟန္တာဖြစ်အောင် ကျင့်ကြံအားထုတ်နေသော ပုဂ္ဂိုလ်ဖြစ်သည်ဟု ဆိုလိုပါသည်။ နောင်အခါ ကန်လယ်ဆရာတော်ကြီးသည် ရဟန္တာဟု ထင်ရှားကျော်စောခဲ့သည်။ ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ ဖြစ်တော်စဉ်အကျဉ်းကို မြတ်ဆုမွန်မဂ္ဂဇင်း၌ 'ရဟန္တာဟု ထင်ရှားသော စလင်း ကန်လယ်ဆရာတော်ဘုရားကြီး' ဟူသော ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့ပါသည်။

'ကျောက်မဲတောင်က ပြာလိုင်း' ဆိုသည်မှာ မင်းဘူးမြို့နယ်၊ ကျောက်မဲတောင်၌ သီတင်းသုံးတော်မူသည့် ကျောက်မဲတောင်ဆရာတော်

ကြီးကို ဆိုလိုပါသည်။ 'တို့က ပါရမီလိုင်း' ဆိုသည်မှာ မိမိ (ဇာလီတောင်ဆရာတော်) သည် ဆုကြီးပန်ပုဂ္ဂိုလ်တစ်ပါးဖြစ်ကြောင်း မိန့်ကြားခြင်း ဖြစ်ပါသည်။

## မွေ့မိတ်ဆွေ ရဟန်းငယ်သုံးပါး

အတိတ်ကို ပြန်ပြောင်းသော် လွန်ခဲ့သော နှစ်ပေါင်းခြောက်ဆယ်ကျော်ကာလက ဖြစ်သည်။ ထိုအချိန်၌ မန္တလေးမြို့ရှိ မဟာဝိသုဒ္ဓါရုံတိုက်သစ်ကြီးသည် စာချစာသင် ထေရ်အရှင်တို့ဖြင့် လွန်စွာကြီးကျယ်ထွန်းကားနေချိန်ဖြစ်သည်။ စာသင်သား ရဟန်းတော်များအနက် ရဟန်းငယ်နှစ်ပါးသည် ပရိယတ္တိမွေ့များကို သင်ယူနေစဉ်မှာပင် ဘဝ၏အနှောင်အဖွဲ့များကိုငြီးငွေ့ကာ ငါးဝါရလျှင် တောထွက်ကြစတမ်းဟု ကတိကဝတ် ထားခဲ့ကြသည်။ ထိုသို့ ထူးခြားသော စိတ်ကူးစိတ်သန်းကို ကြံစည်ကြသည့် ရဟန်းနှစ်ပါးအနက် တစ်ပါးမှာ ဦးဝဇိရာဝုဓ ဖြစ်၍ နောင်အခါ စလင်းကန်လယ်ဆရာတော်ဟု ထင်ရှားခဲ့သည်။ ခန္ဓာဝန်မချမီကပင် ရဟန္တာဟုကျော်စော၍ ခန္ဓာဝန်ချတော်မူပြီးသောအခါတွင်လည်း ဓာတ်တော်များ ကြွင်းကျန်ခဲ့သည်။ ထိုဓာတ်တော်များမှာ ယခုတိုင် အထင်အရှား ရှိနေသေးသည်။

ကျန်တစ်ပါးမှာ နောင်အခါ ဇာလီတောင်ဆရာတော်ဟု ထင်ရှားလတ္တံ့သော ဦးသုမင်္ဂလသာမိ ဖြစ်သည်။ နှစ်ပါးလုံးမှာ မဟာဝိသုဒ္ဓါရုံတိုက်သစ်မှ ဖြစ်သည်။ သို့သော် ဆရာမတူကြပါ။ ထိုစဉ်က မဟာဝိသုဒ္ဓါရုံတိုက်တွင် ဒုတိယမြောက် ရွှေကျင်သာသနာပိုင်ဖြစ်သည့် မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး၏ တပည့်များအနက် ထင်ရှားသော ဆရာတော်နှစ်ပါးရှိသည်။ တစ်ပါးမှာ ပါဠိ၊ သက္ကတ ကျမ်းပေါင်းများစွာကို ပြုစုသွားသော ဘာသန္တရပါရဂူ အဘယာရာမဆရာတော် ဖြစ်သည်။ ကျန်

တစ်ပါးမှာ အဘယာရာမဆရာတော်နှင့်အတူ ပရိယတ္တိအရာ၌ လိုက်ဖက်ညီလှသော စည်ရှင်ဆရာတော် ဖြစ်သည်။

ဦးဝဇိရာဝုဓ သည် စည်ရှင်ဆရာတော်၏ တပည့်ဖြစ်၍၊ ဦးသုမင်္ဂလ သည် အဘယာရာမဆရာတော်၏ တပည့်ဖြစ်သည်။ ရာနှင့်ချီ၍ များပြားလှသော သံဃာ့ပရိသတ်ကြီးတွင် ထိုရဟန်းတော်နှစ်ပါးသည် စာလိုက်ရင်း မိတ်ဆွေဖြစ်သွားကြသည်။ ပါရမီဓာတ်ခံ ရင့်သန်ပုံချင်းလည်း တူကြသဖြင့် အထက်ပါအတိုင်း ကတိကဝတ်ထားနိုင်ကြခြင်း ဖြစ်သည်။

ထိုအချိန်မှာပင် မဟာဝိသုဒ္ဓါရုံတိုက်ကြီးနှင့် ကပ်လျက်ရှိသည့် မစိုးရိမ်စာသင်တိုက်မှလည်း ရဟန်းတစ်ပါးသည် အခြား စာသင်သား ရဟန်းများနှင့်အတူ ဝိသုဒ္ဓါရုံတိုက်သို့ လာ၍စာလိုက်လေ့ရှိပါသည်။ ထိုရဟန်းမှာ ဦးပဏ္ဍိတ ဖြစ်သည်။ နောင်အခါ ကျောက်မဲတောင်ဆရာတော်ဟု ထင်ရှားလတ္တံ့သော ပုဂ္ဂိုလ်မြတ်ဖြစ်ပေသည်။ ဦးပဏ္ဍိတသည်ဖားအံ့မြို့ဇာတိ ကရင်အမျိုးသားဖြစ်၏။ ၎င်းပြင် မစိုးရိမ်တိုက်သည် သုဓမ္မာနိကာယဝင် ဖြစ်သည်။ မဟာဝိသုဒ္ဓါရုံတိုက်ကား ရွှေကျင်သာသနာပိုင်ဆရာတော်ကိုယ်တိုင် သီတင်းသုံးသည့် ရွှေကျင်တိုက်ဖြစ်သည်။

သို့သော် ဗုဒ္ဓသာသနာတော်ကြီးကား အသွေးအရောင်မရှိ၊ ခွဲခြားမှုမရှိ၊ အခြေခံ အနှစ်သာရအားဖြင့် တစ်မျိုးတစ်စားတည်းသာ ဖြစ်သည်။ ဤသဘာဝကို သိမြင်သည့် အထက်ပါ ရဟန်းတော်သုံးပါးသည်လည်း တူညီသော ရည်မှန်းချက်ဖြင့် ပေါင်းစည်းမိခဲ့ကြသည်။ ဦးပဏ္ဍိတ သည်လည်း ဦးဝဇိရာဝုဓ၊ ဦးသုမင်္ဂလ တို့နှင့် တစ်စိတ်တည်း တစ်ဝမ်းတည်း ဖြစ်ကာ အလားတူ ကတိကဝတ်ကို ပြုခဲ့ပေသည်။

## အရညဝါသီ ကေစာရီဘဝသို့

ရဟန်းငါးဝါပြည့်လျှင် ဦးသုမင်္ဂလသည် မိမိချစ်သော ဆရာသမား သီတင်းသုံးဖော် တိုက်တာတို့ကို ကျောခိုင်းကာ တိတ်တဆိတ်

တောထွက်ခဲ့သည်။ ထိုသတင်းကိုကြားရချိန်၌ ဦးဝဇိရာဝုဓ သည် ရေစကြို မြို့နယ်၊ မအူရွာတွင် ဦးလေးတော်ဘုန်းကြီး ဦးသောမ ၏ ရုပ်ပန ကို နောက်ဆုံးပူဇော်ခြင်းဖြင့် ရောက်ရှိနေချိန်ဖြစ်သည်။ ဦးဝဇိရာဝုဓ သည် အချိန်မဆွဲတော့ဘဲ ဦးလေးတော်၏ အလောင်းတော်မှ ခွာယူရရှိ သည့် ပုပ်ဟောင်နေသော ပုံသကူသင်္ကန်းကြီးကို ကိုယ်တိုင်ဖွပ်လျှော် ဆေးကြော ကာ ယူဆောင်၍ ညဥ့်နက်သန်းခေါင်တွင် ခွာရှောင်တောထွက် ခဲ့သည်။

ကျောက်မဲတောင်လောင်းလျာ ဦးပဏ္ဍိတ သည်လည်း အလားတူ ပင် တိုက်တာ ဆရာသမားများကို ပစ်ထားကာ တောထွက်ခဲ့သည်။ အချိန်ကာလအားဖြင့် မြန်မာသက္ကရာဇ် ၁၂၉၀ –ခန့်ဖြစ်သည်။

## ရွှေစက်တော်တွင်ခိုလှုံကြ၍

၁၂၉၄ – ခုနှစ်တွင် ဇောတရိ ထေရ်အရှင် သုံးပါးတို့သည် ရွှေစက် တော်တစ်ဝိုက်၌ ပေါင်းဆုံမိကြပါသည်။ ကန်လယ်လောင်းလျာသည် ပွင့်ဖြူမြို့အနောက်ဘက် မုန်းချောင်းကမ်းဘေး မနီးမဝေးရှိ လွန်းတောင် ၌ ဝါဆိုသည်။ ဇာလီလောင်းလျာသည် လွန်းတောင်ဘေးတွင် ဝါကပ် သည်။ ကျောက်မဲတောင်လောင်းလျာ ဦးပဏ္ဍိတ ကား ရွှေစက်တော်အနီး သံပုရာကိုင်းတွင် ဝါဆိုသည်။ ဤသို့ ထေရ်အရှင်သုံးပါးသည် စက်တော် ရာတစ်ဝိုက်၌ သီတင်းသုံးသော်လည်း တောထွက်ချိန်မှစ၍ တစ်နေရာ တည်း၌ အတူတကွ သီတင်းမသုံးခဲ့ကြပါ။ တစ်နေရာတွင် တစ်ပါးစီသာ သီတင်းသုံး၍ ပါရမီအလျောက် အလိုဆန္ဒအလျောက် သမထ၊ ဝိပဿနာ အကျင့်တရားများကို ပြင်းပြင်းထန်ထန် ကျင့်ကြံကျိုးကုတ်ခဲ့ကြသည်သာ ဖြစ်သည်။ ပင်ကိုဓာတ်ခံအားဖြင့် ပရိသတ်ကို မဆိုထားဘိ အချင်းချင်း ပင် တွေ့ဆုံရန် ဝန်လေးကြပါသည်။ တွေ့ပြန်သော်ကား ခဏတစ်ဖြုတ် သာဖြစ်၍ တိုတောင်းသော အချိန်ကာလတွင် မိမိတို့ရရှိသောတရားကို ဆွေးနွေးခြင်းဖြင့်သာ အချိန်ကုန်ခဲ့ကြပါသည်။

## ကမ္ဘာစစ်မီးလျှံအောက်ဝယ်

ဒုတိယကမ္ဘာစစ်မီးကြီးသည် မြန်မာနိုင်ငံကို ဝါးမြိုရန်စတင်လာပေပြီ။ ၁၃၀၄–ခုနှစ် ကဆုန်လတွင် မင်းဘူးမြို့သည် စတင်ဗုံးဒဏ်ခံရသည်။ ကန်လယ်ဆရာတော်လောင်းလျာသည် မင်းဘူးမြို့ စက္ကိန်းတဲဘုရားအနီးတွင် သီတင်းသုံးလျက်ရှိသည်။ ဇာလီဆရာတော်ကား လွန်းတောင်တွင်ပင်ရှိသည်။ ဦးပဏ္ဍိတသည် မင်းဘူးမြို့၊ အနောက်ဘက်သုံးမိုင်ခန့်အကွာ ကျောက်မဲတောင်တွင် သီတင်းသုံးနေသည်။ ဤသို့ကပ်ဆိုးဘေးဆိုးကြီးသည် တိုင်းသူပြည်သားတို့အား စစ်မီးလျှံထဲသို့ဆွဲသွင်းနေချိန်တွင် ထေရ်အရှင်သုံးပါးမှာ သဒ္ဓါရဓမ္မကို ပြက်ပြက်ထင်ထင်ရှုမြင်ကာ တရားအလုပ်ကို ပို၍ အားထုတ်ခဲ့ပေသည်။ စစ်ကြီး၏ဒေါသမီးကို မေတ္တာအအေးဓာတ်ဖြင့် ဖျန်းပက်ရန် ကြိုးပမ်းနေကြခြင်းပေတည်း။

## ကျောက်မဲတောင်ဟုခေါ်တွင်ခြင်း

အရှင်ပဏ္ဍိတသည် ထိုအချိန်ကာလမှစတင်၍ ကျောက်မဲတောင်တွင်သာ သီတင်းသုံးခဲ့ရာ နောင်သက်တော်ရွယ်ရင့် ဇရာချင့်သော်လည်း ကျောက်မဲတောင်ဆရာတော်ဟူ၍ပင် ခေါ်တွင်ခဲ့ပေသည်။ ဆရာတော်ကား ခန္ဓာဝန်ချတော်မူသည်အထိ ကျောက်မဲတောင်တွင်သာ သီတင်းသုံးတော်မူသွားသည်။

## ရွှေစက်တော်တွင် ဆုံကြပြန်ခြင်း

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားသောအခါ ဆရာတော်သုံးပါးသည် ရွှေစက်တော်တွင် ပြန်လည်ဆုံကြပြန်သည်။ စစ်ကြီးအတွင်း မိမိတို့၏ ကိုယ်ပိုင်တရားဓမ္မဖြင့် နေရာအသီးသီး၌ သီတင်းသုံးခဲ့ကြရာ ယခုကဲ့သို့ ပြန်လည်ဆုံကြသောအခါ ဓမ္မပီတိဖြစ်ကာ မည်မျှ ဝမ်းမြောက်ကြည်နူးရှိကြမည်ကို မှန်းဆကြည့်သိုမိပါသည်။ ဆရာတော်နှစ်ပါးသည်

ဇာလီလောင်းလျာအား သူ့သိတင်းသုံးရာ သရက်မြို့ ဇာလီတောင်သို့ လိုက်ပါပို့ဆောင်ကြပါသည်။ သံယောဇဉ် အတန်ငယ်ကင်းပြတ်သည့် အနေအထားတွင် ဤသို့ လိုက်ပါပို့ဆောင်ကြခြင်းမှာလည်း ချီးကျူး ကြည်ညိုဖွယ်ရာတစ်မျိုး ဖြစ်နေသည်။ ကန်လယ်ဆရာတော်သည် ထို အချိန်မှစ၍ စလင်းကန်လယ်ကျောင်းတွင်သာ နောက်ဆုံးအချိန်အထိ သိတင်းသုံးသွားပါသည်။

## တောရိပ်တောင်ရိပ်တွင်သာ

ဘဝတစ်လျှောက် ဇေကစာရီဘဝဖြင့် တောတောင် ချိုင့်ဝှမ်းရှိမြောင် စမ်းတို့တွင်သာ ခိုအောင်းခဲ့ကြသော တောပျော်မထေရ်သုံးပါးတွင် စလင်း ဆရာတော်ကား ရဟန္တာဟု ကျော်ကြားခဲ့သည်။ ဇာလီဆရာတော်သည် လည်း သမထပေါက်သော ဆရာတော်ကြီးတစ်ပါးအဖြစ် နိုင်ငံမဆံ့ ပျံ့နှံ့ကျော်ကြားခဲ့သည်။ ကျောက်မဲတောင် ဆရာတော်ကား အမည်မထွက်။ ငုပ်လျှိုး၍သာ ရှိခဲ့သည်။ အကြောင်းအစစ်ကား ဘယ်လူ ဘယ်ရဟန်း ကိုမျှ အကပ်မခံ။ လွတ်အောင်ပုန်း၍ ရှောင်တိမ်းခဲ့သောကြောင့်ပေတည်း။ ကျောက်မဲတောင်ဆရာတော်ကြီးကား နောက်ဆုံးအချိန်အထိ တောမြိုင် အတွင်းမှာသာ ဘဝကိုမြှုပ်နှံခဲ့သော သာသနာ့အာဇာနည် မထေရ်မြတ် ကြီးပေတည်း။

## နောက်ဆုံးအချိန်

ကျောက်မဲတောင်ဆရာတော်သည် ၁၃၄၁ – ခု၊ ကဆုန်လဆန်း ၈ – ရက်၊ သောကြာနေ့တွင် ပျံလွန်ခဲ့သည်။ သက်တော် ၂၅ – နှစ်ခန့် တွင် တောထွက်ခဲ့ရာ နှစ်ပေါင်း ငါးဆယ်ကျော် အရညဝါသီဇေကစာရီ ဘဝဖြင့် နေထိုင်ကျင့်သုံးခဲ့ခြင်းဖြစ်၏။ ပျံလွန်တော်မူချိန်တွင် သက်တော်

၇၇ – နှစ်ရှိပြီ။ ကန်လယ်ဆရာတော်သည် ၁၂၆၃ – ခုသား၊ ကျောက်မဲတောင်သည် ၁၂၆၄ – ခုသား၊ ဇာလီတောင်ဆရာတော်သည် ၁၂၆၆ – ခုသားဖြစ်၏။ ကန်လယ်ဆရာတော်သည် အကြီးဆုံးဖြစ်၍ ဇာလီတောင်ဆရာတော်သည် အငယ်ဆုံးဖြစ်သည်။ ကန်လယ်ဆရာတော်သည် သက်တော် ၈၇ – နှစ်အရောက် (၄ – ၂ – ၈၉) တွင် ဘဝဇာတ်သိမ်း ချုပ်ငြိမ်းတော်မူသည်။ ဇာလီတောင်ဆရာတော်ကား (၂၄ – ၁၀ – ၈၇) ခုနှစ်တွင် ဘဝပြောင်းတော်မူသည်။

## အကျင့်တရား စွမ်းအားပေလော

ကျောက်မဲတောင်တွင် ဆရာတော်ပျံလွန်တော်မမူမီ တစ်ရက်အကြိုတွင် ရိုက်ထားသောဓာတ်ပုံသည် ဇာလီတောင်ဆရာတော်ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာသည်။ မသင်္ဂြိုဟ်မီစပ်ကြား ခန္ဓာကိုယ်မှာ ဆေးမထိုးပဲ မပုပ်မသိုးရှိတော်မူသည်။ တောရမြိုင်ခွင်၌ နှစ်ပေါင်းငါးဆယ်ကျော် ကျင့်ကြံအားထုတ်အပ်သော အကျင့်တရား၏ စွမ်းအားပေတည်းဟု ယူဆရသည်။

## မေတ္တာကမ္မဋ္ဌာန်း

ကျောက်မဲတောင်ဆရာတော်ကြီးသည်လည်း သူ၏မိတ်ဆွေများကဲ့သို့ပင် မေတ္တာကမ္မဋ္ဌာန်းကို အထွတ်အထိပ်ရောက်အောင် ပွားများအားထုတ်ခဲ့သည်ဟု ဆိုပါသည်။ ဆရာတော်ကြီး အားထုတ်သော မေတ္တာပွားနည်းများအနက် ထူးထူးခြားခြား မှတ်သားနာယူဖွယ်ကောင်းသည့် ဩဝါဒတစ်ခုမှာ အောက်ပါအတိုင်းဖြစ်သည်။

'မေတ္တာ ဩဓိသ အနောဓိသနည်းတွေနဲ့ ပွားများတာဟာ အစဉ်အလာဖြစ်သည်။ ဈာန်ရအောင် ပွားနည်း၊ ပါရမီကုသိုလ်ဖြစ်အောင်

၂၃၃၁၀



ပွားနည်းတွေကို ကျမ်းဂန်တွေမှာပြထားတယ်။ အကောင်းဆုံးက မြင်တိုင်း မြင်တိုင်း တွေ့တိုင်းတွေ့တိုင်း တွေ့သူ မြင်သူရဲ့မျက်နှာကို အာရုံထင်စေပြီး ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘေးဘယာဝေးကွာပါစေလို့ မေတ္တာပို့သခြင်းပဲ။ အဲဒီအခိုက်အတန့်မှာ ပို့သူရဲ့စိတ်ထဲမှာ တဏှာ ရာဂ ဒေါသ မာနတွေ ကင်းစင်ပြီး ငြိမ်းချမ်းသွားတယ်။'

မောင်အောင်ထွတ်

ကျေးဇူးတော်ရှင်လယ်တီဆရာတော်ဘုရားကြီး၏

# သုံးလူ့ရှင်ပင် ခုနစ်နေ့ပုဒ္ဓဝင်လင်္ကာ

နှင့်

ဒဂုန်ဦးစန်းငွေ ရဝေထွန်း
ဦးအောင်မွန်(မြတ်ဆုမွန်)တို့၏

# သုံးလူ့ရှင်ပင် ခုနစ်နေ့ပုဒ္ဓဝင်လင်္ကာအဖြေ

ထွက်ပါတော့မည်

တန်ဖိုး – ၄၀၀ ကျပ်။

မှာကြားရန်

မြတ်ဆုမွန်စာပေ၊ အမှတ် ၁၆၅၊ ဗိုလ်ချုပ်လမ်း၊ ၄၅ လမ်းထောင့်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၂၉၆၀၃၄။

ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး၏
အင်္ဂလန်၊ ပြင်သစ်၊ သီရိလင်္ကာ စသောနိုင်ငံများမှ
အမေးများကို ရှင်းလင်းဖြေဆိုတော်မူခဲ့သော

# နိုင်ငံခြားပုစ္ဆာအဖြေပေါင်းချုပ်

(လယ်တီဝိသောဓကမူ)

ထွက်ပါတော့မည်


မှာကြားရန်

မဟာလယ်တီတိုက်၊ လယ်တီရောင်ခြည်စာပေ၊ မုံရွာမြို့။
မြတ်ဆုမွန်စာပေ အမှတ် ၁၆၅၊ ဗိုလ်ချုပ်လမ်း၊ ၄၅ လမ်းထောင့်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၉၆၀၃၄။

အမျိုးသားစာပေဆုရ
ပခုက္ကူဦးအုန်းဖေ တစ်သက်တာစာပေဆုရ
ဆရာကြီးဇေယျာမောင်
၏

# လူငယ်လူရွယ်များအတွက်ရတနာမြတ်သုံးဖြာ
# (ဗုဒ္ဓရတနာ)

မကြာမီထွက်ပါတော့မည်

မှာကြားရန်
မြတ်ဆုမွန်စာပေ၊ အမှတ် ၁၆၅၊ ဗိုလ်ချုပ်လမ်း၊ ၄၅ လမ်းထောင့်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၂၉၆၀၃၄။



ဇာလီတောင်ဆရာတော်ကြီး

၏

# ဘဝနှင့်ကျင့်စဉ်

ဦးအောင်ထွတ် (ရန်ကုန်တက္ကသိုလ်)